ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၁)

**ဒံ ၂း၂၈-၃၅**

တိတု ၂း၁၁-၁၅

*ငြိမ်သက်ခြင်းအရှင် အတူပါရှိတော်မမူလျှင်*
*ငြိမ်သက်ခြင်း မရှိနိုင်ပါ*

# ထိုမင်္ဂလာရှိသော မြော်လင့်ရာကို မျှော်ကြည့်လျက်

လာမည့် လေးပတ်လုံးလုံး၊ "ယေရှုခရစ်တော် တဖန်ကြွလာတော်မူမည့်အကြောင်း" ကို ကျွန်တော်တို့ ဆင်ခြင်လေ့လာကြမည်ဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့အဖြစ်အပျက်ကို ကြည့်လျှင် မလွဲမသွေ စိတ်ထဲ၌ ပေါ်လာသောအရာသည် စစ်ပွဲနှင့် ငြိမ်းချမ်းရေးပင်ဖြစ်ပါလိမ့်မည်။ လူ့လောကသည် ငြိမ်းချမ်းခြင်းဘက်သို့ ဦးတည်နေပါ သလား။ စစ်ပွဲသည် ခေတ်နောက်ကျသော အမှုဖြစ်ပါသလား။ အချို့သည် ထိုသို့ ထင်ကောင်း ထင်မှတ်ပါလိမ့်မည်။ သို့သော်လည်း၊ အမှန်မှာ ထိုသို့ မဟုတ်ပါ။ The Columbia University Department of International Affairs မှ Roger Hilsman က သတ်ဖြတ်လိုစိတ်ရှိသော လူ့ဇာတိသဘောကို သိနားလည်သောကြောင့်၊ သူ ရေးသားခဲ့သော "The Crouching Future: International Politics and U.S. Foreign Policy - A Forecast" ဟူသော စာအုပ်ထဲတွင်၊ "စစ်ပွဲသည် အနာဂတ်၌လည်း ရှိဦးမည်။ နယူးကလီယာ စစ်ပွဲလည်း အနာဂတ်တွင် ရှိဦးမည်" ဟု ရေးသားခဲ့ပါသည်။

ဖန်ဆင်းရှင် ထာဝရဘုရား ကသာ ဆီးတားတော် မမူလျှင်၊ လူတို့သည် မိမိကိုယ်ကို ဖျက်ဆီးလျက် ပျက်စီးခဲ့ပါလိမ့်မည်။ ယနေ့ ခေတ်သစ် စစ်လက်နက်များကို အဆီးအတားမဲ့စွာ အသုံး ပြုခဲ့ကြပါလျှင် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးသည် ပျက်စီးခဲ့ပါလိမ့်မည်။ ယနေ့ အင်အားကြီး နိုင်ငံများ ပိုင်ဆိုင်သော စစ်လက်နက်တို့သည် ဤကမ္ဘာလောကရှိ သက်ရှိအားလုံးကို ဖျက်ဆီးပစ် နိုင်သော အစွမ်းရှိပါသည်။ Bertrand Russell က ဤကမ္ဘာကြီးတခုလုံးသည် မျက်စိ တမှိတ်အတွင်း၌ ပျက်စီးသွားနိုင်သည်ဟု ဆိုခဲ့ပါသည်။ စစ် လိုလာခြင်း လူ့ဇာတိသဘောသည် ပြောင်းလဲခြင်း မရှိ သေးပါ။ နှစ်ပေါင်း ၄၀၀၀ ကြာမြင့်သော ကမ္ဘာ့သမိုင်းတွင် စစ်ငြိမ်းသော ကာလသည် နှစ်ပေါင်း ၃၀၀ ပင် မရှိခဲ့ပါ။ စစ်ပွဲသည် အနာဂတ်၌လည်း ဆက်လက်ရှိဦးမည်ဖြစ်သောကြောင့်၊ လူတို့ကို အတွေးများစေခဲ့ပါသည်။

ကျွန်တော်တို့သည် သမိုင်းအား လူတို့၏အမှုများကို ကိုင်တွယ် စီရင်တော်မူသော ဘုရားသခင်၏သားတော် တည်းဟူသော၊ ယေရှုခရစ်တော်၏သမိုင်းဟု မြင်ကြပါသည်။ ဤကမ္ဘာကြီး၏ အနာဂတ်သည်လည်း အင်အားကြီးနိုင်ငံများ၏လက်ထဲ၌ ရှိသည် မဟုတ်ပါ။ လူ မဟုတ်ဘဲ၊ ကျွန်ုပ် တို့၏ ဘုရားသခင် လက်တော်ထဲ၌ ရှိပြီး၊ ထိုဘုရားသခင်က ထိန်းချုပ်တော်မူ၏။ ကမ္ဘာ့အဖြစ်အပျက် နှင့် လူတို့၏အနာဂတ်အရေးကို ဘုရားသခင် ထိန်းချုပ်တော်မူ၏။ ထိုဘုရားသခင် အခွင့်မရှိလျှင် ဘယ်အမှုမျှ ဖြစ်ပျက်မည် မဟုတ်ပါ။ တကြိမ် ကြွလာခဲ့ပြီဖြစ်၍၊ တဖန် ကြွလာတော်မူမည်။ ဖန်ဆင်းရှင် ဘုရားသခင်သည် ဤလောကသို့ နောက်ဆုံး တကြိမ် တဖန် ကြွလာဦးမည်။ ပေါလုက ထိုအမှုကို ယုံကြည်သူများအတွက် "မင်္ဂလာရှိသော မြော်လင့်ခြင်း" (တိတု ၂း၁၃) ဟု ဆိုခဲ့ပါသည်။ ကာရာနီ၌ အသေခံခဲ့သော ခရစ်တော်သည် ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏ အရှင် အဖြစ် တဖန် ကြွလာတော်မူလိမ့်မည်။

သင် ဘုရားသခင်အတွက် အသက်ရှင်ပါသလား (သို့) မိမိအတွက် အသက်ရှင်နေပါသ လား။ သင် သေသွားခဲ့လျှင် ဘုရားအတွက် အမှုတော်ဆောင်ရသော အခွင့် ရှိတော့မည် မဟုတ်ပါ။ အချိန်မရွေး သခင်ယေရှု ကြွလာတော်မူနိုင်သည် ဟု သိမှတ်လျက်၊ သတိနှင့် နေထိုင်ပါလော့။

**ဆင်ခြင်ရန်** - ယေရှု ကြွလာတော်မူသောအခါ၊ ကျွန်ုပ်သည် ဝမ်းမြောက်ခြင်းနှင့် ကြိုဆိုမည်လော (သို့) ကြောက်ရွံ့ခြင်းနှင့် ကြိုဆိုမည်လော။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော် ကြွလာတော်မူခြင်းအတွက် ယခု ကျွန်တော် ပြင်ဆင်မည်အကြောင်း သွန်သင် မစတော်မူပါ။

*ကိုယ်တော်ကြွလာတော်မူခြင်းသည် မိမိလူတို့အတွက်
ဝမ်းမြောက်စရာဖြစ်လျက်၊ ဘုရားတရား
မသိသောသူတို့အတွက် ဝမ်းနည်းစရာဖြစ်ပါသည်*

# ကြည့်ရှုလော့၊ မိုးတိမ်နှင့်တကွ ကြွလာတော်မူသည်

ဘုရားသခင်သည် မိမိ၏အနာဂတ် အစီအစဉ်နှင့်ပတ်သက်ပြီး ကျွန်တော်တို့ကို အမှောင်ထဲ၌ ပစ်ထားတော် မမူခဲ့ပါ။ "အကယ်စင်စစ် အရှင်ထာဝရဘုရားသည် မိမိကျွန် ပရောဖက်တို့အား မဘော်မပြဘဲ အဘယ်အမှုကိုမျှ စီရင်တော်မမူ" (အာမုတ် ၃း၇)။ သခင်ယေရှုက၊ "သင်တို့သည် သတိပြုကြလော့၊ ထိုအကြောင်းအရာ ရှိသမျှကို ငါပြောနှင့်ပြီ" (မာကု ၁၃း၂၃) ဟု မိန့်တော်မူ၏။ နားရှိသောသူမည်သည်ကား ကြားကြပါစေ။ နှုတ်ကပတ်တရားတော်ကို သံသယ မဝင်ပါနှင့်။ ဖတ်ပါ၊ နာခံပါ၊ သတိပြုပါ။ အကြောင်းမူကား၊ ကိုယ်တော်၏စကားတော်သည် ပြည့်စုံပါလိမ့်မည်။

ဘုရားသခင်သည် မိမိ အလွန်ချစ်နှစ်သက်တော်မူသော ဒံယေလအား ၂၆ ရာစုမျှ ကြာသော ကမ္ဘာ့ အနာဂတ် သမိုင်း ရုပ်ပုံကို ဖော်ပြခဲ့ပါသည်။ ဒံယေလသည် ကြီးမားသော ရုပ်တုကြီး၏အစိတ်အပိုင်း ၄ ခုက ပုံဆောင်ခဲ့သော၊ ကမ္ဘာ့သမိုင်းမှ အင်အားကြီး အင်ပါယာ ၄ ခုကို မြင်တွေ့ခဲ့၏ -
ရွှေ ဦးခေါင်း = ဗာဗုလုန် ၆၀၆ - ၅၃၆ ဘီစီ
ငွေ ရင်အုပ် နှင့် လက်မောင်း = မေဒိ-ပါရသိ ၅၃၆ - ၃၃၁ ဘီစီ
ကြေး ဝမ်းဗိုက် နှင့် ခါး = ဂရိ ၃၃၁ - ၁၆၈ ဘီစီ
သံ ခြေထောက်များ = ရောမ ၁၆၈ ဘီစီ - အေဒီ ၄၇၆
သံနှင့်ရွှံ့ ခြေချောင်း = (?) "နောက်ဆုံး ကာလ"

ထိုရုပ်တုကြီး၏ နောက်ဆုံးအစိတ်အပိုင်းဖြစ်သော ခြေချောင်းနှင့်ပတ်သက်၍ ငြင်းခုံ ဖွယ်ရာ အနက်ဖွင့်ချက်များ ရှိခဲ့ပါသည်။ သံနှင့်ရွှံ့ရောနှောထားသော ခြေချောင်းကို အချို့က၊ နိုးထလာမည့် ရောမ အင်ပါယာ (သို့) "ဥရောပ သမဂ္ဂ" ဖြစ်မည်ဟု ထင်မှတ်ကြပါသည်။ သူတို့အမြင်အရ ဆိုရင်၊ ကမ္ဘာကြီးသည် ဤဥရောပ အဖွဲ့အစည်း၏ အုပ်စိုးထိန်းချုပ်မှုကို ခံ၍ ယေရှုခရစ်တော် ကြွလာတော်မူသောအခါ၊ ဖျက်ဆီးခြင်းခံလျက် ဘုရားသခင်၏နိုင်ငံတော် တည်လိမ့်မည်ဖြစ်ပါသည်။

တမန်တော် ယောဟန်ထံသို့ ဘုရားသခင်က ထိုအဖြစ်အပျက်၏ နိဂုံးနှင့်ပတ်သက်၍ ရုပ်ပုံ ပေးတော်မူခဲ့ပါသည်။ "ကြည့်ရှုလော့။ မိုးတိမ်နှင့်တကွ ကြွလာတော်မူသည်။" ထိုသူသည် အခြားသောသူ မဟုတ်၊ ကြီးမြတ်တော်မူသော ဘုရားသခင်၊ ကျွန်ုပ်တို့၏ ကယ်တင်ရှင် ယေရှုခရစ်တော်၊ အာလဖနှင့် ဩမေဃ၊ အဦးဆုံးသောသူ နောက်ဆုံးသောသူ၊ ဖန်ဆင်းရှင်၊ ကြွလာတော်မူမည့် အနန္တတန်ခိုးရှင် တရားသူကြီး ဖြစ်တော်မူ၏။ ဤကမ္ဘာ့သမိုင်းကို အဆုံးသတ်စေမည့် အဖြစ်အပျက်ကြီးကို သမ္မာကျမ်းစာထဲ၌ ၁၈၀၀ လောက် ဖော်ပြခဲ့ပါသည်။ ဘုရားသခင် မိန့်တော်မူချက်ကို ကမ္ဘာလူသားများ သတိပြုကြပါစေ။ ဖန်ဆင်းရှင် ဘုရားသခင်သည် မကြာမီ ကြွလာတော်မူမည်။ သင် အသင့်ရှိပါသလား။ ဖန်ဆင်းရှင်၊ တရားသူကြီးကို မြင်တွေ့ဖို့ရန် သင် အသင့်ရှိပါသလား။

**ဆင်ခြင်ရန်** - သတိပေးလျက်ပင်၊ ယုံကြည်ခြင်း မရှိခဲ့ကြ။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို ယုံကြည်မည်အကြောင်း၊ ယုံကြည်ခြင်း၊ များစွာသော ယုံကြည်ခြင်း အကျွန်ုပ်အား ပေးသနားတော်မူပါ။

**ကမ္ဘာ ၅၀**
ထွက် ၁

*ကျွန်ုပ်၏တနေ့တာဘဝကို ယေရှုအတွက် အကျိုးရှိစေတော်မူပါ*

# ဘဝအပြောင်းအလဲ မြင်ကွင်း

ကမ္ဘာဦးကျမ်း အခန်းကြီး ၅၀ နှင့် ထွက်မြောက်ရာကျမ်း အခန်းကြီး ၁ ကို ဖတ်သောအခါ၊ ရင်းနှီးခဲ့သော နာမည်များဖြစ်သည့်၊ ယာကုပ်၊ ထို့နောက် ယောသပ်၊ ထို့နောက် "အစ်ကိုများမှ စ၍၊ ထိုကာလအမျိုးသားအပေါင်းတို့သည်" (ထွက် ၁း၆) ဘဝဇာတ်ခုံပေါ်မှ စပျောက်ကွယ် ခဲ့ကြကြောင်း တွေ့ရသည်မှာ ဝမ်းနည်းစရာကောင်းလှပါသည်။ မောရှေ၏ ကျော်ကြားသော ဆာလံကို သတိရစေခဲ့ပါသည်။ "ရှေ့တော်၌ အနှစ် တထောင်သည် လွန်ပြီးသော မနေ့ကဲ့သို့၎င်း၊ ညဥ့်ယံတယံကဲ့သို့၎င်း ဖြစ်ပါ၏။ လူတို့ကို လွှမ်းမိုး တိုက်သွားတော်မူ၏ . . . " (ဆာလံ ၉၀း၄-၅)။

ဘုရားသခင်၏လူ၊ Isaac Watts ကလည်း ထိုတရားကို ဖော်ပြခဲ့ပါသည်။

*"အချိန်သည်၊ အစဉ် စီးဆင်းနေသော စမ်းချောင်းကဲ့သို့၊*
*မိမိသားများအပေါင်းကို အဝေးသို့ သယ်ဆောင်ခဲ့၏၊*
*ပျံသန်းခဲ့ကြ၏၊ အိပ်မက်ပမာ မေ့ခဲ့ကြပြီး*
*နေ့အာရုဏ်ဦး၌ သေဆုံးခဲ့ကြ၏။"*

ကမ္ဘာဦးကျမ်းသည် ဘုရားသခင်၏ ကြီးမြတ်တော်မူသော ကယ်တင်ရှင်၊ ယောသပ် အဲဂုတ္တုပြည်၌ ကွယ်လွန်ခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ သူ၏နောက်ဆုံးစကားသည် ပရောဖက်ပြုချက်ဖြစ်ပါသည် - "ဘုရားသခင်သည် သင်တို့ကို အကြည့်အရှုကြွလာတော်မူမည် . . . ဤပြည်မှ ဆောင် သွားတော်မူမည်" (ကမ္ဘာ ၅၀း၂၄)။ ထိုပြည်သည် ဘုရားသခင် ဂတိထားတော်မူသော ပြည်ဖြစ်ပါသည်။ ထွက်မြောက်ရာကျမ်းအစတွင်၊ ထိုဆယ့်နှစ်ယောက်တို့သည် မြင်ကွင်းမှ ကွယ်ပျောက်ခဲ့ကြပါသည်။ အလွန် တိုးပွားများပြားသောကာလ ရှိခဲ့သော်လည်း၊ နှစ်ပေါင်း ကြာလာသောအခါ၊ ဣသရေလလူများအတွက် ဆိုးသောကာလ ရောက်လာခဲ့ပါသည်။ အစတွင်၊ ထိုပြည်၌ သူတို့သည် ကောင်းမွန်စွာ ကြိုဆို ဧည့်ခံကျွေးမွေး ဆက်ဆံခြင်း ခံခဲ့ရသော်လည်း၊ ယခုတွင် မနာလိုမုန်းတီးခြင်းကို ခံခဲ့ကြရပါသည်။

ဤအမှုသည် လူ့လောက၌ မြင်တွေ့ရသော ပြသနာတခုဖြစ်ပါသည်။ များစွာသော နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်လာကြသောသူ များပြားလာသောအခါ၊ လူမှု စီးပွားရေးနှင့် လူမျိုးရေး ပြသနာ ပေါ်ပေါက်လာတတ်ပါသည်။ ဣသရေလလူတို့၏ ထူးခြားချက်ဟူမူကား၊ သူတို့သည် ဘုရားသခင်၏ လူမျိုးဖြစ်၍ သူတို့၏ဇာတိမြေဖြစ်သော ခါနာန်ပြည်သို့ ဘုရားသခင်က ပြန်လည်ပို့ဆောင်လိမ့်မည် ဖြစ်ပါသည်။ သမိုင်းတွင် အကြီးကျယ်ဆုံးဖြစ်သော ကယ်တင်လွတ်မြောက်ခြင်း အတွက် ဇာတ်ခုံ ပြင်ဆင်လျက် ရှိပါသည်။

**ဆင်ခြင်ရန်** - (ဒေ ၇း၂ ကို ဖတ်ပါ)။
**ဆုတောင်းချက်** - အဖဘုရား၊ ဤလောက၌ ကိုယ်တော် ပေးသနားတော်မူသော အသက်ရှင်ခွင့် နေ့ရက်များကို တန်ဖိုးထားလျက်၊ ကိုယ်တော် လမ်းပြတော်မူချက်တို့ကို နာခံပြီး အသက်ရှင်မည်အကြောင်း မစတော်မူပါ။





**ဒံ ၇း၁-၁၄**
၂ သက် ၁း၇-၁၀

*သူငယ်ကဲ့သို့ မဟုတ်တော့ဘဲ၊ အုပ်စိုးဖို့ရန် ရှင်ဘုရင်အဖြစ် ကြွလာတော်မူမည်*

# ဘုန်းအသရေနှင့်တကွ ကြွလာတော်မူမည်

ဗာဗုလုန်၌ ရောက်ရှိခဲ့သော ဒံယေလထံသို့ ဘုရားသခင်က ရူပါရုံနှစ်မျိုးအားဖြင့် တခုတည်းသောအမှုဖြစ်သည့် ကမ္ဘာ့သမိုင်းအကြောင်းကို ရည်ညွှန်းသည့် ရူပါရုံကို ဖော်ပြတော်မူ၏။ ထိုရူပါရုံတွင် အဆက်ဆက် ကမ္ဘာကို စိုးမိုးသည့် အင်အားကြီး အင်ပါယာ လေးခုကို မြင်တွေ့ခဲ့ပါသည်။ ထိုအင်ပါယာတို့မှာ ဗာဗုလုန်၊ မေဒိ-ပေရသိ၊ ဂရိ နှင့် ရောမ အင်ပါယာများဖြစ်ကြပါသည်။ ဤအင်ပါယာများတို့သည် သန့်ရှင်းသော ပြည်ကို ဗဟိုပြုလျက် ကမ္ဘာကြီးကို စိုးမိုးခဲ့ကြပါသည်။ နောက်ဆုံးတွင် ဘုရားသခင်၏နိုင်ငံတော်သည် ဤကမ္ဘာ၌ တည်လိမ့်မည်ဖြစ်၏။

ဒံယေလ ကြိုမြင်တွေ့ခဲ့သော ထိုကမ္ဘာ့သမိုင်းသည် များသောအားဖြင့် ယခုတွင် ပြည့်စုံခဲ့ပြီဖြစ်ပါသည်။ ဒံယေလ မြင်တွေ့ခဲ့သော နောက်ဆုံး တည်ထောင်မည့်၊ ဘုရားသခင်၏နိုင်ငံတော်သည် ဤသို့ ပြည့်စုံလာလိမ့်မည်ဖြစ်ပါသည် -

(၁) "လက်ဖြင့် မထုအလုပ်သောဘဲ အလိုလိုဖြစ်သော ကျောက်တလုံးသည် . . . ရုပ်တု၏ခြေကို ထိခိုက်၍ ချိုးဖဲ့သည်ရှိသော်၊ . . . ကျောက်မူကား တိုးပွါးသဖြင့် တောင်ကြီးဖြစ်၍၊ မြေကြီးတပြင်လုံးကို ဖုံးလွှမ်းသည်" (ဒံ ၂း၃၄-၃၅)။
(၂) "တရားစီရင်ခြင်းဖြစ်လိမ့်မည်။ ထိုအခါ သူ၏တန်ခိုးအာဏာကို နုတ်၍ ရှင်းရှင်း ဖျက်ဆီးကြလိမ့်မည်။ . . . နိုင်ငံနှင့်တကွ အာဏာစက် ဘုန်းတန်ခိုးရှိသမျှကို အမြင့်ဆုံးသော ဘုရား၏ သန့်ရှင်းသော အမျိုးသားတို့သည် ရကြလိမ့်မည်" (ဒံ ၇း၂၆-၂၇)။
(၃) "လူသားနှင့်တူသောသူ တဦးသည် မိုးတိမ်ကို စီးလျက်၊ . . . ရောက်လေ၏။ . . . လူမျိုးတကာတို့ကို အုပ်စိုးစေခြင်းငှါ၊ ထိုသူသည် နိုင်ငံနှင့်တကွ အာဏာစက်တန်ခိုးကို ရ၏။ အာဏာစက်တော်သည် ကမ္ဘာအဆက်ဆက်တည်၏။ နိုင်ငံတော်သည် ပျက်စီးခြင်းသို့ မရောက်နိုင်ရာ" (ဒံ ၇း၁၃-၁၄)။

တမန်တော် ပေါလုက ဤသို့ ဆက်လက် အတည်ပြု ဖော်ပြခဲ့ပါသည် - "သခင်ယေရှုသည် တန်ခိုးရှိသော ကောင်းကင်တမန်တို့နှင့်အတူ၊ ကောင်းကင်ဘုံက ပေါ်ထွန်းတော်မူ၍၊ . . . ငါတို့သခင်ယေရှုခရစ်၏ဧဝံဂေလိတရားကို နားမထောင်သောသူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူသောအခါ" (၂ သက် ၁း၇-၈)။

စာဖတ်သူ၊ "သခင်ယေရှုခရစ်၏ဧဝံဂေလိတရားကို နားမထောင်သောသူတို့" (၂ သက် ၁း၈) အထဲ၌ မပါဖို့ အရေးကြီးလှပါသည်။ နှုတ်ကပတ်တော်ကို ဖတ်လျက်၊ သမ္မာသတိ ရှိပါလော့၊ ဘုရားသခင်ဘက်၌ ရပ်တည်ပါလော့။ ကိုယ်တော်သည် ဘုန်းတော်အသရေခံဖို့ ကြွလာတော်မူမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နိုင်ငံတော်သည် ဖျက်ဆီးခြင်း ခံရမည် မဟုတ်ပါ။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နိုင်ငံတော်ကို မြော်လင့်လျက် ကျွန်ုပ်ကို အသက်ရှင်စေတော်မူပါ။ မကြာမီ ဖျက်ဆီးခြင်းခံရမည့် ဤလောကီအရာ၌ မြော်လင့်ချက် မထားမည်အကြောင်း မစတော်မူပါ။

စနေ၊ ဇန်နဝါရီ (၄)
**ဒံ ၇း၁၅-၂၇**
မသဲ ၂၄း၂၉-၃၀

*ဘုန်းအသရေနှင့်ပြည့်စုံတော်မူသော ရှင်ဘုရင်အား သူ၏တင့်တယ်ခြင်း အသရေတော်နှင့်တကွ ကျွန်တော်တို့ မြင်တွေ့ကြရမည်*

## လူသား ကြွလာတော်မူသည်ကို မြင်တွေ့ကြရလိမ့်မည်

အချို့သော ခရစ်ယာန်အသိုင်းအဝန်းနှင့် မယုံကြည်သူ လောကီလူတို့က ဒုတိယအကြိမ် ကြွလာတော်မူခြင်းအကြောင်းကို ပြက်ရယ်ပြုကြပါသည်။ ရာဇဝတ်သားသည် တရားသူကြီးကို မုန်းတီးသကဲ့သို့ ဆန့်ကျင်သောသူနှင့် ဘုရားသခင်ကို အလေးမထားသောသူတို့သည် ကျရောက်လာမည့် တရားစီရင်ခြင်းကို မနှစ်သက်ကြပါ။ ခရစ်တော်သာ တဖန်ကြွလာတော်မမူဟု ယူဆခဲ့လျှင်၊ ကြွလာတော်မူမည့် ကျမ်းချက်ပေါင်း ၁၈၀၀ တို့သည် ပုံပြင်သာသာဖြစ်ကြပါလိမ့်မည်။ ဤကမ္ဘာ လောကကြီး ဆိုးသွမ်းသောလူများလက်ထဲသို့ ပုံအပ်ခဲ့ပါလျှင် အနာဂတ်သည် မည်သို့ ရှိပါလိမ့်မည် နည်း။ သင် အဘယ်သူ၏လက်ထဲသို့ အပ်လိုပါသနည်း။ လူ့လက်ထဲသို့လော (သို့) ဘုရားသခင် လက်တော်ထဲသို့လော။

သေချာဆင်ခြင်ပါလျှင်၊ ဘုရားသခင် အတူပါရှိတော် မမူသော လူ့ဘဝ၏အနာဂတ်သည် အလွန် ကြောက်စရာကောင်းလှပါသည်။ အာဒံ အပြစ်ပြုသောအချိန်မှစ၍ လူ့အသွေးအသားထဲ၌ မုန်းတီးခြင်း၊ သတ်ဖြတ်လိုခြင်း စီးဆင်းလျက်ရှိခဲ့ပါသည်။ လူ့ဇာတိသဘောတခုမှာ တိုက်ပွဲပင်ဖြစ်ပါ သည်။ ထိုရောဂါအတွက် ဖြေဆေး မရှိပါ။ ဖန်ဆင်းရှင် ဘုရားသခင် ပါဝင်လုပ်ရှားဖို့လိုပါသည် - ဘုရားသခင်၏ ထာဝရအစီအစဉ်တည်းဟူသော ကယ်တင်ခြင်းအတွက် ယေရှု တဖန်ကြွလာတော် ဖို့လိုအပ်ပါသည်။ လူကို မိမိတဦးတည်း လွှတ်ထားခဲ့ပါလျှင်၊ သူသည် ပျက်စီးခြင်းသို့ ဦးတည်ပါလိမ့် မည်။ သူသည် ငြိမ်းချမ်းမှုကို ရှာမည် မဟုတ်ပါ။ "သမိုင်းက ဘာမှ သင် မပေးခဲ့ကြောင်း၊ သမိုင်း ကိုယ်တိုင်က သင်ပေးခဲ့ပါသည်။"

ဖန်ဆင်းရှင် ဘုရားသခင်သည် မိမိဖန်ဆင်းထားသောအရာကို လူတို့ဖျက်ဆီးဖို့ရန် ပစ်ထား တော်မူမည် မဟုတ်ပါ။ ဤကမ္ဘာ မတည်မရှိမှီ မိမိစီစဉ်တော်မူသည်အတိုင်း၊ "အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော" ဟု သခင်ယေရှု ဆုတောင်းခဲ့ သည်အတိုင်း ပြည့်စုံပါလိမ့်မည်။ ဘုရားသခင်၏ အစီအစဉ်သည် မယုံကြည်သူ အတွက် နက်နဲလှ သော်လည်း၊ အမှန်မှာ ထိုသို့ မဟုတ်ပါ။ ရွေးချယ်ခဲ့သော အချို့သော မိမိ၏ကျွန်များတို့ထံ ဖော်ပြခဲ့ပါ သည်။ ဒံယေလသည် အထူး အလေးပေးခြင်းခံရသောကြောင့်၊ ဘုရားသခင်က သူ့ထံ ဖော်ပြခဲ့၏။

ယနေ့တွင်၊ ကျွန်တော်တို့သည်လည်း ဘုရားသခင်၏အလေးပေးမှုကို ခံရသောကြောင့်၊ ထိုအနာဂတ်အကြောင်းကို ကျွန်ုပ်တို့ထံ ဖော်ပြတော်မူခဲ့ပါသည်။ မိမိ၏သားတော်အားဖြင့် ကျွန်တော် တို့ထံ စကားပြောတော်မူ၏ (ဟေဗြဲ ၁း၁-၂)။ ကျွန်ုပ်တို့ကို အမှောင်ထဲ၌ ထားတော် မမူခဲ့ဘဲ၊ ကျေးဇူးပြုတော်မူ၏။ ကိုယ်တော်သည် အမှန်တကယ်၊ ကိုယ်တိုင်၊ အံ့သြဘွယ် ကြွလာတော်မူမည် ဖြစ်ပါသည်။ သူသည် "ကြီးစွာသော ဘုန်းတန်ခိုးအာနုဘော်ကို ဆောင်လျက်၊ မိုးတိမ်ကို စီး၍ ကြွလာ တော်မူလိမ့်မည်" (မသဲ ၂၄း၃၀)။ ယေရှု၏စကားကို သံသယ မဝင်ဘဲ၊ ယုံကြည်လျက်၊ ကြွလာတော်မူမည့်အချိန်ကို စောင့်မျှော်လျက် အသက်ရှင်ပါလော့။

**ဆင်ခြင်ရန်** - ကိုယ်တော်ကို လူတိုင်း မြင်တွေ့ကြရလိမ့်မည်။
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်တော် ယုံကြည်ပါ၏၊ အကျွန်ုပ်၏ မယုံကြည်ခြင်း၌ မစတော် မူပါ။



တနင်္ဂနွေ၊ မတ် (၃၀)
**ကမ္ဘာ ၅၀း၁၄-၂၆**
ဆာလံ ၅၀း၁-၁၁

*ဘုရားသခင်သည် ငါတို့ကို ရှေ့ဦးစွာ ချစ်တော်မူသောကြောင့်၊ ငါတို့သည် ဘုရားသခင်ကို ချစ်ကြ၏*

## ခွင့်လွှတ်ခြင်းနှင့် မေ့ပစ်ခြင်း

စစ်မှန်သော ခွင့်လွှတ်ခြင်းသည် မေ့ပစ်ခြင်းဖြစ်ပါသည်။ ဘုရားသခင်က ခွင့်လွှတ်တော်မူ သောခါ၊ မေ့ပစ်တော်မူခဲ့၏။ နှုတ်ကပတ်တော်က၊ "ငါသည် သူတို့ အပြစ်များကို သည်းခံမည်။ သူတို့ ပြုသော ဒုစရိုက်များကို မအောက်မေ့ဘဲ နေမည်" (ယေရ ၃၁း၃၄) ဟု ဆို၏။ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းတရားကို ရှာသောသူတို့အား၊ သခင် ယေရှုက၊ "သင်တို့သည် သူတပါးတို့၏ အပြစ်ကို လွှတ်လျှင်၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် သင်တို့၏ အပြစ်ကို အလွှတ်တော်မူမည်။ သင်တို့သည် သူတပါးတို့၏အပြစ်ကို မလွှတ်လျှင်၊ သင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မမူ" (မသဲ ၆း၁၄-၁၅) ဟု မိန့်တော်မူခဲ့ပါသည်။ ခရစ်ယာန် ယုံကြည် သူ ဖြစ်သော၊ ကျွန်တော်တို့သည် ဤ အချင်းချင်း ခွင့်လွှတ်ခြင်းတရားကို သင်ယူရပါမည်။

ယောသပ်သည် ဤ ဝိညာဉ်နှင့်ဆိုင်သော သမ္မာတရားကို ကောင်းကောင်း နားလည်ခဲ့ပါ သည်။ အစ်ကိုတို့၏ ဆိုးသွမ်းမှုနှင့် မတရားဆက်ဆံမှုကြောင့် သူသည် အမျက်ထွက်ခြင်း၊ လက်တုန့် ပြန်ခြင်း မပြုခဲ့ပါ။ သူတို့နည်းတူ ပြုဖို့ရန် ဘယ်တော့မှ မစဉ်းစားခဲ့ပါ။ ယုံကြည်ခြင်းဖြင့်၊ ဒေါသန်မြို့၌ ဖြစ်ပျက်ခဲ့သောမှုကို ဘုရားသခင်ပြုတော်မူသောအမှုအဖြစ် နားလည်ခဲ့ပါသည်။ အစ်ကိုတို့ထံ မိမိကိုယ်ကို ဖော်ပြသောအခါ၊ သူတို့သည် ကြောက်ရွံ့ထိတ်လန့်မှုနှင့် ပြည့်ခဲ့ကြ၏။ သို့သော်လည်း၊ ယောသပ်က ဝမ်းနည်းခြင်း မရှိရန်နှင့် "ကိုယ်ကို အမျက်မထွက်ကြနှင့်" (ကမ္ဘာ ၄၅း၅) ဟု ဆိုခဲ့၏။ ယုံကြည်ခြင်း မျက်စိဖြင့်၊ ယောသပ်သည် အဖြစ်အပျက်များကို ထူးခြားစွာ သိမြင်ခဲ့ပါသည်။ "ဘုရားသခင်သည် လူတို့ အသက်ကို စောင့်မစေခြင်းငှါ သင်တို့ရှေ့မှာ ကျွန်ုပ်ကို စေလွှတ် တော်မူပြီ" (ကမ္ဘာ ၄၅း၅)။

အဘ ကွယ်လွန်ပြီးနောက်တွင်၊ အစ်ကိုတို့သည် ဩတ္တပ္ပစိတ်၏ခြိမ်းခြောက်မှုကြောင့်၊ ယောသပ်သည် အပြစ်ကြွေးကို ဆပ်စေလိမ့်မည်ဟု ထင်မှတ်ခဲ့ကြပါသည်။ သူတို့သည် ခွင့်လွှတ်ခြင်း ကိုတောင်းလျှောက်ကြစဉ်၊ ထိုသို့ပြုရန် သေအံ့ဆဲဆဲ အဘ မှာထားသကဲ့သို့ ဆိုကြသည်ကို ယောသပ် ကြားရသောအခါ မျက်ရည်ကျခဲ့ပါသည်။ အတိတ်သည် အတိတ်မှာ ကျန်ခဲ့ပါပြီ။ အစ်ကိုတို့၏ ဆိုးသွမ်းသော လုပ်ရပ်ကို ခွင့်လွှတ်လျက်၊ မေ့ပျောက်ခဲ့ပြီးဖြစ်ပါသည်။ "မစိုးရိမ်ကြနှင့် . . . သင်တို့သည် ကျွန်ုပ်ကို ညှဉ်းဆဲမည် ကြံကြသော်လည်း၊ ဘုရားသခင်သည် . . . လူများ အသက် ချမ်းသာစေခြင်းငှါ ကျေးဇူးပြုမည် ကြံတော်မူ၏။ ထို့ကြောင့်၊ မစိုးရိမ် ကြနှင့်။ သင်တို့နှင့် သူငယ်များကို ကျွန်ုပ်ကျွေးမွေးမည်ဟု ဆိုလျက်၊ သူတို့ကို နှစ်သိမ့်စေ၍ မေတ္တာ စကားကို ပြော လေ၏" (ကမ္ဘာ ၅၀း၁၉-၂၁)။

လူသည် မှားတတ်၏၊ ဘုရားသခင်သည် ခွင့်လွှတ်တော်မူတတ်၏။ ကျွန်တော်တို့အားလုံး သည် ခွင့်လွှတ် မေ့ပျောက်ခြင်းကို သင်ယူရပါမည်။ ယောသပ်က သာဓက ထားခဲ့ပါသည်။ "အို အဘ၊ သူတို့၏ အပြစ်ကို လွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသော အမှုကို မသိကြ" (လု ၂၃း၃၄) ဟု မြွက်ဆိုသော ယေရှု၏စကားကို အောက်မေ့ကြပါစို့။ ထိုကားတိုင်ပေါ်မှ သခင့်စကားတို့သည် ကျွန်ုပ်တို့၏စိတ်ကို နူးညံ့ သိမ်မွေ့ စေတော်မူပါစေသော။

**ဆင်ခြင်ရန်** - (ဧဖက် ၄း၃၂ ကို ဖတ်ပါ)။
**ဆုတောင်းချက်** - အဖဘုရား၊ ခွင့်လွှတ်လျက် မေ့ပစ်မည်အကြောင်း နူးညံ့သောစိတ်နှလုံးကို ကျွန်ုပ်အား ပေးတော်မူပါ။

## သမိုင်းဝင် ဈာပန

အာဗြဟံနှင့် ဣဇာက်တို့၏ ဈာပနသည် အလွန်ရိုးရှင်းလှပါသည်။ သူတို့၏ဈာပန တခုချင်းစီတွင် သားနှစ်ယောက်သာ တတ်ရောက်ခဲ့ကြပါသည်။ သို့သော်လည်း၊ ယာကုပ်၏ဈာပနသည် ထူးခြားမှု ရှိ၏။ ထိုဈာပနသည် တိုင်းသိပြည်သိ အခမ်းအနားဖြစ်ပါသည်။ သံချိုင်းအထိ သွားသား ဆယ့်နှစ်ဦးနှင့် များစွာသော လူများလိုက်ပါခဲ့ကြပါသည်။ "ဖါရောမင်း၏ကျွန်များတည်းဟူသော နန်းတော်အရာရှိ၊ အဲဂုတ္တုပြည်အရာရှိ အပေါင်းတို့ နှင့်၊ ယောသပ် အိမ်သား၊ အစ်ကိုတို့အိမ်သား၊ အဘအိမ်သားရှိသမျှ . . . ရထားများ၊ မြင်းစီးသူရဲများ တည်းဟူသော အလွန်များစွာသော အလုံးအရင်းတို့သည် ယောသပ်နှင့်တကွ လိုက်သွားကြ၏" (ကမ္ဘာ ၅၀း၇-၉)။ ယာကုပ်သည် တိုင်းပြည် ခေါင်းဆောင်တဦးကဲ့သို့ လေးစားကြည်ညိုခြင်း ခံခဲ့ရပါသည်။ ဤဈာပန ခရီးသည် ကီလိုမီတာ ၇၀၀ လောက်၊ အသွားအပြန်၊ သွားရသည်ဖြစ်သောကြောင့် အရှည်လျားဆုံး ဈာပန ခရီးဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုခရီးစဉ်ကို သုံးပိုင်း ခွဲ၍ရပါသည်။

(၁) ရှည်လျားလှသော လူအုပ်ကြီးသည် အဲဂုတ္တုပြည်မှ ထွက်၍ အရှေ့မြောက်ဘက်သို့၊ ပင်လယ်နီအထက်မှ သွား၍ သိနတောကို ဖြတ်လျက်၊ ပင်လယ်သေ အရှေ့တောင်ဘက်သို့ သွားပြီး၊ ယောဒန်မြစ် အရှေ့ဘက်ကမ်းသို့ တတ်သွားခဲ့ကြပါသည်။

(၂) ထိုလူအုပ်ကြီးသည် "အာတဒ် ကောက်နယ်တလင်း" (ကမ္ဘာ ၅၀း၁၀) သို့ ရောက်သောအခါ၊ ရပ်နားလျက် အဲဂုတ္တုအမတ်မင်းများနှင့်တကွ၊ ခုနစ်ရက်ကက် ငိုကြွေးမြည်တမ်းခြင်း ပြုခဲ့ကြ၏။

(၃) မြေမြှုပ်သင်္ဂြိုလ်ခြင်းတွင် မိသားစုဝင်များသာ တတ်ရောက် ပါဝင်ခဲ့ပါသည်။ "ခါနာန်ပြည်သို့ ဆောင်သွား၍၊ အာဗြဟံသည် ကိုယ်ပိုင်သော သင်္ချိုင်းဘို့ . . . ဝယ်သော . . . မပေလ လယ်ပြင်တွင်ရှိသော မြေတွင်း၌ သင်္ဂြိုလ်ကြ၏" (ကမ္ဘာ ၅၀း၁၃)။

ထိုအမှုအားလုံးတွင် အလွန်ဝမ်းနည်းကြေကွဲမှုကို တွေ့ရပါသည်။ ခါနာန်လူတို့ကပင် ထိုအချက်ကို မှတ်ထားခဲ့ကြပြီး၊ ထိုနေရာကို "အဗေလမိဇရိမ်" (ကမ္ဘာ ၅၀း၁၁) ဟု ခေါ်ခဲ့ကြ၏။ အနက်ကား၊ "အဲဂုတ္တုလူများ ငိုကြွေးမြည်တမ်းသော နေရာ" ဟု အဓိပ္ပါယ်ရပါသည်။ ယောသပ်သည် အဘကို အလွန် ချစ်သောကြောင့်၊ ထိုသို့ လေးစားကြည်ညိုမှုဖြင့် သင်္ဂြိုလ်ခဲ့ခြင်း ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ခပ်သိမ်းသောအရာတို့သည် မိမိတို့အချိန်ရှိ၏ . . . ဘွားချိန်နှင့် သေချိန်လည်းရှိ၏" (ဒေ ၃း၁-၂)။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်အသက်ရှင်ခြင်း သာမက၊ သေခြင်းကလည်း ကိုယ်တော်၏ ကောင်းမြတ်ခြင်းကို ဟောပြောပါစေသော်။





## ထာဝရဘုရားသည် အတိုင်းမသိများစွာသော မိမိသန့်ရှင်းသူတို့နှင့်တကွ ကြွလာတော်မူလိမ့်မည်

အာဒံမှ ခုနစ်ဆက်မြောက်သောသူ ဧနောက်သည် (ကမ္ဘာ ၅) အကျင့်ပျက်လျက်ရှိသော ဤလောက၌ ဘုရားသခင်နှင့်အတူ သွားလာခဲ့ပြီး၊ သူ့ကို ဘုရားသခင် သိမ်းယူတော်မူခဲ့၏ (ကမ္ဘာ ၅း၂၄)။ ကောင်းကင်ဘုံ၌ အသက်ရှင်လျက် "ဘုရားသခင် သိမ်းယူတော်မူခြင်း" သည် အလွန်မြတ်သော အံ့ဖွယ် ကယ်တင်ခြင်း ပေးတည်း။ ထိုသန့်ရှင်းသူ ဧနောက်ထံသို့ ဒုတိယကြွလာတော်မူခြင်း အကြောင်းကို ဘုရားသခင် ဖော်ပြတော်မူခဲ့ပါသည်။ ထိုအကြောင်းကို ဧနောက်က ဖော်ပြခဲ့ပါသည် - "ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့ကို တရားစီရင်တော်မူ၍၊ မတရားသောသူတို့ သည် မတရားသဖြင့် ပြုသောအဓမ္မအမှုရှိသမျှတို့၏ အပြစ်ကို . . . ဘော်ပြခြင်းငှါ၊ အတိုင်းမသိများစွာသော မိမိ သန့်ရှင်းသူတို့နှင့် တကွကြွလာတော်မူလိမ့်မည်" (ယုဒ ၁၄-၁၅)။

ကျွန်ုပ်တို့၏ သခင်ဘုရား ကြွလာတော်မူခြင်းသည် ယုံကြည်သူများအတွက် မင်္ဂလာရှိသော မြော်လင့်ရာ ဖြစ်ပါသည် (တိတု ၂း၁၃)။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်း စုံလင်မည့်နေ့၊ ထိုနေ့ကို ရွေးနုတ်ခံရသော ကျွန်တော်တို့သည် စိတ်လှုပ်ရှားစွာ တောင့်တလျက် စောင့်မျှော်နေကြပါသည်။ ထိုမင်္ဂလာရှိသောအမှုကို ပေါလုက ရောမ ၈း၁၈-၂၃ ထဲတွင် ဖော်ပြခဲ့ပါသည်။ သခင်ယေရှု ကြွလာတော်မူသောအခါ ကျွန်တော်တို့သည် ဘုန်းအသရေကို ခံလျက် ပြောင်းလဲခြင်း ရှိကြမည်ကို ကြိုတွေးခြင်းဖြင့် ယခု ကျွန်ုပ်တို့ ခံစားရသော ဒုက္ခများသည် ပေါ့ပါးခြင်းရှိ၏။ ပျက်စီးခြင်းမှ အလုံးစုံ ရွေးနှုတ် ကယ်တင်ခြင်း ခံရမည့် ထိုနေ့ကို မျှော်လင့်လျက်၊ ယနေ့ ကျွန်တော်တို့သည် ညီးထွားလျက် ရှိကြ၏။ ထိုကြီးမြတ်သောနေ့တွင် ဘုန်းအသရေ ခံစားကြမည်ဖြစ်ပါသည်။ တမန်တော် ယောဟန်က၊ "ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့် တူကြလတံ့ဟု ငါတို့ သိကြ၏" (၁ ယော ၃း၂) ဟု ဆိုခဲ့ပါသည်။ ကျွန်တော်တို့သည် ဘုန်းအသရေ ခံစားကြလျက်၊ နှုတ်ဖြင့် မဖော်ပြနိုင်သော ဝမ်းမြောက်ခြင်းကို ခံစားကြလိမ့်မည်။

မယုံကြည်သူ၊ မထီမဲ့မြင်ပြုသောသူ၊ လူ့အသက်သတ်သောသူ၊ မိမိ ဇာတိတပ်မက်ခြင်း နောက် လိုက်သောသူများအတွက် ဘုရားသခင်ကြွလာတော်မူခြင်းသည် တရားစီရင်ရာနေ့ဖြစ်လျက်၊ သူတို့သည် ထာဝရ ပျက်စီးခြင်းသို့ ပြစ်ဒဏ်ပေးခြင်း ခံရကြမည်။ ကယ်တင်ရှင်ကို ယနေ့ ပြက်ရယ်ပြုသောသူများသည် ထိုသို့ ဒဏ်ပေးခြင်းခံရမည်။ "ဘုရားသခင်ကို မသိသောသူ၊ ငါတို့ သခင်ယေရှုခရစ်၏ဧဝံဂေလိတရားကို နားမထောင်သောသူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူသောအခါ" (၂ သက် ၁း၇-၈)။ စာဖတ်သူ၊ နှုတ်ကပတ်တရားတော်ကို သတိပြုလော့။ နောက်မကျမီ သင့်အပြစ်များမှ နောင်တရ ပါလော့။ ခရစ်တော်ကို မိမိ၏ ကယ်တင်ရှင် သခင်အဖြစ် ယုံကြည် လက်ခံပါလော့။ တရားသူကြီးအဖြစ် ကိုယ်တော် အမှန်ကြွလာတော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - နောင်တရဖို့အချိန်သည် ယခုပင်ဖြစ်ပါသည်။ "ဤမျှလောက် ကြီးစွာသော ကယ်တင်တော်မူခြင်း တရားကို ငါတို့သည် နားမထောင်ဘဲ နေလျှင်၊ အပြစ်ဒဏ်နှင့် အဘယ်သို့ လွတ်ကြလိမ့်မည်နည်း" (ဟေဗြဲ ၂း၃)။

**ဆုတောင်းချက်** - အို အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ဘက်သို့ ကျွန်ုပ်မျက်စိကို ဖွင့် ပေးတော်မူပါ။

တနင်္လာ၊ ဇန်နဝါရီ (၆)

**ဒံ ၂း၄၄-၄၅**
မသဲ ၂၅း၁-၁၃

*ထာဝရဘုရား၊ ကိုယ်တော်၏နိုင်ငံတော်ကို ကျွန်တော် နှစ်သက်ပါ၏*

## ဘုရားသခင်၏နိုင်ငံတော်သည် ထာဝရတည်လိမ့်မည်

နောဧ၏မျိုးဆက်ဖြစ်သော နိမ်ရောဒ ခေတ်ကတည်းက လူတို့၏ အချည်းနှီးသော အိပ်မက်သည် မိမိ၏နိုင်ငံကို တည်ထောင်ရန်ဖြစ်ခဲ့ပါသည်။ "ထိုသားသည် မြေကြီးပေါ်မှာ အဦးစွမ်းနိုင်သောသူ ဖြစ်၏" (ကမ္ဘာ ၁၀း၈-၁၀)၊ မိမိ နိုင်ငံကို တည်ထောင်ခဲ့၏။ လူဘဝသက်တမ်း တိုတောင်းလှသည်နှင့်အညီ၊ လူတို့တည်ထောင်သောနိုင်ငံသည်လည်း ထာဝရ မတည်ပါ။ ထို့ကြောင့် မိမိနိုင်ငံကို တည်ထောင်နိုင်လျှင်လည်း ထောင်လွှားစရာအကြောင်း မရှိပါ။ ဘုရားသခင် ပေးတော်မူ၍ ပြန်လည် ရုတ်သိမ်းတော်မူ၏။ ဟစ်တလာက မိမိ၏နိုင်ငံသည် နှစ် တထောင်တည်မည်ဟု ကြွေးကြော် ခဲ့သော်လည်း၊ ဘုရားသခင်က ဆယ်နှစ်၌ အဆုံးသတ်စေတော်မူ၏။ "အရှေ့၊ အနောက်၊ တောင်အရပ်တို့တွင် အဘယ်အရပ်မျှ ကျေးဇူး မပြုနိုင်။ ဘုရားသခင် သည် စီရင်ပိုင်တော်မူ၏။ တယောက်ကို နှိမ့်ချ၍၊ တယောက်ကို ချီးမြှောက်တော်မူ၏" (ဆာလံ ၇၅း၆-၇)။

ယနေ့ ကမ္ဘာ၌ နိုင်ငံပေါင်း ၂၀၀ လောက် ရှိပါသည်။ နှုတ်ကပတ်တော်အရ၊ ယခု ကမ္ဘာကြီးသည် မကြာမီ အဆုံးသတ်ကို ရောက်ပါလိမ့်မည်။ ဆန့်ကျင်ခြင်း စိတ်သဘောရှိသော လူတို့သည် ဘုရားသခင် မပါဘဲ မိမိတို့ အလိုအတိုင်း ဤကမ္ဘာလောကကို ချယ်လှယ်ကြသောကြောင့် ပျက်စီးခြင်းသို့ ဦးတည်လျက်ရှိပါသည်။ ဘုရင်များကို ဖယ်ရှားတော်မူသော ဘုရားသခင်သည် (ဒံ ၂း၂၁) ယခု ကမ္ဘာ့အုပ်ချုပ်ရေးကို မကြာမီအဆုံးသတ်စေတော်မူမည်။ "ခပ်သိမ်းသော အမှုအရာတို့သည် မိမိတို့ အချိန်ရှိ၏။ မိုးကောင်းကင်အောက်၌ ကြံစည် သမျှ အသီးအသီးတို့ကို ပြုရသော အချိန်ရှိ၏" (ဒေ ၃း၁)။ ဘုရားသခင်၏တရားစီရင်မှု အချိန် ကျရောက်လာနေပြီဖြစ်ပါသည်။

ဤသတင်းစကားသည် ယနေ့အတွက် အလွန်အရေးကြီးလှပါသည်။ နားရှိသောသူမည်သည်ကား ကြားကြပါစေ။ ရှင်ဘုရင်သည် ကောင်းကင်ဘုံမှ ကြွလာတော်မူလျက် မိမိ၏ ကြီးမြတ်သော နိုင်ငံတော်ကို တည်ထောင်မည်ဖြစ်ပါသည်။ ထိုနိုင်ငံတော်သည် လူတို့အတွက် တခုတည်းသော မြော်လင့်ချက်ဖြစ်ပါသည်။ ထိုအမှုကို လျစ်လျူရှု သောသူသည် အလွန်မိုက်မဲသောသူသာ ဖြစ်ပါ၏။ ကိုယ်တော် သွန်သင်တော်မူသော ပဌနာတော်ကို အောက်မေ့ကြပါစို့ -"ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့ အဘ၊ ကိုယ်တော်၏နာမတော်အား ရိုသေလေး မြတ်ခြင်း ရှိပါစေသော။ နိုင်ငံတော် တည်ထောင်ပါစေသော" (မသဲ ၆း၉-၁၀)။

ဤပဌနာတော်ကို ရွတ်ဆိုသောအချိန်၌ သင် တွေးတောဆင်ခြင်ပါသလား၊ တနေ့တွင် ဤ ပဌနာတော်သည် ပြည့်စုံခြင်း ရှိမည်အကြောင်းကို သင် တွေးခဲ့ပါသလား။ သင့် အနာဂတ် ထာဝရ အတွက် သင်စဉ်းစား တွေးတောခြင်း ရှိပါလျှင် သေချာ ဆင်ခြင် တွေးတောပါလော့။ ဘုရားသခင်၏နိုင်ငံတော်သည် တည်ထောင်ခြင်းရှိလိမ့်မည်ဖြစ်၍ သင်သည်လည်း ထိုနိုင်ငံတော်၌ ပါဝင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အဓိကအချက်မှုကား၊ သင်သည် ဘုရားသခင်၏နိုင်ငံတော်သား ဖြစ်ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နိုင်ငံတော် တည်ထောင်ပါစေသော်။



သောကြာ၊ မတ် (၂၈)

**ကမ္ဘာ ၅၀း၁-၆**
ဆာလံ ၄၉း၁-၁၀

*အစဉ် ယုံကြည်ကိုးစားခြင်း ရှိလော့၊ ယေရှုသည် နီးလျက် ရှိတော်မူ၏*

## မြေမြှုပ်နှံခြင်း၊ မီးသင်္ဂြိုလ်ခြင်း မဟုတ်

မြေနေရာ ရှားသော စင်ကာပူတွင်၊ မြေမြှုပ်သင်္ဂြိုလ်ခြင်းထက် မီးသင်္ဂြိုလ်ခြင်း ပို၍ကောင်းသည်ဟု ဆိုတတ်ကြပါသည်။ ဤအမှု၌ ဘုရားသခင်၏နှုတ်ကပတ်တော်က မည်သို့ ပြောပါသနည်း။ သေသောသူကို ပြာဖြစ်စေလျက်၊ ပြာအိုးထဲ၌ထားပြီး၊ အုတ်နံရံ၌ တင်ထားခြင်း နည်းလမ်းကို ခရစ်ယာန်သည် လိုက်လုပ်သင့်ပါသလား။ များစွာသော ခရစ်ယာန် ခေါင်းဆောင်တို့သည် သမ္မာကျမ်းစာ၏ ခွင့်ပြုချက် မပါသော်လည်း၊ မီးသင်္ဂြိုလ်ခြင်းသည် ပို၍ ကောင်းသောနည်းလမ်းဖြစ်သည်ဟု ထောက်ခံခဲ့ကြပါသည်။

ယနေ့ ဖတ်သော ကျမ်းပိုဒ်တွင် ယာကုပ် မြေမြှုပ်သင်္ဂြိုလ်ခြင်းအတွက် ပြင်ဆင်မှုကို တွေ့ရပါသည်။ ယာကုပ် သင်္ဂြိုလ်ခြင်းလောက် အသေးစိတ် ဖော်ပြသော အခြား သင်္ဂြိုလ်ခြင်း မတွေ့ရပါ။ သူသည် ဘုရားသခင်၏ ကယ်တင်ခြင်း အစီအစဉ်၌ အရေးကြီးသောသူ ဖြစ်သောကြောင့်၊ ထိုသို့ ဖော်ပြခြင်းဖြစ်ပါလိမ့်မည်။ ယုံကြည်သူများသည် သေသောသူများကို ထိုသို့ ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုလ်ရမည်အကြောင်း လက်တွေ့ သွန်သင်ခြင်း ဖြစ်ပါသည်။ ဘုရားသခင်က ဧဒင်ဥယျာဉ်ထဲ၌ အာဒံအား၊ "သင်ထွက်ရာမြေသို့ မပြန်မီတိုင်အောင်၊ သင်၏ မျက်နှာမှ ချွေးထွက်လျက် အစာကို စားရမည်။ အကြောင်းမူကား၊ သင်သည် မြေမှုန့်ဖြစ်၍၊ မြေမှုန့်သို့ ပြန်ရမည်" (ကမ္ဘာ ၃း၁၉) ဟု မိန့်တော်မူ၏။ ဤသွန်သင်ချက်ကို နာခံခြင်းဖြင့်၊ သမ္မာကျမ်းစာနှင့် ကိုက်ညီသော လူသေ အပေါ်ပြုရမည့် အမှုမှာ မီးသင်္ဂြိုလ်ခြင်း မဟုတ်ဘဲ၊ မြေမြှုပ်သင်္ဂြိုလ်ခြင်းပင်ဖြစ်ပါသည်။

ယာကုပ်သည် အဲဂုတ္တုလူတို့က မိမိတို့၏လူသေကို အကောင်းဆုံး ပြင်ဆင်သည့်အတိုင်း ပြင်ဆင်ခြင်းကို ခံခဲ့ရကြောင်း တွေ့ရပါသည်။ ယောသပ်က မိမိ၏ ဆေးသမားများကို အလောင်းအား နံ့သာမျိုး လိမ်းစေခဲ့ပါသည်။ ထိုသို့ ရက်ပေါင်း ၄၀ ကြာပြီးမှ၊ ပြည်သူပြည်သားတို့သည် ရက်ပေါင်း ၇၀ လုံးလုံး ယာကုပ်အတွက် ငိုကြွေးမြည်တမ်းခဲ့ကြပါသည်။ ဖာရောဘုရင်အတွက် ငိုကြွေးခြင်းထက် နှစ်ရက်သာ လျော့ပါသည်။ ထို့နောက်၊ ယာကုပ် တောင်းဆိုသကဲ့သို့၊ ခါနာန်ပြည်၌ မြေမြှုပ်သင်္ဂြိုလ်ဖို့ရန် ယောသပ်သည် ဆက်လက် ပြင်ဆင်ခဲ့ပါသည်။ ရှေးဦးစွာ၊ ယောသပ်သည် ဖာရောဘုရင်အား၊ မိမိတို့သည် ဂတိတော်ပြည်သို့ ထိုသင်္ဂြိုလ်ခြင်းအတွက်သွား၍ ပြန်လာခဲ့မည်အကြောင်း ခွင့်တောင်းခဲ့ပါသည်။ ၁၇ နှစ်လွန်လာသောအခါ၊ ဣသရေလလူတို့သည် အဲဂုတ္တုပြည်၏ စီးပွားရေးအတွက်၊ မရှိမဖြစ် လိုအပ်ခြင်း မရှိသည့်တိုင်၊ အရေးကြီးသောသူများဖြစ်ကြောင်း ထင်ရှားခဲ့ပါသည်။ ထို့ကြောင့်၊ နောင်အခါ မိမိတို့ပြည်မှ ထွက်မသွားကြဖို့ရန် အတင်းဆွဲထားရခြင်းအကြောင်း ဖြစ်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - အဆင်ပြေသလို မလုပ်ရ၊ သမ္မာကျမ်းစာ လမ်းညွှန်ချက်အတိုင်း ပြုရမည်။
**ဆုတောင်းချက်** - အဖဘုရား၊ နှုတ်ကပတ်တရားတော်ကို ကြားနာရုံသာမဟုတ်၊ အမှန် ပြုသောသူ ဖြစ်စေတော်မူပါ။

**ကမ္ဘာ ၄၉း၂၈-၃၃**
ဆာလံ ၄၇

*ဤကမ္ဘာလောကသည် ကျွန်ုပ်တို့၏ ထာဝရအိမ်တော် မဟုတ်ပါ*

## မင်္ဂလာရှိသော ခွဲခွါနှုတ်ဆက်ခြင်း

ယာကုပ်၏သား ဆယ့်နှစ်ဦးတို့သည် တစ်ဦးချင်းစီ မိမိတို့ ထိုက်တန်သော ကောင်းကြီးမင်္ဂလာကို အဘထံမှ ရခဲ့ကြပါသည်။ အသက် ၁၄၇ နှစ်ရှိသော အဘိုးအိုအတွက် ထိုသို့သော တရားဟောချက် ဟောပြောခြင်းသည် အလွန် ပင်ပန်းခြင်းရှိခဲ့ပါလိမ့်မည်။ ပရောဖက်ပြုခြင်း ဝိညာဉ်တော်ကို ဘုရားသခင်ထံမှ ယာကုပ် ရရှိခဲ့ခြင်းဖြစ်ပါသည်။ ကောင်းကြီးမင်္ဂလာကို မြွက်ဆိုခဲ့ပြီးနောက်၊ မိမိအား မည်သို့ သင်္ဂြိုလ်ရမည်အကြောင်း အသေးစိတ်ပြောပြလျက် ထွက်ခွါဖို့ အသင့်ဖြစ်ခဲ့ပါသည်။

ထိုတရားဟောချက်တွင်၊ ယာကုပ်သည် အချိန်တန်သောအခါ ခါနာန်ပြည်သည် သူ့သားများ ခံရမည့်အမွေဖြစ်မည် ဟူသော ဘုရားသခင်၏ ဂတိတော်ကို ခြေခံလျက် ဟောပြောခဲ့ကြောင်း ကျွန်တော်တို့ တွေ့ရပါသည်။ အဲဂုတ္တုပြည်သည် တခဏ တည်းခိုရာ နေရာဖြစ်ပါသည်။ မင်္ဂလာရှိသော ဂတိတော်ပြည်ကို အောက်မေ့သတိရခဲ့ကြပါသည်။ ထို့နောက်၊ ယာကုပ်သည် အာဗြဟံက သင်္ချိုင်းမြေအဖြစ် ဝယ်ခဲ့သော၊ “မပွေလမြေတွင်း” (ကမ္ဘာ ၂၃း၉) ကို မိမိ သင်္ဂြိုလ်ရာနေရာအဖြစ် ဖော်ပြခဲ့ပါသည်။ ထိုအရပ်၌ အာဗြဟံ၊ စာရာ၊ ဣဇာက်၊ ရေဗက္ကနှင့် လေအာတို့ကို သင်္ဂြိုလ်ခဲ့ပါသည်။ သူတို့နှင့်အတူ သင်္ဂြိုလ်ဖို့ရန် ယာကုပ် တောင်းဆိုခြင်းဖြင့်၊ သူ့သားတို့က အဲဂုတ္တုပြည်သည် သူတို့၏ပြည် မဟုတ်ကြောင်း၊ သူတို့ပြည်သည် ဂတိတော်ပြည်ဖြစ်ကြောင်း အောက်မေ့ကြရမည်ဖြစ်ပါသည်။

ထိုစကားများကို ပြောခဲ့ပြီးမှ သူသည် ကုတင်ပေါ်၌ အနားယူဖို့ လှဲအိပ်ခဲ့ပါသည်။ ထိုအခါ၊ သူသည် “အသက်ချုပ်” (ကမ္ဘာ ၄၉း၃၃) လေ၏။ ဤကြီးမြတ်သော ဘုရားသခင်၏လူ ထွက်သွားခြင်းသည် အလွန် မင်္ဂလာရှိသော၊ ငြိမ်းချမ်းသော ထွက်ခွါမှုပင်ဖြစ်ပါသည်။ ပို၍နှစ်သက်စရာ ကောင်းသော သေဆုံးမှု ရှိနိုင်ပါမည်လော။ ဆာလံဆရာက၊ “ထာဝရဘုရား ရှေ့တော်၌ မိမိသန့်ရှင်းသောသူတို့၏ သေခြင်းအရာသည် အဘိုး ကြီးလှ၏” (ဆာလံ ၁၁၆း၁၅) ဟု ဆိုခဲ့ပါသည်။ “ယခုမှစ၍ သခင်ဘုရား၌ သေသောသူတို့ သည် မင်္ဂလာရှိကြ၏ . . . ထိုသူတို့သည် ပင်ပန်းခြင်း ငြိမ်းမည်အကြောင်းရှိ၍၊ သူတို့၏ အကျင့်တို့ သည်လည်း သူတို့နှင့်အတူ လိုက်ကြ၏” (ဗျာ ၁၄း၁၃)။

ချစ်သော စာဖတ်သူ၊ ကျွန်တော်တို့အားလုံးသည်လည်း အနေးအမြန် ယာကုပ် ထွက်သွားသည်အတိုင်း တနေ့နေ့တွင် ဤလောကမှ ထွက်သွားကြရမည်ဖြစ်ပါသည်။ ထိုသို့ ထွက်သွား၍ ကယ်တင်ရှင်ကို တွေ့ဖို့ရန် သင် အဆင်သင့်ဖြစ်ပြီးပြီလား။ သင့်ကို ဘုရားသခင် ပိုင်ပါလျှင်၊ သေခြင်းသည် သင့်အတွက် ကြောက်စရာ မဟုတ်ပါ။ အလွန် ပျော်ရွှင်စရာကောင်းသော အတွေ့အကြုံဖြစ်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - သေဖို့ အဆင်သင့် မဖြစ်သရွေ့၊ အသက်ရှင်ဖို့လည်း အမှန်အဆင်သင့် မဖြစ်သေးပါ။

**ဆုတောင်းချက်** - အဖဘုရား၊ ထာဝရအိမ်တော်ကို တမ်းတသော စိတ်နှလုံး၊ ခရီးသွား တယောက်၏စိတ်နှလုံးကို ကျွန်ုပ်အား ပေးသနားတော်မူပါ။





**ဟေရှာ ၉း၂-၇**
မသဲ ၂၅း၁၄-၃၂

*ယေရှု၊ ဘုရင်တကာတို့၏ ရှင်ဘုရင်*

## အုပ်စိုးခြင်း အာဏာစက် ရှိလိမ့်မည်

ယုံကြည်သူတိုင်း တောင့်တသောအရာသည် သခင်ယေရှု ဤလောကသို့ ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာ တို့၏အရှင် အဖြစ် ကြွလာတော်မူခြင်းပင်ဖြစ်ပါသည်။ တနေ့တွင် အဘ ဒါဝိဒ်၏ ရာဇပလ္လင်တွင် ထိုင်လျက် ဤကမ္ဘာကြီးကို အုပ်စိုးမည်အကြောင်း ဖော်ပြသော နှုတ်ကပတ်တရားတော်ကို ကျွန်တော်တို့ လုံးဝ ယုံကြည်ပါ၏။ ထို ဘုရားသခင်၏စကားသည် အမှန် ပြည့်စုံလိမ့်မည်။ သို့သော်လည်း နှုတ်ကပတ်တရားတော်ကို မယုံကြည်သော ကျမ်းတတ်ပုဂ္ဂိုလ်များသည် ယေရှု အမှန်တကယ် ရှိခဲ့ပါသလားဟူ၍ လေ့လာခဲ့ကြ၏။ လူ့ အသိဉာဏ်အားဖြင့် ငြင်းခုံခြင်းသည် အချည်းနှီးသက်သက်ဖြစ်ပါသည်။ ယေရှု၏ ရှင်ဘုရင်ဖြစ်ခြင်းအကြောင်းကို မာရိထံ ကောင်းကင်တမန် ဂါဗြေလက မိန့်တော် မူခဲ့ပါသည်။ “သင်သည် ပဋိသန္ဓေစွဲယူ၍ သားယောက်ျားကို ဘွားမြင်လိမ့်မည်။ . . . ထိုသူသည် လည်း ယာကုပ်အမျိုးအနွယ်ကို အစဉ်မပြတ် အုပ်စိုးလိမ့်မည်။ သူ၏နိုင်ငံသည်လည်း ဆုံးခြင်းမရှိရ” (လု ၁း၃၁-၃၃)။ သခင်ယေရှု မွေးဖွားသောအချိန်၌ အရှေ့ပြည်မှ ပညာရှိတို့သည် မွေးဖွားခဲ့သော ယုဒရှင်ဘုရင်ကို ပြပ်ဝပ်ကိုးကွယ်ဖို့ရန် ထူးခြားသော လက်ဆောင်များနှင့်တကွ လာရောက်ခဲ့ကြ၏ (မသဲ ၂း၁-၂၊ ၁၀-၁၁)။

သခင်ဘုရား၏နိုင်ငံတော်အကြောင်းကို ဗတ္တိဇံဆရာ ယောဟန်က ဤသို့ ကြွေးကြော်ခဲ့၏ - “ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ။ ထို့ကြောင့် နောင်တရကြလော့” (မသဲ ၃း၁-၂)။ ဤအချက်ကို မိမိ အမှုတော် စတင်သောအချိန်၌ ယေရှုကလည်း ပြောကြားခဲ့ပါသည် (မသဲ ၄း၁၇)။ လူပေါင်း ၅၀၀၀ ကို ကျွေးမွေးခဲ့ပြီးနောက် လူတို့က ယေရှုအား ရှင်ဘုရင်အရာ၌ ချီးမြှောက်ဖို့ ကြိုးစား ခဲ့ကြ၏ (ယောဟန် ၆း၁၅)။ သို့သော်လည်း အချိန် မကျရောက်သေးပါ။ သခင်ယေရှုသည် မိမိနိုင်ငံတော်၏ အခြေခံအုတ်မြစ်ဖြစ်သည့် လူတို့၏စိတ်နှလုံးထဲ၌ မိမိနိုင်ငံတော်ကို တည်ထောင်ခဲ့၏။ ထို နာခံသော ယုံကြည်သူများ၏စိတ်နှလုံးသည် ဘုရားသခင်၏နိုင်ငံတော်ဖြစ်၏ - “ထိုသန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်တော်၌” သခင်ယေရှု စိုးစံတော်မူ၏ (၁ ကော ၃း၁၆၊ ၆း၁၉)။

သို့သော်လည်း၊ တနေ့တွင် ထိုရှင်ဘုရင်သည် ဤလောက၌ မြင်နိုင်သော မိမိ၏ နှစ် ၁၀၀၀ နိုင်ငံတော်ကို တည်ထောင်ပါလိမ့်မည်။ ယုံကြည်သူတို့သည် ခရစ်တော်နှင့်အတူ နှစ် ၁၀၀၀ အုပ်စိုးကြပါလိမ့်မည် (ဗျာ ၂၀း၄)။ ဤသည်ကား ဘုရားသခင်၏ ဂတိတော်ပေတည်း။ ထိုအခါ ဟေရှာယ ဟောခဲ့သော ဗျာဒိတ်သည် ပြည့်စုံလိမ့်မည်။ ထို ဗျာဒိတ်ကား၊ “ဒါဝိဒ်မင်း၏ ရာဇပလ္လင်ပေါ်မှာထိုင်၍၊ နိုင်ငံတော်ကို နောင်ကာလ အစဉ်မပြတ်၊ တရား တော်အတိုင်း ဖြောင့်မတ်စွာ စီရင်၍ အမြဲတည်စေတော်မူမည်အကြောင်း၊ အာဏာတော် တိုးတတ်ခြင်းနှင့် ငြိမ်သက်တော်မူခြင်းသည် နိစ္စအမြဲ ရှိလိမ့်မည်။ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား သည် အလိုတော်အားကြီး၍၊ ထိုအမှုကို ပြီးစီးစေတော်မူလိမ့်မည်” (ဟေရှာ ၉း၇) ဟူ၍ ဖြစ်ပါသည်။ ယေရှု အုပ်စိုးတော်မူသောအခါ ဤကမ္ဘာတခုလုံး၌ ငြိမ်းချမ်း ငြိမ်သက်ခြင်း ရှိလိမ့်မည်။

**ဆင်ခြင်ရန်** - ငြိမ်သက်ခြင်းအရှင် အုပ်စိုးတော် မမူသေး သရွေ့၊ ဤကမ္ဘာလောက၌ ငြိမ်သက်ခြင်း ရှိမည် မဟုတ်ပါ။

**ဆုတောင်းချက်** - အို အဖဘုရား၊ ကျွန်ုပ်တို့အား ကိုယ်တော်၏ငြိမ်သက်ခြင်း ပေးသနားတော်မူပါ။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၈)

**မသဲ ၁၂း၂၂-၂၈**

ဆာလံ ၅၁း၆-၁၁

*ကောင်းကင်နိုင်ငံတော် တည်လုနီးပြီ ဖြစ်သောကြောင့်၊ နောင်တရကြလော့။*

## သင်သည် ဘုရားသခင်၏နိုင်ငံတော်သား ဖြစ်ပါသလား

သင်သည် ဘုရားသခင်၏နိုင်ငံသား မဖြစ်ခဲ့လျှင်၊ စာတန် နိုင်ငံသား ဖြစ်ပါသည်။ ထိုနှစ် နိုင်ငံမှတပါး အခြား မရှိပါ။ ဤလောကကို အစိုးရသော စာတန်သည် (ယောဟန် ၁၂း၃၁) သင့်အား သူ့အုပ်စိုးမှုအောက်၌ ရှိစေလိုပါသည်။ ဤလောကီအရာများဖြင့် သွေးဆောင်မှုပြု၏။ သို့သော်လည်း ဤလောကီအရာအားလုံး ပိုင်ဆိုင်ခြင်းသည် အချည်းနှီးသာဖြစ်ပါသည်။ တနေ့တွင်၊ ကျွန်တော်တို့သည် ဤလောကကို ထားခဲ့မည်ဖြစ်ပါသည်။ ထိုအခါ သင် ဘယ်အရပ်သို့ သွားပါမည်နည်း။ ဤမေးခွန်းသည် ကျွန်တော်တို့အားလုံး ဖြေရမည့် အလွန်အရေးကြီးသော မေးခွန်းဖြစ်ပါသည်။

ယေရှုသည် ကျွန်တော်တို့အား မိမိ၏နိုင်ငံသား ဖြစ်စေဖို့ရန် ကြွလာတော်မူခဲ့၏။ ဘုရားသခင်၏နိုင်ငံတော်သည် မမြင်နိုင်၊ အလုမ်းဝေးလှသည် ဟုထင်ရပါသည်။ ဝိညာဉ်နှင့်ဆိုင်သော နိုင်ငံတော်သည် အမှန် ထိုသို့ဖြစ်ပါသည်။ ယေရှုက ပရိသတ်တို့အား၊ "နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ" (မသဲ ၄း၁၇) ဟု မိန့်တော်မူ၏။ မိမိကိုယ်ကို အားကိုးသောသူ၊ မာနထောင်လွှားသောသူတို့သည် မဝင်ရကြ။ "စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံ တော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏" (မသဲ ၅း၃)။

နိကောဒင်သည် လောကီအရာ၌ ဂုဏ်စည်းစိမ်ပိုင်ဆိုင်သောသူဖြစ်ပါသည်။ သူသည် ပညာတတ်၊ ချမ်းသာသောသူ၊ ဂုဏ်ရှိသောသူ ဖြစ်ပါသည်။ သို့သော်လည်း၊ သူသည် ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို စိတ်ဝင်စားမှုရှိခဲ့၏။ ယေရှုက၊ "ဒုတိယ မွေးခြင်းကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု" (ယော ၃း၃) မိန့်တော်မူ၏။ မိမိ၏ပိုင်ဆိုင်မှုနှင့် ဂုဏ်ပုဒ်များဖြင့် နိကောဒင်သည် ဘုရားသခင်၏နိုင်ငံတော်၌ နေစရာ မဝယ်နိုင်ခဲ့ပါ။ ဒုတိယမွေးဖွားခြင်း ခံဖို့လိုပါသည်။

မည်သို့ ဒုတိယမွေးခြင်း ခံရပါမည်နည်း။ သင်နှင့်ကျွန်တော်သည် ကျွန်ုပ်တို့၏မိဘများအားဖြင့် ဤလောကသို့ မွေးဖွားလာခဲ့ကြ၏။ လူ့အသက်သည် လက်ဆောင်ဟု ဆိုရပါမည်။ သို့သော်လည်း ထိုအသက်သည် နှစ်ပေါင်း ၇၀ မှ ၈၀ လောက်သာကြာမြင့်ပါသည်။ ထိုအသက်တာက ကျွန်ုပ်တို့ကို ဘုရားသခင်၏နိုင်ငံတော်သို့ မပို့ဆောင်နိုင်ပါ။ အခြားသော အသက်တာ၊ မွေးဖွားခြင်း လိုအပ်ပါသည်။ ထိုအသက်ကို ဘုရားသခင်ကသာလျှင် ပေးတော်မူနိုင်၏။ အပြစ်မှ နောင်တရလျက် ကိုယ်တော်ကို ချည်းကပ်သောသူတို့အား ဘုရားသခင်သည် ဒုတိယမွေးခြင်း၊ အသစ်သော အသက်ကို ပေးတော်မူ၏။ မိမိကိုယ်ကို မကယ်တင်နိုင်ကြောင်း သတိရပါလော့။ သခင်ခရစ်တော်ကသာလျှင် ထိုနိုင်ငံတော်ထဲသို့ သင့်ကို ဝင်စေနိုင်တော်မူ၏။ ထာဝရအသက်ကို သခင်ယေရှုကသာ ပေးနိုင်၏။ ထိုအသက်ကို သင်ရရှိပြီးပြီလား။ ဒုတိယမွေးဖွားခြင်း သင် ခံရပြီးပြီလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ရသောအခွင့်သည် ကျေးဇူးတော်ကြောင့်၊ ယုံကြည်ခြင်းအားဖြင့်ဖြစ်၍ ဆုကျေးဇူးသက်သက် ဖြစ်ပါသည်။

**ဆုတောင်းချက်** - အို အဖဘုရား၊ အကျွန်ုပ်သည် အပြစ်သားဖြစ်၍ ကယ်တင်ရှင် ယေရှု ကျွန်တော် လိုအပ်ကြောင်း သိပါ၏။ ကျွန်တော် ဒုတိယမွေးဖွားခြင်း ခံလျက် ကိုယ်တော်၏နိုင်ငံတော်သား ဖြစ်လိုပါသည်။



ဗုဒ္ဓဟူး၊ မတ် (၂၆)

**ကမ္ဘာ ၄၉း၁၃-၂၇**

ဆာလံ ၄၆

*အရာရာတိုင်းအတွက် ကျေးဇူးတော် ချီးမွမ်းပါလော့*

## ပြုသောအမှုက စိတ်သဘောကို ပေါ်လွင်စေ၏

(၅) ဇာဗုလုန်၊ သူသာလျှင် နယ်နိမိတ် အမွေကို ဖော်ပြခြင်းခံရပါသည်။ သူ၏နယ်နိမိတ်တွင် ထင်ရှားသော မြေထဲပင်လယ် ဆိပ်ကမ်းမြို့များဖြစ်သော၊ တုရုမြို့နှင့် ဇိဒုန်မြို့များ ပါဝင်၏။

(၆) ဣသခါ၊ သူသည် ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်း မရှိသော၊ ဝိညာဉ်ရေးရာ အားနည်းခြင်းကို ပုံဆောင်သောသူဖြစ်ပါသည်။ ခါနာန်လူတို့ကို မထိုက်ထုတ်ဘဲ၊ သူတို့၏ကျွန်ဖြစ်ခဲ့ကြပါသည်။

(၇) ဒန်၊ သူသည် မိမိအမျိုးကို မြောက်အရပ် လဲရှမြို့ထိ ဦးဆောင်မည့် တရားသူကြီး ဖြစ်လိမ့်မည်။ သူသည် ငယ်သော်လည်း၊ အောင်မြင်မှုရလိမ့်မည်။ ထို့ကြောင့်၊ ဒန်သည် မိမိအမွေအဖြစ် မြောက်ပိုင်းကို ရရှိခဲ့ပါသည်။

(၈) ဂဒ်၊ သူသည် နောက်ဆုံး အောင်မြင်မှု မတိုင်မီ အရှုံးနှင့် ရင်ဆိုင်ကြုံတွေ့မည်ဖြစ်၏။

(၉) အာရှာ၊ သူ၏ အမွေသည် ကရမဲလမှ မြေသြဇာကောင်းသော မြောက်ပိုင်း ကမ်းခြေတလျှောက် ဖြစ်ပါသည်။

(၁၀) နဿလိ၊ သူသည် ကြွယ်ဝချမ်းသာ၍ စစ်ပွဲတွင် အောင်မြင်မှုရလိမ့်မည်။

(၁၁) ယောသပ်၊ သူသည် ထိုက်တန်သောသူ၊ ကြီးမြတ်သော ကောင်းကြီးမင်္ဂလာကို ခံရသောသူ ဖြစ်ပါသည်။ "သန်သောပျိုးပင်" ဖြစ်သည်အလျှောက်၊ ယောသပ်သည် အခက်အခဲကြား၌လည်း မိမိ၏အသုံးဝင်မှုနှင့် ကြီးပွားမှုကို ဖော်ပြခဲ့ပါသည်။ သူ၏ဘဝတွင် ဘုရားသခင်၏ အစီအစဉ် ပြည့်စုံမည်အကြောင်း အဘယ်ရန်သူ၊ ပြသနာကမှ မဆီးတားနိုင်ခဲ့ပါ။ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့်၊ အဘယ်အခက်အခဲ၌ မဆို မိမိ၏ရိုးသားဖြောင့်မတ်ခြင်းကို စောင့်ရှောက်နိုင်ခဲ့ပါသည်။ ယောသပ်၏အနာဂတ်သည် သေချာမှု ရှိပါ၏။ အကြောင်းမှာ၊ "သင့်ကို မစတော်မူသော သင့်အဘ၏ ဘုရားသခင်အားဖြင့်၎င်း၊ သင့်ကို ကောင်းကြီးပေး တော်မူသော အနန္တတန်ခိုးရှင်အားဖြင့်၎င်း၊ ခိုင်မာလျက်ရှိ၏။ ထိုဘုရားသည် အထက် မိုးကောင်းကင် ၏မင်္ဂလာ၊ အောက်နက်နဲသောအရပ်၏ မင်္ဂလာ၊ သားမြတ်နှင့် ဆိုင်သော မင်္ဂလာ၊ ဝမ်းနှင့်ဆိုင်သော မင်္ဂလာတို့ဖြင့် သင့်ကို ကောင်းကြီးပေးတော်မူပါစေသော။ သင်၏အဘ ပေးသော ကောင်းကြီးမင်္ဂလာ သည် . . . ယောသပ်ခေါင်းပေါ်မှာ သက်ရောက်ပါစေသော" (ကမ္ဘာ ၄၉း၂၅-၂၆) ဟုဖော်ပြထားပါသည်။

(၁၂) ဗင်္ယာမိန်၊ သူသည် ကြမ်းတမ်းခြင်း ပုံရိပ်ကို ဆောင်လျက်၊ နံနက်၌၎င်း၊ ညနေ၌၎င်း၊ အောင်မြင်မှုကို ဖော်ပြပါလိမ့်မည်။

ဤကောင်းကြီးမင်္ဂလာများတွင်၊ ဘုရားသခင်၏ ကယ်တင်ခြင်း အစီအစဉ်ကို ပေါ်ထွက်လာမည့် လူမျိုးကြီးအားဖြင့် ပြည့်စုံစေမည်အကြောင်း ထင်ရှားစွာ ကျွန်တော်တို့ တွေ့ရပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၁၂၇း၁ ကို ဖတ်ပါ)။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်ဘဝအသက်တာ တခုလုံးကို စောင့်ရှောက်တော်မူပါ။

## ပရောဖက် ယာကုပ် ပြောသောစကား

ယာကုပ်၏နောက်ဆုံး စကားများသည် အဘယ်သူ၏နောက်ဆုံး စကားနှင့်မျှ ခိုင်းနှိုင်း၍ မရပါ။ လူမျိုးကြီး၏ ဖခင်ကြီးသည် မိမိ၏သားဆယ့်နှစ်ဦးထံ ပေးခဲ့သော အမွေနှင့်ဆိုင်သည့် စကားများကို တွေ့ရပါသည်။ ယုံကြည်ခြင်းအားဖြင့်၊ ဝိညာဉ်တော် တန်ခိုးအားဖြင့်၊ ယာကုပ်သည် ယုံကြည်ခြင်းနှင့် ဆိုင်သည့် ပရောဖက်စကားများကို ပြောခဲ့ပါသည်။ "ငါသေတော့မည်။ သို့သော်လည်း၊ ဘုရားသခင်သည် သင်တို့ဘက်၌ ရှိ၍၊ သင်တို့ကို ဘိုးဘေး နေရာပြည်သို့တဖန် ဆောင်တော်မူလိမ့်မည်" (ကမ္ဘာ ၄၈း၂၁)။ "သင်တို့သည် စည်းဝေးကြလော့။ နောင်ကာလအခါ၊ သင်တို့၌ ဖြစ်လတံ့သော အမှုအရာများကို ငါဟောပြောမည်" (ကမ္ဘာ ၄၉း၁)။

(၁) ရုဗင်၊ သားဦးဖြစ်သော်လည်း၊ အကျင့်နှင့်ဆိုင်လျှင် ထိုသို့ ပထမဆုံး မဟုတ်ခဲ့ပါ။ ရိုးသားဖြောင့်မတ်ခြင်းကို မပြခဲ့ဘဲ၊ ရုဗင်သည် မိမိ၏ဇာတိအလိုကို မချုပ်တည်းနိုင်ဖြစ်၍ ဗိလဟာနှင့် မှားယွင်းခဲ့၏။ သူသည် ခေါင်းဆောင်မှုနေရာ ယူနိုင်စွမ်း မရှိခဲ့ပါ။ နောက်တွင် သူ၏အမျိုးသည် အနာရှေ အမျိုးတဝက်နှင့် ရောနှောခဲ့သည်ဟု ထင်ရပါသည်။

(၂) နှင့် (၃) ရှိမောင်နှင့် လေဝိ၊ သူတို့သည် ရှေခင်မြို့သားများ သတ်ဖြတ်ခြင်း၌ လက်တွဲလုပ်ဆောင်သောသူဖြစ်ကြပါသည်။ သူတို့၏ ကြမ်းတမ်း ရက်စက်သော ထိုသတ်ဖြတ်ခြင်းကြောင့်၊ အပြင်းထန်ဆုံးသော အပြစ်တင်ခြင်းနှင့် ထိုက်တန်ခဲ့ကြပါသည်။ အဘယ့်ကြောင့်၊ မိမိကိုယ်ကို မကာကွယ်နိုင်သော ထိုလူများကို သတ်ဖြတ်ခဲ့ပါသနည်း။ မုန်းတီးခြင်း၊ လက်တုန့်ပြန်လိုသောစိတ်တို့ကြောင့် ဖြစ်ပါသည်။ ထိုသို့သော တိုက်ခိုက်မှုကို သတိပြုကြပါစို့။ သူတို့ကို ရှောင်ကြလော့။ သူတို့ ခံရသော ပြစ်ဒဏ်မှုကား၊ "ယာကုပ်အမျိုး၊ ဣသရေလ အနွယ်သားတို့တွင် သူတို့ကို ငါကွဲပြားပျံ့လွင့်စေမည်" (ကမ္ဘာ ၄၉း၇) ဟူ၍ဖြစ်ပါသည်။ လေဝိလူတို့သည် ယဇ်ပုရောဟိတ်အဖြစ် နေရာအနှံ့ ပြန့်နှံ့ခဲ့ပါသည်။ ရှိမောင်သည်လည်း ယုဒ၏ အများစု လွှမ်းမိုးမှုကို ခံခဲ့ပါသည်။

(၄) ယုဒ၊ သူသည် အမျိုးတို့တွင် ခေါင်းဆောင်နေရာ ရ၍ အလွန် ချီးမြှောက်ခြင်း ခံရ၏။ ဒါဝိဒ်အားဖြင့်၊ တိုင်းပြည်သည် အောင်မြင်မှုရ၍ ကျော်ကြားလာခဲ့ပါသည်။ ဘုရင့်အမျိုးဟု ယုဒကို ခေါ်တွင်ခြင်းခံရပြီး၊ တောဘုရင် ခြင်္သေ့ကဲ့သို့ ဖော်ပြခြင်းခံရ၏။ သို့သော်လည်း၊ ယုဒ၏ ကြီးမြတ်မှုသည် သခင်ယေရှု ဤလောကသို့ ဘုရင်တကာတို့၏ ဘုရင်၊ အရှင်တကာတို့၏ အရှင်အဖြစ် ကြွလာတော်မူသောအခါ၊ စုံလင်ခြင်း ရှိလိမ့်မည်။ ထိုအခါ၊ "လောကီနိုင်ငံသည် ငါတို့အရှင်၏ နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ ခရစ်တော်နိုင်ငံ ဖြစ်လေပြီ" (ဗျာ ၁၁း၁၅)။ ထိုနေ့ရက်တွင်၊ ဣသရေလက "ထာဝရဘုရား၏အခွင့်နှင့် ကြွလာသောသူသည် မင်္ဂလာရှိစေသော" (မသဲ ၂၃း၃၉) ဟု ဆိုကြလိမ့်မည်။ "ရာဇလှံတံသည် ယုဒထံမှ" (ကမ္ဘာ ၄၉း၁၀) မရွေ့ရ။

**ဆင်ခြင်ရန်** - အရာခပ်သိမ်းကို ဘုရားသခင် စီရင်တော်မူခဲ့၏။
**ဆုတောင်းချက်** - အို အဖဘုရား၊ ယေရှု ကြွလာတော်မမူမီ ဘယ်လောက်အချိန်ရှိသေးသနည်း။





## ဘုရားသခင်၏နိုင်ငံတော်သည် ယနေ့အဘယ်မှာရှိသနည်း

ဘုရားသခင်၏နိုင်ငံတော်နှင့် လူတို့၏နိုင်ငံသည် တူညီမှု မရှိပါ။ လူတို့၏နိုင်ငံသည် လောကီဆန်လျက်၊ မြင်နိုင်သောအရာဖြစ်ပါသည်။ ဘုရားသခင်၏နိုင်ငံတော်မူကား ဝိညာဉ်နှင့်ဆိုင်၍ မမြင်နိုင်သော နိုင်ငံဖြစ်ပါသည်။ ဤလောကီနိုင်ငံများသည် အစိုးရသော မင်း (ယောဟန် ၁၂း၃၁)၊ စာတန်၏ အုပ်စိုးမှု အာဏာအောက်၌ ရှိကြ၏။ ထို့ကြောင့် ဤဆိုးသွမ်းသော ဝိညာဉ်အောက်၌ လူတို့သည် အမှောင်ထဲတွင်၊ မျှော်လင့်ချက်မဲ့ လျှောက်သွားနေရ၏။ သခင်ယေရှုသည် ထို စာတန်၏အမှောင် နိုင်ငံကို ဖျက်ဆီးလျက်၊ မိမိ၏အလင်းနိုင်ငံတော်ကို တည်ထောင်ဖို့ရန် ကြွလာခဲ့ပါသည်။ မိမိ၏တန်ခိုးတော်ကို ပြသလျက်၊ နတ်ဆိုးစွဲသောသူများထံမှ နတ်ဆိုးများကို မောင်းထုတ်တော်မူခဲ့၏။ ထိုအမှုအားဖြင့် လူတို့အား ယေရှုက၊ "သင်တို့၌ ဘုရားသခင်၏နိုင်ငံတော် တည်ချိန်ရောက်လေပြီ" (မသဲ ၁၂း၂၈) ဟု ဖော်ပြခဲ့ပါသည်။

သို့ဆိုလျှင်၊ ဘုရားသခင်၏နိုင်ငံတော်သည် ယနေ့ ဘယ်မှာ ရှိပါသနည်း။ ခရစ်ယာန်ဘာသာသည် ဘုရားသခင်၏နိုင်ငံတော် မဟုတ်ပါ။ ဘယ်အသင်းတော်၊ အဖွဲ့အစည်းမှ ဘုရားသခင်၏နိုင်ငံတော် မဟုတ်ပါ။ ကမ္ဘာ့ အသင်းတော် ကောင်စီသည် အသင်းတော်အပေါင်းကို ရောမအသင်းတော်သို့ ပြန်လည်ပေါင်းစည်းကြရန် နိုးဆော်တိုက်တွန်းလျက်ရှိပါသည်။ ထို ရေစီးကြောင်းထဲ၌ သင်ပါဝင်နေပါသလား။ အသင်းသား သန်းပေါင်း ၁၃၀၀ ကျော်ပါဝင်မည့် ကမ္ဘာ့အသင်းတော်ပေါ်လာလိမ့်မည်။ ထိုအသင်းတော်၌ သင် ပါဝင်ပါမည်လော။ ထိုအသင်းတော်သည် ဘုရားသခင်၏နိုင်ငံတော် မဟုတ်ပါ။

ယနေ့ ဤမြင်နိုင်သော လောက အဖွဲ့အစည်း၌ ဘုရားသခင်၏နိုင်ငံတော် မတွေ့ရပါ။ လူတို့ပြုသော အံ့ဘွယ် နိမိတ်လက္ခဏာများ၊ မသိသော ဘာသာစကားပြောခြင်းနှင့် အမျိုးမျိုးသော တရားဟောခြင်း အစီအစဉ်များ၌လည်း ဘုရားသခင်၏နိုင်ငံတော် ထင်ရှားတော် မမူပါ။ သို့သော်လည်း၊ စာတန်၏လက်နှင့် အမှောင်တန်ခိုးလက်မှ လွတ်မြောက်ခြင်းခံလျက်၊ ဘုရားသခင်၏ချစ်လှစွာသော သားတော်၏နိုင်ငံတော်သို့ ကယ်တင်ခြင်းခံရသောသူတိုင်း၌ နိုင်ငံတော်ကို တွေ့ရပါသည် (ကောလော ၁း၁၃)။ ထိုသို့ ကယ်တင်ခြင်းခံရသောသူတိုင်း၏စိတ်နှလုံးထဲတွင် ဘုရားသခင်၏နိုင်ငံတော် တည်လျက်ရှိပါသည်။ နေရာတိုင်း၌ ရှိသော ယုံကြည်သူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်ကြပြီး (၁ ကော ၃း၁၆)၊ မမြင်ရသော်လည်း ထိုသန့်ရှင်းသော ဝိညာဉ်တော် ကျိန်းဝပ်သော နေရာတိုင်းသည် အမှန် ဘုရားသခင်၏နိုင်ငံတော် ပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သခင်ယေရှုက၊ ငါ၏နိုင်ငံသည် ဤလောကနှင့် မစပ်ဆိုင် (ယော ၁၈း၃၆) ဟု မိန့်တော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ နိုင်ငံတော် အသက်စာစောင်ထဲ၌ ကျွန်ုပ်အမည်ကို ရေးမှတ် တော်မူပါ။

သောကြာ၊ ဇန်နဝါရီ (၁၀)
**မသဲ ၂၄း၃-၅၊ ၁၁၊ ၂၄**
ဂလာ ၁း၆-၉

*ကိုယ်တော်ကြွလာတော်မူမည့်နေ့ရက် အလွန်နီးလျက်ရှိ၏၊ တံခါးဝကို ရောက်လာပြီဖြစ်၏*

## ကိုယ်တော်ကြွလာတော်မူမည့် အချိန်နိမိတ်တခု၊ မှားယွင်းသော ခရစ်ယာန်

သခင်ယေရှု တဖန်ကြွလာတော်မူမည့် နိမိတ်လက္ခဏာအကြောင်းကို စိတ်ဝင်စားသောသူတို့သည် ရှင်မသဲ အခန်းကြီး ၂၄ ကို သေချာလေ့လာသင့်ပါသည်။ တပည့်တော်များနည်းတူ၊ ယနေ့ ကျွန်တော်တို့သည်လည်း၊ "ကိုယ်တော်သည်ကြွလာ၍ ဤကပ်ကမ္ဘာ ကုန်သော ပုပ္ပနိမိတ်သည် အဘယ်နိမိတ်ဖြစ် မည်ကို" (မသဲ ၂၄း၃) မေးလျှောက်လိုကြ၏။ သိလိုစိတ်သည် လူ့ဇာတိသဘော တခုပင်ဖြစ်ပါသည်။ ထို့ကြောင့် သန့်ရှင်းသော သိလိုစိတ်ကို မွေးမြူလျက်၊ သမ္မာတရားနှင့်ဆိုင်သော ဝိညာဉ်တော်၏ အသိပေးခြင်းကို ခံရမည်အကြောင်း နှိမ့်ချသောစိတ်နှင့် ချည်းကပ်ကြပါစို့။

သခင်ယေရှုက အဓိကလက္ခဏာ ခုနစ်ခု၏ ပထမဆုံးနေရာတွင် မှားယွင်းသော ခရစ်တော်များနှင့် မှားယွင်းသော ပရောဖက်များ၏သွင်ပြင်လက္ခဏာများကို ဖော်ပြခဲ့ပါသည်။ အခြား လက္ခဏာများ ဖော်ပြမထားဘဲ နေခဲ့လျှင်လည်း ဤလက္ခဏာတခုတည်းဖြင့် ယေရှုခရစ်တော် ကြွလာတော်မူမည့်အချိန် နီးလျက်ရှိကြောင်း သိသာထင်ရှားလှပါသည်။ သို့သော်လည်း များစွာသော လက္ခဏာများကို ဖော်ပြခဲ့ပါသည်။ စာတန်သည် လှည့်ဖြားသွေးဆောင်ခြင်း၌ ဆရာကြီးဖြစ်၍ မုသား၏ဖခင်ဖြစ်ပါသည်။ သခင်ဘုရား ကြွလာဖို့အချိန် နီးသည်နှင့်အမျှ စာတန်သည် မိမိ၏ပျက်စီးခြင်း နီးကပ်လာကြောင်း သိသဖြင့်၊ သတင်းကောင်းကို ကြိုးစား ဖျက်ဆီးလျက်ရှိပြီး၊ အသင်းတော်ကို မှားယွင်းသော လမ်းသို့ ကြိုးစား ခေါ်ဆောင်လျက်ရှိပါသည်။ ထိုကျွန်ုပ်တို့ ဝိညာဉ်၏ရန်သူတည်းဟူသော စာတန်သည် မိမိနောက်လိုက် ပိုမိုများပြားစေဖို့ရန် အစွမ်းကုန် ကြိုးစားလျက်ရှိပါသည်။

မှားယွင်းသော ခရစ်တော်များနှင့် ပရောဖက်တို့သည် ပိုက်ဆံ အတုကဲ့သို့ဖြစ်၍ လွယ်ကူစွာ မသိနိုင်ပါ။ သူတို့သည် ကျမ်းစာကို ကိုင်လျက်၊ ခရစ်တော်၏နာမကို မြွက်ဆိုလျက်၊ "အခြားသော ဧဝံဂေလိတရား" (ဂလာ ၁း၆-၇) ကို ဟောပြောခဲ့ကြပါသည်။ ပိုက်ဆံ အတုနည်းတူ၊ များသောအားဖြင့် အစစ်နှင့် တူခဲ့ကြသော်လည်း၊ အဓိကအချက် တခု မဟုတ်၊ နှစ်ခုတွင် မှားယွင်းမှုရှိကြ၏။ မှားယွင်းသော ပရောဖက်တို့သည်လည်း ထိုသို့ဖြစ်ကြပါသည်။ ဘုရားသခင် ပေးတော်မူသော အသိဉာဏ်နှင့် အထူးသတိပြုမှသာ အတုကို သိမြင်နိုင်ပါသည်။ ဤလှည့်ဖြားသောသူတို့သည် အသင်းတော် ဟူသော လောင်းရိပ်အောက်၌ လှုပ်ရှားကြပြီး၊ ဘုရားသခင်၏ တပည့်များကဲ့သို့ အံ့ဘွယ်အမှုတို့ကို ပြုကြ၏။ "ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင် ကြီးစွာသော နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုတို့ကို ပြုကြလိမ့်မည်" (မသဲ ၂၄း၂၄)။ သတိပြုလော့။ လှည့်ဖြားခြင်း မခံပါနှင့်။ သမ္မာတရားကို သိမှတ်လျက်၊ မရောင်းပါနှင့်။

ဘုရားသခင် ရွေးကောက်တော်မူသောသူများသည် သိုးသရေကို ခြုံသော ဝံပုလွေများဖြစ်သည့် ထိုမှားယွင်းသော ခရစ်တော်များနှင့် ပရောဖက်များအကြောင်းကို သူတပါးအား သတိပေးသော၊ ကောင်းသော အစောင့်များဖြစ်ကြရပါမည်။ သတ္တိရှိဖို့တော့ လိုအပ်ပါသည်။ ယေရှုအတွက် သင် ရပ်တည် လိုပါသလား။

**ဆင်ခြင်ရန်** - အစစ်ကို မသိလျှင်၊ အတုကို မည်သို့ ကျွန်တော်သိနိုင်ပါမည်နည်း။
**ဆုတောင်းချက်** - အဖဘုရား၊ လှည့်ဖြားသောသူများထံမှ ကျွန်တော်တို့ကို ကွယ်ကာတော်မူပါ။



တနင်္လာ၊ မတ် (၂၄)
**ကမ္ဘာ ၄၈း၁၂-၂၂**
ဆာလံ ၄၅း၁-၈

*ယုံကြည်ခြင်းကို အစအဦး စီရင်၍ စုံလင်စေတော်မူသော သခင်ယေရှု*

## ကန့်လန့်ဖြတ်လက်တင် ကောင်းကြီးမင်္ဂလာ

မကွယ်လွန်မှီ၊ ယာကုပ်သည် ဘုရားသခင် ဝိညာဉ်တော်၏ ဉာဏ်တော်အားဖြင့်၊ အမှုနှစ်ခုကိုပြုခဲ့ပါသည်၊ ယောသပ်၏သားနှစ်ဦး (ဧဖရိမ်နှင့်မနာရှေ) ကို ကောင်းကြီးပေးခဲ့ပြီး၊ ထိုနှစ်ဦးကို မိမိ၏သားအရာ၌ ခန့်ထားခဲ့ပါသည်၊ ဆိုလိုသည်မှာ ထိုနှစ်ဦးတို့သည် ဆယ့်နှစ်ဦးနှင့် တန်းတူ ချီးမြှောက်ခဲ့ပါသည်။ ထို့ကြောင့်၊ ဧဖရိမ်နှင့် မနာရှေတို့သည် ယုဒနှင့်ရင်း၊ ကျန်သောသူများနှင့်ရင်း တူညီသော အမွေကို ခံရကြမည်ဖြစ်ပါသည်။ ယာကုပ်သည် အဲဂုတ္တုအမျိုးသမီးနှင့်ရသော ယောသပ်၏သားများကို မွေစားသားအဖြစ်ခန့်ခဲ့ပြီး၊ ဣသရေလအမျိုး ဆယ်နှစ်မျိုး၌ သူတို့နှစ်ဦးသည်လည်း အမျိုးတစ်မျိုးစီ၏ ဖခင်များဖြစ်လာခဲ့ပါသည်။ ထို့ကြောင့်၊ ဘုရားသခင် ပဋိညာဉ်၏ ကောင်းကြီး မင်္ဂလာကို ခံစားခဲ့ကြရ၏။

ယောသပ်သည် မိမိအတွက်သာ မဟုတ်၊ သူ့သားများအတွက် အဘ၏ကောင်းကြီးမင်္ဂလာကို တောင့်တခဲ့ပါသည်။ သားအကြီး မနာရှေသည် ယာကုပ်၏လက်ျာလက် တင်ခြင်းဖြင့် ပို၍ကြီးမြတ်သော ကောင်းချီးကို ခံရမည်ဟု ယောသပ် မျှော်လင့်ခဲ့ပါသည်။ ထို့ကြောင့်၊ မနာရှေကို ယာကုပ်၏လက်ျာဘက်သို့ရင်း၊ ဧဖရိမ်ကို လက်ဝဲဘက်သို့ရင်း ထားခဲ့ပါသည်။ သို့သော်လည်း၊ ယာကုပ်သည် မိမိ၏လက်ျာလက်ကို ဧဖရိမ် ခေါင်းပေါ်၌ တင်၍ လက်ဝဲလက်ကို မနာရှေ ခေါင်းပေါ်သို့ တင်ခဲ့၏။ ယာကုပ်သည် မိမိပြုသောအမှုကို ကောင်းကောင်း သိပါသည်။ ထိုသို့ပြုခြင်းသည် မှားယွင်းမှု မဟုတ်ကြောင်း၊ မတော်တဆလည်း မဟုတ်၊ ခွဲခြင်းခြင်းလည်း မဟုတ်ကြောင်း ယောသပ်အား ရှင်းပြခဲ့၏။ ယာကုပ်သည် ဘုရားသခင်၏အလိုတော်နှင့်အညီ၊ ပရောဖက်ပြုခြင်းအားဖြင့် ထိုသို့ ပြုခြင်းဖြစ်၏။

ယာကုပ်၏ ကန့်လန့်ဖြတ် လက်တင် ကောင်းကြီးပေးခြင်းကို သမိုင်းက အတည်ပြုခဲ့ပါသည်။ ထိုသားနှစ်ဦးသည် ကောင်းကြီးခံစားရကြပါသည်။ မနာရှေသည် ကြီးမြတ်ခဲ့ပါသည်၊ သို့သော်လည်း ဧဖရိမ်သည် ပို၍ ကြီးမြတ်ခဲ့ပါသည်။ နောင်နှစ်ပေါင်းများစွာ ကြာလာသောအခါ၊ ဧဖရိမ်သည် ပို၍ များပြားခဲ့ပြီး၊ တပ်ချသောအခါ သူ့နာမည်ကို မရင် ဖော်ပြခံရပါသည်။ ဧဖရိမ်အမျိုးမှ ခေါင်းဆောင် နှစ်ဦး၊ ယောရှုနှင့် ယေရောဗောင် ပေါ်ထွန်းခဲ့ပါသ်ည။ ယာကုပ်က ဝိညာဉ်တော်အားဖြင့် အမှန် ကောင်းကြီးပေးခဲ့ပါသည်။

ဘုရားသခင်သည် လူတို့မျှော်လင့်သည်အတိုင်း ကောင်းကြီးပေးတော် မမူ။ မိမိ၏ဘုန်းအသရေ ထင်ရှားဖို့ရန် ကြီးသောမှုကို ပြုမည်အကြောင်း အားနည်းသောသူကို ရွေးချယ်တတ်၏။ ဘုရားသခင်သည် အဆုံးစွန်အာဏာရှိတော်မူ၏။ သူသည် ဉာဏ်တော်၌လည်း စုံလင်တော်မူသည်ဖြစ်၍ ပြုသမျှ စုံလင်ပြည့်စုံခြင်းရှိ၏။ ထို့ကြောင့်၊ အကြီးထက် အငယ်ကို ဘုရားသခင်က ရွေးချယ်ခဲ့ကြောင်း သတိပြုပါလော့၊ ကာဣန ထက် အာဗေလ၊ ဣရှမေလ ထက် ဣဇာက်၊ ဧသော ထက် ယာကုပ်၊ ရုဗင် ထက် ယုဒ၊ သူ့အစ်ကိုအားလုံး ထက် ဒါဝိဒ် ကို ရွေးတော်မူခဲ့၏။ ထိုသူအပေါင်း တူညီသော ပိုင်ဆိုင်မှု ဟူမူကား၊ ယုံကြည်ခြင်း ပေတည်း။ သင်၌ ယုံကြည်ခြင်း ရှိပါသလား။

**ဆင်ခြင်ရန်** - (ဆာလံ ၇၅း၆-၇)။
**ဆုတောင်းချက်** - အဖဘုရား၊ မိမိကိုယ်ကို ဘယ်တော့မှ မချီးမြှောက်မည်အကြောင်း ကျွန်ုပ်ကို စောင့်ရှောက်တော်မူပါ။

**ကမ္ဘာ ၄၈း၁-၁၁**

ဆာလံ ၄၄း၁-၁၂

*သခင်ဘုရား၌ သေသောသူတို့သည် မင်္ဂလာရှိကြ၏*

## သေအံ့ဆဲဆဲလူ ပြောသောစကား

ဤလူ့ဘဝမှ ထွက်ခွါတော့မည့်လူတဦးသည် ဘယ်အရာများကို စဉ်းစားတွေးတောမည်နည်း။ အရေးမကြီးသောအရာများကို စဉ်းစားလိမ့်မည် မဟုတ်ပါ။ အလွန်အရေးကြီးသောအရာအတွက်သာ အချိန်ပေးပါလိမ့်မည်။ ယုံကြည်သူဆိုလျှင်၊ အထက်အရပ်၌ ရှိသောအရာ၊ ဘုရားသခင်၊ သခင်ယေရှုနှင့် မိမိရင်းနှီးသောသူများနှင့် ကွယ်လွန်ခဲ့ပြီးဖြစ်သော ဆွေမျိုးများကို စဉ်းစားပါမည်။

ယာကုပ်သည်လည်း အာဗြဟံနှင့် ဣဇာက်ကို ခေါ်တော်မူသော ဘုရားသခင်အကြောင်း၊ မိမိ အစ်ကိုထံမှ ထွက်ပြေးစဉ်၊ လုဇ၌ ဂတိတော်ပြုခဲ့သော ထိုဘုရားသခင်အကြောင်းကို တွေးခဲ့၏။ ထို့ပြင်၊ မိမိယောက္ခမ လာဗန်ထံမှ ပြန်လာခဲ့ပြီး၊ ယာဗုတ်ချောင်း၌ ဘုရားသခင်၏ကောင်းကင်တမန်နှင့်နပန်းလုံးခဲ့ခြင်း၊ ဧသောထံမှ လွတ်မြောက်ခြင်း၊ ယောသပ် ဆုံးရှုံးခြင်း၊ အဲဂုတ္တု၌ ဘုရားသခင်ပြုတော်မူသော အံ့ဖွယ်အမှုများ၊ ယောသပ်နှင့် ပြန်လည်ဆုံတွေ့ခြင်းစသည်တို့ ဖြစ်ပျက်ခဲ့ပါသည်။ အချုပ်အားဖြင့်ဆိုလျှင်၊ "အနန္တတန်ခိုးရှင် ဘုရားသခင်သည် . . . ငါ့အား ထင်ရှား၍ ကောင်းကြီးပေး တော်မူလျက်" (ကမ္ဘာ ၄၈း၃) ဟု ဖော်ပြနိုင်ပါသည်။

ယခုအချိန်တွင်၊ လမ်းဆုံးကို ရောက်ပြီဖြစ်သောကြောင့်၊ ဘုရားသခင် လက်တော်မှ ခံစားရခဲ့သော ကောင်းကြီးမင်္ဂလာအပေါင်း၊ ဘုရားသခင် ဂတိတော်အတိုင်း ခံစားခဲ့သောအရာများကို ပြန်လည် ရေတွက်နိုင်ခဲ့ပါသည်။ ထို့ကြောင့်၊ သေအံ့ဆဲဆဲ ယုံကြည်သူ၏နောက်ဆုံးစကားများသည် ဘုရားသခင်အပေါ် မိမိ၏ယုံကြည်ခြင်းအကြောင်းနှင့် ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းအကြောင်း သက်သခံချက်များသာ ဖြစ်ပါသည်။ မာတင် လူသာ က၊ "ဘုရားသခင်သည် ကျွန်တော်တို့ကို သေခြင်းမှ လွတ်မြောက်စေသော ဘုရားသခင်ဖြစ်တော်မူ၏" ဟုဆိုခဲ့ပါသည်။ ဂျွန် ကယ်ဗင်က၊ "ကိုယ်တော်သည် ကျွန်ုပ်ကို အနာတရဖြစ်စေတော်မူ၏၊ သို့သော်လည်း ကျွန်တော် ကျေနပ်ပါ၏။ အကြောင်းမှာ ကိုယ်တော့်လက်မှ လာသောအရာဖြစ်သောကြောင့်တည်း" ဟု ဆို၏။ Matthew Henry က၊ "စိတ်ခတ် ခွန်အားပေးတော်မူသော ဘုရားသခင်ကို ကျွန်တော် ချီးမွမ်းပါ၏" ဟုဆိုခဲ့ပါသည်။ Charles Wesley က၊ "ကိုယ်တော်နှင့် တူမည်ဖြစ်သောကြောင့်၊ ကျေနပ်ပါ၏" ဟုဆိုခဲ့ပါသည်။ ချစ်သော စာဖတ်သူ၊ သင့် အချိန်ရောက်လာလျှင်၊ သင် ဘာစကားကို ဆိုမည်နည်း။

ယာကုပ်၏ ကျန်းမာရေး ကျဆင်းမှု သတင်းကို ကြားသောအခါ၊ ယောသပ်သည် မိမိ၏သားနှစ်ဦးနှင့်တကွ ယာကုပ်၏ ကုတင်ဘေးသို့ ရောက်လာခဲ့ပါသည်။ နာမကျန်းဖြစ်သော အဘအတွက်၊ ဝမ်းမြောက်ခြင်း နှစ်ဆ ဖြစ်ခဲ့ပါသည်။ "ငါသည် သင်၏မျက်နှာကို မြင်ရမည်ဟု ငါမထင်။ ယခုတွင် သင်၏သားတို့ကိုပင် ဘုရားသခင် ပြတော်မူပြီ" (ကမ္ဘာ ၄၈း၁၁) ဟု ဆိုခဲ့၏။

**ဆင်ခြင်ရန်** - သေတော့မည့်အချိန်၌ ကျွန်တော် ဘာစကား ပြောမည်နည်း။

**ဆုတောင်းချက်** - အဖဘုရား၊ သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ၊ ကိုယ်တော်၏နာမတော် ဘုန်းထင်ရှား စေလိုပါ၏။





**ဆာလံ ၁၁၉း၁-၁၆**

၁ ကော ၁၅း၁-၄

*လှည့်ဖြားခြင်း မခံရအောင် သတိပြုပါလော့*

## မှားယွင်းသော ဩဝါဒများကို သတိပြုပါလော့

သခင်ယေရှုက သံလွင်တောင် တရားဟောချက်တွင် (မသဲ ၂၄) မှားယွင်းသော ပရောဖက်များအကြောင်းကို အပိုဒ်ငယ် ၅ ခု၌ (မသဲ ၂၄း၄၊ ၅၊ ၁၁၊ ၂၃၊ ၂၄) သတိပေးခဲ့ပါသည်။ ထိုသူတို့၏ လှည့်ဖြားခြင်းသည် အလွန်အားကြီးလွန်းသည်ဖြစ်သောကြောင့်၊ "ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောက် . . . အံ့ဘွယ် သောအမှုတို့ကို ပြုကြလိမ့်မည်" (မသဲ ၂၄း၂၄)။ သို့ဆိုလျှင်၊ လှည့်ဖြားခြင်း မခံရအောင် ကျွန်တော်တို့ ဘာလုပ်ရမည်နည်း။ မိမိ၏ အသိဉာဏ်ကို အားကိုးခြင်းသည် အလွန်အန္တရယ်များလှပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်နှင့် နှုတ်ကပတ်တော်ကိုသာ ယုံကြည်ကိုးစားရပါမည်။ ထို့ကြောင့်၊ အခြေခံ ယုံကြည်ခြင်းတရားကို ကိုင်စွဲလျက် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် မိမိကိုယ်ကို တန်ဆာဆင်ဖို့လိုပါသည်။

များစွာသော မှားယွင်းသောဆရာများသည် များစွာသော သတင်းကောင်းကို ဟောလျက် ဘုရားသခင်ထံ သွားရာလမ်း မျာစွာရှိသည်ဟု ဆိုကြပါလိမ့်မည်။ အမှား မှန်ကို ကျွန်တော်တို့ မည်သို့ ခွဲခြား သိနိုင်မည်နည်း။ ဘုရားသခင်၏နှုတ်ကပတ်တရားတော်သာလျှင် စံနှုန်းဖြစ်ပါသည်။ ထို ဘုရားသခင်၏နှုတ်ကပတ်တရားတော်၌ စုံလင်သော ကယ်တင်ခြင်းတရားကို ဖော်ပြထားပါ၏။ နှုတ်ကပတ်တရားတော်နှင့် ဆန့်ကျင်သော ယုံကြည်ချက်နှင့် အပြုမမှုများကို မှားယွင်းသော၊ စာတန်၏ သွန်သင်ချက်အဖြစ် သတ်မှတ်ရပါမည်။ ဘယ်အသင်းတော်နှင့်အဖွဲ့အစည်းဘဲဖြစ်ဖြစ်၊ သမ္မာကျမ်းစာ ပြင်ပ ယုံကြည်ချက်များ၊ အိပ်မက် ရူပါရုံများ၊ ပရောဖက်ပြုချက်များ လက်ခံထားပါလျှင် ငြင်းပယ် ရမည်ဖြစ်ပါသည်။ သင်သည် ကျမ်းစာ ပြင်ပ ယုံကြည်ချက်အောက်၌ ကျွန်ခံနေပါသလား။ ဘုရားသခင်၏နှုတ်ကပတ်တရားတော်တည်းဟူသော ကျမ်းစာကိုသာ ယုံကြည်ကိုးစားပါလော့။ "သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရားသည် သင်တို့ကို လွတ်လိမ့်မည်" (ယော ၈း၃၂)။

ယုံကြည်ချက်ကို ကျွန်တော်တို့ ဘာကြောင့် အလေးထားကြသနည်း။ အကြောင်းမှာ မှားယွင်းသော ယုံကြည်ခြင်းသည် သေစေနိုင်သော အဆိပ်ဖြစ်ကြောင်း၊ နှုတ်ကပတ်တော်က အကြိမ်ကြိမ် သတိပေးခဲ့ပါသည်။ ထိုသတိပေးချက်ကို လျစ်လျူရှုခဲ့လျှင် ကိုယ်သာ ခံရပါလိမ့်မည်။ ပေါလုက ဤသို့ သတိပေးခဲ့ပါသည် - ၁ တိ ၄း၁၊ "နောင်ကာလ၌ . . . လူအချို့တို့သည် ယုံကြည်ခြင်းကို စွန့်ပယ်၍၊ လှည့်ဖြား တတ်သော စိတ်ဝိညာဉ်တို့ရင်း၊ နတ်ဘုရားတို့နှင့်စပ်ဆိုင်သော ဩဝါဒတို့၌ရင်းမှိဝဲဆည်းကပ် ကြလိမ့်မည်။" ထိုမှားယွင်းသော ဩဝါဒများကို လက်ခံပါလျှင် မှားယွင်းသော ကယ်တင်ခြင်းကို ခံရမည်ဖြစ်၍ ခရစ်တော် ကြွလာတော်မူသောအခါ ငြင်းပယ်ခြင်း ခံရမည်ဖြစ်၏။

ထို့ကြောင့်၊ ဘုရားသခင်၏နှုတ်ကပတ်တရားတော်သို့ ပြန်သွားကြပါစို့။ နှုတ်ကပတ်တော်သာလျှင်၊ ကျေးဇူးတော်ကြောင့်သာလျှင်၊ ခရစ်တော်အား ယုံကြည်ခြင်း အားဖြင့်သာလျှင် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ထို နှုတ်ကပတ်တော်သာလျှင် ကယ်တင်ခြင်း စိတ်ချမှုကို ပေးနိုင်၏။ ဤနှုတ်ကပတ်တော်မှ ဘယ်တော့မှ မရွေ့လျော့ပါနှင့်။ ကိုယ်တော်ကြွလာသည်အထိ မြဲမြံစွာ စွဲကိုင်ကြပါစို့။

**ဆင်ခြင်ရန်** - မှားယွင်းသော ဆရာများတို့သည် သိုးရေခြုံလျက် လာတတ်ကြ၏။

**ဆုတောင်းချက်** - အဖဘုရား၊ အဆုံးထိတိုင် သမ္မာသတိ ရှိမည်အကြောင်း စောင့်ရှောက်တော်မူပါ။

တနင်္ဂနွေ၊ ဇန်နဝါရီ (၁၂)

**၂ သက် ၂း၁-၃** *အို ဘုရားသခင်၊ အကျွန်ုပ်မျက်စိကို*

ယေရမိ ၆း၁၄-၁၇ *ဖွင့်ပေးတော်မူပါ*

## ဖောက်ပြန်ခြင်း အရင်ဖြစ်မည်

သင်ယေရှုကြွလာတော် မမူမှီ ကျရောက်လာမည့် ဖောက်ပြန်ခြင်းအကြောင်းနှင့် ပတ်သက်၍ အသင်းတော်ကို သတိပေးဖို့ရန် ဘုရားသခင်သည် တမန်တော် ပေါလုကို တာဝန်ပေးထားခဲ့၏။ အငယ်ဆုံးသော တမန်တော်က၊ "အဘယ်သူမျှ သင်တို့ကို အဘယ်သို့အားဖြင့် မလှည့်ဖြားစေနှင့်။ ထိုနေ့ရက် မရောက်မှီ ဖောက်ပြန်သင်းခွဲခြင်းသည် အရင်ဖြစ်၍" (၂ သက် ၂း၃) ဟု ဆိုခဲ့ပါသည်။ "ထိုနေ့ရက်" ဆိုသည်မှာ သခင်ယေရှု တဖန်ကြွလာတော်မူမည့်နေ့ ဖြစ်ပါသည် (၂ သက် ၂း၃)။ တမန်တော် မိန့်တော်မူချက်ကား အဘယ်နည်း။

သခင်ယေရှု ကြွလာတော် မမူမှီ "ဖောက်ပြန်ခြင်း" (၂ သက် ၂း၃) အရင်ရှိမည်။ ဤယုံကြည်ခြင်းမှ လမ်းလွဲခြင်းသည် အမှန်ဖြစ်ပေါ်ရမည်ဖြစ်၏။ ထို့ကြောင့် ထိုဖြစ်စဉ်ကို သတိပြုလျက် ခရစ်ယာန် အသင်းတော်များ၌ အဘယ်အသင်းတော်သည် "သန့်ရှင်းသူတို့၌ အထက်က အပ်ပေးခဲ့ပြီးသော ယုံကြည်ခြင်းတရား" (ယုဒ ၃) မှ လမ်းလွဲသည်ကို စမ်းစစ်ဖို့ လိုအပ်ပါသည်။ ထိုသို့ နူတ်ကပတ်တရားတော် မီးအလင်းအောက်၌ သေချာ လေ့လာစမ်းစစ်သောအခါ၊ ခရစ်ယာန်ယုံကြည်ချက်တရားများမှ လမ်းလွဲသောသူများစွာ တွေ့ရပါသည်။ ဘယ်အရာက သက်သေပါလဲ။

ခရစ်ယာန်အဖွဲ့အစည်းများကို လေ့လာသောအခါ၊ သူတို့၏ယုံကြည်ချက်နှင့် အပြုအမူများအားဖြင့် တွေ့ရသည်မှာ ဤနောက်ဆုံးကာလ လမ်းလွဲခြင်းက များစွာ လွှမ်းမိုးလျက်ရှိကြောင်း တွေ့ရပါသည်။

(၁) ရောမ အသင်းတော် (သန်း ၈၅၀)

(၂) ကမ္ဘာ့ အသင်းတော် ကောင်စီ (သန်း ၅၀၀ ကျော်)

(၃) "Lausanne" ဦးဆောင်မှုအောက်ရှိ ဧဝံဂေလိအသင်းတော်များ၊ ဧဝံဂေလိအသင်းတော်များနှင့် ရောမန် ကာသိုလစ် အသင်းတော် သဘောတူညီမှု

(၄) အသင်းတော်များကို ရှုပ်ထွေးစေသော၊ ဆုကျေးဇူးတော် အလွန်အကျွံ ယုံကြည် လက်တွေ့ အသုံးပြုခြင်း လှုပ်ရှားမှု

(၅) ရောနှောခြင်းနှင့် ဘာသာရေးပေါင်းစည်းခြင်းကို ဦးစားပေးသော The United Religions Initiative။

ဤအဖွဲ့အစည်းအားလုံးတို့သည် တကမ္ဘာ တဘာသာ စနစ်ကို ကျင့်သုံးဖို့ရန် လှုပ်ရှားမှုကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြပါသည်။ ထိုအမှုသည် ဖောက်ပြန်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုလှုပ်ရှားမှု၌ မပါဝင်ပါနှင့်။ သူတို့အထဲမှ ထွက်သွားပါလော့။

**ဆင်ခြင်ရန်** - များယွင်းသော စည်းလုံးမှုသည် စတင်ပေါ်လာနေပြီဖြစ်သောကြောင့်၊ ခရစ်တော်ကြွလာတော်မူမည့်အချိန်သည် သိပ်ဝေးတော့မည် မဟုတ်ပါ။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကြွလာတော်မူအသောအချိန်တွင် အကျွန်ုပ်သည် နူတ်ကပတ် တရားတော်၌ သစ္စာရှိလျက် နေမည်အကြောင်း မစတော်မူပါ။



စနေ၊ မတ် (၂၂)

**ကမ္ဘာ ၄၈-၄၉** *ဝိညာဉ်တော်က ပြောမည့်စကားကို*

ဆာလံ ၄၃ *ပေးတော်မူ၏*

## ပရောဖက်ပြုချက်များ

ယာကုပ်သည် အဲဂုတ္တုပြည်သို့ ရောက်လာခဲ့သောအခါ၊ ယောသပ်ကို တွေ့ရသောကြောင့် အလွန် ဝမ်းမြောက် ပျော်ရွှင်ခြင်းရှိလျက်၊ "ယခု ငါသေပါစေသော။ သင်၏မျက်နှာကို ငါမြင်ရပါပြီ" (ကမ္ဘာ ၄၆း၃၀) ဟု ဆိုခဲ့ပါသည်။ သူသည် ယခု ၁၃၀ နှစ် ရှိသည်ဖြစ်၍ မိမိ၏နောက်ဆုံး နေ့ရက်သည် သိပ်မဝေးတော့ကြောင်း သိထားပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည် ထိုပြည်၌ ၁၇ နှစ် ဆက်လက် အသက်ရှင်ခွင့်ပေးတော်မူ၏ (နှိုင်း - ကမ္ဘာ ၄၇း၂၈)။ ဘုရားသခင်သည် "အသက်ရှင်ခြင်းအကျိုး၊ အသက်တာရှည်ခြင်းအကျိုး" (တရား ၃၀း၂၀) ဖြစ်တော်မူ၏။

နောက်ဆုံးတွင်၊ ယာကုပ်သည် မိမိ၏နောက်ဆုံးအချိန်ရောက်၍ ထွက်သွားရတော့မည်ကို သိမှတ်ခဲ့ပါသည်။ သင်၏နောက်ဆုံးအချိန် ရောက်သောအခါ၊ သင့်မိသားစုထံ မည်သို့သောအမှာစကားကို သင် ပြောမည်နည်း။ ယနေ့ ဖတ်သော အခန်းကြီးများတွင်၊ ၁၄၇ နှစ် အသက်ရှင်ခဲ့သော ယာကုပ်၏ နောက်ဆုံးစကားများကို တွေ့ရပါသည်။

ယာကုပ်သည် မိမိ အိမ်မှ ပထမဆုံး အကြိမ် ထွက်ခွါခဲ့သော ညတွင်၊ အိပ်မက်ဖြင့် ဘုရားသခင် မိမိထံ ပေါ်လျက်၊ မိန့်တော်မူခဲ့သော မင်္ဂလာစကားများကို ပြန်အမှတ်ရခဲ့ပါသည်။ "ငါသည် သင့်ကို တိုးပွါးများပြားစေမည်။ သင့်ကို များစွာသောလူ ဖြစ်စေမည်။ သင်၏ အမျိုးအနွယ်သည် သင့်နောက်မှ ဤပြည်ကို အစဉ်အမြဲ ပိုင်စေခြင်းငှါ ငါပေးမည်ဟု မိန့်တော်မူ၏" (ကမ္ဘာ ၄၈း၄)။ ထို့နောက်၊ ယာကုပ်သည် မိမိချစ်သော ဇနီး ရာခေလ သေခြင်းအကြောင်းကို ပြန်အမှတ်ရ ခဲ့ပါသည်။ သူ၏စိတ်ထဲတွင် အဓိကရှိသောအရာသည် ကောင်းကြီး အလုံးစုံ၏ အရင်းအမြစ် ဖြစ်တော်မူသော၊ အာဗြဟံနှင့် ဣဇာက်၏ ဘုရားသခင်၏ ကျေးဇူးတော်ပင်ဖြစ်ပါသည်။ ထို "ဘုရားသခင်သည် သင်တို့ဘက်၌ ရှိ၍" (ကမ္ဘာ ၄၈း၂၁) ကောင်းကြီးပေးတော်မူမည်။

ထို့နောက်၊ ယာကုပ်သည် အနာဂတ်ကို (ဘုရားသခင် ပေးတော်မူသော အမြင်အားဖြင့်) မျှော်ကြည့်လျက်၊ သူ့သား တဦးချင်းစီ၏ အနာဂတ်အကြောင်းကို ပရောဖက်ပြုခဲ့ပါသည်။ ဣသရေလဟု နာမည်ပေးခြင်းခံရသောသူသည် ယခုတွင် ဘုရားသခင်၏ ပရောဖက်ဖြစ်ခဲ့ပါသည်။ အာဗြဟံနှင့် ဣဇာက်က ပြုခွင့် မရခဲ့သော၊ အနာဂတ်ကြောင်း ဟောပြောခြင်း၊ မိမိသားများအကြောင်း၊ လူမျိုးနှင့် ဤလောကအကြောင်းကို ယာကုပ်သည် ဟောပြောခဲ့ပါသည်။

**ဆင်ခြင်ရန်** - (သု ၉း၁၁ ကို ဖတ်ပါ)။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ပေးသနားတော်မူသော နေ့သစ်တိုင်းအတွက် ကျေးဇူးတော် ချီးမွမ်းမည်အကြောင်း မစတော်မူပါ။

သောကြာ၊ မတ် (၂၁)

**ကမ္ဘာ ၄၇း၂၇-၃၁**

ဆာလံ ၄၂

*ကိုယ်တော်၏နှုတ်ကပတ်တရားတော်သည် သမ္မာတရားဖြစ်ပါ၏*

## ဣသရေလသည် များစွာကြီးထွား တိုးပွားလာခဲ့၏

ထိုသို့သော စိုးရိမ် ထိတ်လန့်စရာ အခြေအနေ၊ ပြည်သူအပေါင်း ရှင်သန်ဖို့အတွက် ရုန်းကန်း နေရသောအချိန်တွင်၊ ဣသရေလလူများတို့သည် နိုင်းမြစ်ဘေး၌ ကြီးပွားတိုးတတ်လျက်ရှိကြောင်း တွေ့ရပါသည်။ အဲဂုတ္တုပြည်သူပြည်သားများကို ဆင်းရဲဒုက္ခ ကြုံတွေ့စေသော ထိုအစာခေါင်းပါးခြင်းသည် တပါးအမျိုးသားဖြစ်သော ဣသရေလအတွက် ကောင်းကြီးဖြစ်ခဲ့ပါသည်။ ဤအမှုကို လောကီလူတို့သည် "ကံတရား" ဟု နာမည်တပ်ကြပါလိမ့်မည်။ သင် မည်သို့ ထင်ပါသနည်း။

ဘုရားသခင်၏ အစီအစဉ်ကို သိခြင်းအားဖြင့် ထိုအမှုကို ကျွန်တော်တို့ နားလည်ရပါမည်။ ဘုရားသခင်သည် မိမိ၏ ကယ်တင်ခြင်းနှင့်ဆိုင်သော ထာဝရ အစီအစဉ်ကို ပြည့်စုံစေဖို့ရန် ဖြစ်ပျက်သောမှုများကို မိမိလက်တော်ဖြင့် လမ်းညွှန် ဆောင်ရွက်လျက် ရှိကြောင်း တွေ့ရပါသည်။ ဣသရေလကယ်တင်ရန် အတွက် ဘုရားသခင်က ယောသပ်ကို အဲဂုတ္တုပြည်သို့ စေလွှတ်တော်မူခဲ့၏။ ယောသပ်အနက်ဖွင့်ခဲ့သော အိပ်မက်များကို ဖလားတော်ဝန်နှင့် စားတော်ဝန်တို့အား ဘုရားသခင် မက်စေတော် မူသော အိပ်မက် မဟုတ်သလော။ ထိုသို့ဖြင့်၊ ဖာရောဘုရင်၏ အိပ်မက် အနက်ဖွင့်ခြင်း၊ ပြီးမှ ယောသပ် ချီးမြှောက်ခံရခြင်း လိုက်လာခဲ့ပါသည်။

အဘယ့်ကြောင့် ခါနာန်ပြည်မှ ရောက်လာသော ယာကုပ် မိသားစုသည် ထိုသို့သော အထူး မျက်နှာသာပေးခြင်း ခံရကြပါသနည်း။ အဖြေမှာ ရိုးရှင်းလှပါသည်။ အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်ထံ ပြုတော်မူသော ဘုရားသခင်၏ ပဋိညာဉ်ကြောင့် ဖြစ်ပါသည်။ ဂတိတော်ကို ပြည့်စုံစေဖို့ရန် ဘုရားသခင်၌ တာဝန် ရှိတော်မူ၏။ အာဗြဟံထံ ပြုတော်မူသော ဂတိတော်ကို အမှတ်ရကြပါစို့။ "ငါသည် သင့်ကို လူမျိုးကြီး ဖြစ်စေမည်။ ငါကောင်းကြီးပေး၍ သင်၏နာမကို ကြီးမြတ်စေမည်။ သင်သည် ကောင်းကြီးခံရသောသူ ဖြစ်လိမ့်မည်" (ကမ္ဘာ ၁၂း၂)။ ဗေရရှေဘ အရပ်တွင် ယာကုပ်ထံ ဘုရားသခင်၏စကား ရောက်လာခဲ့၏ - "ငါသည် ဘုရားသခင်ဖြစ်၏။ သင့်အဘ၏ ဘုရားသခင် ဖြစ်၏။ အဲဂုတ္တုပြည်သို့ သွားရမည်အခွင့်ကို မစိုးရိမ်နှင့်။ ငါသည် ထိုပြည်၌ သင့်ကို လူမျိုးကြီးဖြစ်စေမည်။ အဲဂုတ္တုပြည်သို့ သင်နှင့်အတူ ငါသွားမည်" (ကမ္ဘာ ၄၆း၃-၄)။

သို့ဆိုလျှင်၊ ဣသရေလ ဤကဲ့သို့ အလွန် ပွားများ ကြီးထွားခြင်းအမှု၌ အံ့သြစရာ လိုတော့မည် မဟုတ်ဟု ထင်ရပါသည်။ ထိုအမှုသည် ဘုရားသခင်၏ အစီအစဉ်၌ ပါဝင်ပါ၏။ ဣသရေလသည် ဘုရားသခင်၏ ပဋိညာဉ် ကောင်းကြီးမင်္ဂလာကို ခံရခဲ့ပါသည်။ ယုံကြည်သူတိုင်းလည်း ထိုသို့ ခံရပါမည်။ ထိုအကြောင်းကို သင် သိပါသလား။

**ဆင်ခြင်ရန်** - ". . . သွားရမည်အခွင့်ကို မစိုးရိမ်နှင့် . . . သင်နှင့်အတူ ငါသွားမည်" (ကမ္ဘာ ၄၆း၃-၄)။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော် စေခိုင်းတော်မူသောအမှုကို အစဉ်ပြုမည်အကြောင်း ရဲရင့်ခြင်း ပေးသနားတော်မူပါ။



တနင်္လာ၊ ဇန်နဝါရီ (၁၃)

**ဗျာ ၁၇း၁-၂**

၂ သက် ၂း၃-၁၀

*အို ဘုရားသခင်၊ ကိုယ်တော်၏တရားကို ကျွန်ုပ်အား သွန်သင်တော်မူပါ*

## ဖောက်ပြန်ခြင်း - ရောမအသင်းတော် (၁)

မနေ့ ဖေါ်ပြခဲ့သော ဖောက်ပြန်ခြင်းမှ အဓိက ၅ ခုအကြောင်းကို တခုချင်းစီ လေ့လာကြည့်ကြပါစို့။ အရေအတွက်နှင့် လွှမ်းမိုးမှု၌ အားကြီးသော ရောမအသင်းတော်သည် ယုံကြည်ခြင်းမှ လမ်းလွဲ ဖောက်ပြန်ခြင်းတွင် ထိပ်ဆုံးမှ ကျော်ကြားပါဝင်ပါသည်။ အချဉ်းချုပ်အားဖြင့်သာ ဤအသင်းတော်ကို လေ့လာကြပါစို့။

ရောမအသင်းတော်သည် "သန့်ရှင်းသော တမန်တော် အသင်းတော်" သူသော နာမည်ကို နှစ်ပေါင်း ၁၅၀၀ လောက်ခံယူခဲ့သော်လည်း၊ ယေရှုခရစ်တော်၏ စစ်မှန်သော အသင်းတော် မဟုတ်ပါ။ အချက်အလက်များအရ၊ ရောမအသင်းတော်သည် နိုင်ငံပေါင်း ၁၀၀ ကျော်၌ နိုင်ငံရေးနှင့်ဆိုင်သော အမှုကို ဆောင်ရွက်လျက်ရှိသော ကမ္ဘာ့နိုင်ငံရေးအင်အား တခုဖြစ်ပါသည်။ နိုင်ငံတကာ၌ လူမှု စီးပွားရေးနှင့် နိုင်ငံရေး လွှမ်းမိုးမှုကို သူများတကာထက် ဆောင်ရွက်လျက်၊ စစ်မှန်သော တပါးတည်းသော အသင်းတော် ဟူသော ဟန်ဆောင်နာမည်အောက်၌ အခြားအသင်းတော်များကို ပြန်လာကြရန် ကြိုးစားလျက်ရှိပါသည်။

ရောမအသင်းတော်၏ ငွေကြေးသုံးစွဲမှုသည်လည်း သူများတကာထက် အလွန် များပြားလှပါသည်။ အသင်းတော်နာမည်ဖြင့် ငွေကြေး ကြွယ်ဝချမ်းသာမှုကို အသုံးပြုလျက် သြဇာအာဏာ လွှမ်းမိုးခြင်းသည် ဖောက်ပြန်ခြင်း ပေတည်း။ ထိုသို့သော ဘာသာရေးကို ဘုရားသခင်က သစ္စာမရှိခြင်း၊ ဝိညာဉ်ရေးရာအမှု၌ သစ္စာဖောက်ခြင်း (သို့) သတင်းကောင်းကို အလွဲသုံးစားလုပ်ခြင်း ဟု နာမည် တပ်တော်မူ၏။ ထိုသို့ ရောမအသင်းတော်သည် အလွန်အင်အားကြီးလှသည်ဖြစ်သောကြောင့်၊ ဘုရားမဲ့ဝါဒ ခေါင်းဆောင် Mr Gorbachev ကပင် ၁၉၈၉ ဒီဇင်ဘာလတွင် အကူအညီ တောင်းခဲ့ပါသည်။ အရှေ့ ဥရောပ၏ Marxist သည်လည်း ရောမအသင်းတော်၏ ဒီမိုကရေစီ လှုပ်ရှားမှုအောက်၌ ပြိုကွဲခဲ့ရ၏။ အင်အားချို့တဲ့သော Marxism သည် ရောမအသင်းတော်ထံမှ ဘာသာရေး ကူသမှု၊ အကူအညီ တောင်းခံဖို့ တိုက်တွန်းခြင်း ခံရပါသည်။

ထိုရောမအသင်းတော်၏ စွမ်းအားနှင့် နောက်ဆုံးအင်အားကို တကမ္ဘာ တဘာသာစနစ် ကြိုးစားအားထုတ်မှု၌ ပြန်တွေ့ရပါလိမ့်မည်။ ထိုသို့ ကြီးကျယ်ခမ်းနားလှသော ရောမသည် မိမိ၏ ဟန်ဆောင်အပြုံးအားဖြင့် အခြားသော ညီအစ်ကိုများနှင့် ကျန် ခရစ်ယာန်ဘာသာများကို ဆွဲဆောင်လျက် သူတို့သည်လည်း ထိုမိခင်အသင်းတော်သို့ ဝင်ရောက်လျက်ရှိကြပါသည်။

ရောမသည် ဖောက်ပြန်ခြင်းအမှု၌ ဦးဆောက်မှုပြုနေသည်ကို သတိပြုပါလော့။

**ဆင်ခြင်ရန်** - မတရားသောသူ၏ နေရာ၌ နေရသော အခွင့်ထက်၊ အကျွန်ုပ်၏ ဘုရားသခင် အိမ်တော်၌ တံခါးစောင့်အရာကို အကျွန်ုပ်သာ၍ နှစ်သက်ပါ၏။

**ဆုတောင်းချက်** - အဖဘုရား၊ အတုကို ကျော်လွန်လျက် မြင်နိုင်မည်အကြောင်း ဝိညာဉ် အသိဉာဏ် အမြင်ကို ကျွန်ုပ်အား ပေးသနားတော်မူပါ။

အင်္ဂါ၊ ဇန်နဝါရီ (၁၄)
**ထွက် ၂၀း၁-၁၇**
ဗျာ ၁၇း၃-၆

*သခင်ဘုရား၊ ကိုယ်တော်၏သမ္မာတရားလမ်း၌ ကျွန်ုပ်ကို လမ်းပြတော်မူပါ*

## ဖောက်ပြန်ခြင်း - ရောမအသင်းတော် (၂)

ရောမအသင်းတော်၏ လူမှု စီးပွားရေးနှင့် နိုင်ငံရေး အင်အားကြီးများမှုကို လေ့လာခဲ့ပြီ။ ဒီနေ့တွင်၊ သူ၏အချို့သော ဘာသာရေး လှုပ်ရှားမှုကို လေ့လာကြပါစို့။ သေချာလေ့လာမှုပြုသောအခါ၊ ရောမအသင်းတော်၏ ယုံကြည်ချက်များနှင့်အယူသည်းမှုတို့သည် ခရစ်ယာန် အခြေခံ ယုံကြည်ခြင်း တရားများနှင့် ဆန့်ကျင်လျက်ရှိပါသည်။

"ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သော သူတို့သည် နံဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း ကိုးကွယ်ရမည်" (ယောဟန် ၄း၂၄)။ ဘုရားသခင်သည် ရုပ်တုကိုးကွယ်ခြင်းကို မုန်းတီးတော်မူလျက်၊ ပညတ်တော် နှစ်ချက် (ပထမနှင့်ဒုတိယအချက်) တွင်၊ ရုပ်တုကိုးကွယ်မှုတိုင်းကို တားမြစ်ထားတော်မူခဲ့ပါသည်။ တော၌ ရုပ်တုကိုးကွယ်ကြသောကြောင့်၊ ဘုရားသခင်သည် လူတို့ကို ဒဏ်ခတ်တော်မူခဲ့၏ (ထွက် ၃၂း၃၅)။ ခါနန်ပြည်ရှိ ဘုရားမသိသောသူအပေါင်းတို့သည် ရုပ်တုကိုးကွယ်ခြင်းကြောင့် ဖယ်ရှင်းခြင်းခံခဲ့ရပါသည်။ ထိုသို့ ဘုရားသခင် တားမြစ်ထားသော်လည်း၊ ခရစ်ယာန် ဘာသာကို ၄ ရာစု၌ ရောမ ဧကရာဇ်မင်းက နိုင်ငံတော်ဘာသာအဖြစ် တရားဝင် ပြဋ္ဌာန်းခဲ့ခြင်းမှစ၍ ရုပ်တုကိုးကွယ်ခြင်းသည် အသင်းတော်ထဲသို့ ဝင်ရောက်ခဲ့၏။ ထိုအခါ ရောမအသင်းတော်၏ ဝတ်ပြုကိုးကွယ်ခြင်းတွင် ရုပ်တုသည် အဓိကနေရာယူလာခဲ့ပါသည်။ ထို့ကြောင့်၊ ရောမအသင်းတော်တွင် မာရိ၊ "သန့်ရှင်းသော မိသားစု" နှင့် အချို့ သန့်ရှင်းသူများ၏ ရုပ်တုများကို ကိုးကွယ်ခဲ့ကြ၏။ ရုပ်တုကိုးကွယ်ခြင်းအပြစ်ကို သင် ကျူးလွန်ပါသလား။ အပြစ်ဝန်ခံလျက်၊ နောင်တရပါလော့။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်၍ သန့်ရှင်းစေခြင်းငှါ သစ္စာရှိတော်မူသော ဘုရားဖြစ်တော်မူ၏ (၁ ယော ၁း၉)။

ဆုတောင်းခြင်းအကြောင်းကိုလည်း အနည်းငယ် လေ့လာကြပါစို့။ သခင်ယေရှုက တပည့်တော်များအား၊ ခမည်းတော် ဘုရားထံ၊ ယေရှု နာမတော်အားဖြင့် ဆုတောင်းဖို့ရန်နှင့် အချည်းနှီးသော စကားကို ထပ်ခါထပ်ခါ မမြွက်ဆိုဖို့ရန် သင်ပေးတော်မူခဲ့ပါသည် (မသဲ ၆း၆-၁၃၊ ယောဟန် ၁၄း၁၃-၁၄)။ ရောမအသင်းတော်၏ ဆုတောင်းချက်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဆန့်ကျင်လျက်ရှိပါသည်။ သူတို့သည် မာရိနှင့် သန့်ရှင်းသူများ (သူတို့သည် သေလွန်ခဲ့သောသူများဖြစ်၏) ထံ ဆုတောင်းခဲ့ကြ၏။ သူတို့၏ ထပ်ခါထပ်ခါ မာရိထံ ဆုတောင်းမှုပြုခြင်းသည် သခင်ယေရှု သွန်သင်ချက်နှင့် ဆန့်ကျင်လျက်ရှိပါသည်။ ထို့ပြင်၊ ရောမအသင်းတော်၌ အခြားသော မှားယွင်းမှုများကို တွေ့ရပါသည်။ ထိုအရာများမှာ၊ အပြစ်လွှတ်ခြင်းဆိုင်ရာ ဆုတောင်းခြင်း၊ သန့်ရှင်းစေခြင်း ယာယီငရဲ၊ အပြစ်လွှတ်ခြင်းအတွက် အလှူပေးဆောင်ခြင်း အပြင် အခြားအချက်များလည်း ရှိသေး၏။ သန်း ၁၀၀၀ နီးပါးသော တပည့် နောက်လိုက်များနှင့်တကွ၊ ကြီးမားသော ဖောက်ပြန်ခြင်း မဟုတ်ပါလော။

**ဆင်ခြင်ရန်** - မှားယွင်းသော ဩဝါဒများနှင့်လှုပ်ရှားမှုများကို ခရစ်ယာန်များက ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာခြင်းသည် အံ့ဩစရာကောင်းလှပါသည်။
**ဆုတောင်းချက်** - အဖဘုရား၊ အသက်ရှင်ခြင်းသို့ ပို့ဆောင်သော ကိုယ်တော်၏ လမ်းကျဉ်းထဲ၌ ကျွန်ုပ်ကို စောင့်ရှောက်တော်မူပါ။



ကြာသပတေး၊ မတ် (၂၀)
**ကမ္ဘာ ၄၇း၁၃-၂၆**
ဆာလံ ၄၁

*ဆုတောင်းခြင်းသည် တန်ခိုးကိုဖြစ်စေ၏*

## အစာခေါင်းပါးခြင်းက ဖါရောမင်းကိုကြွယ်ဝစေ၏

တရုတ်စကားပုံ တခုတွင်၊ အစားအစာ မရှိလျှင် သိက္ခာလည်း မရှိ၊ ဟုဆိုခဲ့ပါသည်။ ဖခင်နှင့် သားအကြား၌ပင် ထိုသို့ ဖြစ်ပါသည်။ အစာခေါင်းပါးခြင်းက လူတို့ကို အစွန်းရောက်စေတတ်ပါသည်။ ရှင်သန်ဖို့အတွက် ဘာမဆို လုပ်တတ်ကြ၏။ အဲဂုတ္တုပြည်၌လည်း ထိုသို့ ဖြစ်ခဲ့ပါ၏။ "အလွန် အစာခေါင်းပါး၍ တပြည်လုံး စားစရာ မရှိသောကြောင့်၊ အဲဂုတ္တုပြည်နှင့် ခါနာန် ပြည်သည် အားလျော့လေ၏" (ကမ္ဘာ ၄၇း၁၃)။ တပြည်လုံး၌ စားစရာ မရှိပါ။ ပိန်သော နွား ခုနစ်ကောင်နှင့် ပျက်သော စပါးနှံ ခုနစ်နှံကို သတိရပါလော့။ စပါး ရရှိနိုင်သောနေရာတခုတည်းသည် ကြွယ်ဝခြင်းကာလ ခုနစ်နှစ်အတွင်း ဖာရောဘုရင်အတွက် ယောသပ် သိုထားသောနေရာသာလျှင် ဖြစ်ပါသည်။ အဲဂုတ္တုပြည်သူပြည်သားတို့သည် သူတို့၏ရှင်ဘုရင်ထံ အသနားခံကြ၏။

ရှင်သန်ဖို့ရန် အစားအစာအတွက် သင် မပေးလိုသောအရာ ရှိမည်လော။ အဲဂုတ္တုလူတို့သည် ထိုအမှုနှင့် ရင်ဆိုင်ခဲ့ရပါသည်။ သေခြင်း၊ ရှင်ခြင်း အမှုပင်ဖြစ်ပါသည်။ ပထမနှစ်တွင် ငွေပေး၍ အစားအစာ ဝယ်ကြ၏။ "ပြည်သား ဝယ်သော စပါးအဘိုး၊ အဲဂုတ္တုပြည်၊ ခါနာန်ပြည်၌ တွေ့သမျှသော ငွေကို ယောသပ် စုသိမ်း၍ နန်းတော်သို့ သွင်းထားလေ၏" (ကမ္ဘာ ၄၇း၁၄)။

ပထမနှစ် လွန်သောအခါ၊ လူတို့၏ငွေ ကုန်သောအခါ၊ ယောသပ်သည် စပါးကို သူတို့၏ တိရိစ္ဆာန်များနှင့် လဲလှယ်ခဲ့ပါသည်။ သူတို့၏ တိရိစ္ဆာန် ကုန်သောအခါ၊ လူကိုယ်တိုင်နှင့် လယ်မြေသာ ကျန်ပါတော့သည်။ ထို့ကြောင့်၊ ယောသပ်ထံ လာခဲ့ကြပြီး၊ "အဘယ်ကြောင့်သေ၍ ပြည်တော်ပျက်ရပါအံ့နည်း။ အစာကို ပေး၍ ကျွန်တော်တို့နှင့် ကျွန်တော်တို့မြေကို ဝယ်ပါ။ ကျွန်တော်တို့သည် မြေနှင့်တကွ ဖါရောဘုရင်၏ကျွန်ခံပါမည်" (ကမ္ဘာ ၄၇း၁၉) ဟု ဆိုကြ၏။ ထိုအခါ၊ ယောသပ်က သူတို့၏မြေများကို ဖာရောဘုရင်အတွက် ဝယ်ခဲ့ပါသည်။ နှစ်အနည်းငယ်အတွင်း၊ ပြည်သူတို့၏ ကြွယ်ဝချမ်းသာမှုသည် ရှင်ဘုရင် ထံရောက်ခဲ့ပါသည်။ ထိုသို့ဖြစ်ခြင်းမှာ ဟေဗြဲလူတယောက်၏ ဉာဏ်ကောင်းမှုကြောင့် ဖြစ်ပါသည်။ ထို့ပြင်၊ ယောသပ်၏ ဩဇာ လွှမ်းမိုးမှုကြောင့်၊ အဲဂုတ္တုလူများ ထက် ယာကုပ်၏အမျိုးတို့သည် ဖာရောဘုရင်၏ မျက်နှာသာပေးခြင်းကို ခံရခဲ့ကြပါသည်။ "အဘနှင့် အစ်ကိုများ၊ အဘ၏အိမ်သား ရှိသမျှတို့ကို အနည်းအများအလိုက် ကျွေးမွေး၏" (ကမ္ဘာ ၄၇း၁၂)။

ထို မကျေနပ်ခြင်း မျိုးစေ့သည် လာရောက်နေထိုင်ခဲ့ကြသော ထိုဟေဗြဲလူမျိုးများအပေါ် နောင်၌ ဖိနှိပ်ညှင်းဆဲမှုကို ဖြစ်စေခဲ့ပါသည်။ ဣသရေလလူတို့သည် ဖာရောမင်း၏ ကြွယ်ဝချမ်းသာမှုကို ခံစားနေရစဉ်တွင်၊ အဲဂုတ္တုလူတို့သည် အစာခေါင်းပါးခြင်းကြောင့် ပို၍ပို၍ ချမ်းသာလာသော ဖာရောမင်းထံ ကျွန်ဖြစ်လာခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - "အရာရာတိုင်း၌ ကျေးဇူးတော် ချီးမွမ်းပါ" (၁ သက် ၅း၁၈)။
**ဆုတောင်းချက်** - အဖဘုရား၊ ခက်ခဲသောအချိန်၌၎င်း၊ ကြွယ်ဝသောအချိန်၌၎င်း၊ ကျေးဇူးတော် ချီးမွမ်းလိုပါ၏။

ဗုဒ္ဓဟူး၊ မတ် (၁၉)
**ကမ္ဘာ ၄၇း၁-၁၂**
ဆာလံ ၄၀း၉-၁၇

*ကျွန်ုပ်အပေါ်၌ ဘုရားသခင်*
*ကျေနပ် ဝမ်းမြောက်ပါသလား*

## ခံထိုက်သည်အတိုင်း ပေးကြလော့

တမန်တော်ပေါလုက၊ "ထို့ကြောင့်၊ လူအသီးအသီး ခံထိုက်သည်အတိုင်း ပေးကြလော့။ အခွန်ကို ခံထိုက်သောသူ အား အခွန်ကိုရင်း၊ အကောက်ကို ခံထိုက်သောသူအား အကောက်ကိုရင်း ပေးကြလော့။ ကြောက် ထိုက်သောသူကို ကြောက်ကြလော့။ ရိုသေထိုက်သောသူကို ရိုသေကြလော့" (ရောမ ၁၃း၇) ဟု ဆိုခဲ့ပါသည်။ ထို့ကြောင့်၊ ခရစ်ယာန် ယုံကြည်သူတို့သည် အစိုးရသောသူတို့ကို သူတို့ ခံထိုက်သော ရိုသေ လေးစားမှု ပေးရပါမည်။ ယာကုပ် မိသားစုသည်လည်း ဖာရောဘုရင်အား ရိုသေ လေးစားမှု ပြခဲ့ကြပါသည်။ အမှန်မှာ၊ သူတို့သည် ထိုပြည်၌ သူစိမ်း ဧည့်သည်ဖြစ်၍၊ အဲဂုတ္တု လူတို့၏ ကြိုဆိုမှုနှင့် အစားအစာကို ခံရသောသူဖြစ်ကြပါသည်။

ယာကုပ်၏သားတို့သည် ဖာရောဘုရင် ရှေ့၌ မိမိကိုယ်ကို "ကျွန်" ဟု မိတ်ဆက်ခဲ့ကြပြီး၊ "ကိုယ်တော်ကျွန်တို့သည် ဂေါရှင်ပြည်၌ နေရမည်အကြောင်း အခွင့်ပေးတော်မူပါ" (ကမ္ဘာ ၄၇း၄) ဟု တောင်းလျှောက်ခဲ့ကြကြောင်း တွေ့ရပါသည်။ ထို့နောက်၊ ယောသပ်သည် အဘကို မိတ်ဆက် ပေးခဲ့ပါသည်။ ထိုအခါ၊ ယာကုပ်က ဖာရောဘုရင်ကို ကောင်းကြီးပေးခဲ့ပါသည်။ ထိုသို့ ဘုရားသခင် လူမျိုးကြီး၏ ဖခင်ကြီးက ဘုရားမသိသော ရှင်ဘုရင်ကို ကောင်းကြီးပေးသင့်သလော။ အစိုးရသော သူတို့သည် မိမိတို့၏တာဝန်ကို မှန်ကန်စွာ ထမ်းဆောင်သ၍ ထိုသို့ပြုခြင်းသည် ကျမ်းစာနှင့် ကိုက်ညီ ပါသည်။ "ရှင်ဘုရင် မှစ၍ မင်းအာဏာရှိသော သူအပေါင်းတို့နှင့် လူအမျိုးမျိုးတို့အဘို့ ဆုတောင်း ပဌနာပြုခြင်း၊ မေတ္တာပို့ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းကို ရှေ့ဦးစွာ ပြုစေခြင်းငှါ ငါတိုက်တွန်း သွေးဆောင်၏" (၁ တိ ၂း၁-၂)။

ဖာရောဘုရင်ကလည်း ကောင်းမွန်စွာ ကြိုဆိုလျက်၊ ယောသပ်၏မိသားစုအား နေစရာ နေရာ ပေးခဲ့ပါသည်။ "အဲဂုတ္တုပြည်သည် သင့်ရှေ့မှာ ရှိ၏။ သင်၏အဘနှင့် သင်၏အစ်ကိုတို့ကို အကောင်းဆုံး သောအရပ် ဂေါရှင်ပြည်၌ နေရာချလော့။ သူတို့တွင် အစွမ်းသတ္တိ ရှိသောသူ အချို့ကို တွေ့လျှင် ငါ၏သိုး နွားအုပ် အရာ၌ ခန့်ထားလော့" (ကမ္ဘာ ၄၇း၆) ဟု မိန့်တော်မူ၏။

စင်ကာမူ အစိုးရက၊ "ကျွန်တော်တို့၏ဘဝစရိုက်သည် သူတပါးအပေါ် ကောင်းမှုပြုခြင်း ဖြစ်ရမည်" ဟူသော ဆောင်ပုဒ်ကို အရင်၌ ကိုင်စွဲထားခဲ့ပါသည်။ ထိုကောင်းမှုပြုခြင်းတွင် လေးစားမှု၊ အစိုးရသောသူများထံ အခွန်နှင့် ရိုသေမှု ပေးဆောင်ခြင်း ပါဝင်ပါသည်။ အသင်းတော်နှင့် မိသားစု၌ ထိုဆောင်ပုဒ်ကို လိုက်လျှောက်ကြပါစို့။ လူတိုင်းအပေါ် သူတို့ ခံထိုက်သောအရာကို ပေးကြလော့။ ကောင်းသော ခရစ်ယာန်သည် ကောင်းမှုပြုသောသူများဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၃၇း၁၈-၁၉ ကို ဖတ်ပါ)။
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်အသက်တာအား ကိုယ်တော်အတွက် ကောင်းသော သက်သေ ဖြစ်လျက်၊ ကိုယ်တော်၏နာမတော် ဘုန်းတော်ထင်ရှားစေဖို့ရန် ဖြစ်စေတော်မူပါ။



ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၁၅)
**၂ သက် ၂း၃-၁၂**
၂ ကော ၆း၁၄-၁၈

*မာရ်နတ်၏ ပရိယာယ်တို့ကို*
*ဆီးတားနိုင်မည်အကြောင်း၊ ဘုရားသခင်၏*
*လက်နက်စုံကို ဝတ်ဆောင်ကြလော့*

## ဖောက်ပြန်ခြင်း - ကမ္ဘာ့အသင်းတော် ကောင်စီ

ကမ္ဘာ့ အသင်းတော် ကောင်စီ (WCC) ကို ၁၉၄၈ ခုနှစ်တွင် တည်ထောင်ခဲ့ကြ၏။ အဓိက ရည်ရွယ်ချက်မှာ ကမ္ဘာ့ အသင်းတော်များ တလုံးတစည်း ရှိဖို့ရန်ဖြစ်ပါသည်။ နိုင်ငံပေါင်း ၁၀၀ ကျော်မှ အသင်းတော်ပေါင်း ၃၀၀ ကျော်နှင့် အသင်းဝင်ပေါင်း သန်း ၅၀၀ ကျော်ရှိသော၊ ကမ္ဘာ လုံးဆိုင်ရာ အသင်းတော် အဖွဲ့အစည်းကြီးဖြစ်ပါသည်။ အချို့သည် ဤအဖွဲ့အစည်းကို "အသင်းတော် ဆိုင်ရာ ကမ္ဘာ့ စုပေါင်းအစည်းအရုံး" ဟုခေါ်ကြပါသည်။

WCC အဖွဲ့ဝင် အသင်းတော်များသည် သမ္မာကျမ်းစာကို မယုံကြည်သော၊ လမ်းလွဲသော သူများဖြစ်ကြပါသည်။ ခရစ်ယာန် အခြေခံ ယုံကြည်ချက်များကို အလေး မထားကြတော့ပါ။ သမ္မာ ကျမ်းစာကို မမှားနိုင်သော ဘုရားသခင်၏ စကားတော်ဟူ၍၎င်း၊ ခရစ်ယာန် ယုံကြည်ခြင်းနှင့် နေ့စဉ် အကျင့်အတွက် မမှားနိုင်သော စံနှုန်းဟူ၍၎င်း၊ မယုံကြည်ကြပါ။ ယေရှုခရစ်တော်သည် ထာဝရဘုရားထံသို့ ပို့ဆောင်တော်မူသော တလမ်းတည်းဖြစ်သည်ဟု မယုံကြည်ကြပါ။ ခရစ်ယာန် ဘာသာတရားကို ဤလောကရှိ ဘာသာကြီးများနှင့် တန်းတူထားလျက်၊ သူတို့အထဲမှ တပါး အဖြစ် သာခံယူကြ၏။

WCC သည် တကမ္ဘာ တဘာသာ စနစ် လှုပ်ရှားမှု၏ နောက်ခံ အင်အားဖြစ်ပါသည်။ ရည်ရွယ်ချက်များမှာ -
(၁) ပရိုတက်စတင့် အသင်းတော်အပေါင်း စည်းလုံးရန်၊
(၂) ရောမ အသင်းတော်နှင့် ပေါင်းစည်းရန်၊
(၃) နောက်ဆုံးတွင်၊ ဤကမ္ဘာ၌ရှိသော ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ပေါင်းစည်းရန် (သို့) တကမ္ဘာ တဘာသာ စနစ်ကျင့်သုံးရန် ဖြစ်ပါသည်။

WCC သည် ယေရှုခရစ်တော်၏ သန့်ရှင်းသော သတင်းကောင်း ပစ်ထားလျက်၊ "အခြားသော သတင်းကောင်း" (ဂလာ ၁း၆-၇) ကို စွဲကိုင်ပါသည်။ ဘုရားသခင် မပါဘဲ၊ ဤကမ္ဘာ ကြီးကို ပိုကောင်းအောင်၊ ပိုလုံခြုံအောင် ဖန်တီးဖို့ရန် လူ့စွမ်းအား အသိဉာဏ်ဖြင့် ကြိုးစားအား ထုတ်သော၊ လူမှု စီးပွားရေးနှင့် နိုင်ငံရေး အဖွဲ့အစည်း တခုသာဖြစ်ပါသည်။ သူတို့သည် ဘုရားသခင် ၏နာမတော်နှင့် သမ္မာကျမ်းစာကို အသုံးပြုကြသော်လည်း၊ အခြား အဓိပ္ပါယ်ကို ဆောင်စေခဲ့ကြ၏။

WCC ခေါင်းဆောင်များတို့သည် Marxists များဖြစ်ကြပါသည်။ ထို့ကြောင့်၊ အသင်းတော်၊ ကျောင်းများ၊ ကျမ်းစာကျောင်းများနှင့် လူမှု ဖွဲ့အစည်းများ၌ WCC က စည်းမဲ့ လွတ်လပ်ခြင်းတရား အလေးထားသည်မှာ အံ့သြစရာ မရှိပါ။ ထို့ပြင်၊ လူမျိုးခွဲခြားမှု တိုက်ခိုက်ခြင်းအမှု၌ အစွန်းရောက် မှုပ်ရှားမှုကိုပင် (ဥပမာအားဖြင့်၊ Marxist တော်လှန်ရေး) ကမ္ဘာ့အနှံ့ အားပေးခဲ့၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်အသင်းတော်သည် WCC ၌အသင်းဝင်ဖြစ်ပါသလား။
**ဆုတောင်းချက်** - အို အဖဘုရား၊ မှားယွင်းသော စည်းလုံးခြင်းနှင့် မယုံကြည်ခြင်းမှ ကျွန်ုပ်ကို စောင့်ရှောက်တော်မူပါ။

ကြာသပတေး၊ ဇန်နဝါရီ (၁၆)

**၂ ကော ၆း၁၆** — *သခင် ယေရှုခရစ်တော်ကို ယုံကြည်လျှင်*

တမန် ၁၆း၃၁-၃၄ — *သင်သည် ကယ်တင်ခြင်းခံရမည်*

## သူတို့သည် ငါ၏လူဖြစ်ကြမည်

(by Charles Spurgeon)

“ငါ၏လူ” ဟူသောဂုဏ်ပုဒ်သည် အလွန် ချိုမြိန်လှသည်တကား။ “သူတို့၏ ဘုရားသခင်” ဟူသော ဖော်ပြဝန်ခံချက်သည်လည်း အလွန်နှစ်သက်စရာကောင်းလှ၏။ “ငါ၏လူ” ဟူသော စကားလုံး၌ နက်နဲသောအဓိပ္ပါယ် ရှိပါသည်။ ထူးခြားမှုကို ဖော်ပြလျက်ရှိ၏။ ဤလောကတခုလုံး၊ ကောင်းကင်ကိုလည်း ဘုရားသခင်ပိုင်တော်မူပြီး၊ လောကလူသားအပေါင်းတို့ကိုလည်း အုပ်စိုးတော်မူ၏။ သို့သော်လည်း၊ မိမိ ရွေးနှုတ် ရွေးဝယ်တော်မူသော လူတို့ကို “ငါ၏လူ” ဟု ခေါ်တော်မူ၏။ ဤ စကားလုံး၌ ပိုင်ဆိုင်မှုကို ဖော်ပြထားပါသည်။ ထူးကဲလှစွာ၊ “ဘုရားသခင် ပိုင်တော်မူအသော အရာသည် သူ့လူများဖြစ်၍၊ ယာကုပ်သည် ဘုရားသခင်၏ အမွေဥစ္စာဖြစ်ပါသည်။” ဤလောကရှိ လူမျိုးအပေါင်းတို့ကို ဘုရားသခင် ပိုင်တော်မူ၏၊ ဤလောကတခုလုံးသည်လည်း သူ့လက်ထဲ၌ ရှိပါ၏၊ သို့သော်လည်း၊ သူ ရွေးနှုတ် ကယ်တင်ခဲ့သောသူများသည် အထူးသဖြင့် ပိုင်ဆိုင်သော သူ၏လူများ ဖြစ်ကြပါသည်။ သူတို့အတွက် အမှုပို ဆောင်ရွက်တော်မူ၏၊ အသွေးသွန်းလျက် ဝယ်ခဲ့၏၊ သူတို့ကို ပိုချစ် တော်မူ၏၊ ထာဝရအချစ်နှင့် ချစ်တော်မူ၏၊ ဘယ်တော့မှ မကုန်ဆုံးနိုင်သော၊ မပြောင်းလဲနိုင်သော ချစ်ခြင်းမေတ္တာဖြင့် ချစ်တော်မူ၏။

ချစ်သော မိတ်ဆွေ၊ ယုံကြည်ခြင်းအားဖြင့်၊ ထိုသို့ ဘုရားသခင် ချစ်တော်မူသော သူများ၌ ပါဝင်ကြောင်း သိနားလည်ခြင်း ရှိပါသလား။ မိုးကောင်းကင်သို့ မော့ကြည့်လျက်၊ “အကျွန်ုပ်၏ အရှင် ဘုရားသခင် ဟု သင်ဆိုနိုင်ပါသလား။” အဖဘုရား ဟုခေါ် ခွင့်ရသော ဆက်နွယ်မှုပိုင်ဆိုင်သောသူ၊ လောကီလူသားတို့ထံ မိမိကိုယ်ကို မဖော်ပြသော၊ ချိုမြိန်သည့် မိသာဟာရ ဖွဲ့ခြင်းရှိသောသူ၊ သန့်ရှင်းသော မိသာဟာရ ဖွဲ့ခြင်း ခံရသောသူ၊ သင်ဖြစ်ပါသလား။ မှုတ်သွင်းတော်မူသော ကျမ်းစာကို ဖတ်လျက် သင်၏ကယ်တင်ခြင်း လုံခြုံမှုအကြောင်းကို တွေ့ပါသလား။ သင့်နာမည်ကို မြတ်သော အသွေးတော်ဖြင့် ရေးထားကြောင်း သင်သိပါသလား။ နှိမ့်ချသောစိတ် ယုံကြည်သောစိတ်ဖြင့် ကိုယ်တော်၏ ဝတ်လုံကို ဆုပ်ကိုင်လျက်၊ “အကျွန်ုပ်၏ ခရစ်တော်” ဟု သင်ဆိုနိုင်ပါသလား။ ထိုသို့ သင် ဆိုနိုင်လျှင်၊ ဘုရားသခင်သည် သင်နှင့် သင်ကဲ့သို့သော အခြားလူတို့အား၊ “ငါ၏လူ” ဟု မိန့်တော်မူလိမ့်မည်။ အကြောင်းမှာ၊ ဘုရားသခင်သည် သင်၏ဘုရားဖြစ်၍၊ ခရစ်တော်သည် သင်၏ခရစ်တော်ဖြစ်တော်မူလျှင်၊ သင်သည် ဘုရားသခင်၏ အထူးချစ်မြတ်နိုးခြင်းကို ခံရ၏။ သင်သည် ချစ်လှစွာသော သားတော်၌ ဘုရားသခင် ရွေးနှုတ်တော်မူသော၊ လက်ခံ ပိုင်ဆိုင်တော်မူသောသူ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဘုရားသခင်၏လူစုထဲ၌ ပါဝင်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်၏သားဖြစ်သောကြောင့် ကျေးဇူးတင်ပါ၏။



အင်္ဂါ၊ မတ် (၁၈)

**ကမ္ဘာ ၄၆း၂၈-၃၄** — *သင့်စည်းစိမ်းဥစ္စာရှိသောအရပ်၌*

ဆာလံ ၄၀း၁-၈ — *သင့်စိတ်နှလုံးရှိလိမ့်မည်*

## ပြန်လည်ထွက်ခွာမည့်ပြည်သို့ ရောက်ရှိလာခြင်း

ယာကုပ်၏ ခါနန်ပြည်မှ အဲဂုတ္တုပြည် ခရီးကို မြင်ယောက်ကြည့်ပါလော့။ ပစ္စည်းများ တင်ဆောင်သော လှည်းတန်းကြီး၊ မြည်း၊ ကုလားအုပ်များ၊ အခြား တိရိစ္ဆာန်များစွာတို့ကို ယာကုပ်၏ သားများနှင့် အစေခံကျွန်များကို ဦးဆောင်လျက် ဖြည်းဖြည်းချင်း အနောက်ဘက်သို့ သွား၍ မိုင်ပေါင်း ၂၀၀ ကျော် ခရီးကို နှင်ခဲ့ကြပါသည်။ ကြုံတွေ့နိုင်သော အစားအသောက် ပြဿနာ၊ ကျန်းမာရေး ပြဿနာများကို ဆင်ခြင်ကြည့်ပါလော့။

သို့သော်လည်း၊ ယာကုပ်၏စိတ်သည် မျှော်လင့်ချက်နှင့် ပြည့်လျက်ရှိခဲ့ပါလိမ့်မည်။ သေပြီဟု ထင်မှတ်ထားခဲ့သော မိမိ၏သား ယောသပ်ကို မြင်တွေ့ရမည်။ ယောသပ်ကို ကွယ်ကာ စောင့်ရှောက် တော်မူခဲ့သော အနန္တတန်ခိုးရှင် ဘုရားသခင်အပေါ်၌လည်း ယာကုပ်သည် အလွန် ဝမ်းမြောက်ခြင်း ရှိခဲ့ပါလိမ့်မည်။ ထာဝရ ဘုရားသခင်သည် မဖြစ်နိုင်သောမှုကို ဖြစ်စေတော်မူနိုင်သော ဘုရားသခင်ဖြစ်တော်မူ၏။

နောက်ဆုံးတွင်၊ သူတို့သည် ဂေါရှင်သို့ ရောက်လာခဲ့၏။ ယာကုပ်သည် နှစ်ပေါင်း ၂၀ ကျော် ဝေးကွာခဲ့သော ယောသပ်နှင့် ပြန်လည်ဆုံးတွေ့ခွင့် ရခဲ့ပါသည်။ ယောသပ်သည် “အဘ၏ လည်ပင်းကို ဘက်လျက် ကြာကြာ ငိုလေ၏” (ကမ္ဘာ ၄၆း၂၉)။ ယာကုပ်က “ယခု ငါသေပါစေသော။ သင်၏မျက်နှာကို ငါမြင်ရပြီ။ သင်သည် အသက်ရှင် သေး၏” (ကမ္ဘာ ၄၆း၃၀) ဟု ဆို၏။

ထို့နောက်၊ ယောသပ်သည် အဘ မိသားစုများ ထိုပြည်၌ အခြေချရေးဆိုင်ရာအမှုများကို လက်တွေ့ အကောင်အထည် ဖော်ခဲ့ပါသည်။ ဘုရားသခင် ပေးတော်မူသော ဉာဏ်တော်အားဖြင့်၊ ဖာရောဘုရင်နှင့် ဦးစွာ မိတ်ဆက် ခဲ့ပါသည်။ ထိုအချိန်၌ ယာကုပ်နှင့် သူ့မိသားစုတို့သည် ရိုသေလေးစားမှုကို ပြသခွင့် ရခဲ့ကြ၏။ ထိုအခါ၊ ယောသပ်က သူတို့သည် သိုးထိန်းများဖြစ်ကြသောကြောင့်၊ အဲဂုတ္တုလူများနှင့် သီးခြားနေနိုင်မည်အကြောင်း ဂေါရှင်အရပ်၌ နေထိုင်ဖို့ရန် အကြံပြုခဲ့ပါသည်။ သိုးထိန်းအလုပ်ကို အဲဂုတ္တုလူတို့သည် “ရွံ့ရှာတတ်ကြ၏” (ကမ္ဘာ ၄၆း၃၄)။

**ဆင်ခြင်ရန်** - (ဒေ ၉း၁၀ ကို ဖတ်ပါ)။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော် စေခိုင်းတော်မူသောအမှုကို နေ့တိုင်း အကောင်းဆုံး ဆောင်ရွက်နိုင်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ မတ် (၁၇)

**ကမ္ဘာ ၄၆း၈-၂၇**

ဆာလံ ၃၉

*ဘုရားသခင်အတွက် နေ့တိုင်း အသက်ရှင်ပါ*

## အဲဂုတ္တုပြည်၌ လူဦးရေတိုးပွားခြင်း

ယနေ့ ဖတ်ရသော ကျမ်းပိုဒ်သည် ဟေဗြဲ နာမည်များ ဖတ်ရွတ်ခြင်းဖြစ်ပါသည်။ သို့သော်လည်း၊ သူတို့သည် ခါနန်ပြည်မှ အဲဂုတ္တုပြည်သို့ သွားရောက်ခဲ့သော၊ ကောင်းကင်ကြယ်ကဲ့သို့ များပြားသော လူမျိုးဖြစ်မည်အကြောင်း ဘုရားသခင် ရွေးကောက်တော်မူသော လူမျိုး၏ဖခင်ကြီးများ ဖြစ်ကြပါသည် (ကမ္ဘာ ၁၅း၅)။ ကမ္ဘာ ၄၆း၂၇ ကို မှတ်ထားပါ။ အဲဂုတ္တုပြည်သို့ ရောက်ရှိခဲ့သော၊ ယာကုပ်၏ မိသားစုဝင်အပေါင်းသည် အယောက် ၇၀ ဖြစ်ပါသည်။ နောင် နှစ်ပေါင်း ၄၃၀ ကြာသောအခါ၊ အဲဂုတ္တုပြည်မှ ထွက်မြောက်ကြသော ဣသရေလလူတို့သည်၊ "သူငယ်ကို မဆိုဘဲ၊ ယောကျ်ားအရေအတွက်အားဖြင့် ခြောက်သိန်းခန့်မျှ" (ထွက် ၁၂း၃၇) ရှိ၏။

ထို အယောက် ၇၀ တို့သည် မည်သူများနည်း။ ထိုသူတို့သည်၊ ယာကုပ်၊ သူ့သား ဆယ့်နှစ်ဦး၊ မြေး ၅၁ ဦး၊ မြစ် ၄ ဦး၊ သမီး တဦး (ဒိန) နှင့် မြေးမလေး တဦး (စေရ) တို့ဖြစ်ကြပါသည်။ ဤအယောက် ၇၀ တွင်၊ ၆၈ ယောက်သည် ယောကျ်ားများဖြစ်ကြပါသည်။ ဘုရားသခင်က မိမိ၏ စီမံခွဲခန့် စောင့်ရှောက်တော်မူခြင်းဖြင့်၊ လူမျိုးကြီး ဖြစ်စေဖို့ရန် ယာကုပ်မိသားစု၌ ယောကျ်ားများစွာ မွေးဖွားစေတော်မူခြင်း ဖြစ်ပါသည်။

စိတ်ဝင်စားစရာ မေးခွန်းမှုကား၊ ဤယောကျ်ားအားလုံး၏ ဇနီးများသည် အဘယ်ကနည်း။ ယာကုပ်၏မိန်းမသည် ခါရန်အမျိုးဖြစ်၍၊ လာဗန်အဆွေအမျိုးနှင့်အတူ နေထိုင်ခဲ့စဉ်က ရခဲ့ခြင်း ဖြစ်ပါသည်။ ယောသပ်၏မိန်းမသည် အဲဂုတ္တု လူမျိုးဖြစ်၏။ ရှိမောင်မှုကား ခါနန်အမျိုးသမီးဖြစ်ပါသည်။ ကျန်သောသူများ၏ မိန်းမများမှုကား၊ ရှိမောင်နှင့် လေဝိ ဖမ်းထားသော ရှေခင် အမျိုးသမီးများဟု ယူဆနိုင်ပါသည် (ကမ္ဘာ ၃၄း၂၉)။ ဣရှမေလ၊ ဧသောနှင့် ကေတုရ တို့၏သမီးများလည်း မိသားစုဝင်အဖြစ် ရေတွက်ခဲ့ပါလိမ့်မည်။ သူတို့အားလုံးသည် အာဗြဟံ၏ မျိုးဆက်များဖြစ်ကြပါ၏။

ဘုရားသခင်က လွန်ခဲ့သော နှစ်ပေါင်း ၂၄ ကတည်းမှ အာဗြဟံအား၊ "လူမျိုးကြီး" ဖြစ်စေမည်ဟု ဂတိပေးခဲ့သော်လည်း၊ အာဗြဟံသည် ၉၉ နှစ်ရှိ၍ စာရာသည် ၈၉ နှစ်ရှိသည်အထိ၊ သားမမွေးခဲ့ကြောင်း အောက်မေ့ပါလော့။ အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်ခဲ့ပြီး၊ ထိုယုံကြည်ခြင်းကို သူ့အတွက် ဖြောင့်မတ်ခြင်းအဖြစ် မှတ်ယူခဲ့ပါသည် (ကမ္ဘာ ၁၅း၆)။

ဘုရားသခင်ကို သင်ယုံကြည်ပါသလား၊ သူ့စကားကို ယုံကြည်လက်ခံပါလော့။ အဖြစ်နိုင်ဟု ထင်ရသောအချိန်၌လည်း၊ ဘုရားသခင် အတွက် မဖြစ်နိုင်သောအမှု ဟူ၍ မရှိပါ။ ဘုရားသခင် မည်သို့ အမှုပြုတော်မူသည် ကျွန်တော်တို့လေ့လာသော ကမ္ဘာဦးကျမ်းထဲ၌ သင်မြင်တွေ့သည် မဟုတ်လော။ သင့်ဘဝအသက်တာ၌လည်း ထိုဘုရားသခင်သည် အမှုပြုလျက် ရှိပါသည်။

**ဆင်ခြင်ရန်** - (ဟေရှာ ၆၀း၂၂ ကို ဖတ်ပါ)။

**ဆုတောင်းချက်** - အို အဖဘုရား၊ ကိုယ်တော်သည် အနန္တတန်ခိုးရှင်ဖြစ်တော်မူသောကြောင့် ကိုယ်တော့်ကို ချီးမွမ်းပါ၏။



သောကြာ၊ ဇန်နဝါရီ (၁၇)

**ဟေရှာ ၅၆း၉-၁၂**

တမန် ၂၀း၂၄-၃၂

*အဆုံးတိုင်အောင် တည်ကြည်သောသူသည် ကယ်တင်ခြင်းခံရမည်*

## ဖောက်ပြန်ခြင်း - ဧဝံဂေလိအသင်းတော်များ

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်၌ ဧဝံဂေလိအသင်းတော်များသည် ခရစ်ယာန် အခြေခံ ယုံကြည်ချက်များကို စွဲကိုင်ရပ်တည်ခဲ့ကြပြီး၊ ထိုသို့ မစွဲကိုင်သောသူများနှင့် ကင်းကင်းရှင်းရှင်း သီးခြားနေထိုင်ခဲ့ကြ၏။ ယနေ့တွင်၊ ထိုသို့ မဟုတ်တော့ပါ။ သူတို့သည် "ရှေးလမ်းဟောင်း . . . ကောင်းသောလမ်း" (ယေရမိ ၆း၁၆) ကို ထားပစ်ခဲ့ကြ၏။ လွန်ခဲ့သော နှစ်ပေါင်း ၇၀ တွင်၊ USA ၌ Dr Billy Graham, Dr Harold Ockenga, Dr Carl Henry နှင့်အခြားသူများ ဦးဆောင်လျက် "new evangelicalism" စတင်ခဲ့ပါသည်။ သူတို့သည် အရင်က အသီးအခြား နေခဲ့သော်လည်း၊ ယခုတွင် ဧဝံဂေလိ ယုံကြည်ချက်များကို မစွဲကိုင်သော ရောမအသင်းတော်၊ လီဘာရယ်နှင့် ခေတ်သစ်လူများ၊ ခရစ်ယာန် မဟုတ်သောသူ၊ ခရစ်ယာန်များကို ဆန့်ကျင်သောသူများနှင့် ရောနှောလျက် လက်တွဲခဲ့ကြပါသည်။

ထိုသို့ ယုံကြည်ချက် ပြောင်းလဲခြင်းသည် ကြီးမားသော ဖောက်ပြန်မှုဖြစ်ပါသည်။ "မုသာစကားကို ယုံစိမ့်သောငှါ၊ မိစ္ဆာဒိဋ္ဌိပြုပြင်အားထုတ်ခြင်းအခွင့်ကို သူတို့၌ ဘုရား သခင် လွှတ်တော်မူလိမ့်မည်" (၂ သက် ၂း၃၊ ၁၂)။ ထိုသို့ မယုံကြည်သူများနှင့် ပေါင်းဖော်မှုပြုလျက်၊ နှစ်ပေါင်း ကြာလာသောအခါ၊ ထို ဧဝံဂေလိအသင်းတော်များသည် တကမ္ဘာ တဘာသာ စနစ် လမ်းကြောင်း ထဲသို့ ရောက်ရှိခဲ့ကြပါသည်။ ၁၉၇၄ ခုနှစ်တွင်၊ Dr Billy Graham က Lausanne ၌ ဧဝံဂေလိအသင်းတော်များကို စုစည်းလျက် အနာဂတ် လမ်းကြောင်းကို ပုံဖော်ခဲ့ပါသည်။ ထိုနေရာ၌ ရောနှောခြင်းနှင့် ဖောက်ပြန်ခြင်း မျိုးစေ့ကို ကြဲခဲ့ပါသည်။

၁၉၈၉ ခုနှစ်တွင်၊ ဖိလိပိုင်နိုင်ငံ၊ မနီလာမြို့၌ ထို ဧဝံဂေလိအသင်းတော်များသည် "Lausanne II Congress on World Evangelisation" ၌ စုရုံးခဲ့ကြပါသည်။ Dr Billy Graham နှင့် အခြား ကျော်ကြားသော သူများဖြစ်သည့် Dr John Stott, Dr Leighton Ford တို့၏ဦးဆောင်မှုဖြင့် WCC၊ ရောမအသင်းတော်နှင့် ဆုကျေးဇူး အလွန်အကျွံ ယုံကြည် ကျင့်သုံးသောသူများအား သူတို့အဖွဲ့ထဲသို့ လက်ခံခဲ့ကြ၏။ ၁၉၄၈ မှ စ၍ အသီးအခြားနေခြင်း ယုံကြည်ချက်ကို ပစ်ပယ်လျက်၊ ၁၉၈၉ တွင် ဖောက်ပြန်ခြင်းသို့ ကျရောက်ခဲ့ပါသည်။ ၁၉၉၄ နှင့် ၁၉၉၇ ခုနှစ်များတွင်၊ ဧဝံဂေလိ အသင်းတော်များနှင့် ရောမန်ကာသိုလစ် အသင်းတော် ပေါင်းစည်းခြင်း သဘောတူညီမှု စာချုပ်ကို လက်မှတ် ထိုးခဲ့ကြ၏။ ဤအမှုအားဖြင့် ထိုဧဝံဂေလိအသင်းတော်များသည် ၁၆ ရာစု အသင်းတော် ပြုပြင်ပြောင်းလဲခြင်း ပေးဆပ်မှုကို ပြက်ရယ်ပြုလျက်၊ သန့်ရှင်းသော ယုံကြည်ချက်ကို စွန့်ပစ်ခဲ့ကြ၏။ သူတို့သည် တကမ္ဘာ တဘာသာ စနစ်ကို စွဲကိုင်လျက်၊ လီဘာရယ်များ၊ မယုံကြည်သူများနှင့် လက်တွဲလျက်၊ လူမှုရေး နိုင်ငံရေးအမှုကို "ခရစ်ယာန် တာဝန်" အမှုဟု မှတ်ယူဆောင်ရွက်ကြပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်အသင်းတော်သည် ကျမ်းစာသွန်သင်ချက်ဖြစ်သော အသီးအခြား နေခြင်း သြဝါဒတရားကို စွဲကိုင်ပါသလား။

**ဆုတောင်းချက်** - အို အဖဘုရား၊ မသန့်ရှင်းသော အဖွဲ့အစည်းအပေါင်းမှ ကျွန်ုပ်ကို ကွယ်ကာ စောင့်ရှောက်တော်မူပါ။

## ဖောက်ပြန်ခြင်း - ဝိညာဉ်ဆုကျေးဇူး မှားယွင်းစွာ စွဲကိုင်သောသူများ

ဝိညာဉ်ဆုကျေးဇူး မှားယွင်းစွာ စွဲကိုင်ခြင်း လှုပ်ရှားမှုသည် ၂၀ ရာစု အစောပိုင်း၌ အမေရိကတွင် စတင်ခဲ့သော ရှေး ပင်တေကုတ္တေ လှုပ်ရှားမှု၌ အခြေခံထားခဲ့ပါသည်။ ရှေး ပင်တေကုတ္တေ ယုံကြည်သူများသည် များသောအားဖြင့် ကျမ်းစာကို ယုံကြည်သော၊ အခြေခံ ယုံကြည်ချက်များကို စွဲကိုင်သောသူများဖြစ်ကြပါသည်။ "မသိသော ဘာသာစကားပြောခြင်း" နှင့် "ယုံကြည်ခြင်းဖြင့် အနာရောဂါ ငြိမ်းစေခြင်း" တို့ကို ပေါ်ပေါ်ထင်ထင် အသုံးမပြုခဲ့ကြပါ။

၁၉၆၀ ခုနှစ်နှောင်းပိုင်းတွင် တစုံတရာဖြစ်ပွားခဲ့ပါသည်။ "မသိသော ဘာသာစကားပြောခြင်းနှင့် အနာရောဂါ ငြိမ်းစေခြင်း" လှုပ်ရှားမှုသည် အရှိန်အဟုန်ဖြင့် ဝင်ရောက်လာခဲ့၏။ အမေရိကရှိ ခရစ်ယာန်အဖွဲ့အစည်းများစုကို ဤလှုပ်ခတ်မှုကြီးက နိုးထစေခဲ့ပါသည်။ ပင်တေကုတ္တေ အသင်းတော် ပြင်ပမှ "သေနေသော အသင်းတော်များ" ၏ အသင်းဝင်များတို့သည် ဆုတောင်းခြင်း၊ ကျမ်းစာလေ့လာခြင်း၊ မိသာဟာရဖွဲ့ခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်း အစား "ပင်တေကုတ္တေ တန်ခိုး"ကို ခံခဲ့ကြရ၏။ ဤ နိုးကြား လှုပ်ရှားမှုသည် အသင်းတော်အများစု သာမက၊ ရောမန်ကာသိုလစ် အသင်းတော်ထဲသို့ပင် ဝင်ရောက်ခဲ့ပြီး၊ "မသိသော ဘာသာစကားပြောခြင်း" နှင့် "အနာရောဂါ ငြိမ်းစေခြင်း ယုံကြည်ခြင်း တန်ခိုး" ကို ကြုံတွေ့ခံစားခဲ့ကြပါသည်။

ဆယ်စုနှစ် နှစ်ခုလောက်ကြာလာသောအခါ၊ ဤ "သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်း" လှုပ်ရှားမှုသည် ကမ္ဘာပေါ်ရှိ အသင်းတော် အားလုံးနီးပါးကို လွှမ်းမိုးလာခဲ့ပါသည်။ ထို ရှေးပင်တေကုတ္တေ "မသိသောဘာသာစကားပြောခြင်းနှင့် အနာငြိမ်းစေခြင်း" ၌ အသစ်သော ဝိညာဉ်ဆုကျေးဇူး အလွန်အကျွံ ယုံကြည်အသုံးပြုခြင်း လှုပ်ရှားမှု ထပ်ဖြည့်ခဲ့ကြ၏ -

(၁) တကမ္ဘာ တဘာသာ စနစ်ဖြင့် အသင်းတော် အဖွဲ့အစည်းများ ပူးပေါင်းခြင်း၊
(၂) သမ္မာကျမ်းစာ ပြင်ပ "ပရောဖက်ပြုခြင်း၊ အိပ်မက် ရူပါရုံ နှင့် အံ့ဘွယ်နိမိတ်လက္ခဏာပြခြင်း" ကို အလေးထားခြင်း၊
(၃) "အံ့ဖွယ်အမှုပြုခြင်း၊ အနာရောဂါငြိမ်းစေခြင်း၊ လူသေကို ပြန်ရှင်စေနိုင်ခြင်း၊ ဝိညာဉ်များနှင့် ပေါင်းဘော်ခြင်း" များ ယုံကြည်လျက် ကျင့်သုံးခြင်း စသည်တို့ဖြစ်ပါသည်။

အထူးသဖြင့်၊ တကမ္ဘာ တဘာသာ စနစ်အတွက် ပရိုတက်စတင့် အသင်းတော်များနှင့် ရောမန်ကာသိုလစ်အသင်းတော် ပေါင်းစည်းလာခြင်းသည် ဖုံးကွယ်၍ မရသော ဖောက်ပြန်မှု လက္ခဏာ ပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဝိညာဉ်ဆုကျေးဇူးကို မှားယွင်းစွာ စွဲကိုင်သောသူများ၏ လှုပ်ရှားမှု၌ ပါဝင်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အချိန်ကာလကို ပိုင်းခြားသိနားလည်နိုင်မည့်အကြောင်း အသိဉာဏ် ရှိဖို့ရန် ကိုယ်တော်၏ နှုတ်ကပတ်တရားတော်ကို လေ့လာမည့်အကြောင်း မစတော်မူပါ။





## ယာကုပ်၏နောက်ဆုံးခရီးသွားခြင်း

ဘဝ၌ ကြုံတွေ့ရသော အခက်အခဲများထဲတွင် အိမ်မှ ထွက်ခွါခြင်းသည်လည်း တခု အပါအဝင်ဖြစ်ပါသည်။ အထူးသဖြင့်၊ လူငယ်ဘဝနှင့် အသက်ကြီးသောအချိန်၌ အိမ်ကို ထားခဲ့ခြင်းသည် အလွန်ခံစားရပါသည်။ ယာကုပ်သည် ငယ်ရွယ်စဉ် အိမ်မှ ထွက်ခွါခဲ့ရပြီး၊ နှစ်ပေါင်း ၂၀ ကြာမှ ပြန်လာခဲ့ရပါသည်။ သူ့အတွက် ဂတိတော်ပြည်သည် မိမိ၏အိမ်ဖြစ်ခဲ့ပါသည်။ သူ့ဆန္ဒသည် မိမိသားများနှင့်တကွ ထိုပြည်၌ ကောင်းမွန်စွာ နေထိုင်လျက်၊ မိမိ၏နောက်ဆုံးအချိန်ကို အေးချမ်းစွာ ထိုပြည်၌ ကုန်ဆုံးစေခြင်း ဖြစ်ပါသည်။ အဝေးသို့ ခရီးနှင်ရမည် ဟူသော အတွေး လုံးဝ မရှိခဲ့ပါ။ သူသည် အသက်ကြီးပြီးဖြစ်သောကြောင့် ထိုသို့ ခရီးဝေးသွားခြင်းသည် သူ့အတွက် အလွန်ပင်ပန်း စရာကောင်းလှသော အမှုဖြစ်ပါသည်။

သို့သော်လည်း၊ ဖြစ်ပျက်သောအမှုများကြောင့်၊ ကြာမြင့်စွာ ပျောက်ခဲ့သော မိမိ၏သား ယောသပ်ကို မြင်တွေ့ရမည်ဟူသော မျှော်လင့်ချက်က အရာအားလုံးကို ပြောင်းလဲစေခဲ့ပါသည်။ မိမိ ချစ်သော ခင်ပွန်း ရာခေလ၏သားသည် ယခု အသက်ရှင်လျက်ရှိသေး၏။ "တန်တော့ . . . ငါ မသေမှီ သူ့ကို သွား၍ ကြည့်မည်ဟု ဆို၏" (ကမ္ဘာ ၄၅း၂၈)။ လူအချို့သည် မိမိတို့ မသေမှီ ပြုလိုသောအမှု တစုံတရာ ရှိပြီး ထိုအမှုက သူတို့၏စိတ်ကို လွှမ်းမိုးထားတတ်ပါသည်။ ယောကုပ်သည်လည်း ထိုသူများအထဲ၌ ပါဝင်သည်ဟု ဆိုရပါမည်။

ဗေရရှေဘ အရပ်သို့ ရောက်လာခဲ့ကြ၏။ ဤအရပ်၌ အာဗြဟံနှင့် ဣဇာက်တို့သည် ယဇ်ပူဇော်ခဲ့ကြဖူးပါသည်။ ထိုနည်းတူ၊ ယာကုပ်ကလည်း ယဇ်ပူဇော်ခြင်းပြု၏။ ခရီးဝေးသွားခြင်းနှင့် တိုင်းတပါး၌ နေထိုင်မည့်အမှုက သူ့စိတ်ကို ဘုရားသခင်ထံ ခေါ်ဆောင်ခဲ့ပါသည်။ သံသယဝင်ခဲ့သော အချိန်များလည်း ရှိခဲ့နိုင်ပါသည်။ ဘုရားသခင်သည် ဂတိတော်ပြည်မှ အမှန်ထွက်ခွါ စေလိုပါသလား။ ပြန်သွားရသောအခွင့် ရှိပါဦးမည်လော။ ဘုရားသခင်သည် ရူပါရုံအားဖြင့် ယာကုပ်အား စကားပြောတော်မူ၏။ "ငါသည် ဘုရားသခင်ဖြစ်၏။ သင့်အဘ၏ ဘုရားသခင်ဖြစ်၏။ အဲဂုတ္တုပြည်သို့ သွားရမည်အခွင့်ကို မစိုးရိမ်နှင့်။ . . . သင်နှင့်အတူ ငါသွားမည်။ တဖန် ငါဆောင်ခဲ့ဦးမည် . . ." (ကမ္ဘာ ၄၆း၃-၄)။ ဤစကားများက လွန်ခဲ့သော နှစ်ပေါင်းများစွာက ယာကုပ် ပထမအကြိမ် အိမ်မှ ထွက်ခွါခဲ့စဉ်၊ အိပ်မက်ထဲ၌ ဘုရားသခင် မိန့်တော်မူခဲ့သောအချိန်ကို ပြန်အမှတ်ရစေသည် မဟုတ်လော။

ဘုရားသခင် မိမိစကားအတိုင်းပြုတော်မူသော ဘုရားဖြစ်ပါသည်။ မိမိ၏ဂတိတော်ကို စောင့်လျက် ပြည့်စုံစေတော်မူ၏။ သင့်ဘဝ၌ ဘုရားသခင် ပြုတော်မူသောအမှုကို သင်သိပါသလား။ သင့် ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသောအမှုကို ဝိညာဉ်မျက်စိအားဖြင့် သိမြင်ဖို့ရန် ဆုတောင်းပါ။

**ဆင်ခြင်ရန်** - (သု ၃း၆ ကို ဖတ်ပါ)။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်ဘဝအသက်တာ အပါအဝင်၊ ဖြစ်ပျက်သမျှသောအရာအားလုံးတို့ကို ကိုယ်တော် ထိန်းချုပ်တော်မူကြောင်း၊ ကိုယ်တော်၏ ကြီးမြတ်မှုကို သိမှတ်ပါ၏။ အကျွန်ုပ်၏လမ်းခရီးကို ပဲ့ပြင်တော်မူပါ။

**ကမ္ဘာ ၄၆-၄၇**

ဆာလံ ၃၈း၁-၁၁

*အရာရာတိုင်း၊ သေးသောအမှု*
*ကြီးသောအမှုတို့၌ သစ္စာရှိပါလော့*

## အစာခေါင်းပါးခြင်းမှ နားခိုရာကမ်းစပ်

ဘုရားသခင်၏လူများကို ရုပ်တုဆင်းတုကိုးကွယ်သော တိုင်းပြည်က အသက်ရှင်ဖို့ အကူအညီ ပေးလိမ့်မည်ဟု သင်ထင်ပါမည်လော။ ယုံကြည်သူများကို မယုံကြည်သူများက ကျွေးမွေးပြုစုပါလိမ့်မည်လော။ ဤအမှုသည် ခါနန်ပြည်၌ အစာခေါင်းပါးစဉ် ယာကုပ်၏မိသားစု အဲဂုတ္တုပြည်သို့ ပြောင်းရွှေ့လာသောအချိန်တွင် ဖြစ်ပျက်ခဲ့ပါသည်။ အဲဂုတ္တုပြည်၊ ပိရမစ်များရှိသောပြည်သည် အံ့သြဖွယ် အလွန် ခေတ်ရှေ့ပြေးသော၊ သိပ္ပံအတတ်၊ စက်မှုပိုင်းဆိုင်ရာနှင့် လူနေမှု တိုးတတ်သောပြည်ဖြစ်ပါသည်။ ယနေ့ထိတိုင်၊ ပိရမစ်တည်ဆောက်ခြင်း အင်ဂျင်နီယာ အတတ်ပညာသည် အလွန်ဆန်းကြယ်လှပါသည်။

သို့သော်လည်း၊ ဘုရားသခင်ရှေ့တွင် အဲဂုတ္တုပြည်သည် မိမိ၏ ထာဝရ အစီအစဉ် ပြည့်စုံစေဖို့ရန် အသုံးပြုသော တန်ဆာပလာတခုသာဖြစ်ပါသည်။ ဆာလံဆရာက၊ "ထာဝရဘုရားသည် စိုးစံပိုင်တော်မူ၏။ လူမျိုးတို့ကို မင်းပြုတော်မူ၏" (ဆာလံ ၂၂း၂၈) ဟု ဆိုခဲ့ပါသည်။ သမ္မာကျမ်းစာထဲ၌ အဲဂုတ္တုပြည်သည် ဘုရားသခင်၏လူများအား အစာခေါင်းပါးခြင်းကြုံတွေ့သောအခါ နားခိုရာကမ်းစပ် ဖြစ်ခဲ့ပါသည် - ပထမတွင် အာဗြဟံ အတွက်ဖြစ်၍ (ကမ္ဘာ ၁၂း၁၀)၊ နောက်တွင် ယာကုပ်နှင့် သူ့မိသားစုအတွက် ဖြစ်ခဲ့ပါသည်။ ထိုအမှုအတွက်၊ ဘုရားသခင်သည် ယောသပ်ကို ကယ်တင်ရှင်အတွက် အစ်ကိုများ ရှေ့၌ အရင် ပို့တော်မူခဲ့၏။

အနန္တတန်ခိုးရှင် ဘုရားသခင်သည် ယာကုပ်အား ဂတိတော်ပြည်မှ ထွက်သွားစေခဲ့ပြီး၊ တိုင်းတပါးသို့ ကာလအချိန်တခု နေထိုင်စေတော်မူ၏။ ထိုသို့ဖြင့်၊ အဲဂုတ္တုပြည်သည် နှစ်ပေါင်း ၄၃၀ အတွင်း ဣသရေလ လူပေါင်း ၇၀ လောက်မှ ၂ သန်းအထိ လူဦးရေ တိုးပွားစေခဲ့သော၊ ဣသရေလ လူမျိုးအတွက် ပုခက် ဖြစ်ခဲ့ပါသည်။ အစကတည်းမှ သီးခြားနေထိုင်ခဲ့ကြပြီး၊ ဘုရားသခင်၏ ကွယ်ကာစောင့်ရှောက်ခြင်းဖြင့် ဣသရေလသည် တိုးပွားများပြားခဲ့၏။ နောက်တွင် သမိုင်း၌ အကြီးကျယ်ဆုံးသော ကယ်ဆယ်ခြင်းအမှုတည်းဟူသော၊ ထွက်မြောက်ခြင်း အတွက် အဲဂုတ္တုပြည်သည် ပြင်ဆင်ရာ နေရာတခု ဖြစ်လာခဲ့ပါသည်။

ဘုရားသခင်သာ မရှိလျှင်၊ ထိုနေရာသည် လွတ်လမ်းမရှိသော အကျဉ်းထောင် ဖြစ်ခဲ့ပါလိမ့်မည်။ သို့သော်လည်း၊ ဘုရားသခင်သည် မိမိ၏တန်ခိုးကို ပြတော်မူလျက်၊ ထိုအကျဉ်းထောင်မှ မိမိလူများကို ကယ်နှုတ်တော်မူခဲ့ပါသည်။

သင်သည် လွတ်လမ်းမရှိသော ထောင်ထဲ၌ ရှိနေပါသလား။ လွတ်မြောက်ဖို့ရန် ဘုရားသခင်ကို မျှော်ကြည့်ပါလော့။ ဘုရားသခင် ပြုတော် မမူနိုင်သောအမှု ရှိတော် မမူ။ ဘုရားသခင်နှင့် သင့်မြတ်အောင်သာ နေထိုင်ပါလော့။ နှုတ်ကပတ်တရားတော်ကို နာခံလျက် အသက်ရှင်ပါလော့။ သို့ဆိုလျှင်၊ သင့်ကို ကောင်းကြီးပေးတော်မူလိမ့်မည်။ ဘုရားသခင် တတ်နိုင်တော်မူ၏။ သူသည် အနန္တတန်ခိုးရှင် ဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - (ဟောရှာ ၄၀း၁၇ ကို ဖတ်ပါ)။
**ဆုတောင်းချက်** - အဖဘုရား၊ ကြုံတွေ့ရသော ဘဝအခြေအနေတိုင်း၌ ကိုယ်တော်ကို မြင်လိုပါ၏။





**၂ ပေ ၂း၁-၄**

၂ ပေ ၃

*သခင်ဘုရား၌ တည်ကြည် မြဲမြံခြင်းရှိလော့*

## ဖောက်ပြန်ခြင်း - URO

၁၉၉၅ ခုနှစ်၊ ဇွန်လ တွင်၊ "ကမ္ဘာ့ ဘာသာများ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်း၌ ပေါင်းစည်းဖို့ရန်" ဟူသော ရည်ရွယ်ချက်ဖြင့်၊ the Interfaith Summit Conference ကို ကျင်းပခဲ့ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ ကိုစံထားလျက်၊ United Religions Organisation (URO) သည် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်း၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် ပေါင်းစည်းလျက် ဘာသာများပေါင်းစည်းခြင်း အဖွဲ့အစည်းဖြစ်ရမည်ဟု အဆိုတင်သွင်းခဲ့ကြ၏။ ၂၀၀၀ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင်၊ Pittsburg, Pennsylvania ၌ United Religions Initiative (URI) မွေးဖွားခဲ့ပါသည်။ အစည်းအဝေးသို့ တတ်ရောက်လာကြသောသူများ၏ လက်မှတ်ထိုးခြင်းဖြင့် ထိုသို့မွေးဖွားလာခြင်းဖြစ်ပါသည်။ ရေးမှတ် ဖော်ပြထားသည်အတိုင်း၊ URI ၏ရည်ရွယ်ချက်မှာ၊ "မတူညီသော ဘာသာများ ပေါင်းစည်းခြင်းကို ဖော်ဆောင်ရန်၊ ဘာသာရေးပြသနာ ချုပ်ငြိမ်းစေလျက် ငြိမ်းချမ်းသော လူမှုရေး ဖော်ဆောင်ရန်၊ ကမ္ဘာမြေကြီးနှင့် သက်ရှိအပေါင်းအတွက် တရားမျှတမှုနှင့် ငြိမ်းချမ်းမှု ဖော်ဆောင်ရန်" ဖြစ်ပါသည်။ ထိုသို့ ဘာသာများ ပေါင်းစည်းဖို့ရန် ကြိုးစားသည်နှင့်အညီ၊ အဖြစ်မနေ လိုအပ်လာသောအရာသည် ပေါင်းစည်းခြင်း "စာအုပ်" ထုတ်ဝေဖို့ ဖြစ်ပါသည်။ ထို့ကြောင့်၊ "ကမ္ဘာ့ ကျမ်းစာ" ပေါ်ထွက်လာခြင်းသည် အံ့သြစရာ မဟုတ်ပါ။ ထို ကျမ်းစာသည် ဤလောကရှိ ဘာသာအပေါင်းတို့၏ အဓိကယုံကြည်ခြင်းများ စုစည်းထားသော ကျမ်းဖြစ်ပါသည်။ ဘာသာတိုင်း၏သွန်သင်ချက်များကို သာတူညီမျှ ခွဲခြင်းခြင်း မရှိဘဲ၊ အမှန်အဖြစ် လက်ခံ ခဲ့ကြပါသည်။

ဤအမှုက ဖောက်ပြန်မှုကို ပို၍ထင်ရှားစေခဲ့ပါသည်။ သမ္မာကျမ်းစာကို "ကမ္ဘာ့ကျမ်းစာ" ဖြင့် အစားထိုးခြင်းဖြစ်ပါသည်။ "ယေရှုသာလျှင် တခုတည်းသောလမ်းဖြစ်သည်" ဟူသောအချက်ကို "လမ်းအားလုံးဖြင့် ဘုရားသခင်ထံရောက်နိုင်သည်" ဟူသောအချက်ကို ယုံကြည်ခဲ့ကြ၏။ လူတို့၏ အသက်ဝိညာဉ်ကို အဓိက မထားနှင့်၊ ကမ္ဘာမြေကြီးကို ကယ်တင်ကြစို့ ဟုဆိုကြ၏။ ခရစ်ယာန်၊ ဤအမှုကို သင် ဘယ်လို တုန့်ပြန်မည်နည်း။ ကျယ်သော လမ်းကို လိုက်လျက်၊ ရေစီးကြောင်းအတိုင်း လိုက်စီးဆင်းဖို့ အလွန် လွယ်ကူ လှပါသည်။ သို့သော်လည်း၊ ခရစ်ယာန်၊ နိုးကြားခြင်းရှိပါလော့။ လောကီလူတို့၏ လှည့်ဖြားခြင်းကို မခံပါနှင့်။ ထိုအရောအနှောထဲသို့ မပါဝင်ပါနှင့်။

၂ ပေ ၃း၁၀၊ "မြေကြီးကိုယ်မှစ၍၊ မြေကြီးပေါ်မှာ ပြုလုပ်သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်။" ကမ္ဘာမြေကြီးကို ကယ်တင်ဖို့ မကြိုးစားပါနှင့်၊ သင့်ကြိုးစားအားထုတ်မှုသည် အချည်းနှီးသက်သက်ဖြစ်ပါလိမ့်မည်။ ဆက်လက်၍ ပေတရုက၊ "ဖြောင့်မတ်ခြင်းတရား တည်နေရာ မိုးကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါတို့သည် ဂတိတော်နှင့်အညီ မြော်လင့်ကြ၏။ . . . သင်တို့သည် အညစ်အကြေးနှင့်ကင်းစင်၍ အဘယ်အပြစ်မျှ မပါဘဲ၊ ရှေ့တော်သို့ ငြိမ်ဝပ်စွာရောက်မည်အကြောင်း ကြိုးစားအားထုတ်ကြလော့" (၂ ပေ ၃း၁၃-၁၄) ဟု ဆိုခဲ့ပါသည်။ သတိရှိခြင်းသည် ကြိုတင်ပြင်ဆင်ခြင်းပင်ဖြစ်ပါသည်။ ပေါင်းစည်းခြင်း ရေစီးကြောင်းထဲ မျှောပါ မသွားဖို့ သတိပြုပါ။

**ဆင်ခြင်ရန်** - ကျွန်ုပ်ဘဝကို ဘယ်သူထံ ကျွန်တော် ပုံအပ်ပါသနည်း - ယေရှုထံလော (သို့) လောကီအမှုထံ၌လော။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ ကယ်တင်ခြင်း သတင်းကောင်း ဝေငှခြင်း၌ ပို၍ ကြိုးစားအားထုတ်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဇန်နဝါရီ (၂၀)

**ဟေရှာ ၅၉း၁၆-၂၁**

ယုဒ ၃-၄

*နေ့စဉ် ကိုယ်တော့်အနား၌ ချဉ်းကပ်လျက်*
*နေမည်အကြောင်း သွန်သင်ပေးတော်မူပါ*

## ဖောက်ပြန်ခြင်း အရင်ဖြစ်မည်

ရောမန်ကာသိုလစ်၊ ကမ္ဘာ့ အသင်းတော် ကောင်စီ၊ ဧဝံဂေလိ အသင်းတော်များ၊ ဆုကျေးဇူးကို မှားယွင်းစွာ ယုံကြည် အသုံးပြုသောသူများနှင့် ဘာသာများ စည်းလုံးပေါင်းစည်းခြင်း အဖွဲ့အစည်းက ခရစ်ယာန် အသင်းတော် ဖောက်ပြန်ခြင်းအမှုကို ဦးဆောင်လျက်ရှိကြောင်း လေ့လာခဲ့ပါပြီ။

နောက်ဆုံးကာလ ဤအဖွဲ့အစည်းများ၏ ထင်ရှားသော အံ့ဩစရာအမှု ဆောင်ရွက်ချက်များမှာ-

(၁) ဂိုဏ်းပေါင်းစုံ အတူတကွ ဝတ်ပြုကိုးကွယ် တွေ့ဆုံခြင်း၊

(၂) "ခရစ်ယာန်များ" နှင့် ဘာသာခြားများ အတူတကွ ကိုးကွယ်ဝတ်ပြုခြင်း၊

(၃) အင်္ဂလီကန်များဦးဆောင်လျက် "ရောမသို့ ပြန်သွားခြင်း" ဟူသော ပရိုတက်စတင့်များ ဘုရားဖူးသွားခြင်း၊

(၄) ကမ္ဘာ့အသင်းတော်ကောင်စီနှင့် ရောမန်ကာသိုလစ် ပေါင်းစည်းမှု "အောင်မြင်လာခြင်း၊"

(၅) "သီးခြားနေ ညီအစ်ကိုများ" ကို ပြန်လာဖို့ရန် ပါးနပ်စွာ စောင့်လျက်ရှိနေသော ပုပ်ရဟန်းမင်းကြီး၊ စသည်တို့ဖြစ်ပါသည်။

ဤတကမ္ဘာ တဘာသာ စနစ် အမှန်ဖြစ်ပေါ်လာသောအခါ၊ ရောမန်ကာသိုလစ် အသင်းတော်သည် ခေါင်းဆောင် နေရာ၌ ရပ်တည်ပါလိမ့်မည်။ ၂ သက် ၄ နှင့် ဗျာ ၁၇း၁-၆ ကို ဖတ်ပါ။ ဤအမှုများကို သင်မြင်ရသောအခါ၊ သခင်ယေရှု ကြွလာတော်မူလိမ့်မည်။

ခရစ်ယာန် အဖွဲ့အစည်း တခုလုံးကို လျင်မြန်စွာ လွှမ်းမိုးလာသော ဤဖောက်ပြန်မှုကြီး အကြောင်းကို ကျမ်းစာ ယုံကြည်သော အသင်းတော်နှင့် သစ္စာရှိသော ခရစ်ယာန်တို့သည် သူတပါးကို သတိပေးဖို့ရန် တာဝန်ရှိပါသည်။ ဤ ဖောက်ပြန်မှုသည် ကျမ်းစာအတိုင်း ရပ်တည်သော ခရစ်ယာန်ကို တိုက်ခိုက်လျက်၊ ဘာသာအပေါင်းနှင့်ပေါင်းစည်းလျက် လွဲမှားသော ခရစ်ယာန် အဖွဲ့အစည်း တည်ထောင်ခြင်း အတွက် လမ်းခင်းပေးလျက် ရှိပါသည်။

လှည့်ဖြားခြင်း မခံပါနှင့်။ သခင်ယေရှု ချီးမွမ်းသော ဖိလဒေလဖိမြို့၏အသင်းတော် ကဲ့သို့ သင် ဖြစ်ပါစေ။ "သင်သည် ငါ၏သည်းခံခြင်းနှင့်စပ်ဆိုင်သော နှုတ်ကပတ်တရားကို စောင့်ရှောက်သောကြောင့်၊ မြေကြီးအပေါ်၌ နေသောသူတို့ကို စုံစမ်းစေခြင်းငှါ၊ လောကီနိုင်ငံ အရပ် ရပ်တို့ကို နှံ့ပြားလတံ့သော စုံစမ်းရာကာလတွင်၊ သင့်ကို ငါစောင့်ရှောက်မည်။ ငါသည် အလျင်အမြန် လာမည်။ သင်၏သရဖူကို အဘယ်သူမျှ မယူစေခြင်းငှါ၊ ရခဲ့ပြီးသောအရာကို စွဲကိုင်လော့" (ဗျာ ၃း၁၀-၁၁)။

**ဆင်ခြင်ရန်** - ကျော်စောခြင်းသည် ပို၍ကောင်းပါသလား။ ဘုရားသခင် အမြင်၌ ထိုသို့ မဟုတ်ပါ။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်ကို လှည့်ဖြားခြင်းအပေါင်းမှ စောင့်ရှောက်တော်မူလျက်၊ အဆုံးထိတိုင်အောင် သစ္စာရှိမည်အကြောင်း မစတော်မူပါ။



သောကြာ၊ မတ် (၁၄)

**ကမ္ဘာ ၄၅း၁၆-၂၈**

ဆာလံ ၃၇း၃၁-၄၀

*ထာဝရဘုရား စိုးစံတော်မူ၏*

## အဲဂုတ္တုပြည်၌ သတင်းကောင်း

ယောသပ်နှင့် အစ်ကိုများ အံ့ဘွယ် ပြန်လည်ပေါင်းစည်းခြင်းအကြောင်းကို ဖာရောဘုရင် ကြားသိခဲ့ပါသည်။ ဖာရောဘုရင်သည် ထိုအကြောင်း၌ ဝမ်းမြောက်ခြင်း ရှိလျက်၊ ယောသပ်၏ အဘနှင့် ညီအစ်ကိုတို့ကို ကြိုဆိုခဲ့ပါသည်။ တွန့်ဆုတ်ခြင်း မရှိဘဲ၊ သူသည် ယောသပ်၏အကြံအစည်ကို သဘောတူခဲ့ပြီး၊ ယောသပ် ညီအစ်ကိုတို့အား ခါနန်ပြည်မှ အဲဂုတ္တုပြည်သို့ လာရာခရီး၌ လိုအပ်သည်များကို အကူအညီပေးဖို့ရန် အသင့်ဖြစ်ခဲ့ပါသည် (ကမ္ဘာ ၄၅း၁၈)။ နောက် နှစ်ပေါင်း ၄၀၀ ကြာလာသောအခါ ဖြစ်ပွားမည့် အံ့ဘွယ် ကယ်တင်မှုကြီးတည်းဟူသော၊ ထွက်မြောက်ရာကျမ်း အတွက် အုတ်မြစ်ကို ယခု ချခဲ့ပါသည်။

ယာကုပ်၏မိသားစုကို ဘုရားသခင်သည် တပါးအမျိုးသားနှင့် တပါးအမျိုးသား ဘုရင်၏ လက်ဖြင့် ကယ်တင်တော်မူခြင်းသည် အံ့ဘွယ်တခုပင်ဖြစ်ပါသည်။ ဖာရောဘုရင်သည် အဲဂုတ္တုပြည်ကို ကယ်တင်ဖို့ရန် ဘုရားသခင် ပို့တော်မူခဲ့သော ယောသပ်အပေါ် ဝမ်းမြောက်ခြင်းကြောင့် ထိုသို့ ပြုရခြင်းဖြစ်ပါသည်။ တပြည်လုံးသည် ယောသပ်အပေါ် အကြွေးတင်ခဲ့ကြပြီး၊ ယခု ထိုအကြွေးကို ဆပ်ခဲ့ကြခြင်းဖြစ်ပါသည်။

(၁) ဖာရောဘုရင်ကိုယ်တိုင်က ခါနန်ပြည်မှ ယာကုပ် မိသားစု ကယ်ဆယ်ရေးအမှု၌ လမ်းညွှန်မှုပေးလျက်၊ လိုအပ်သော တိရိစ္ဆာန်များနှင့်ကျွန်များကို စေလွှတ်လျက် သွားကြိုခိုင်းခဲ့ပါသည်။ ဖာရောဘုရင်က၊ "အဲဂုတ္တုပြည်၏စည်းစိမ်ကို ငါပေး၍ သင်တို့သည် မြေဩဇာကို စားရကြလိမ့်မည်" (ကမ္ဘာ ၄၅း၁၈) ဟု ဆိုခဲ့ပါသည်။

(၂) အဲဂုတ္တုပြည်၌ အာဏာရှိသော၊ ယောသပ်သည် မိသားစုဝင်ပေါင်း ၇၀ လောက် အတွက် လမ်းခရီး၌ လိုအပ်မည့် အစားအစာများကို ပြင်ဆင်ခဲ့ပါသည်။ သူ၏အဘ ယာကုပ်အတွက်၊ ယောသပ်က စပါး၊ မုန့်၊ ခဲဖွယ်စားဘွယ်များကို တင်ဆောင်သော မြည်းတဆယ်ကို လက်ဆောင်ပို့ခဲ့ပါသည်။

(၃) ထိုအခါ၊ အစ်ကိုတို့သည် ခရီးနှင်လျက် ခါနန်သို့သွား၍ သတင်းကောင်းကို သူတို့အဘထံ ပြောခဲ့ကြပါသည်။ ယာကုပ်အတွက် ထိုအမှုသည် အံ့ဩစရာကောင်းလှပါသည်။ သေပြီဟု ထင်မှတ်ခဲ့သော၊ နှစ်ပေါင်း ၂၀ လောက် ပျောက်ခဲ့သော သားသည် ယခု အဲဂုတ္တုပြည်ကို အစိုးရသောသူ ဖြစ်ခဲ့ပါသည်။ "ယာကုပ်သည် စိတ်နှလုံး လျော့၏။ သူတို့ စကားကို မယုံနိုင်" (ကမ္ဘာ ၄၅း၂၆)။

ဂတိတော်ပြည်မှ ထွက်ခွါရလိမ့်မည်ဟု ယာကုပ် ဘယ်တော့မှ မတွေးခဲ့ပါ။ သို့သော်လည်း၊ အကြောင်းနှစ်ချက်ကြောင့် ထိုသို့ ထွက်ခွါဖို့ ဖြစ်လာခဲ့ပါသည်၊ အစာခေါင်းပါးခြင်းမှ လွတ်မြောက်ဖို့ရန်နှင့် အကြာကြီး ပျောက်ဆုံးခဲ့သော သားကို တွေ့ဖို့ရန် ဖြစ်ပါသည်။ "ငါ မသေမီ သူ့ကို သွား၍ ကြည့်မည်ဟု ဆို၏" (ကမ္ဘာ ၄၅း၂၈)။

**ဆင်ခြင်ရန်** - (ဆာလံ ၂၂း၂၈ ကို ဖတ်ပါ)။

**ဆုတောင်းချက်** - အို အဖဘုရား၊ အချိန်တိုင်း ကိုယ်တော်ကို ယုံကြည်ကိုးစားမည်အကြောင်း ကျွန်ုပ်ကို သွန်သင်ပေးတော်မူပါ။

ကြာသပတေး၊ မတ် (၁၃)

**ကမ္ဘာ ၄၅း၁-၁၅**

ဆာလံ ၃၇း၁၁-၂၀

*အို ငါ့ဝိညာဉ်၊ ထာဝရဘုရားကို ချီးမွမ်းလော့*

## သင်တို့မဟုတ်၊ ဘုရားသခင်ဖြစ်တော်မူ၏

သူ့အစ်ကိုတို့သည် သူတို့၏အရင်အပြစ်များကို အမှန် နောင်တခဲ့ကြောင်း သိမြင်သောအခါ၊ ယောသပ်သည် မိမိကိုယ်ကို သူတို့ထံ အသိပေးခဲ့ပါသည်။ အဲဂုတ္တုလူများကို ထွက်သွားစေပြီးမှ၊ ဟေဗြဲဘာသာဖြင့်၊ "ကျွန်ုပ်သည် ယောသပ်ဖြစ်၏။ ကျွန်ုပ်အဘသည် အသက်ရှင်သေးသလော" (ကမ္ဘာ ၄၅း၃) ဟု ဆိုခဲ့ပါသည်။ ယောသပ်သည် မိမိ၏စိတ်ခံစားမှုကို မထိန်းချုပ်တော့ဘဲ၊ မျက်ရည်ကျလျက် ဖော်ပြခဲ့ပါသည်။ သို့သော်လည်း၊ သူ့အစ်ကိုတို့သည် သူတို့၏အပြစ်ကြောင့်၊ ယောသပ်၏စကား၌ အံ့သြတုန်လှုပ်ခဲ့ကြ၏။ ကြင်နာခြင်း ကင်းမဲ့စွာ ဆက်ဆံခဲ့သော သူတို့၏ညီကို မည်သို့ ရင်ဆိုင်ရကြပါမည်နည်း။

ယောသပ်က နှိမ့်သိမ့်သောစကား ဆိုလျက် သူတို့၏ ကြောက်စိတ်ကို ဖယ်ရှားခဲ့ပါသည်။ "သို့ရာတွင် သင်တို့သည် ကျွန်ုပ်ကို ဤအရပ်သို့ ရောင်းလိုက်မိသောကြောင့် စိတ်မညှိုးငယ် ကြနှင့်။ ကိုယ်ကို အမျက်မထွက်ကြနှင့်။ အကြောင်းမူကား၊ ဘုရားသခင်သည် လူတို့ အသက်ကို စောင့်မစေခြင်းငှါ သင်တို့ရှေ့မှာ ကျွန်ုပ်ကို စေလွှတ်တော်မူပြီ" (ကမ္ဘာ ၄၅း၅)။ သုံးကြိမ်တိုင်တိုင်၊ ယောသပ်က ထိုအမှုကို ပြုသောသူသည် သင်တို့ မဟုတ်၊ ဘုရားသခင်ဖြစ်တော်မူ၏ ဟုဆိုခဲ့၏။ ဘုရားသခင်၏ စီမံ လမ်းပြကွယ်ကာ စောင့်ရှောက်တော်မူခြင်းအားဖြင့် ဖြစ်ပါသည်။

ဘုရားသခင်၏ အံ့ဘွယ် ကျေးဇူးတော်နှင့် လုပ်ဆောင်မှုပင်ဖြစ်ပါသည်။ အကောင်းသောအမှုမှ ဘုရားသခင်သည် ကောင်းသောအမှုကို ဖြစ်စေတော်မူ၏။ အစ်ကိုများ၏ မနာလို မုန်းတီးမှုမှ ဘုရားသခင်သည် ကြာရှည်လအတွက် ကယ်တင်ခြင်းကို ဖြစ်စေတော်မူ၏။ ယာကုပ်၏ မျက်နှာသာပေး ခွဲခြားဆက်ဆံခြင်းကိုပင် ဘုရားသခင်သည် မိမိ၏အစီအစဉ်ကို စုံလင်စေဖို့ရန် အသုံးပြုတော်မူခဲ့၏။ ဘုရားသခင်သည် မိမိရွေးချယ်တော်မူသော ယောသပ်အားဖြင့် သူ့အစ်ကိုများကို ပြောင်းလဲစေတော်မူလျက်၊ အမျိုးတမျိုးဖြစ်လာမည့် ဖခင်ကြီးများ၏မိသားစုကို ကယ်တင်ကွယ်ကာတော်မူခဲ့ပါသည်။ ထိုအမှုအတွက်၊ ဘုရားသခင်က ယောသပ်အား၊ "အကျွန်ုပ်ကို ဖါရောဘုရင်၏အဘ အရာ၌၎င်း၊ နန်းတော်အုပ် အရာ၌၎င်း၊ အဲဂုတ္တုပြည်လုံးကို အုပ်စိုးသော သခင်အရာ၌၎င်း ခန့်ထားတော်မူပြီ" (ကမ္ဘာ ၄၅း၈)။ အဖြစ်မှန်သည် ပုံပြင်ထက် အမှန် ထူးခြားခြင်းရှိပါသည်။

အစ်ကိုတို့သည် ဘာပြောရမှန်း မသိသောအချိန်၌၊ ယောသပ်က ထိုမိသားစုကို အစာခေါင်းပါးခြင်းမှ ကယ်တင်မည့် မိမိ၏အကြံကို ပြောပြခဲ့ပါသည်။ ယာကုပ်၏မိသားစုသည် ခါနန်ပြည်မှ ထွက်ခွါလျက်၊ အဲဂုတ္တုပြည် ဂေါရှင်၌ အခြေချမည်ဖြစ်ပါသည်။ မြို့တော်နှင့် နီးသောကြောင့်၊ ယောသပ်သည် သူတို့ကို စောင့်ရှောက်ဖို့ လွယ်ကူမည်ဖြစ်ပါသည် (ကမ္ဘာ ၄၅း၁၁)။ ထိုသို့ဖြင့်၊ အရင်က ခါးသီးသောအမှုကို ချေဖျက်လျက်၊ ဝမ်းမြောက်ခြင်း မျက်ရည်များစီးဆင်းခဲ့ပါသည်။ ယောသပ်က တယောက်ချင်းစီ ဖက်လျက်၊ ရင်းနှီးစွာ နမ်းခဲ့ပါသည်။ အတိတ်သည် အတိတ်ဖြစ်ခဲ့ပါပြီး။ ယခု အသစ်သော ဘဝကို ညီအစ်ကိုအကြား၌ စတင်မည်ဖြစ်ပါသည်။ ထိုသို့ ညီအစ်ကိုပြန်လည် သင့်မြတ်ခဲ့ကြပြီးနောက်၊ အတိုးချ မိသာဟာယဖွဲ့ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - (ရောမ ၁၁း၃၃ ကို ဖတ်ပါ)။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ ကြီးမြတ်တော်မူသော ဉာဏ်တော်ကြောင့် ကိုယ်တော့်ကို ချီးမွမ်းပါ၏။ ဤလောကီ အသိဉာဏ်ကို မကိုးစားလိုပါ။



အင်္ဂါ၊ ဇန်နဝါရီ (၂၀)

**ဒံယေ ၁၂း၁-၃**

မာကု ၁၃း၄-၈

*မင်းများကို ကိုးစားခြင်းထက် ထာဝရဘုရားကို ကိုးစားခြင်းသည် သာ၍ ကောင်း၏*

## ကိုယ်တော်ကြွလာတော်မူမည့် နိမိတ်လက္ခာများ - စစ်ပွဲများ

စစ်ပွဲသည် သမိုင်းနှင့်၏ဒွန်တွဲလျက်ရှိသောအရာ ဖြစ်ပါသည်။ "မုန်းတီးခြင်းနှင့်သတ်ဖြတ်ခြင်းသည် လူ့အသွေးထဲ၌ စီးဆင်းသည်" ဟု ခေါ်နိုင်ပါသည်။ The Society of International Law Journal အရ၊ လွန်ခဲ့သော နှစ်ပေါင်း ၃၄၀၀ ကြာ သမိုင်းတွင်၊ စစ်ငြိမ်းသော အချိန်ကာလသည် နှစ်ပေါင်း ၂၆၈ သာလျှင်ဖြစ်ပါသည်။ လူသည် နှစ်ပေါင်းကြာလာသည်နှင့်အမျှ ယဉ်ကျေးသိမ့်မွေ့ခြင်း မရှိပါ။ အနာဂတ်သည်လည်း အတိတ် ထက်ပို၍ ငြိမ်းချမ်းမည်ဟု မထင်ရပါ။

ယခုရာစုသည် သမိုင်းတလျှောက်၌ အဆိုးယုတ်ဆုံးသောကာလ၊ အသေအပျောက်များ၍ ရက်စက်သောကာလ ဖြစ်သည်ဟုဆိုနိုင်ပါသည်။ ကမ္ဘာ့ စစ်ပွဲနှစ်ခုနှင့် ရေတွက်၍မရသော နိုင်ငံဒေသအတွင်း ဖြစ်ပွားသော စစ်ပွဲများ၌ လူသန်းပေါင်း ၁၀၀ ကျော် သေခဲ့ကြ၏။ ဒုတိယ ကမ္ဘာစစ်၌ လူသန်းပေါင်း ၇၈ လောက် သေခဲ့ကြပါသည်။ တတိယ ကမ္ဘာစစ်တွင် ကမ္ဘာ့ လူဦးရေ သုံးပုံတပုံ သေကြလိမ့်မည်ဟု ခန့်မှန်းထားပါသည်။ အင်အားကြီးနိုင်ငံများက ဤကမ္ဘာမြေကြီးကို အကြိမ်တရာ ဖျက်ဆီးနိုင်သော အာဏုမြူ လက်နက်များ ပိုင်ဆိုင်ကြ၏။ လူတို့သည် မိမိကိုယ်ကို ဖျက်ဆီးနိုင်စွမ်း၌ အထွဋ်အထိပ်ကို ရောက်ရှိနေပြီး၊ ခလုတ် တချက် နှိပ်ယုံဖြင့် ကမ္ဘာပေါ်ရှိ အသက်အားလုံးချုပ်ငြိမ်းသွားနိုင်ပါသည်။

ဒုတိယ ကမ္ဘာစစ် အပြီးတွင်၊ ငြိမ်းချမ်းရေး နှင့် ကုန်သွယ်ရေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသော်လည်း၊ မယုံသင်္ကာဖြစ်ခြင်းနှင့် မုန်းတီးခြင်းများက နေရာယူ စိုးမိုးထားပါသည်။ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးမှုကိုသာ ကြည့်ပါလော့။ အမှန်တကယ် သဘောထား ပြောင်းလဲခြင်းမရှိသောကြောင့်၊ တတိယ ကမ္ဘာစစ် ဖြစ်ဖို့ အလွန်နီးကပ်လှပါသည်။ Roger Hilsman က၊ "စစ်ပွဲသည် အနာဂတ်သမိုင်းနှင့် ဒွန်တွဲလျက်ရှိသည်" ဟု ဆိုခဲ့ပါသည်။ ထိုသို့ လူတို့သည် မိမိတို့ တီထွင်သော လက်နက်များကို အသုံးပြုလာခြင်းကြောင့်၊ "အာဏုမြူ စစ်ပွဲလည်း ဖြစ်ပွားလိမ့်မည်" ဟု ဆိုခဲ့ပါသည်။

သမိုင်းတွင် ၂၀ ရာစု၌၊ "စစ်တိုက်ခြင်း အကြောင်းကို၎င်း၊ စစ်တိုက်အံ့သော သိတင်းစကားကို၎င်း" (မသဲ ၂၄း၆)၊ အမြောက်များဆုံး တွေ့ရှိ ကြားသိခဲ့ရပါသည်။ ဤအချက်သည် ယေရှု တဖန် ကြွလာတော်မူမည့် သေချာသော လက္ခဏာတခုဖြစ်ပါသည်။

**ဆင်ခြင်ရန်** - တတိယကမ္ဘာစစ်ဖြစ်သောအခါ၊ ကျွန်ုပ်၏လုံခြုံမှုသည် ဘယ်မှာနည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကြွလာတော်မူမည့်အချိန် နီးလျက်ရှိသည်ကို သိမြင်လျက်၊ အချိန်ရှိခိုက် ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်မည် အကြောင်း မစတော်မူပါ။

## ကိုယ်တော်ကြွလာတော်မူမည့်နိမိတ်လက္ခဏာ - အစာခေါင်းပါးခြင်း၊ အနာရောဂါ

(၁) အစာခေါင်းပါးခြင်း။ စိုက်ပျိုးရေးအခြေခံသော နိုင်ငံများ၌ ခေတ်သစ် စိုက်ပျိုးရေးစနစ် ထွန်းကားလျက်၊ အစားအသောက် ထုတ်လုပ်မှု ကြီးထွားလာသော်လည်း၊ တတိယ နိုင်ငံမှ လူများစုသည် အစာခေါင်းပါးခြင်း ကြုံတွေ့၍ အဟာရ ချို့တဲ့မှုဖြင့် သေဆုံးနေကြပါသည်။ အီသီယိုပီယားနှင့် ဆာဟာရ သဲကန္တာရ ဝန်းကျင် အာဖရိက နိုင်ငံတို့သည် အစာခေါင်းပါးခြင်း ခံရသော နယ်မြေဖြစ်ပါသည်။ "ကမ္ဘာ့လူဦးရေ လေးပုံတပုံတို့သည် ညတိုင်း ဗိုက်ဆာရင်းနှင့် အိပ်ယာဝင်ခဲ့ကြသည်" ဟု ဆိုခဲ့ကြပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာသည် တလသာသာ ခံလိမ့်မည်ဟု ခန့်မှန်းရပါသည်။ အစာခေါင်းပါးခြင်းကို နိုင်ငံအနည်းငယ်ကလာလျှင် ခံစားခဲ့ရသော်လည်း၊ ရာသီဥတု ဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ကမ္ဘာ့စိုက်ပျိုးရေးတခုလုံးကို ဖျက်ဆီးလျက် အစာခေါင်းပါးခြင်း ကျရောက်နိုင်ပါသည်။ ထိုသို့ ဖြစ်ပျက်သောအခါ၊ လုကာ ၂၁း၁၁ ထဲမှ သခင်ယေရှု၏စကားတော်ကို အမှတ်ရကြလော့။ အစာခေါင်းပါးခြင်းက၊ "လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရသည် မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှ အားဖြင့် အသက်မွေးရသည်" (တရား ၈း၃) ဟူသော စကားကိုလည်း အောက်မေ့ စေပါသည်။

(၂) အနာရောဂါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကူးစက်တတ်သောရောဂါ ကာကွယ် ထိန်းချုပ်မှုကြောင့် နေရာတကာ၌ ကျန်းမာရေး အခြေအနေသည် ပို၍ ကောင်းမွန်လာခဲ့ပါသည်။ သို့သော်လည်း၊ မိမိကြွလာတော်မူမည့်အချိန်၏လက္ခဏာတခုမှာ အနာရောဂါများဖြစ်ပွားလိမ့်မည်ဟု သခင်ယေရှုက မိန့်တော်မူခဲ့ပါသည်။ လွန်ခဲ့သော နှစ်နှစ်အတွင်း၌ ရောဂါပြဿနာ နှစ်ခုပေါ် ပေါက်ခဲ့၏။ ပထမ တခုမှာ မူးယဇ်ဆေး သုံးစွဲခြင်း ဖြစ်ပါသည်။ သန်းပေါင်းများစွာသော လူငယ်များတို့သည် ဤမူးယဇ်ဆေး (ဘိန်းမှအစ မူးယဇ်စေသော ဆေးအမျိုးမျိုး) ၏သားကောင်များ ဖြစ်လာခဲ့ပါသည်။ ဒုတိယ တခုမှာ အေအန်ဒီအက်စ် (သို့) ခုခံအားကျဆင်းမှုရောဂါဖြစ်ပါသည်။ ဤရောဂါသည် များသောအားဖြင့်၊ လိင်တူဆက်ဆံခြင်း၊ မသန့်ရှင်းသော လိင်ဆက်ဆံခြင်းမှ ကူးစက်ကြပါသည်။ အေအန်ဒီအက်စ် ရောဂါပိုးသည် လူ၏ခုခံအားကို ကျဆင်းစေလျက်၊ ဝင်ရောက်လာသော ရောဂါပိုးကို တွန်းလှန်တိုက်ခိုက်နိုင်ခြင်း မရှိသောကြောင့် လူကို သေဆုံးစေပါသည်။ ကမ္ဘာ့ လူဦးရေ သန်းပေါင်းများစွာတို့သည် ဤရောဂါကို ခံစားခဲ့ကြပြီး၊ ကုသဖို့ရန် ခက်ခဲသော ရောဂါဖြစ်ပါသည်။ ဤရောဂါနှစ်ခုကို ဖြေရှင်း ကုသဖို့ရန် လူတို့၌ အဖြေ မရှိသေးပါ။

**ဆင်ခြင်ရန်** - ဘုရားသခင် အမှန်ကြွလာတော်မူမည်။
**ဆုတောင်းချက်** - အို အဖဘုရား၊ ကိုယ်တော်ကြွလာတော်မူမည့် နိမိတ်လက္ခဏာများကို သိမြင်လျက်၊ ကိုယ်တော်၏အမှုတော်ကို ကြိုးစားဆောင်ရွက်မည်အကြောင်း မစတော်မူပါ။





## ယုဒသည် ဗင်္ယာမိန်အတွက် တောင်းလျှောက်ခဲ့၏

ယုဒသည် ညီအစ်ကိုများအတွက် စကားပြောသောသူဖြစ်ပါသည်။ ယခုအမှုတွင်၊ ကျွန်တော်တို့သည် အပြစ်ကင်းပါ၏ ဟုဆိုခဲ့ပါသည်။ သို့သော်လည်း၊ "ကိုယ်တော်ကျွန်တို့၏အပြစ်ကို ဘုရားသခင် စစ်၍ တွေ့တော်မူပြီ" (ကမ္ဘာ ၄၄း၁၆)။ လွန်ခဲ့သော နှစ် ၂၀ က ကျူးလွန်ခဲ့သော အပြစ်ကို ညီအစ်ကိုတို့၏ စိတ်ထဲ၌ ပြန်ပေါ်လာခဲ့ပါသည်။ ဗင်္ယာမိန်၏အိတ်ထဲတွင်၊ ဖလားကို အံ့ဘွယ်တွေ့ရခြင်းအတွက် သူတို့ ဘာမှ အရှင်းပြနိုင်သော်လည်း၊ ဘုရားသခင်ရွေးကောက်သောသူအားဖြင့် သူတို့ ဩတ္တပ္ပစိတ် နှိုးဆွခြင်း ခံရခြင်းကို မရှောင်လွှဲနိုင်ခဲ့ကြပါ။ ယောသပ်သည် အစ်ကိုတို့အား မှန်ကန်စွာ စစ်ကြောခြင်း မပြုဘဲ မလွှတ်လိုခဲ့ပါ။ ယောသပ် စိတ်ထဲ၌ ရှိသောမေးခွန်းမှုကား၊ အစ်ကိုတို့သည် သူတို့၏ ရှေးအကျင့်ကို စွန့်လွှတ်ခဲ့ပြီလား။ သူတို့၏ ညီအငယ်ဆုံးကို ဂရုစိုက်ကြပါသလား။ အသက်ကြီးသော သူတို့၏အဘကို ကောင်းကောင်း စောင့်ရှောက်ကြပါသလား ဟူ၍ ဖြစ်ပါသည်။

နိုင်ငံအုပ်ထံ ယုဒ ဆက်ကပ်မှုသည် သူတို့အားလုံး ကိုယ်စားကို ပြုပါသည်။ "ကျွန်တော်ရှိသမျှသည် သခင်၏ကျွန်ဖြစ်ကြပါ၏" (ကမ္ဘာ ၄၄း၁၆)။ ဗင်္ယာမိန်၌ ဖလားကို တွေ့ခဲ့သော်လည်း၊ သူ့အပြစ်သည် ကျွန်တော်တို့အားလုံး၏ အပြစ်ဖြစ်ပါ။ သူ အခက်အခဲကြုံလျှင်၊ ကျွန်တော်တို့လည်း သူနှင့်အတူ ခံစားရပါမည်။ သူတို့သည် ပထမ စစ်ကြောခြင်းကို အောင်ခဲ့ကြပါသည်။ သို့သောလည်း၊ ယာသပ်က၊ ဖလားတွေ့ရ သောသူသာလျှင် ငါ့ကျွန်ဖြစ်မည်။ ကျန်သောသူတို့သည် အဘထံ ပြန်သွားခွင့်ရှိပါသည် ဟုဆိုခဲ့ပါသည်။ ထိုအခါ၊ ယုဒသည် ဗင်္ယာမိန်အတွက် သနားကြင်နာခြင်း စကားကို ပြောခဲ့ပါသည်။ ယောသပ်ကို "သခင်" (ကမ္ဘာ ၄၄း၂၀) ဟုခေါ်လျက်၊ ယုဒက ဗင်္ယာမိန်သည် အဘ အသက်ကြီးမှ ရသော သားဖြစ်၍ အလွန်ချစ်သောကြောင့် အဘထံ ပြန်ခွင့်ပြုရန် တောင်းလျှောက်ခဲ့ပါသည်။ ထို့ပြင်၊ ကျွန်ုပ် "သခင်" ၏ တောင်းဆိုမှုကြောင့်သာ၊ အဘသည် ထိုသားငယ်ကို အိမ်မှ သွားရသောအခွင့်ကို ရခဲ့ခြင်းဖြစ်ကြောင်း ဆိုခဲ့ပါသည်။ ယုဒသည် မိမိကိုယ်ကို အာမခံအဖြစ်ထားလျက်၊ အဘထံ တောင်းဆိုခဲ့သောကြောင့်၊ ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ နောက်ဆုံးတွင်၊ "သို့ဖြစ်၍ ကိုယ်တော် ကျွန်သည် သူငယ်အတွက် နေရစ်၍ သခင်ထံ ကျွန်ခံရသောအခွင့်၊ သူငယ်ကိုကား အစ်ကိုတို့နှင့်အတူ သွားရသောအခွင့် ပေးတော်မူပါ" (ကမ္ဘာ ၄၄း၃၃) ဟု ဆိုခဲ့ပါသည်။ ယုဒသည် ကျန်အစ်ကိုများကိုယ်စား ပြောခဲ့ပါသည်။ သူတို့အားလုံး သဘောတူသည်မှာ ဗင်္ယာမိန်နှင့်အဘကို မခွဲစေလိုကြပါ။ ယုဒ၏စကား၌ သူတို့သည် မိမိတို့၏အကျင့်ဟောင်းကို စွန့်ပစ်ခဲ့ကြောင်း ထင်ရှားခဲ့ပါသည်။ သူတို့ အဓိကထားအသောအရာသည် အဘနှင့် သူတို့၏ညီငယ်သာလျှင်ဖြစ်ပါသည်။ ယောသပ်က သူတို့၏နောင်တရခြင်းသည် စစ်မှန်ကြောင်း တွေ့မြင်ခဲ့ပါသည်။ သူတို့သည် ယောသပ်၏စမ်းသပ် စစ်ကြောခြင်းကို ကောင်းမွန်စွာ အောင်မြင်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - (သု ၂၈း၁၃ ကို ဖတ်ပါ)။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ရှေ့၌ ဟန်ဆောင်မှုကင်းမည်အကြောင်း ကျွန်ုပ်ကို မစတော်မူပါ။

အင်္ဂါ၊ မတ် (၁၁)

**ကမ္ဘာ ၄၄း၁-၁၅** *အံ့ဘွယ်အမှုများကို ပြုတော်မူသောကြောင့်*
ဆာလံ ၃၅း၁၉-၂၈ *ချီးမွမ်းပါလော့*

## ယောသပ်၏ အကြံအစည်

ယောသပ်သည် ညီအစ်ကိုများထံ မိမိကိုယ်ကို အသိပေး လိုစိတ် ပြင်းပြခဲ့သော်လည်း၊ သူတို့သည် အမှန်တကယ် နောင်တရခြင်း အရင်ရှိစေ လိုခဲ့၏။ သူသည် နိုင်ငံအုပ်ဖြစ်သောကြောင့်၊ အစ်ကိုတို့သည် အမှန် ပြောင်းလဲခြင်း ရှိမရှိကို ဆက်လက် စမ်းစစ်နိုင်ခဲ့ပါသည်။ ထို ဆယ်တစ်ဦးတို့သည် အမှန် ပြောင်လဲခြင်း၊ စည်းလုံးခြင်း၊ အချင်းချင်းအပေါ် သစ္စာရှိခြင်း မရှိလျှင်၊ လူမျိုးအဖြစ် ဘုရားသခင် တည်ဆောက် အသုံးပြုနိုင်မည်နည်း။

နောက်ဆုံး စမ်းသပ်မှုအတွက် ယောသပ်၌ အကြံတခု ချမှတ်ခဲ့ပါသည်။ ညီအစ်ကိုတို့ကို စပါးများဆင်ဆောင်လျက် ပြန်စေခဲ့ပြီး၊ မိမိ၏ဖလားကို ဗယ်္ယာမိန်၏ အိတ်ထဲသို့ ထည့်ဖို့ရန် စေခိုင်းခဲ့၏။ ထိုသို့ဖြင့်၊ ယောသပ်၏ ဝန်စာရေးသည် လိုက်လာလျက်၊ ဗယ်္ယာမိန်၏အိတ်ထဲမှ သခင့်ဖလားကို ထုတ်ယူခဲ့ပါသည်။ အစ်ကိုတို့သည် မိမိတို့၏အခြေအနေ မကောင်းကြောင်း သိခဲ့ကြ၏။ သူတို့၌ အပြစ် မရှိကြောင်း၊ သူတို့ကို သူတို့ သိခဲ့ကြပါသည်။ ဝန်စာရေးကလည်း သိခဲ့ပါ၏။ ထိုနည်းတူ၊ ယောသပ်ကလည်း သိပါသည်။ သို့သော်လည်း၊ မိမိတို့ ညီအပေါ် ကြင်နာမှုကင်းမဲ့စွာ ပြုခဲ့သောအမှုနှင့် အဘအား ရင်နာကြေကွဲစေခဲ့ကြသော အပြစ်အတွက် သူတို့ ခံထိုက်ပါသည်။ ယောသပ်က သူတို့၏ ဝမ်းနည်းကြေကွဲမှုကို အမှန် မြင်ခဲ့သော်လည်း၊ စိတ်ထဲမှ သူတို့ အမှန် နောင်တရခဲ့ကြပါသလား။

ယခုလက်ရှိကြုံတွေ့သောအမှုက သူတို့၏ စစ်မှန်သော စိတ်သဘောကို ဖော်ထုတ်ပါလိမ့်မည်။ "ထိုအခါ သူတို့သည် မိမိ အဝတ်ကို ဆုတ်၍ . . . မြို့သို့ ပြန်သွားကြ၏" (ကမ္ဘာ ၄၄း၁၃)။ ယောသပ်က ဝမ်းနည်းလျက်ရှိသော ထိုသူတို့ကို စောင့်နေလျက် ရှိပါသည်။ အစ်ကိုတို့သည် အပြစ်ကင်းကြောင်း ကျွန်တော်တို့သိသဖြင့်၊ ထိုအမှုသည် ယောသပ်က သူတို့အား မိမိထံ ပြန်လာစေလိုသောကြောင့်ဖြင့်၊ သူတို့၏စိတ်ရင်းအမှန်ကို သိလိုသဖြင့် ကြံစည်ခြင်းဖြစ်ပါသည်။ သူတို့သည်လာ၍၊ "သူ့ရှေ့မှာ ပြပ်ဝပ်လျက် နေကြ၏" (ကမ္ဘာ ၄၄း၁၄)။ ယောသပ်၏အိပ်မက်ကို အမှတ်ရပါလော့။

သူတို့သည် အပြစ်ကင်းသော်လည်း၊ ဘာမှ ငြင်း၍ မရခဲ့ကြပါ။ နိုင်ငံအုပ် ရှေ့သို့ တဖန်ရောက်လာခဲ့ကြပြီး၊ သနားခြင်းကို တောင်းခံခဲ့ကြပါသည်။ အရင်အတိုင်း သူတို့အပေါ် သနားကြင်နာခြင်း ပြခဲ့ပါမည်လော။ ယခုတွင်၊ ယောသပ်သည် သူတို့ရှေ့၌ ရပ်လျက်၊ ဆိုးသွမ်းသော သူတို့၏ အပြုအကျင့်ကြောင့် အမျက်ထွက်လျက် ပြင်းထန်စွာ စကားခဲ့ပါသည်။ ညီအစ်ကိုတို့သည် ထိုစကားကြောင့် ဆွံ့အသွားခဲ့ကြ၏။ ဧည့်ခံကျွေးမွေးပြီးနောက်၊ ယခု ကြမ်းတမ်းစွာ ဆက်ဆံခံခဲ့ရပါသည်။ သနားကြင်နာခြင်း စကားကို မနေ့ ကြားခဲ့ရကြပြီး၊ ယနေ့တွင် ကြမ်းတမ်းသော စွပ်စွဲမှု ခံခဲ့ကြရ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အကြံစည်တော်ကို ဘယ်သူမှ နားမလည်နိုင်ပါ။

**ဆုတောင်းချက်** - အို အဖဘုရား၊ အကျွန်ုပ်ကို စစ်ကြောလျက်၊ ကျွန်ုပ်၏စိတ်နှလုံးကို သိတော်မူပါ။ အကျွန်ုပ်၏ စိတ်နှလုံးအတွေးကိုလည်း စစ်ကြောလျက်၊ သိတော်မူပါ။



ကြာသပတေး၊ ဇန်နဝါရီ (၂၃)

**ဆာလံ ၁၁၄** *ကျွန်တော်တို့သည် ပညာနှင့်ဩဝါဒတရားကို*
ဗျာ ၆း၁၂-၁၇ *မထီမဲ့မြင်ပြုသော မိုက်မဲသောသူ ဖြစ်ပါသလား*

## ကိုယ်တော်ကြွလာတော်မူမည့်နိမိတ်လက္ခဏာ - မြေငလျင်

၂၀ ရာစုတွင် ၁၉ ရာစုထက် အကြိမ်ပေါင်း ၂၀ ကျော် များပြားသော မြေငလျင်ကို ကြုံတွေ့ရပြီး၊ ဖျက်ဆီးအားလည်း ပို၍ ကြီးမားခဲ့ကြ၏။ တူရကီနှင့် တိုင်ဝမ်၌ ဖြစ်ပွားသော ငလျင်များက ကမ္ဘာကြီးကို ထိတ်လန့် တုန်လှုပ်စေခဲ့ပါသည်။ တူရကီနိုင်ငံ၌ ၁၉၉၉ ခုနှစ်၊ ဩဂုတ်လနှင့် နိုဝင်ဘာလတို့တွင် လှုပ်ခဲ့သော ငလျင်များ၌ လူပေါင်း ၁၈၀၀၀ ကျော် သေခဲ့ကြ၏ (http://kaynasli.homepage.com on 7 December 1999)။ ၁၉၉၉ ခုနှစ် စက်တင်ဘာလ၌ လှုပ်ခဲ့သော တိုင်ဝမ်ငလျင်၌ လူပေါင်း ၁၁၀၀ ကျော် သေခဲ့ပါသည် (http://cnn.com, 21 September 1999)။

လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်အတွင်း၌ ဤကမ္ဘာကြီးတွင် အလွန်အင်အားကြီးသော ငလျင်များ လှုပ်ခဲ့ပါသည် - ဥပမာအားဖြင့်၊ တရုတ်၊ အာလ်ဂျီရီယား၊ တူရကီ၊ အာရှအလယ်ပိုင်းများ၌ ဖြစ်ပွားခဲ့ပါသည်။ ၁၉၇၀ ခုနှစ် ဝန်းကျင်တွင်၊ တရုတ်ပြည်၊ တန်ရှန်၌ လူပေါင်း သန်းတဝက် သေခဲ့ပါသည်။ ၁၉၈၀ ခုနှစ် အောက်တိုဘာလတွင်၊ အာလ်ဂျီရီယား၌ နှစ်ခါ လှုပ်ခဲ့ပြီး၊ လူပေါင်း ၂၀၀၀၀ သေခဲ့ပါသည်။ ၁၉၉၀ ခုနှစ် ဇန်နဝါရီလတွင်၊ "ငလျင် လွတ်မြောက်နယ်မြေ" ဟုခေါ်ခဲ့ကြသော၊ ဩစတေးလျ အနောက်ပိုင်းမြို့ဖြစ်သည့် Perth ၌ ငလျင်ငယ်တခု လှုပ်ခဲ့ပါသည်။

တပည့်တော်များက ယေရှုအား၊ "ကိုယ်တော်ကြွလာတော်မူမည့်အချိန်၌ အဘယ်နိမိတ်ဖြစ်မည်"(မသဲ ၂၄း၃) နည်းဟု မေးလျှောက်ခဲ့ကြ၏။ သခင်ယေရှုက ထိုအချိန် နီးကပ်လာသောအခါ ဖြစ်ပွားမည့်အရာများကို မိန့်တော်မူခဲ့ပါသည်။ မသဲ ၂၄း၄-၇ ထဲ၌ ဖော်ပြသောအချက်များအပြင်၊ ယေရှုက၊ ၂၀ ရာစု၌ ကမ္ဘာကြီး ကြုံတွေ့ခဲ့သည်အတိုင်း၊ "နေရာ တကာ၌ မြေငလျင် လှုပ်မည်အကြောင်း" မိန့်တော်မူခဲ့၏။ အဓိပ္ပါယ်ကား ဘာဖြစ်မည်နည်း။ ခရီးရှည်ထွက်သွားခဲ့သော ရှင်ဘုရင် ပြန်လာသောအခါ နန်းတော်တခုလုံး လှုပ်လှုပ်ခတ်ခတ်ဖြစ်သကဲ့သို့ ဖြစ်ပါသည်။ ထိုနည်းတူ၊ ဖန်ဆင်းရှင် ကြွလာတော်မူမည့်အချိန် နီးလာသောအခါ၊ ဖန်ဆင်းခံသည် လှုပ်ခတ်ခြင်းရှိ၏။ "အိုမြေကြီး၊ အရှင်၏ မျက်နှာတော်ရှေ့ . . . ဘုရားသခင်၏မျက်နှာတော်ရှေ့မှာ တုန်လှုပ် လျက်နေလော့" (ဆာလံ ၁၁၄း၇) ဟု ဆာလံဆရာ ဆိုခဲ့ပါသည်။

ယောလက၊ "ပြည်သူပြည်သား အပေါင်းတို့သည် တုန်လှုပ်ကြစေ။ အကြောင်းမူကား၊ ထာဝရဘုရား၏ နေ့ရက်သည် လာ၍နီးပြီ . . . ထာဝရဘုရား၏ နေ့ရက်သည် ကြီး၍ အလွန်ကြောက်မက်ဘွယ်သော နေ့ရက်ဖြစ်၏" (ယောလ ၂း၁၊ ၁၀-၁၁) ဟု ဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - မြေငလျင်ကို သင်ကြုံတွေ့ခံစားဖူးပါသလား။ အလွန်ကြောက်စရာ ကောင်းလှပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ အသက်ဝိညာဉ်ကို မသတ်နိုင်သော၊ ခန္ဓာကိုယ်ကိုသာ သတ်နိုင်သောအရာကို မကြောက်ဘဲ၊ ဝိညာဉ်နှင့်ခန္ဓာကိုယ် နှစ်ခုလုံးကို ငရဲထဲသို့ ပစ်ချနိုင်တော်မူသော ဘုရားသခင်ကိုသာ ကြောက်မည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဇန်နဝါရီ (၂၄)

**မသဲ ၂၄း၃၂-၃၆**

တရား ၇း၆၊ ၁၄း၂

*အို ဘုရားသခင်၊ ကျွန်ုပ်တို့ကို ပြန်လည် နိုးထစေတော်မူပါ*

## ကိုယ်တော်ကြွလာတော်မူမည့်နိမိတ်လက္ခဏာ - သင်္ဘောသဖန်းပင် (၁)

သင်္ဘောသဖန်းပင်က ပုံသက်သေအားဖြင့် ဣသရေလ နိုင်ငံကို ပုံဆောင်ပါသည်။ သခင်ယေရှု၏ စကားတော်ကို ဆင်ခြင်ပါလော့၊ "သင်္ဘောသဖန်းပင်ကို အစွဲပြု၍ ပုံသက်သေ တခုကို မှတ်ကြလော့။ သင်္ဘောသဖန်းပင် သည် အခက်အလက်နု၍ အရွက်ပေါက်သောအခါ နွေကာလ နီးသည်ကို သင်တို့ သိကြ၏။ ထိုနည်း တူ၊ ထိုအကြောင်းအရာ အလုံးစုံတို့ကို မြင်ရလျှင် လူသားသည် တံခါးဝ တိုင်အောင် အနီးသို့ ရောက်တော်မူသည်ကို သိမှတ်ကြလော့" (မသဲ ၂၄း၃၂-၃၃)။

သခင်ယေရှုက ဘာကိုဆိုလိုပါသနည်း။ ဣသရေလသည် ရောမ အုပ်ချုပ်မှုအောက်၌ ရှိပြီး၊ ယေရှုသည်လည်း ရောမ အရေးပိုင်မင်း ပိလက်၏ ကားတိုင်၌တင်သတ်ခြင်းကို ခံရတော့မည်ဖြစ်ပါသည်။ နိုင်ငံ လူမျိုးအရ ပြောမည်ဆိုလျှင်၊ ဣသရေလ မရှိ၊ သင်္ဘောသဖန်းပင်သည် သေ၏ (သို့) ညိုးနွမ်းလျက်ရှိ၏။ နောက် နှစ်ပေါင်း ၁၉၀၀ လောက် ထိုသို့ ရှိနေမည်ဖြစ်၏။ ထိုသို့ သခင်ယေရှု မိန့်တော်မူပြီးနောက် နှစ်ပေါင်း ၃၅ လောက်ကြာလာသောအခါ၊ ရောမလူတို့သည် ယေရုရှလင်မြို့ကို ဖျက်ဆီးခဲ့ကြပါသည်။ ယုဒလူပေါင်း တသန်းကျော် သတ်ခဲ့ကြပြီး၊ ကျန် ယုဒလူများသည် ကမ္ဘာအနှံ့ ထွက်ပြေးခဲ့ကြ၏။ လူ့အမြင်ဖြင့် ပြောမည်ဆိုလျှင်၊ ဣသရေလ ပျောက်ကွယ်ခဲ့၏။

ယေရှုက "သင်္ဘောသဖန်းပင် ပုံဥပမာ" ကို မိမိပြန်လည် ကြွလာတော်မူမည့်အမြင်၊ ဣသရေလ မိမိပြည်သို့ ပြန်လည် အခြေချမည့်အမြင်ဖြင့် မိန့်တော်မူခြင်းဖြစ်ပါသည်။ ထိုအဖြစ်အပျက်ကို အခြေခံလျက် ရှင်းပြပါစို့။ "ယခု၊ ဣသရေလ နိုင်ငံမှ သင်ခန်းစာ လေ့လာကြပါစို့။ ဣသရေလသည် မိမိပြည်သို့ ပြန်လာ၍ အခြေချလျက်၊ ကျော်ကြား ကြီးထွားလာသောအခါ၊ ငါ ကြွလာဖို့ အချိန်အလွန်နီးနေပြီ၊ တံခါးဝသို့ ရောက်လာပြီဖြစ်ကြောင်း သိမှတ်ကြပါ" ဟူ၍ ဖြစ်ပါသည်။ ထိုသို့ မိန့်တော်မူပြီးနောက် မကြာမီ၊ သခင်ယေရှုသည် အသေခံလျက်၊ သူ့လူများသည် သူတို့၏ မေရှိယ အသေသတ်ခြင်းကြောင့်၊ "သူ၏အသွေးသည် ငါတို့၏ခေါင်းပေါ်၌၎င်း၊ သားမြေးတို့၏ ခေါင်းပေါ်၌၎င်း တည်ရှိပါ စေ" (မသဲ ၂၇း၂၅) ဟု သူတို့ ဆိုခဲ့သည်အတိုင်း၊ ပြစ်ဒဏ် ခံခဲ့ကြရပါသည်။

ဣသရေလ၏ နှိပ်စက်ခံရခြင်း၊ နေရာအနှံ့ ပြန့်ကျဲခြင်းအချိန် ကျော်လွန်လာခဲ့ပါပြီ။ သူတို့ပြည်သည် တပါးအမျိုးသားတို့၏ ဖိနှိပ်ချုပ်ခြယ်ခြင်းကို ခံရခဲ့ပါပြီ။ ယုဒလူတို့သည် ကမ္ဘာအနှံ့ နိုင်ငံပေါင်း ၁၀၀ ကျော်၌ ပြန့်ကျဲနေထိုင်ခဲ့ကြပါသည်။ သို့သော်လည်း၊ မထင်မှတ်ဘဲ ၁၉၃၈ ခုနှစ်တွင်၊ လက်ရှိ ဣသရေလနိုင်ငံ ပေါ်ပေါက်လာခဲ့ပါသည်။ အာရပ်လူတို့၏ ဆန့်ကျင်မှုကြား၌ ဤသင်္ဘောသဖန်းပင်သည် အမြစ်တွယ်လျက် စတင်ပေါက် လာခဲ့ပါသည်။ "အခက်အလက်နု၍ အရွက်ပေါက်သောအခါ" ဟူသော၊ မသဲ ၂၄း၃၂ ကို သခင်ယေရှု တဖန် ကြွလာတော်မူခြင်းအမှုနှင့် ယှဉ်လျက် ဖတ်ကြည့်ပါ။

**ဆင်ခြင်ရန်** - ကမ္ဘာအနှံ့အပြား ရောက်ရှိနေကြသော ယုဒလူများ အဘယ့်ကြောင့် ဣသရေလ နိုင်ငံသို့ ပြန်လာနေကြသနည်း။

**ဆုတောင်းချက်** - အို အဖဘုရား၊ ကိုယ်တော် ရွေးနှုတ်တော်မူသောလူမျိုး၊ ဣသရေလ အပေါ် ကိုယ်တော် ပြုတော်မူသောအမှုကို နားလည်သဘောပေါက်မည်အကြောင်း မစတော်မူပါ။



တနင်္လာ၊ မတ် (၁၀)

**ကမ္ဘာ ၄၄၊ ၄၅**

ဆာလံ ၃၅း၁၀-၁၈

*အို ထာဝရဘုရား၊ ကိုယ်တော်ကို အကျွန်ုပ် ယုံကြည်ကိုးစားပါ၏*

## နှစ်ပေါင်းနှစ်ဆယ်ကြာခဲ့သော အိပ်မက် အမှန်ဖြစ်လာခဲ့၏

ယုံကြည်သူ၏ အနာဂတ်ဘဝသည် မိမိ၏ကယ်တင်ရှင် သခင် လက်တော်ထဲ၌ ရှိပါသည်။ ယနေ့ ကျွန်တော်တို့ လေ့လာမည့်အကြောင်းသည် အိပ်မက်အကြောင်း မဟုတ်ဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်နှင့် ဘုရားသခင်၏ အစီအစဉ် ကျွန်ုပ်တို့ဘဝ၌ ပြည့်စုံခြင်းအကြောင်း ပင်ဖြစ်ပါသည်။ ယောသပ်သည် ဘုရားသခင် အထူးရွေးချယ်ခဲ့သောသူဖြစ်သောကြောင့်၊ ဘုရားသခင်က မိမိ၏အစီအစဉ်ကို အိပ်မက်အားဖြင့် သူ့ထံ ဖော်ပြခြင်းဖြစ်ပါသည်။ ထိုထူးခြားသော အိပ်မက်သည် အဲဂုတ္တုပြည်၌ ဆင်းရဲဒုက္ခ ခံရစဉ် သူ့အတွက် ခွန်အားဖြစ်ခဲ့ပါလိမ့်မည်။

ထို နှစ်ပေါင်း ၂၀ ကြာခဲ့သော အိပ်မက်၊ ကောင်းလိုင်း ၁၁ ခုက ယောသပ်၏ ကောက်လှိုင်းကို ပြပ်ဝပ်ခြင်း၊ ကြယ် ၁၁ ခုက ယောသပ်၏ ကြယ်ကို ထိုသို့ ပြုခြင်းတည်းဟူသော ထိုအိပ်မက်သည် အမှန် ပြည့်စုံခြင်း ရှိလာခဲ့ပါသည်။ နှစ် ၂၀ ဆိုသည်မှာ မပြည့်စုံမီ ကြာသည်ဟု ထင်ရသော်လည်း၊ ပြည့်စုံလာသောအခါ ပြန်တွေးကြည့်လျှင် မနေ့ကလိုသာဖြစ်ပါသည်။ ဘုရားသခင် အတွက် နှစ်တထောင်သည် တရက်ကဲ့သို့ ဖြစ်ပါသည်။ သင်ယူရမည့် သင်ခန်းစာမှုကား၊ ဘယ်လောက်ကြာကြာ၊ နှစ် ၂၀ ဖြစ်ဖြစ်၊ နှစ် ၂၀၀၀ ဖြစ်ဖြစ်၊ ဘုရားသခင်၏ ရည်ရွယ်ချက်သည် ဘယ်တော့မှ မပြည့်စုံဘဲ နေတော် မမူ။ လိုအပ်သည်မှာ ယုံကြည်ခြင်းနှင့် စိတ်ရှည်ခြင်းသာဖြစ်၏။

ယောသပ် ထိုသို့ အခက်အခဲ ခံရသော နှစ်ပေါင်းတလျှောက်လုံး၊ အစ်ကိုတို့၏ မုန်းတီးခံရ၍ အဝတ်ကို ဆုပ်လျက်၊ တွင်းထဲသို့ ပစ်ချခိုန်၊ ကုန်သည်များထံ ရောင်းစားသောအချိန်များတွင် ဘုရားသခင်၏ ဝိညာဉ်တော်သည် သူနှင့်အတူရှိတော်မူခဲ့ပါသည်။ လူ့အမြင်တွင် ယောသပ်သည် ဘယ်လိုမှ မျှော်လင့်ချက် မရှိခဲ့တော့ပါ။ သို့သော်လည်း၊ ဖြစ်ပျက်သော တိုအမှုတိုင်း၏နောက်ကွယ်တွင် ဘုရားသခင်၏လက်တော် တည်သည်ဖြစ်၍ ယခုတွင်၊ ယောသပ်သည် ကယ်တင်ရှင် ဖြစ်လာခဲ့ပါသည်။ ဘုရားသခင်၏အစီအစဉ်သည် ကြာသည်ဟုထင်မှတ်ရသော်လည်း၊ ဘယ်တော့မှ နောက်မကျဘဲ၊ မိမိအချိန်၌ ပြည့်စုံခြင်း ရှိပါသည်။

ဘုရားသခင် တိတ်ဆိတ်တော်မူသည်ဟု ထင်မှတ်လျက် သင် မျှော်လင့်ချက် မဲ့နေပါသလား။ ဘုရားသခင်သည် ဘယ်တော့မှ ငိုက်မြည်း အိပ်စက်ခြင်း ရှိတော်မမူကြောင်း အောက်မေ့ပါလော့။ ယောသပ် ခေတ်ကာလကို အုပ်စိုးတော်မူသည်နည်းတူ၊ ယနေ့၌လည်း အုပ်စိုးတော်မူ၏။ ဘုရားသခင်သည် မိမိ၏သမိုင်းကြောင်းကို မိမိကိုယ်တိုင် ရေးမှတ်တော်မူလျက်ရှိပါသည်။ သင့်ပတ်ဝန်းကျင် အဖြစ်အပျက်တို့သည် ဆိုးယုတ်လာနိုင်ပါသည်။ စိုးရိမ်ခြင်း မရှိပါနှင့်။ ယောသပ်ကို လမ်းပြပို့ဆောင်တော်မူသော ဘုရားသခင်၏လက်တော်ကို အောက်မေ့ သတိရပါလော့။ ဘုရားသခင်သည် သင့်ကိုလည်း လမ်းပြ ပို့ဆောင်တော်မူလိမ့်မည်။ ယုံကြည်ကိုးစားခြင်း ရှိပါလော့။

**ဆင်ခြင်ရန်** - (ဆာလံ ၁၃၃း၁ ကို ဖတ်ပါ)။

**ဆုတောင်းချက်** - ကိုယ်တော်၏ရည်ရွယ်ချက်၊ အစီအစဉ်အတိုင်း၊ ချိန်းချက်သော အချိန်ကို စောင့်နိုင်ဖို့ရန် စိတ်ရှည်ခြင်းကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

တနင်္ဂနွေ၊ မတ် (၉)
**ကမ္ဘာ ၄၃း၁၅-၃၄**
ဆာလံ ၃၄း၁၂-၂၂

*ထာဝရဘုရား၏ ကောင်းကြီးမင်္ဂလာသည် စည်းစိမ်ကို ဖြစ်စေတတ်၏။ ထိုစည်းစိမ်နှင့်လည်း ဝမ်းနည်းခြင်းအကြောင်းကို ရောနှောတော်မမူ။*

## မျှော်လင့်မထားသော ကြိုဆိုခြင်း

နိုင်ငံအုပ် အတွက် လက်ဆောင်များနှင့်တကွ အဲဂုတ္တုပြည်သို့ ညီအစ်ကို ဆယ်ဦးတို့သည်၊ ဖြစ်လာမည့် အခြေအနေကို လုံးဝ မသိဘဲ ခရီးနှင်ခဲ့ကြပါသည်။ အချင်းချင်း စကားပြောကြပြီး၊ ပထမ အခေါက် အပြစ်အပျက်များကို ပြန်ပြောခဲ့ကြပါလိမ့်မည်။ သူတို့ ထောင်ချခံရခြင်း၊ သေဒဏ်ဖြင့် ခြိမ်းခြောက်ခံရခြင်း၊ သို့သော်လည်း သူတို့အဘ အကြောင်း မေးမြန်းခြင်း၊ ညီအငယ်ဆုံးကို မြင်တွေ့ လိုကြောင်း ထိုသူ၏ မိန့်တော်မူချက်၊ ထို့ပြင် မိမိတို့၏ အိတ်များ၌ ငွေများ တွေ့ရခြင်း စသည့်အကြောင်းများ ပြောခဲ့ကြပါလိမ့်မည်။

ထိုအခါ၊ အဲဂုတ္တုပြည်သို့ ရောက်လာခဲ့ကြ၏။ လက်ဆောင်များ၊ နှစ်ဆသော ငွေ၊ သူတို့၏ ညီငယ် ဗင်္ယာမိန်နှင့်တကွ ယောသပ်ရှေ့သို့ ရောက်လာခဲ့ကြပါသည်။ ယောသပ်သည် ဗင်္ယာမိန်ကို မြင်တွေ့သောအခါ ကျေနပ်ခဲ့ပါသည်။ ထိုနောက် ယောသပ်သည် ဝန်စာရေးအား အစ်ကိုများကို အိမ်သို့ ခေါ်စေလျက် (အဲဂုတ္တု စကားဖြင့် ပြောလျက် ရှိပါသည်)၊ မွန်းတည့်စာဖြင့် ဧည့်ခံဖို့ ပြင်ဆင်စေခဲ့ပါသည်။ ယောသပ်၏အိမ်တော်သို့ ပြောင်းရွှေ့ခံရသောကြောင့်၊ သူတို့သည် စိုးရိမ်စိတ် ရှိခဲ့ကြ၏။ သူတို့ပြုခဲ့သော ဒုစရိုက်ကြောင့် သူတို့သည် အလွန် ထိတ်လန့် စိုးရိမ်ခြင်း ရှိခဲ့ခြင်း ဖြစ်ပါသည်။ ဝန်စာရေးကို ရှင်းပြခဲ့ကြသော်လည်း၊ မလိုအပ်ခဲ့ပါ။ ထိုသူက၊ "စိတ်ချမ်းသာခြင်း ရှိကြလော့။ မစိုးရိမ်ကြပါနှင့်။ ငွေများကို ငါက ထားခဲ့ခြင်းဖြစ်ပါသည်။ ဘုရားသခင်ထံမှ သင်တို့အတွက် လက်ဆောင်ဖြစ်ပါသည်" ဟု ဆိုခဲ့၏။ ထို့နောက်၊ ရှိမောင်ကို ထုတ်ပေးခဲ့ပြီး၊ သူတို့ကို ဘုရင့်အကျွေးအမွေးဖြင့် ဧည့်ခံ ခဲ့ပါသည်။

မွန်းတည့်ချိန်တွင်၊ နိုင်ငံအုပ်သည် ရောက်လာခဲ့ပါသည်။ ညီအစ်ကို ၁၁ ယောက်တို့က လက်ဆောင်များပေး၍ ရိုသေ ပြပ်ဝပ်ခဲ့ကြပါသည်။ အိပ်မက် မက်ခဲ့သော သူတို့ ညီ၏ အိပ်မက်ကို သတိရ ကြမည်လော။ ယောသပ်က သူတို့ အဘအကြောင်းကို မေးမြန်းခဲ့ပါသည်။ သူတို့သည် နောက်ထပ် ပြပ်ဝပ်ခဲ့ကြပြန်ပါသည်။ ဗင်္ယာမိန်ကို မြင်သောအခါ၊ အထူး မင်္ဂလာစကားကို ဆိုခဲ့ပါသည်။ အလွန် ခံစားရသောကြောင့်၊ ယောသပ်သည် မိမိအခန်းထဲသို့ သွားငိုခဲ့ပြီး၊ ပြန်လည် ပြင်ဆင်ပြီးနောက် ပြန်လာခဲ့ပါသည်။ သနားကြင်နာခြင်း၊ ချစ်ခြင်း မေတ္တာ ပေတည်း။

ဧည့်ခံပွဲ အစားအစာ၌ ထိုင်ခုံများသည် အဲဂုတ္တုနန်းတွင်း ထုံးစံအရ ဖြစ်ပါသည်။ နိုင်ငံအုပ်သည် သီးသန့် ထိုင်ရပါ၏၊ သူ့ဝန်မင်းများသည်လည်း သီးခြား ထိုင်ရကြပါသည်။ အစားအစာ တားမြစ်ခြင်း ဥပဒေသကြောင့်၊ ဟေဗြဲလူများနှင့် သူတို့သည် ရော၍ မထိုင်ရပါ။ သို့သော်လည်း၊ ထူးဆန်းသောအရာမှုကား၊ ယောသပ်၏ ညီအစ်ကိုတို့သည် အသက်ကြီးစဉ်အလိုက် ထိုင်ခဲ့ကြ၏။ သူတို့သည် အကောင်းဆုံးသောအစားအစာဖြင့် ဧည့်ခံခြင်းခံရကြပြီး၊ ဗင်္ယာမိန်သည် သူများထက် ငါးဆ ပို၍ကောင်းကြီး ခံစားရပါသည်။

**ဆင်ခြင်ရန်** - ချီးမြှောက်ခြင်းသည် ဘုရားသခင်ထံမှ လာ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကောင်းကင်ဘုံ စားပွဲတော်၌ ကိုယ်တော်နှင့်အတူ ဆင်နွှဲလိုပါသည်။



စနေ၊ ဇန်နဝါရီ (၂၅)
**တရား ၂၈း၆၃-၆၈**
ယေရမိ ၃၀း၁-၁၁

*ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ ဘုရားသခင်ကို ချစ်သော အချစ်မီး တောက်လောင်စေတော်မူပါ*

## ကိုယ်တော်ကြွလာတော်မူမည့်နိမိတ်လက္ခဏာ - သဘော်သဖန်းပင် (၂)

အခြား ဘယ်လူမျိုးကမှ မကြုံတွေ့ခဲ့သော၊ နှစ်ပေါင်း ၃၅၀၀ ကျော် သမိုင်းမှ ပျောက်ကွယ်လျက်၊ ကမ္ဘာ့ နေရာအနှံ့ ပြန့်လွင့်ခဲ့ပြီးမှ ထင်မှတ်မထားဘဲ ယုဒလူမျိုးများ၏ ဣသရေလနိုင်ငံ အံ့ဘွယ် ပေါ်ပေါက်လာခြင်းသည် သမ္မာကျမ်းစာ၏ ပရောဖက်ပြုချက် အမှန်ပြည့်စုံခြင်း ပင်ဖြစ်၏။ ကျမ်းစာကို ဖတ်၍ မယုံမယာဖြစ်ခဲ့သောသူများအတွက် ဤအမှုက သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တရားတော် အမှန်ဖြစ်ကြောင်း လုံလောက်သော သက်သေ ပြခဲ့ပါသည်။

ထိုသို့ ကမ္ဘာ့အနှံ့ ပြန့်ကျဲသွားလာခြင်း မကြုံတွေ့မီ နှစ်ပေါင်း ၁၅၀၀ လောက်ကတည်း၌ ဘုရားသခင်က ယုဒလူတို့အား၊ အပြစ်ပြုလျှင် တပါးအမျိုးသားများ အလယ်သို့ နှင်ထုတ်မည်ဖြစ်ကြောင်း သတိပေးတော်မူခဲ့ပြီဖြစ်ပါသည်။ ဘုရားသခင်၏စကားတော်သည် အလုံးစုံ ပြည့်စုံခဲ့ပါသည်။ ဘုရားသခင်၏ သတိပေးစကားဖြစ်သော၊ တရား ၂၈း၆၅-၆၇ ကို ဖတ်ပါလော့။ ယုဒလူများ ကြုံတွေ့ခဲ့သော ညှင်းပန်းနှိပ်စက်ခြင်း၊ နှင်ထုတ်ခြင်း၊ လုယက်ခြင်း၊ မတရားပြုကျင့်ခြင်း၊ လူမဆန်သော နှိပ်စက်ခြင်း၊ အစုလိုက် အပုံလိုက် သတ်ဖြတ်ခြင်း တို့သည် အလွန်ထူးခြားလှပါသည်။ အဘယ်လူမျိုးကမှ သူတို့ ကြုံတွေ့ခဲ့သော အခက်အခဲ၏ ဆယ်ပုံတပုံမျှပင် မကြုံတွေ့ခဲ့ကြပါ။

အဲဂုတ္တုပြည်၏ ဖါရောဘုရင်၊ အာဆီရီယား နှင့် ရောမ အာဏာရှင်များ၊ ဘာသာရေး အရ နှိပ်စက်သောသူများ၊ ကြမ်းတမ်းသော ဟစ်တလာ စသည်တို့ လက်အောက်၌ပင် ယုဒလူများသည် ရှင်သန်ခဲ့ကြပြီး၊ ဘုရားသခင်၏ ကွယ်ကာမှုကို ခံရခဲ့ကြပါသည်။ "ဤအမှုသည် အံ့ဘွယ်အမှုဖြစ်သည်" ဟု Connor Cruise O'Brien က မိမိရေးသားသော "Siege" စာအုပ်ထဲတွင် ဆိုခဲ့ပါသည်။ များစွာသောအပြစ်ကို ကျူးလွန်ခဲ့သော်လည်း၊ ဘုရားသခင်သည် ဣသရေလကို စွန့်ပစ်တော်မမူခဲ့ပါ။ ဘုရားသခင်သည် သူတို့၌ ပြုတော်မူခဲ့သော မိမိ၏ပဋိညာဉ်တရားကို စောင့်လျက်၊ သူတို့အား သူတို့ပြည်သို့ ပြန်လည် စုစည်းခေါ်ဆောင်တော်မူလိမ့်မည် (ဝတ် ၂၆း၄၄၊ ယေဇ ၁၁း၁၆၊ ဟောရှာ ၁၄း၁၊ ၆၀း၄)။

၁၉၄၈ ခုနှစ်တွင်၊ ဘုရားသခင်၏ဂတိတော်အတိုင်း၊ ယုဒလူတို့သည် မိမိတို့ပြည်ကို ပြန်ရလျက်၊ နိုင်ငံပေါင်း ၁၀၀ ကျော်မှ များစွာသော ယုဒလူများသည် ပြန်လာခဲ့ကြ၏။ နှစ်ပေါင်း ၄၀ အတွင်း၊ သူတို့၏လူဦးရေ ငါးဆ တိုးပွားခဲ့ပါသည် (၈သိန်းမှ ၄သန်းအထိ)။ သဘော်သဖန်းပင်သည် ရွက်နုနှင့် ဝေဆာလျက်ရှိလာ၏။ ထို့ကြောင့်၊ သခင်ယေရှု ကြွလာတော်မူမည့် နွေသည် နီးလာပြီဖြစ်ပါသည်။ ဘုရားသခင်၏လက်တော်အားဖြင့်၊ ရုရှပြည်မှ ယုဒလူများသည် များစွာ ပြန်သွားခွင့်ရကြ၏။ ၁၉၉၀ ခုနှစ် ဧပြီလတွင်၊ ၁၀၀၀၀ ပြန်လာခဲ့ကြပြီး၊ ၁၉၉၁ ခုနှစ်တွင် ၇ သောင်းမှ တသိန်းအထိ ပြန်လာခဲ့ကြ၏။ Gorbachev သည် ရှေးဘုရင် ကုရု (Cyrus) ကဲ့သို့ အမှုပြုခဲ့ပါသည်။

**ဆင်ခြင်ရန်** - ယေရှုက၊ ထိုအကြောင်းအရာ အလုံးစုံတို့ကို မြင်ရလျှင် လူသားသည် တံခါးဝတိုင်အောင် အနီးသို့ ရောက်တော်မူသည်ကို သိမှတ်ကြလော့ (မသဲ ၂၄း၃၃) ဟု မိန့်တော်မူ၏။
**ဆုတောင်းချက်** - အို အဖဘုရား၊ ကောင်းကင်ဘုံ၌ အလိုတော်ပြည့်စုံသကဲ့သို့ ဤလောက၌လည်း ပြည့်စုံစေတော်မူပါ။

*နေ့စဉ် ယေရှုအတွက် ကျွန်တော် တောက်လောင်လိုပါ၏*

## ကြွလာတော်မူမည့်နိမိတ်လက္ခဏာ - နောဧ ခေတ်ကာလ

"လူသားသည် ကြွလာသောအခါ နောဧ လက်ထက်၌ ဖြစ်သကဲ့သို့ ဖြစ်လိမ့်မည်" (မသဲ ၂၄း၃၇)။ ဤစကားသည် မိမိကြွလာတော်မူမည့်အချိန် နီးသောအခါ၊ တွေ့ရမည့် လက္ခဏာ တခုဖြစ်ကြောင်း သခင်ယေရှု၏ မိန့်တော်မူချက်ဖြစ်ပါသည်။ နောဧ၏လက်ထက် ကားအဘယ်နည်း။ ထိုနေ့ရက်တို့သည် အဆီးအတားမဲ့ အပျော်လွန်ကျူးခြင်း၊ ပျက်စီးယိုယွင်းခြင်း၊ အဓမ္မအမှုပြုခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို မယုံကြည် ကဲ့ရဲ့မှုပြုခြင်း ကာလဖြစ်ပါသည်။

(၁) <u>အဆီးအတားမဲ့ အပျော်လွန်ကျူးခြင်း</u>။ ရေလွှမ်းမိုးခြင်း မကျရောက်မီ လူတို့သည် နှစ်ပေါင်း ၉၀၀ ကျော် သက်တမ်းရှိလျက်၊ အပျော်ကျူးလျက် နေထိုင်ခဲ့ကြပါသည်။ "စားသောက်လျက်၊ ထိမ်းမြားစုံဘက်လျက်နေ၍" ဟူသော အချက်က၊ လူတို့သည် ကာမဆက်ဆံခြင်း၊ လိင်တူဆက်ဆံခြင်း စသည့် ဇာတိအပျော်လွန်ကျူးခြင်းများကို ရည်ညွှန်းပါသည်။ ယနေ့ တွေ့ရသော၊ လက် မထပ်ဘဲ အတူ နေထိုင်ခြင်း၊ အပျော် ကာမဆက်ဆံခြင်း စသည်တို့သည် ရှေး သောဒုံနှင့် ဂေါမောရ အကျင့်ပင်ဖြစ်ပါသည်။ ဤကမ္ဘာလောကကြီးသည် ပြစ်ဒဏ်ခံရဖို့ မှည့်နေပြီဖြစ်၏။

(၂) <u>အကျင့်ပျက်ခြင်းနှင့်အဓမ္မအမှု</u>။ "မြေကြီးပေါ်မှာ လူအပြစ်ကြီး၍၊ သူ၏စိတ်နှလုံးအကြံအစည် ရှိသမျှတို့သည် အစဉ်မပြတ် ဆိုးညစ်ဖြင်းသက်သက် ရှိကြောင်းကို ဘုရားသခင် သိမြင်တော်မူ၏" (ကမ္ဘာ ၆း၅)။ ဤစကားလုံးသည် အရှေ့ အနောက် ခေတ်သစ် လူနေမှုကို ဖော်ညွှန်း ထားလျက်ရှိပါသည်။ ထို့ပြင် အဓမ္မအမှုသည် နေရာတကာ ပွားများလာခဲ့ပြီး၊ အကျင့်ပျက်ခြင်း အမျိုးမျိုးကိုလည်း ထင်ထားသည်ထက် များပြားလာလျက်ရှိပါသည်။ ယနေ့ အကျင့်ပျက်ခြင်းက သခင်ယေရှု ကြွလာဖို့၊ ပြစ်ဒဏ်ခတ်ဖို့ ဖိတ်ခေါ် လျက်ရှိပါသည်။

(၃) <u>ဘုရားသခင်၏နှုတ်ကပတ်တော်ကို မထီမဲ့မြင်ပြုခြင်း၊ မယုံကြည်ခြင်း</u>။ ဖြောင့်မတ်ခြင်း တရားဟောဆရာဖြစ်သော နောဧသည် နာခံခြင်းမရှိသောသူတို့ထံ တရားဟောခဲ့ပါသည်။ ရေလွှမ်းမိုးခြင်းအားဖြင့် ဘုရားသခင် စီရင်တော်မူမည့်အကြောင်း ဟောပြောခဲ့ပါသည်။ လူတို့က သူ့ကို ပြက်ရယ်ပြုခဲ့ကြပါသည်။ "အို မိုက်မဲသော အဖိုးကြီး၊ သင် အလွန်အ ပါသည်တကား။ အဘယ် ရေလွှမ်းမိုးခြင်းလဲ၊ ဘယ်မှာ မိုးရွာ မှာလဲ" ဟု နောဧကို ပြက်ရယ်ပြုခဲ့ကြပါလိမ့်မည်။ တမန်တော် ပေတရုက၊ "နောက်ဆုံးသော ကာလ၌ ပြက်ယယ်ပြုတတ်သောသူတို့သည်၊ မိမိတို့ တပ်မက်ခြင်း အတိုင်းကျင့်နေ၍" ခရစ်တော်ကြွလာတော်မူမည့်အကြောင်းကို ကဲ့ရဲ့ကြလိမ့်မည် (၂ ပေ ၃း၃) ဟု ဖော်ပြခဲ့ပါသည်။ အဘယ့်ကြောင့်နည်း။ အကြောင်းမှာ၊ သူတို့ပြုသောအမှုသည် အဓမ္မအမှုဖြစ်ပါ၏။

ထိုအမှုများကို သင်မြင်သောအခါ၊ သခင်ယေရှု ကြွလာမည့်အချိန် နီးနေပြီး ဖြစ်ကြောင်း သိမှတ်ပါလော့။

**ဆင်ခြင်ရန်** - ကိုယ်တော်ကြွလာတော်မူမည့်အကြောင်းကို ကျွန်တော် မထီမဲ့မြင်ပြုသလော (သို့) မျှော်လင့်စောင့်စားနေပါသလော။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော့်ကို ပို၍ ချစ်မည်အကြောင်း၊ ကြွလာတော်မူမည့်အချိန်ကို အလွန်စောင့်စားသောသူ ဖြစ်မည်အကြောင်း မစတော်မူပါ။





*သင့်အမှုအရာကို ထာဝရဘုရားထံ အပ်လော့*

## ဆက်ကပ်ခြင်းနှင့် ယုံကြည်ကိုးစားခြင်း

ဝိညာဉ်အရေး၌ နှိုးကြားခြင်း ခံရလျက်၊ "ငါတို့၌ ဘုရားသခင် ပြုတော်မူသော ဤအမှုသည် အဘယ်အမှုဖြစ်ပါလိမ့်မည်နည်း" (ကမ္ဘာ ၄၂း၂၈) ဟု အချင်းချင်း ဆိုခဲ့ကြ၏။ ထိုရက်အနည်းငယ်အတွင်း ကြုံတွေ့ခဲ့သော အဖြစ်အပျက်များက စိုးရိမ်ကြောက်ရွံ့မှုကို ဖြစ်စေလျက်၊ ဖြစ်ပျက်သောအမှုအလုံးစုံသည် ဘုရားသခင်၏လက်တော်ဖြစ်ကြောင်း သိမှတ်စပြုခဲ့ကြပါသည်။ မိမိတို့ ဇာတိအလိုအတိုင်း ဆက်သွားခြင်းသည် လုံးဝ မဖြစ်တော့ပါ။ ဘုရားသခင်သည် သူတို့အပေါ် အမှုပြုလျက်ရှိ၏။ သူတို့သည် လုံးဝ ဆက်ကပ်မှုရှိရပါမည်၊ သို့မဟုတ်လျှင် သူတို့၌ စိတ်ငြိမ်သက်ခြင်းရှိမည် မဟုတ်ပါ။

ယာကုပ်သည် ဗင်္ယာမိန် အဲဂုတ္တုပြည်သို့ ခေါ်ဆောင်ရန် တောင်းဆိုမှုကို ငြင်းပယ်ခဲ့ပါသည်။ "သားနှစ်ယောက်ကြောင့် ငါ့ကို ဝမ်းနည်းစေခဲ့ကြပြီ။ ယခု၊ ဗင်္ယာမိန်ကိုလည်း ခေါ်ဆောင်လိုကြ၏။ အဖြစ်အပျက်တိုင်း ငါ့ကို ဆန့်ကျင်လျက် ဖြစ်နေ၏။" ယာကုပ်၌လည်း သင်ခန်းစာ သင်ယူဖို့ရှိခဲ့ပါသည်။ သူသည် ဘုရားသခင်ဘက်၌ ကြိုးစားအားထုတ်မှု နည်းခဲ့ပါသည်။ စုံလင်သော နာခံခြင်းနှင့် ယုံကြည်ကိုးစားခြင်း ရှိဖို့လိုအပ်ပါသည်။ သူတို့၏ ခန္ဓာကိုယ် လိုအပ်သောအရာအားဖြင့် ဘုရားသခင်က သင်ခန်းစာ ပေးလျက်ရှိပါသည်။ ယာကုပ်သည်လည်း ဆက်လက် သင်ယူရမည်ဖြစ်ပါသည်။ စားစရာ ကုန်သောအခါ၊ "တဖန် သွား၍ ငါတို့ စားစရာ အနည်းငယ်ကို ဝယ်ကြပါဦး" (ကမ္ဘာ ၄၃း၂) ဟု ဆိုခဲ့ပါသည်။ သို့သော်လည်း၊ ဗင်္ယာမိန် မပါဘဲ မဖြစ်နိုင်ပါ။ ဤအမှု၌၊ ယုဒက ခေါင်းဆောင်နေရာကို ယူခဲ့ပါသည်။ အဲဂုတ္တုပြည်သို့ ဗင်္ယာမိန်နှင့်တကွ သွားကြဖို့ရန် ဆိုခဲ့ပါသည်။ "ကျွန်တော်နှင့်အတူ ဗင်္ယာမိန် လိုက်ပါစေ။ ကျွန်တော် သူ့အတွက် အာမခံပါ၏။ ဘေးရန်ကင်းစွာ ပြန်လာဖို့ ကျွန်တော် တာဝန်ယူပါမည်။ ကျွန်တော်တို့ မသေမည်အကြောင်း၊ သွား၍ အစားအစာ သွားယူကြပါစို့" ဟု ဆိုခဲ့ပါသည်။ နောက်ဆုံးတွင်၊ ယာကုပ်ထံ အား၊ "အဘသည် ဗင်္ယာမိန်ကို သွားခွင့် မပြုလျှင်၊ အစာငတ်လျက် ကျွန်တော်တို့အားလုံး သေကြလိမ့်မည်။ ဗင်္ယာမိန် မပါဘဲ၊ ထိုအဲဂုတ္တုလူကို သွားတွေ့လျှင်၊ ကျွန်တော်တို့လည်း သေခဲ့ပါလိမ့်မည်။"

ထိုအခါ ယာကုပ်က၊ "ဘာဘဲ ဖြစ်လာဖြစ်လာ၊ ဖြစ်ပါစေတော့။ သို့သော်လည်း၊ ကောင်းမွန်စွာ အမှုပြုကြလော့၊ ရိုးသား မှန်ကန် ဖြောင့်မတ်စွာ ပြုကြလော့။ ထို အဲဂုတ္တု နိုင်ငံအုပ်အတွက် အကောင်းဆုံးသော လက်ဆောင်များယူသွားကြ။ ထို့ပြင် အရင် ပြန်ရခဲ့သော ငွေကို ပြန်ဆပ်ဖို့ လိုခဲ့သော် ငွေကိုလည်း နှစ်ဆ ယူသွားကြပါ။ သင်တို့ ညီကိုလည်း ခေါ်သွားကြ" ဟု ဆိုခဲ့ပါသည်။ နောက်ဆုံးတွင်၊ ယာကုပ်သည် ဘုရားသခင်ကို ကိုးစားခဲ့ပါသည်။ "ထိုသူသည် သင်တို့အစ်ကိုတယောက်နှင့် ဗင်္ယာမိန်ကို လွှတ်လိုက်မည်အကြောင်း၊ သင်တို့သည် သူ့စိတ်နှင့် တွေ့ရသောအခွင့်ကို အနန္တတန်ခိုးရှင် ဘုရားသခင် ပေးတော်မူပါစေသော။ သို့ရာတွင် ငါသည် သားဆုံးခြင်းကို ခံရလျှင် ခံရတော့မည်" (ကမ္ဘာ ၄၃း၁၄) ဟုဆို၏။ ယာကုပ်သည် အရာခပ်သိမ်း ဘုရားသခင် လက်တော်ထဲသို့ ဆက်ကပ် အပ်နှံခြင်းတည်းဟူသော လုံးဝ ယုံကြည်ကိုးစားခြင်းအဆင့်ကို ရောက်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - (ဟေဗြဲ ၁၂း၇ ကို ဖတ်ပါ)။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကို မဆန့်ကျင်ဘဲ၊ စေခိုင်းချက်အတိုင်း ပြုမည်အကြောင်း မစတော်မူပါ။

သောကြာ၊ မတ် (၇)

**ကမ္ဘာ ၄၂:၂၁-၂၈**

ဆာလံ ၃၃:၁-၁၁

*အို ဘုရားသခင်၊ အကျွန်ုပ်ကို စစ်ကြော၍၊ အကျွန်ုပ် နှလုံးကို သိမှတ်တော်မူပါ။*

# ဩတ္တပ္ပစိတ် နိုးဆွခံရခြင်း

နှစ်နှစ်ဆယ်လုံးလုံး၊ ယာကုပ်၏ ဆန့်ကျင်တတ်သော သားများတို့သည် အဘထံ မိမိတို့အပြစ်ကို ဖုံးကွယ်လျက် နေခဲ့ကြ၏။ ယောသပ်အား သတ်ခဲ့လျှင် အမှု ပြီးပြီဟု ထင်မှတ်ထားခဲ့ကြ၏။ သူတို့၏ ဩတ္တပ္ပစိတ်သည် မနာလို မုန်းတီးခြင်းကြောင့် ထုံအခဲ့ပြီး၊ ဘာမှ မဖြစ်သကဲ့သို့ နေခဲ့ကြ၏။

"မိမိအပြစ်ကို ဝှက်ထားသောသူသည် ချမ်းသာ မရ" (သု ၂၈:၁၃)။ "ထိုအပြစ်သည် သင်တို့ကို လိုက်၍ မှီလိမ့်မည်" (တော ၃၂:၂၃)။ ယခု၊ အဲဂုတ္တုပြည်၌ သူတို့သည် အာဏာရှိသောသူ၏ စစ်မေးခြင်းကို ခံခဲ့ကြရပြီး၊ ထောင်ထဲသို့ ချုပ်ထားခဲ့ပါသည်။ တတိယမြောက်နေ့တွင်၊ မိမိသည် ဘုရားသခင်ကို ကြောက်ရွံ့သောသူဖြစ်ကြောင်း ဖော်ပြခဲ့လျက်၊ သူတို့၏ ညီအငယ်ဆုံးကို မြင်လိုကြောင်း ဆိုခဲ့ပါသည်။ ထိုအခါ၊ အစ်ကိုတို့၏ ထုံအသော ဩတ္တပ္ပစိတ်သည် စတင် နိုးဆွခြင်းခံလျက်၊ လွန်ခဲ့သော နှစ်နှစ်ဆယ်က သူတို့ပြုခဲ့သော ဒုစရိုက်ကို ပြန်လည် အောက်မေ့ခဲ့ကြ၏။ ယောသပ်ရှေ့၌ သူတို့အပြစ်ကို ဝန်ခံခဲ့ကြပြီး၊ မိမိတို့ ပျိုးကြဲခဲ့သည်အတိုင်း ရိတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုခဲ့ကြပါသည်။ ရုဗင်က သူ့ညီအတွက် တောင်းပန်ခဲ့သော်လည်း၊ သူတို့သည် နားမထောင်ခဲ့ကြောင်း ဆိုလျက်၊ သူတို့၏အပြစ်သည် ပိုကြီးပါသည် ဟုဆိုခဲ့ပါသည်။

ထိုဝမ်းနည်းစရာ စကားများကြောင့် ယောသပ် ငိုခဲ့ပါသည်။ မိမိကိုယ်ကို ဖော်ပြလိုခဲ့သော်လည်း၊ ထိုသို့ မပြုခဲ့ပါ။ လူမျိုးကြီးဖြစ်လာမည့် သူတို့ကို ပိုဆုံးမဖို့ရန် လိုအပ်နေသေး၏။ ထို့ကြောင့်၊ ယောသပ်က ရှိမောင် ဖမ်းချုပ်ထားလျက်၊ ကျန်သောသူများကို စပါးများနှင့် ပြန်စေခဲ့ပါသည်။ သူတို့၏အိတ်များထဲ၌ သူတို့၏ငွေများကို ပြည်ထည့်ဖို့ရန် ငယ်သားများကို ယောသပ် မိန့်တော်မူခဲ့၏။

"ထိုပြည်ကို အုပ်စိုးသောသူ" (ကမ္ဘာ ၄၂:၃၀) ၏ စစ်မေးမှု၊ သုံးရက် ထောင်ချခံရမှုကြောင့် သူတို့၏ ဩတ္တပ္ပစိတ်သည် နိုးကြားခြင်း ရှိလာခဲ့ပါသည်။ သေဒဏ်အပြစ်ဖြင့် ခြိမ်းခြောက်လျက်၊ ရှိမောင်ကို ဖမ်းချုပ်ခြင်းတို့ကြောင့်၊ သူတို့သည် အဘထံ သတင်းပို့ရန် အလျင်အမြန် ပြန်ခဲ့ကြ၏။ အပြန်လမ်းတွင်၊ စပါးအိတ်ဝ၌ ငွေ တွေ့ခဲ့ကြသောကြောင့် စိုးရိမ်အံ့ဩခြင်း ရှိခဲ့ကြပါသည်။ ပို၍ အံ့ဩခဲ့ကြသည်မှာ "အသီးအသီး ဆိုင်သော ငွေထုပ်တို့သည် မိမိတို့ အိတ်၌ ရှိကြ၏" (ကမ္ဘာ ၄၂:၃၅)။ အံ့ဩ စိုးရိမ်စိတ်ဖြင့်၊ ထိုအဲဂုတ္တု မင်းက အဘယ်အမှုကို ထပ်၍ သူတို့အား စွဲချက်တင်မည်လိမ့်မည်နည်းဟု တွေးခဲ့ကြပါသည်။ သူတို့၏ ဩတ္တပ္ပစိတ်သည် နိုးဆွခြင်းခံရခဲ့ပြီး၊ စုံစမ်းစစ်ကြောခြင်းကို သူတို့ ပြောင်းလဲသည်အထိ ဆက်လက် ပြုရဦးမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဝမ်းနည်းခြင်းသည် ကောင်းပါ၏၊ သို့သော်လည်း မလုံလောက်သေးပါ။

**ဆုတောင်းချက်** - အို အဖဘုရား၊ ကျွန်ုပ်၏စိတ်နှလုံးကို ပျော့ပြောင်း စေတော်မူလျက်၊ ကိုယ်တော်၏ပြုပြင်ခြင်းလက်တော် အောက်၌ နာခံသောသူဖြစ်စေတော်မူပါ။



တနင်္လာ၊ ဇန်နဝါရီ (၂၇)

**မဿဲ ၂၄:၄၀-၄၆**

၁ သက် ၄:၁၃-၁၈

*ယေရှုကို မြင်တွေ့ရသောအခါ အလုံးစုံ ပြည့်စုံလိမ့်မည်*

# သခင်ဘုရားကို မြင်တွေ့ဖို့ရန် ချီဆောင်ခြင်းခံရမည်

သတို့သမီးသည် သတို့သား ရောက်လာမည့်အချိန်ကို စောင့်မျှော်သကဲ့သို့၊ ယုံကြည်သူအသင်းတော်သည် သခင်ယေရှု ကောင်းကင်မှ ကြွလာတော်မူမည့်အချိန်ကို စောင့်မျှော်လျက် ရှိ၏။ ထိုသို့သော တောင့်တခြင်းဖြင့် သတို့သမီးသည် ကောင်းကင်မှ သတို့သားကို စောင့်နေပါသည်။ "ငါသည် သွား၍ သင်တို့နေစရာ အရပ်ကို ပြင်ဆင်ပြီးမှ တဖန်လာပြန်၍၊ ငါရှိရာအရပ် ၌ သင်တို့ ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်" (ယော ၁၄:၃) ဟု ဂတိထားတော်မူခဲ့ သည် မဟုတ်လော။

ယုံကြည်အားနည်းသောသူအဖို့ "ချီဆောင်ခြင်း" (၁ သက် ၄:၁၇) ဟူသောအမှုသည် အံ့ဩစရာကောင်းသောအမှု ဖြစ်ပါလိမ့်မည်။ မည်သို့ ဖြစ်နိုင်မည်နည်း။ သို့သော်လည်း၊ မယုံ မရှိပါနှင့်။ သခင်ယေရှု ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်သို့ ကြွသွားတော်မူခြင်းနှင့် အတူတူပင်ဖြစ်ပါသည်။ သောမတ်သည် ဆယ်ဦးတို့၏ မျက်မြင် သက်သေကို သံသယဝင်ခဲ့ပါသည်။ ထို့ကြောင့်၊ တပည့်တော်များထံ သခင်ယေရှု ထင်ရှားသောအခါ၊ သံသယဝင်သော သောမတ်အား၊ "ယုံမှားခြင်း မရှိနှင့် ယုံလော့" (ယော ၂၀:၂၇) ဟု ဆိုခဲ့ပါသည်။ ကျွန်တော်တို့ ပုံပြင် ပြောသည် မဟုတ်ပါ၊ အဖြစ်မှန်ကို ပြောနေခြင်းဖြစ်ပါသည်။ စိတ်ကူးအတွေး မဟုတ်၊ ဖြစ်ပျက်သောအချက်ကို ပြော၏။

သခင်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့ ကြွသွားတော်မူခြင်း အပြင်၊ သမ္မာကျမ်းစာထဲ၌ အခြား သာဓကများ ရှိပါသည်။ အာဒံမှ ခုနစ်ဆက်ဖြစ်သော ဧနောက်သည် "ဘုရားသခင်နှင့်အတူ သွားလာ၏ . . . ဘုရားသခင် သိမ်းယူတော်မူ၏" (ကမ္ဘာ ၅:၂၄)။ ထိုသို့ သိမ်းယူခြင်း မခံမီ၊ ဧနောက်ထံ ဒုတိယအကြိမ်ကြွလာတော်မူခြင်းအကြောင်းကို ဖော်ပြခဲ့ပါသည်။ ထိုအချက်ကို ယုဒက ရေးမှတ်ခဲ့ပါသည် - "ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့ကို တရားစီရင်၍ . . . အပြစ်ကိုငြင်း ဘော်ပြ ခြင်းငှါ၊ အတိုင်းမသိများစွာသော မိမိသန့်ရှင်းသူတို့နှင့်တကွ ကြွလာတော်မူလိမ့်မည်" (ယုဒ ၁၄)။ ဘုရားသခင်သည် ဧလိယကိုလည်း "လေဘွေအားဖြင့် ကောင်းကင်သို့" (၄ ရာ ၂:၁၁) ချီဆောင်ခဲ့၏။

သိမ်းယူခြင်းကို တခါတရံတွင် ချီဆောင်ခြင်းဟု ခေါ်ခဲ့ပါသည်။ ထိုချီဆောင်ခြင်းတွင် လူမျိုးတကာမှ ရွေးကောက်သောသူများ ပါဝင်မည်ဖြစ်ပါသည်။ လူအပေါင်း ပါဝင်ကြမည် မဟုတ်ပါ။ သခင်ဘုရားသည် မိမိလူတို့ကို သိတော်မူ၏။ ထို့ကြောင့်၊ လယ်၌ ရှိသော သူနှစ်ဦးတွင် တဦးသည် သိမ်းယူခြင်းခံရ၍ တဦး ကျန်နေခဲ့လိမ့်မည်။ ရွေးကောက်ခြင်း ခံရသောသူများသာလျှင် သီးခြား ချီဆောင်ခြင်း ခံရကြလိမ့်မည်ဖြစ်၏။ ယေရှု ကြွလာတော်မူသောအခါ၊ ထိုအမှု ဖြစ်လိမ့်မည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်ကို ကိုယ်တော်ပိုင်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်ကို ကယ်တင်လျက်၊ ကိုယ်တော်၏အပိုင်ဖြစ်စေတော်မူပါ။

*ကိုယ်တော် ကြွလာတော်မူသည်အထိ၊ ကျွန်တော် စောင့်နေလျက်၊ ဝမ်းမြောက်စွာ ဆုတောင်းနေပါမည်*

## ကျွန်တော်တို့သည် ကိုယ်တော်ကဲ့သို့ဖြစ်လိမ့်မည်

သခင်ယေရှု ကြွလာတော်မူသောအခါ၊ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ မည်သို့ပြောင်းလဲခြင်း ရှိမည် အကြောင်း၊ သမ္မာကျမ်းစာ ဖော်ပြချက်ကို လေ့လာကြပါစို့။ ၁ ကော ၁၅း၅၂ ထဲ၌၊ "တခဏခြင်း တွင်၊ မျက်စိတမှိတ်၌ . . . သေလွန်သောသူ တို့သည်၊ မပုပ်နိုင်သော အဖြစ်၌ တည်လျက် ထ မြောက်၍၊ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်" ဟု ဖော်ပြခဲ့၏။ ဖိလိ ၃း၂၀-၂၁ ထဲတွင်၊ ပေါလုက၊ "ထိုသခင်သည် . . . ယုတ်ညံ့သော (ပျက်စီးတတ်သော) ငါတို့၏ ကိုယ်ခန္ဓာ ကိုပင် ဘုန်းအသရေနှင့် ပြည့်စုံသော ကိုယ်ခန္ဓာ တော်၏နည်းတူ ဖြစ်စေခြင်းငှါ အသစ် ပြင်ဆင်တော် မူလတ့ံ" ဟုဆိုခဲ့ပါသည်။ တမန်တော် ယောဟန် က၊ "ကိုယ်တော်သည် ထင်ရှား ပေါ်ထွန်းတော် မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့် တူကြလတ့ံဟု" (၁ ယော ၃း၂) ဆိုခဲ့၏။ သခင်ယေရှု ကြွလာတော်မူသောအခါ၊ အတိတ်၊ ပစ္စုပန်၊ သေသောသူ၊ အသက်ရှင်သောသူ ယုံကြည်သူ အ ပေါင်းတို့သည် အံ့ဘွယ် ပြောင်းလဲခြင်း ကြုံတွေ့ခံစားကြလိမ့်မည် - ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် ရှင်ပြန်ထမြောက်တော်မူသော သခင်ယေရှု၏ကိုယ် ကဲ့သို့ ပြောင်းလဲလိမ့်မည်။ ထိုခန္ဓာကိုယ်သည် စုံလင်ခြင်းရှိ၍ အသက်ကြီးရင့်ခြင်းမရှိ၊ ရောဂါ၊ သေခြင်းနှင့် ဝမ်းနည်းခြင်းမှ ကင်းလွတ် လိမ့်မည်။

ထို့ပြင်၊ ကျွန်တော်တို့သည် သခင်ဘုရားနှင့်အတူ ထာဝရနေခြင်းငှါ လေထဲသို့ ချီဆောင် ခြင်းခံရကြမည်။ ဤသည်ကား၊ ပဌမ ရှင်ပြန်ထမြောက်ခြင်းပေတည်း။ "ပဌမ ထမြောက်ခြင်းကို ဝင်စားသောသူသည် မင်္ဂလာရှိသောသူ၊ သန့်ရှင်းသောသူဖြစ်၏။ ထိုသို့သောသူသည် ဒုတိယ သေခြင်း၏လက်နှင့် ကင်းလွတ်လျက်၊ ဘုရားသခင်၏ ယဇ်ပုရောဟိတ်၊ ခရစ်တော်၏ ယဇ်ပု ရောဟိတ် ဖြစ်၍၊ အနှစ်တထောင် ပတ်လုံး ခရစ်တော်နှင့်အတူ စိုးစံရကြလိမ့်မည်" (ဗျာ ၂၀း၆)။ ထိုမျှော်လင့်ချက်က ယခုခံစားနေရသော အခက်အခဲ၌ ခံနိုင်ရည် ရှိစေခဲ့ပါသည်။ ရှင်ပေါလုက၊ "ငါတို့အား ပေါ်ထွန်းလတ့ံသော ဘုန်းကိုထောက်သော်၊ ယခုမျက်မှောက်ကာလ၌ ခံရသော ဆင်းရဲဒုက္ခကို ပမာဏ မပြုထိုက်ဟု ငါသဘောရှိ၏" (ရောမ ၈း၁၈) ဟု ဆိုခဲ့ပါသည်။ အာဒံ ခေတ်မှ ကျိန်ခြင်းခံရသော၊ ဖန်ဆင်းခံ ဤကမ္ဘာမြေကြီးပင်လျှင် ပြုပြင်ခြင်းခံရလိမ့်မည် (ရောမ ၈း၂၂-၂၃)။ ထို့ပြင်၊ တရိစ္ဆာန် လောကသည်လည်း ပြန်လည်ပြုပြင်ခြင်းခံရလိမ့်မည်။ ဝံပုလွေနှင့် သိုးသငယ်၊ ကျားသစ်နှင့် ဆိတ်၊ နွားသငယ်နှင့် ခြင်္သေ့၊ နွားနှင့်ဝက်ဝံတို့အကြား၌ အေးချမ်းမှုရှိလျက်၊ လူတို့နှင့်လည်း သင့်မြတ် နေထိုင်ကြလိမ့်မည်။ တရိစ္ဆာန်အပေါင်းတို့သည် အစကကဲ့သို့ မြက်ကို စားကြလိမ့်မည် (ဟေရှာ ၁၁း၆-၉)။

စာဖတ်သူ၊ ဤအမှုသည် အမှန်ဖြစ်လာမည်ဖြစ်သောကြောင့် သင်စိတ်လှုပ်ရှားမှု ရှိပါ သလား။ ယခု ကမ္ဘာသည် ကျွန်ုပ်တို့၏ အိမ် မဟုတ်ပါ။ ထို့ကြောင့် ဧည့်သည်ကဲ့သို့ နေထိုင်ပါလော့၊ ထာဝရ အိမ်တော်ကို မျှော်လင့်လျက် နေထိုင်အသက်ရှင်ပါ။

**ဆင်ခြင်ရန်** - "မြေကြီးသည် ထာဝရဘုရားကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်" (ဟေရှာ ၁၁း၉)။

**ဆုတောင်းချက်** - အို အဖဘုရား၊ ကိုယ်တော်သည် ထာဝရတည်တော်မူသည်ဖြစ်သောကြောင့် ကိုယ်တော့်ကို ချီးမွမ်းပါ၏။





*ငြိမ်ဝပ်စွာနေလော့၊ ငါကား ဘုရားသခင်ဖြစ်သည်ဟု သိမှတ်ကြလော့*

## နှုတ်ကပတ်တရားတော်က သမိုင်းကို ဆုံးဖြတ်တော်မူ၏

ဣသရေလ၏လိုအပ်ချက်ကို ပြည့်ဆည်းပေးဖို့ရန် အဲဂုတ္တုပြည်သို့ ဘုရားသခင်သည် မိမိ၏ တန်ဆာပလာ အသုံးတော်ခံကို ပို့ခဲ့ပါသည်။ ထိုအချိန်၌၊ ဘုရားသခင်သည် မိမိ၏လူ ယောသပ်ကို ပေါ်ထွန်းစေတော်မူ၏။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ယောသပ်အား အဲဂုတ္တုနှင့် ဣသရေလကို ကယ်တင်မည့်သူ အဖြစ် လမ်းပြပို့ဆောင်တော်မူခဲ့ပါသည်။ ဘုရားသခင်သည် ဣသရေလအတွက် မိမိ၏အစီအစဉ်ကို ယောသပ်ထံ အိပ်မက်အားဖြင့် ဖော်ပြခဲ့ပါသည်။ ထိုအမှုကို ဘုရားသခင်သည် လူတို့၏ အမုန်း၊ မနာလိုခြင်း၊ သဘာဝဘေး စသည်တို့ အလယ်၌ ဖြည်းဖြည်းချင်း ဆောင်ရွက်တော်မူ ၏။ ခါနန်ပြည်၌ အစ်ကိုတို့၏ ကောက်လှိုင်းများသည် အိပ်မက်ထဲ၌ ပြပ်ဝပ်ခဲ့ကြပြီး၊ ယခု အဲဂုတ္တု ပြည်တွင် သူတို့ကိုယ်တိုင် ပြပ်ဝပ်ခဲ့ကြပါသည်။ ရုပ်ပုံနှင့် လက်တွေ့အဖြစ်အပျက်ကို အချိန်က ပိုင်းခြားခဲ့သော်လည်း၊ ထို ပရောဖက်ပြုချက်အတိုင်း အမှန်သမိုင်း၌ ဖြစ်ပျက်ခဲ့ပါသည်။

ယနေ့ကျမ်းပိုဒ်များထဲတွင်၊ ဆိုးသွမ်းသော အစ်ကိုများ ပြန်လည်လက်ခံခြင်း ပထမ ခြေလှမ်းကို တွေ့ရပါသည်။ အရင်၌ ယောသပ်အား သူတို့က၊ "သင်သည် ငါတို့၌ မင်းပြုရလိမ့်မည် လော၊ ငါတို့ကို အစိုးရလိမ့်မည်လော" (ကမ္ဘာ ၃၇း၈) ဟုဆိုခဲ့ဖူးပါသည်။ ယခုတွင်၊ သူတို့သည် "လာ၍ သူ့ရှေ့မှာဦးညွှတ်ချကြ၏" (ကမ္ဘာ ၄၂း၆)။ ရက်စက် မုန်းတီးခြင်းအရာ၌ ကြောက်လန့် ဆက်ကပ်မှုကို တွေ့ခဲ့ရပါသည်။

အစာငတ်မွတ်မှုကြောင့်၊ အဘ၏ ခိုင်းစေမှုဖြင့် သူတို့သည် စပါး ဝယ်ယူရန် အဲဂုတ္တုပြည်သို့ ခရီးနှင်ခဲ့ကြ၏ (ကမ္ဘာ ၄၂း၂)။ သူတို့ရောက်လာသောအခါ၊ ယောသပ်သည် သူတို့ကို မှတ်မိခဲ့သော် လည်း၊ သူတို့က ယောသပ်ကို မမှတ်မိခဲ့ကြပါ။ ဤ အဲဂုတ္တု နိုင်ငံအုပ်သည် သူတို့ ရောင်းစားခဲ့သော ညီ ဖြစ်လိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့ကြပါ။ ယောသပ်အတွက်၊ အစ်ကိုတို့ကို ပြန်မြင်ရခြင်းသည် အလွန် ဝမ်းမြောက်စရာကောင်းလှသော်လည်း၊ မိမိကိုယ်ကို ဖော်ပြဖို့ အချိန် မဟုတ်သေးပါ။ သူတို့ကို အရင် ပြုပြင်ဖို့လိုအပ်ပါသည်။ သူတို့အား၊ တိုင်းတပါးမှ သူလျှိုများဖြစ်မည်ဟု စွပ်စွဲခဲ့ပါသည်။ သူတို့က ငြင်းခဲ့ကြပြီး၊ မိမိတို့သည် သူလျှိုမဟုတ်ကြောင်း၊ မိသားစုအကြောင်းကို ပြောပြခဲ့ကြပါသည်။ "သက်သေပြခဲ့ကြ။ သို့မဟုတ်လျှင်၊ သူလျှိုဟု သတ်မှတ်လျက် အသေခံရမည်။" ထို့ကြောင့်၊ သူတို့ကို သုံးရက် အကျဉ်းချခဲ့ပါသည်။ အရင် နှစ်သုံးဆယ်ထက်၊ ယခု အကျဉ်းကျခံရသော သုံးရက်က သူတို့၏ စိတ်သဘောကို ပြုပြင်ခဲ့ပါလိမ့်မည်။ သူတို့၏ ဆိုးသွမ်းမှု၊ အထူးသဖြင့် သူတို့ ညီအပေါ် ပြုခဲ့သောအမှုအတွက် မိမိကိုယ်ကို စမ်းစစ်လျက်၊ အပြစ်ကို နောင်တရလျက် ဝန်ခံဖို့ရန် အချိန် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သမိုင်းသည် လူသားတို့အပေါ် ဘုရားသခင် ပြုတော်မူသောအမှု၊ အကြောင်း ဖြစ်ပါသည်။

**ဆုတောင်းချက်** - အို အဖဘုရား၊ ဖြစ်ပျက်သောအမှုတိုင်း၌ ကိုယ်တော်၏အလိုတော်၊ အစီအစဉ် ပြည့်စုံစေခြင်း လက်တော်ကို မြင်တွေ့ရမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၅)
**ကမ္ဘာ ၄၁း၄၆-၅၇**
ဆာလံ ၃၁း၁-၁၂

*အို ထာဝရဘုရား၊ ကိုယ်တော်ကို ကျွန်တော် ယုံကြည်ကိုးစားပါ၏*

# ယောသပ် ပြောသည်အတိုင်း

ဟေဗြဲလူတဦး၏ အုပ်စိုးမှုအောက်၌ အဲဂုတ္တုပြည်တခုလုံး ရောက်သွားခြင်းသည် အလွန် အံ့သြ အားကျစရာ ကောင်းလှပါသည်။ ချီးကျူးရမည့်သူမှာ ယောသပ်နှင့် ယောသပ်၏ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့သော ဖာရောဘုရင် ပင်ဖြစ်ပါသည်။ ဖာရောမင်း၏ အခွင့်အာဏာပေးမှုဖြင့်၊ ယောသပ်သည် ဝပြောသော ခုနစ်နှစ်အတွင်း စပါးများကို သိုထားဖို့ရန် စီစဉ်ခဲ့ပါသည်။ ယောသပ် ကြိုတင်ဟောခဲ့သည်အတိုင်း၊ ဝသော နွား ခုနစ်ကောင်နှင့် ကောင်းသောစပါး ခုနစ်နှံ တည်းဟူသော ခုနစ်နှစ်တွင် ဝပြောခြင်း ရှိခဲ့ပါသည်။ မြို့တိုင်းနှင့်နယ်များ၌ ဖာရောမင်း၏အမတ်များတို့သည် စပါးကို ခုနစ်နှစ်အတွက် သိုထားခဲ့ကြပါသည်။

ထို ခုနစ်နှစ်လွန်သောအခါ၊ ယောသပ် ပြောသည်အတိုင်း၊ အစာခေါင်းပါးခြင်း ကျရောက်ခဲ့ပါသည်။ "အဲဂုတ္တုပြည်၌ အစဉ်အတိုင်း အစာခေါင်းပါးသတည်း။ ခပ်သိမ်းသော ပြည်တို့၌လည်း အလွန် အစာခေါင်းပါးသောကြောင့်" (ကမ္ဘာ ၄၁း၅၆-၅၇)။ သိမ်းထားသော စပါးများ ကုန်သောအခါ၊ ငတ်မွတ်သောသူ၊ အဲဂုတ္တုပြည်သူများအပြင် အခြားပြည်မှလူများသည် လာ၍ ဖာရောဘုရင် သိုထားသော စပါးကို ဝယ်ယူခဲ့ကြ၏။

ကျမ်းစာ၌တွေ့ရသည်အတိုင်း၊ ဘုရားသခင်၏လူ ယောသပ်သည် အဲဂုတ္တုပြည်သူများသာမက၊ အစာငတ်မွတ်သော အခြားသူများအတွက်လည်း ကယ်တင်ရှင် ဖြစ်လာခဲ့ပါသည်။ ယာကုပ် သားများ အဲဂုတ္တုပြည်သို့ သွားရောက်ခြင်းအကြောင်းကို ဖတ်ရသောအခါ၊ အာဗြဟံထံ ဘုရားသခင် ပြုတော်မူခဲ့သော ဂတိတော်ကို အမှတ်ရစေခဲ့ပါသည်။ "သင့်ကို လူမျိုးကြီး ဖြစ်စေမည် . . . သင် အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်း ကြီးမင်္ဂလာကို ခံရကြလိမ့်မည် . . . မြေတပြင်လုံးကို သင်နှင့်သင်၏အမျိုးအနွယ်အား ငါသည် ကာလ အစဉ်အမြဲ ပေးမည် . . . သင်၏အမျိုးအနွယ်ကိုလည်း၊ ကောင်းကင် ကြယ်ကဲ့သို့ . . . ပွါးများစေမည် . . . " (ကမ္ဘာ ၁၂း၂-၃၊ ၁၃း၁၅၊ ၂၂း၁၇)။

ဤ ပရောဖက်ပြုချက်သည် တဖြည်းဖြည်း တခေတ်ပြီး တခေတ်၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့် သူ့သား ဆယ့်နှစ်ယောက်အားဖြင့် ပြည့်စုံလာခဲ့၏။ အစတွင် ဤမိသားစု၌ ဇာတိအကျင့်ကို တွေ့ခဲ့ရပါသည်။ ယခု အစာခေါင်းပါးခြင်း၌ ဘယ်လို ရှင်သန်ရကြပါလိမ့်မည်နည်း။ ထိုမိသားစုသည် ဤလောကလူအပေါင်းတို့အတွက် မည်သို့ ကောင်းကြီးမင်္ဂလာ ဖြစ်လာလိမ့်မည်နည်း။ ဤလောကီ ဆန်သော၊ ဇာတိအလိုကို လိုက်သောသူသည် လူတို့ကို ကယ်တင်မည့် ကယ်တင်ရှင်၏ ရှေ့ပြေးဖြစ်လာနိုင်ပါမည်လော။ သူတို့သည် ဘုရားသခင်၏ ကြီးမြတ်တော်မူသော ရည်ရွယ်ချက်ကို ပြည့်စုံစေဖို့ရန် ဝိညာဉ်အရေး၌ အရင် ပြောင်းလဲခြင်း ခံခဲ့ကြဖို့ လိုအပ်ပါသည်။

**ဆင်ခြင်ရန်** - သခင်ယေရှု ကြွလာတော်မမူမီ ဤကမ္ဘာ၌ အစာခေါင်းပါးခြင်း ကျရောက်မည်။
**ဆုတောင်းချက်** - အို အဖဘုရား၊ ကိုယ်တော်၏ နှုတ်ထွက်စကားတိုင်းသည် ပြည့်စုံခြင်း ရှိလိမ့်မည်အကြောင်း၊ ကျွန်တော် ယုံကြည်ပါသည်။ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ယုံကြည်ကိုးစားမည်အကြောင်း မစတော်မူပါ။



ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၂၉)
**ယေရမိ ၃၀း၁-၁၁**
ဗျာ ၆း၁၂-၁၇

*သခင်ဘုရားသည် မိမိလူတို့ကို သိတော်မူ၏*

# ဘေးဒဏ်ကြီးကာလ

ဘေးဒဏ်ကြီးကာလဆိုသည်မှာ ဤလောကရှိ ဆန့်ကျင်သောသူများအပေါ် ဘုရားသခင်၏တရားစီရင်ခြင်း သွန်းလောင်းမည့် ခုနစ်နှစ်ကာလကို ဆိုလိုပါသည်။ ထိုကာလကို "ဘုရားသခင်၏ နေ့ရက်" ဟူ၍၎င်း၊ "ဒံယေလ၏ ရက်သတ္တပတ် ၇၀ မြောက်အပတ်" (ဒံ ၉း၂၅-၂၇) ဟူ၍၎င်း ခေါ်ခဲ့ကြပါသည်။ ဤ ခုနစ်နှစ် ဘေးဒဏ်ကြီးကာလသည် ဤကမ္ဘာမြေကြီး၌ နှစ်တထောင် အုပ်ချုပ်ဖို့ရန် သခင်ယေရှု တန်ခိုး ဘုန်းအာနုဘော်နှင့် ဆင်းကြွ မလာမီ၊ ယုံကြည်သူများအား ချီဆောင်ခြင်းမှ စတင်ပါလိမ့်မည်။

<u>ဘုရားသခင်၏နေ့ရက်</u>။ ဤနေ့ရက်သည် ကမ္ဘာပေါ်ရှိ ဆန့်ကျင်မှုပြုသော ယုဒလူနှင့် တပါးအမျိုးသားများအပေါ် ဘုရားသခင်၏ တရားစီရင်ရာ နေ့ဖြစ်ပါသည်။ ဟေရှာယက၊ "ထာဝရဘုရား၏နေ့ရက်သည် နီးသောကြောင့်၊ ငိုကြွေးမြည်တမ်းကြလော့။ အနန္တတန်ခိုးရှင် စီရင်တော်မူသော ဘေးအန္တရာယ် ကဲ့သို့ လာလိမ့်မည်။ . . . ထိုပြည်ကို ဖျက်ဆီး၍ အပြစ်ကြီးသော ပြည်သူပြည်သားတို့ကို သုတ်သင်ပယ်ရှင်းခြင်းငှါ၊ ထာဝရဘုရား၏ ကြမ်းကြုတ်သော နေ့ရက်သည် ပြင်းထန်သော ဒေါသအမျက်ထွက်လျက် လာလိမ့်မည်။ . . . ထိုလောကီနိုင်ငံ၏အပြစ်ကို၎င်း မတရားသောသူတို့၏ ဒုစရိုက်များကို၎င်း ငါစစ်ကြောမည်" (ဟေရှာ ၁၃း၆-၁၁) ဟု ဆို၏။ "ထိုနေ့ရက်ကား၊ . . . ယာကုပ်အမျိုး၌ အမှုရောက်သောနေ့ရက်ဖြစ်၏" (ယေရ ၃၀း၇)။

<u>သားရဲ၏အုပ်စိုးမှု</u>။ ဘုရားသခင်၏သိုးသငယ်ကို ငြင်းပယ်သောသူတို့သည်၊ စာတန်၏ တန်ခိုးပေးခြင်းခံရသော သားရဲ၏ လက်ထဲသို့ ကျရောက်ပါလိမ့်မည်။ ထိုသားရဲသည် လပေါင်း ၄၂ လလုံးလုံး အုပ်စိုးလျက်၊ လူအပေါင်းတို့အား မိမိကို ကိုးကွယ်ဖို့ရန် အမိန့်ပေးလိမ့်မည်။ သားရဲ၏ တံဆိပ်၊ နာမည်၊ နံပါတ် မရှိဘဲ အဘယ်သူမျှ ရောင်းဝယ်ခြင်း မပြုရ (ဗျာ ၁၃)။

<u>သိုးသငယ်၏ အမျက်တော်</u>။ သိုးသငယ် အမျက်ထွက်သည်မှာ အလွန် ထူးဆန်းသည် မဟုတ်လော။ သူသည် ယုဒအမျိုးမှ ခြင်္သေ့လည်းဖြစ်ပါသည် (ဗျာ ၅း၅)။ သိုးသငယ်၏ ပူဇော်သက္ကာကို ငြင်းပယ်သောသူတို့သည် တရားသဖြင့် စီရင်ခြင်းကို ခံရကြလိမ့်မည်။ ထိုအခါ၊ နောင်တရလျက် ခွင့်လွှတ်ခြင်းကို တောင်းခံမည့်အစား၊ "လောကီ ဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူဌေး၊ သူကြွယ်၊ ခွန်အားကြီးသောသူ မှစ၍ ကျွန်များ၊ လူလွတ်များ အပေါင်းတို့သည် မြေတွင်း၌၎င်း၊ တောင်ပေါ်မှာရှိသော ကျောက်များ၌၎င်း၊ ပုန်းရှောင်လျက်နေ၍၊ ထိုတောင်များ၊ ကျောက်များကို ခေါ်လျက်၊ ငါတို့အပေါ်သို့ကျကြပါ။ . . . သိုးသငယ်၏အမျက်တော်ကို ကွယ်ကာ၍၊ ငါတို့ကို ဖုံးအုပ်ကြပါ" (ဗျာ ၆း၁၅-၁၆) ဟု ဆိုကြလိမ့်မည်။

**ဆင်ခြင်ရန်** - ကျွန်တော် ဘယ်သူ့ကို ကိုးကွယ်လိမ့်မည်နည်း၊ သားရဲ လော (သို့) သိုးသငယ်လော။
**ဆုတောင်းချက်** - ကျွန်ုပ်အသက်တာသည် သခင်ဘုရား နှစ်သက်သော အသက်တာဖြစ်လျက်၊ နာမတော် ဘုန်းတော်ထင်ရှားစေသော အသက်တာ ဖြစ်ပါစေသော်။

**ဆာလံ ၈၉း၁-၈၊ ၂၈-၃၄**
ရောမ ၁၁း၂၅-၃၆

*ကိုယ်တော်၏ပညတ်တရားကို နှစ်သက်သောသူတို့၌ ငြိမ်သက်ခြင်းရှိ၏*

## ဣသရေလအတွက် အနာဂတ်ရှိပါသလား

(၁) ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ဖျက်ဆီး၍ မရပါ။ ဘုရားသခင်သည် အာဗြဟံကို ခေါ်လျက်၊ ထာဝရ ပဋိညာဉ်ပြုတော်မူခဲ့၏ (ကမ္ဘာ ၁၂၊ ၁၅၊ ၁၇)။ ထိုဂတိတော်ကို ဣဇက်၊ ယာကုပ်နှင့် ဒါဝိဒ်ထံ ပြန်လည် တည်စေတော်မူ၏။ ယာကုပ်ထံ၊ "ဤပြည်ကို အစဉ်အမြဲ ပိုင်စေခြင်းငှါ ငါပေးမည်ဟု မိန့်တော်မူ၏" (ကမ္ဘာ ၄၈း၄)။ ဒါဝိဒ်ထံ၌လည်း၊ "သင်၏အမျိုးအနွယ်ကို အစဉ်မပြတ် ငါ မြဲမြံစေမည်။ . . . ငါ၏ကရုဏာ ကို သူ့အဘို့ ငါသည် အစဉ်စောင့်၍၊ . . . ငါ၏ပဋိညာဉ်တရားကိုလည်း မရုတ်ချ" (ဆာလံ ၈၉း၄၊ ၂၈၊ ၃၄) ဟု မိန့်တော်မူ၏။ ဘုရားသခင် မိန့်တော်မူပြီ၊ ထိုစကားကို ဖျက်ဆီး၍ မရပါ။

(၂) ဘုရားသခင်သည် ဣသရေလကို ပြန်လည် စုစည်းတော်မူ၏။ သူတပါးပြည်၌ နှစ်ပေါင်းများစွာ ကျရောက်လျက်၊ တပါးအမျိုးသားတို့လက်အောက်၌ အခက်အခဲ ကြုံတွေ့ခဲ့သော်လည်း၊ ဣသရေလကို ဘုရားသခင် မေ့တော် မမူ။ ဆန့်ကျင်မှု ပြုခဲ့သော်လည်း၊ ဘုရားသခင်သည် ဣသရေလကို စွန့်ပစ်တော် မမူ။ မိမိအချိန်စေ့သောအခါ၊ ဂတိတော်အတိုင်း၊ ဘုရားသခင်သည် သူတို့ကို ပြန်လည် စုစည်း တော်မူခဲ့ပါသည်။ "ယခု သိမ်းသွားခြင်းကို ခံရသော ငါ၏လူ . . . တို့ကို ငါဆောင်ခဲ့ရသော အချိန်ကာလသည် ရောက်လိမ့်မည်" (ယေရ ၃၀း၃၊ ဟေရှာ ၁၄း၁)။

(၃) ဘုရားသခင်သည် ဣသရေလကို ဆုံးမတော်မူ၏။ ဘုရားသခင်၏ဆုံးမခြင်းကို ခံခဲ့သော်လည်း၊ ယနေ့တိုင် ဣသရေလသည် ယုံကြည်ခြင်း မရှိခဲ့ကြပါ။ ယနေ့ အများစုသည် ဘုရားမဲ့ ဝါဒကို စွဲကိုင်ကြ၏။ ထို့ကြောင့်၊ ဘုရားသခင်သည် သူတို့ကို ဆက်လက် ဆုံးမတော်မူမည်။ အကြောင်းမှာ၊ ဘုရားသခင်၏ အစီအစဉ်ကို ဘယ်အရာကမှ ဖျက်ဆီး၍ မရပါ။ "သင်တို့အပြစ်ရှိသမျှတို့ကို ငါစစ်ကြောမည်" (အာမုတ် ၃း၂)။ ယာကုပ်၏ ကြောက်စရာကောင်းသော ဒုက္ခပြသနာ နေ့ရက်သည် ရောက်ရှိလာလိမ့်မည်ဖြစ်ပါသည် (ယေရမိ ၃၀း၅-၇)။

(၄) ဘုရားသခင်သည် ဣသရေလကို ကယ်တင်လိမ့်မည်။ နောက်ဆုံးတွင်၊ ဘုရားသခင်သည် ဣသရေလကို ကယ်တင်တော်မူလိမ့်မည်။ သူတို့၏ ဝိညာဉ်မျက်စိကို ဖွင့်ပေးတော်မူလိမ့်မည် (ရောမ ၁၁း၂၅)။ "သူတို့သည် မိမိတို့ ထိုးဖောက်သော ငါ့ကို ရှုမြင်ရကြလိမ့်မည်။ တယောက်တည်းသောသားအတွက် အဘသည် ငိုကြွေးမြည်တမ်း သကဲ့သို့၊ ထိုသူအတွက် ငိုကြွေး မြည်တမ်းရကြလိမ့်မည်" (ဇာ ၁၂း၁၀)။ "ထိုသို့ ကျမ်းစာနှင့်အညီ၊ ဣသရေလလူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြ လိမ့်မည်။ ကျမ်းစာချက် ဟူမူကား၊ ကယ်လွှတ်သောသခင်သည် ဇိအုန်တောင်၌ ပေါ်ထွန်း၍၊ မတရားသော အမှုကို ယာကုပ် အမျိုးသားတို့မှ လွှဲတော်မူလတံ့။ သူတို့ အပြစ်များကို ငါပယ်ရှင်းသောအခါ၊ သူတို့၌ ငါပေးသော ပဋိညာဉ်တရားသည် ထိုသို့သောတရားဖြစ်၏ဟု လာသတည်း" (ရောမ ၁၁း၂၆-၂၇)။

**ဆင်ခြင်ရန်** - ယေရှုကြွလာတော်မူသောအခါ၊ ဣသရေလသည် ကယ်တင်ခြင်း ခံရလိမ့်မည် (ရောမ ၁၁း၂၆-၂၇)။

**ဆုတောင်းချက်** - အဖဘုရား၊ ဣသရေလအပေါ်၌၎င်း၊ ကျွန်ုပ်အပေါ်၌၎င်း ထားရှိသော ကိုယ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ကရုဏာတော်ကြောင့် ကျေးဇူးတင်ပါ၏။





**ကမ္ဘာ ၄၁း၂၅-၄၅**
ဆာလံ ၃၀

*ထာဝရဘုရား ကြောက်ရွံ့ခြင်းသဘောသည် ပညာ၏အချုပ်အခြာပင်ဖြစ်ပါသည်*

## ယောသပ် ချီးမြှောက်ခံရခြင်း

ယောသပ်၏ အနက်ဖွင့်ချက်သည် ရှင်းလင်းလှပါသည်။ "ထို အိပ်မက်နှစ်ခု၌ အဓိပ္ပါယ် တခု သာရှိပါသည်။ ဘုရားသခင်သည် မိမိပြုမည့်အမှုကို ဖာရောမင်းအား ပြသတော်မူပြီ။ အဲဂုတ္တုပြည်၌ ဝပြောသောနှစ် ခုနစ်နှစ် ရှိလိမ့်မည်။ ထို့နောက်တွင်၊ အစာခေါင်းပါးသောနှစ် ခုနစ်နှစ် ရှိလိမ့်မည်။" ထိုအမှုကို ဖော်ပြပြီးနောက်၊ မည်သို့ ပြင်ဆင်မှုပြုရမည်ကို ထပ်၍ ဖော်ပြခဲ့ပါသည် "တပြည်လုံး၌ အကြီးအကြပ်တို့ကို ခန့်ထား၍ . . . ထိုသူတို့သည် ဖြစ်လတံ့သော မင်္ဂလာ နှစ်တို့တွင် ရိက္ခာရှိသမျှကို စုရုံး၍ ဖါရောဘုရင် ထံတော်၌ စပါးများကို ဆည်းဘူးကြပါစေ။ မြို့များ၌ လည်း ရိက္ခာ ရှိသမျှကို သိုထားကြပါစေ။ သို့ဖြစ်၍ အဲဂုတ္တုပြည်၌ အစာခေါင်းပါးသောနှစ်ခုနစ်နှစ် ရောက်သောအခါ၊ ပြည်သူပြည်သား စားစရာဘို့ သိုထားလျက် ရှိနှင့်၍ အစာခေါင်းပါးသောကာလတွင် ပြည်တော် မပျက်ရဟု ဖါရောမင်းအား လျှောက်လေ၏" (ကမ္ဘာ ၄၁း၃၄-၃၆)။

ထိုသို့ ဖာရောမင်းထံ ပြသနာ မည်သို့ဖြေရှင်းရမည်ကို ပြောပြပြီးနောက် မကြာမီ၊ ဘုရင်က တိုင်းပြည်၏အမှုထမ်းများအပေါင်းအား၊ "ဘုရားသခင်၏ ဝိညာဉ်တော်ကို ရ၍ ဤကဲ့သို့သောသူကို အဘယ်မှာရှာ၍ တွေ့မည်နည်း ဟု" (ကမ္ဘာ ၄၁း၃၈) မိန့်တော်မူ၏။ ထိုသူအပေါင်းတို့သည် အိပ်မက်၏အနက်ကိုပင် မသိခဲ့ကြသောကြောင့်၊ ဘာမှ မပြောနိုင်ဖြစ်ခဲ့ကြပါသည်။ ထို့ကြောင့်၊ ဖာရောမင်းအတွက် ယောသပ်ကို ထိုအမှုအတွက် ခန့်ထားရန်မှအပ၊ အခြား ဘာမှ မရှိတော့ပါ။

ခဏအတွင်း၊ အကျဉ်းသားသည် ထိုပြည်၏ ဝန်ကြီးချုပ်အဖြစ် ချီးမြှောက်ခြင်း ခံရခဲ့ပါသည်။ ထိုတာဝန်ကို ထမ်းဆောင်ဖို့ရန် ဖာရောဘုရင်သည် ခန့်ထားခဲ့ပါသည်။

(၁) မိမိ၏ အာဏာနှင့် တံဆိပ်တည်းဟူသော လက်စွပ်တော်ကို ယောသပ်အား ပေးခဲ့၏။

(၂) "ပိတ်ချော အဝတ်" (ကမ္ဘာ ၄၁း၄၂) ကိုလည်း ဝတ်ဆင်စေခဲ့၏။

(၃) ဒုတိယ ရထားတော်ကို စီးစေလျက်၊ "ပြပ်ဝပ်၍ နေကြ" (ကမ္ဘာ ၄၁း၄၃) ဟု ကြွေးကြော် ခဲ့ကြ၏။

(၄) နာမည်သစ်ဖြစ်သော၊ "ဇာဖဏာသဖါဏ" တည်းဟူသော၊ အနက်ကို ဖော်ပြသူ ဟု ပေးခဲ့ပါသည်။

(၅) ဩနမြို့ ယဇ်ပုရောဟိတ်၏သမီးဖြစ်သော "အာသနတ်" ကို ဇနီးအဖြစ် ပေးခဲ့၏။

(၆) လည်ပင်း၌ ရွှေစလွယ်ကို ဆွဲစေခဲ့၏။

ဘုရားသခင်သည် ယောသပ်နှင့်အတူ ရှိတော်မူသောကြောင့်၊ သူသည် အရာရာတိုင်းကို သည်းခံခဲ့၏။ ဘုရားသခင်သည် သူ့ကို ၁၃ နှစ်ကျော် ကွယ်ကာစောင့်ရှောက်တော်မူခဲ့၏။ ယောသပ်သည် ဘယ်တော့မှ ဒေါသမထွက်၊ စိုးရိမ်ခြင်း မရှိ၊ ဆန့်ကျင်မှုကို မပြု၊ လက်တုန့်ပြန်လိုသောစိတ် မရှိဘဲ နေခဲ့ပါသည်။ သူသည် ဘုရားသခင်ကို စောင့်လျက်နေခဲ့ပါသည်။

**ဆင်ခြင်ရန်** - "ခရစ်တော် အတူပါရှိတော်မူလျှင်၊ မုန်တိုင်းထဲ၌လည်း ကျွန်တော် ဝမ်းမြောက်ခြင်းရှိနိုင်ပါသည်"။

**ဆုတောင်းချက်** - အို အဖဘုရား၊ ကိုယ်တော်ပြုတော်မူသော အံ့ဖွယ်အမှုအပေါင်းကြောင့် ကိုယ်တော့်ကို ချီးမွမ်းပါမည်။

တနင်္ဂနွေ၊ မတ် (၃)

**ကမ္ဘာ ၄၁း၁၄-၂၄**

ဆာလံ ၂၈

*ထာဝရဘုရားကို စောင့်နေလော့*

## အကျဉ်းထောင်မှ နန်းတော်သို့

ယောသပ် ချုပ်ထားရာ ထောင် အပေါ်၌ နေမင်းကြီးသည် အခြားနေ့ နည်းတူ ပေါ်ထွက်လာခဲ့ပါသည်။ သို့သော်လည်း၊ ယနေ့တွင် ထိုနေမင်းကြီးသည် ယောသပ်အတွက် ပြုံးလျက် ရှိပါသည်။ "နှစ်နှစ်လွန်သောအခါ" (ကမ္ဘာ ၄၁း၁) ယနေ့သည် ယောသပ် လွတ်မြောက်ရာနေ့ဖြစ်ပါ၏။ ရုတ်တရက်၊ "ရှင်ဘုရင်က သင့်ကို ဆင့်ခေါ်ပါသည်။ လျင်မြန်စွာ ထွက်လာလော့" ဟူသော စကားကို ကြားခဲ့ရပါသည်။

ထိုကာလသည် သမိုင်း၌ အဲဂုတ္တုပြည် ကြီးမြတ်သောအချိန်ဖြစ်ပါသည်။ ဖာရောမင်းသည် ဘုရင်များ၏ ဘုရင်ဖြစ်ခဲ့ပါသည်။ သူ့နန်းတော်၏ ကြီးကျယ်ခမ်းနားမှုသည် အနှိုင်းမဲ့ဖြစ်ခဲ့ပါသည်။ ထိုရှင်ဘုရင် ရှေ့သို့ သွားရောက်ဖို့ရန် ယောသပ်သည် သန့်ရှင်းစွာ ဝတ်ဆင်ရပါမည်။ သန့်ရှင်းစွာ မုတ်ဆိတ် ရိတ်ဖို့ လိုအပ်ပါသည်။ အဝတ်သစ်ကို ဝတဆင်ရပါမည်။

ယောသပ်သည် ဖာရောဘုရင်၏ ခမ်းနားသော ပလ္လင်တော်ရှေ့သို့ ဝင်ရောက်ခဲ့ပါသည်။ ဟေဗြဲ လူငယ်သည် ကြီးမြတ်သော ဘုရင်ရှေ့၌ ရပ်ခဲ့ပါသည်။ ဖာရောဘုရင်က ယောသပ်အား မိမိ ခေါ်ရခြင်းဖြစ်သော အိပ်မက်များအကြောင်းကို ပြောပြခဲ့၏။ "သင်သည် ခက်ခဲသော အိပ်မက်များကို အနက်ဖွင့်နိုင်ကြောင်း ကြားသိရပါသည်။" ယောသပ်သည် ဘုရားသခင်၏ စစ်မှန်သော အစေခံကျွန်ဖြစ်သည် အလျောက်၊ ရိုးသားစွာ အဖြေပေးခဲ့၏။ "ကျွန်တော်သည် အလိုအလျောက် မတတ်နိုင်ပါ။ ဘုရားသခင်သည် မင်္ဂလာ အဖြေစကား ကို ဖါရောဘုရင်အား ပေးတော်မူပါစေသော" (ကမ္ဘာ ၄၁း၁၆)။ ဝါကြွားခြင်း မရှိ၊ ကိုယ်ကျိုး ရှာခြင်း မရှိခဲ့ပါ။ ထိုအခါ ဖာရောမင်း ပြောပြသော ထိုအိပ်မက်ကို ကောင်းကောင်း နားထောင်ခဲ့၏။ "ထိုအိပ်မက်ကို . . . ငါကြားပြော၍ အနက်ကို အဘယ်သူမျှ မတတ်နိုင်" (ကမ္ဘာ ၄၁း၂၄) ဟု ဖါရောဘုရင် ဆိုခဲ့၏။

အဲဂုတ္တုပြည်သည် အရှေ့အလယ်ပိုင်း၌ ရှိသောပြည်ဖြစ်၍၊ ဘုရားသခင်နှင့် မိမိလူ ယုဒများ ဆက်ဆံမှုတွင် အရေးကြီးသော ပြည်ဖြစ်ခဲ့ပြီး၊ ဖြစ်နေဦးမည်ဖြစ်ပါသည်။ ထိုသို့ ဖာရောနန်းတော်သို့ ယောသပ် ဝင်ရောက်ခြင်းသည် ခါနန်ပြည်မှ ယာကုပ်၏မိသားစုများ အဲဂုတ္တုပြည်သို့ ဝင်ရောက်လာဖို့ရန် ပထမ ခြေလှမ်းဖြစ်ခဲ့ပါသည်။ ထို လူအယောက် ခုနစ်ဆယ်မှ ၂ သန်းကျော် တိုးပွားခဲ့ပါသည်။ ထိုအမှုကို ဘုရားသခင်က အာဗြဟံအား ကြိုပြောထားခဲ့ပါသည်။ "သင်၏အမျိုးအနွယ်သည်၊ သူတပါးပိုင်သောပြည်၌ ဧည့်သည်ဖြစ်ကြသဖြင့်၊ သူတပါးတို့၌ ကျွန်ခံခြင်း . . ." (ကမ္ဘာ ၁၅း၁၃) ခံရမည်ဟု အာဗြဟံအား ဘုရားသခင် မိန့်တော်မူခဲ့ဖူး၏။ ဘုရားသခင်၏ အကြံစည်တော်သည် တည်လျက်ရှိပါသည်။ ယောသပ်သည် ဘုရားသခင် ကြိုတင်စေလွှတ်ခဲ့သောသူဖြစ်ပါ၏။ ဘုရားသခင်သည် မိမိလူများ ကိုယ်စား၊ တပါးအမျိုးသားဖြစ်သော ဖာရောဘုရင်အား မိန့်တော်မူ၏။ "ငါ့လူ ကုသရေလအတွက် ပြင်ဆင်ပေးပါလော့။"

**ဆင်ခြင်ရန်** - မာနထောင်လွှားခြင်းကြောင့် ကျရှုံးတတ်၏။ စိတ်နှိမ့်ချခြင်းကြောင့် အောင်မြင်တတ်၏။

**ဆုတောင်းချက်** - အို အဖဘုရား၊ ဘုန်းတန်ခိုးအာနုဘော်နှင့်ချီးမွမ်းခြင်းအပေါင်းသည် ကိုယ်တော် အပိုင်ဖြစ်ပါ၏။



သောကြာ၊ ဇန်နဝါရီ (၃၁)

**တိတု ၂း၁၁-၁၅**

ဒံ ၇း၁၃-၁၄

*ကျွန်တော်တို့သည် မိမိ၏မြင်းလှည်းတည်းဟူသော၊*
*မိုးတိမ်တော်ကို စီးလျက် ကြွလာတော်မူသော*
*ရှင်ဘုရှင်ကို တွေ့ကြလိမ့်မည်*

## ဘုန်းတန်ခိုးအာနုဘော်နှင့်ကြွလာတော်မူခြင်း (၁)

သမိုင်းကြောင်းနှင့် ပရောဖက်ပြုချက်များသည် ယုံကြည်သူများ၏ မင်္ဂလာရှိသော မျှော်လင့်ရာဖြစ်သည့် ကြီးမြတ်တော်မူသော ဘုရားသခင်၊ ကယ်တင်ရှင် သခင်ယေရှု ဘုန်းတန်ခိုးအာနုဘော်နှင့် ကြွလာတော်မူခြင်းကို ညွှန်းပြဖော်ပြခဲ့ပါသည်။ မည်သို့ကြွလာတော်မူမည်နည်း။

(၁) ကိုယ်တိုင် ကြွလာတော်မူမည်။ သခင်ယေရှုက ဤသို့မိန့်တော်မူ၏။ "ငါသည် . . . တဖန်လာပြန်၍၊ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်" (ယော ၁၄း၃)။ "ယခုတွင် သင်တို့သည် ဝမ်းနည်းခြင်း ရှိကြသော်လည်း နောက် တဖန် သင်တို့ကို ငါတွေ့မြင်သဖြင့် သင်တို့သည် စိတ်နှလုံး ဝမ်းမြောက်ခြင်းရှိကြလိမ့်မည်" (ယော ၁၆း၂၂)။ တမန် ၁း၁၁ ထဲတွင်၊ "ထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ ကြွသွားတော် မူသည်နည်းတူ တဖန်ကြွလာတော်မူလတံ့" ဟု ဖော်ပြခဲ့ပါသည်။

(၂) လူတို့က မြင်ကြလိမ့်မည်။ ရှင်ပြန်ထမြောက်တော်မူလျက် တပည့်တော်များထံ ကိုယ်ကို ပြတော်မူသော ထိုယေရှု၌ အရိုးနှင့်အသား ရှိပါ၏ (လုကာ ၂၄း၃၉)။ ကြွလာတော်မူသောအခါ၊ လူတိုင်းက မြင်ရကြလိမ့်မည် (ဗျာ ၁း၇)။ "ကြည့်ရှုလော့၊ ကိုယ်တော် ကြွလာတော်မူမည်၊" "ကြည့်ရှုလော့၊ ငါကြွလာတော်မူမည်" ဟူသောအချက် ဗျာဒိတ်ကျမ်းထဲ၌ ၅ ကြိမ်တွေ့ရပါသည်။ ကိုယ်ခန္ဓာဖြင့် ကြွလာတော်မမူလျှင်၊ ဘယ်အရာကို ကျွန်တော်တို့ မြင်ရလိမ့်မည်နည်း။

(၃) မိုးတိမ်နှင့်တကွ ကြွလာတော်မူမည်။ ထိုအမှုကို ဒံယေလက ခရစ်တော်မတိုင်မီ နှစ်ပေါင်း ၅၀၀ လောက်၌ မြင်တွေ့ခဲ့ပါသည်။ "လူသားနှင့်တူသောသူ တဦးသည် မိုးတိမ်ကို စီးလျက်" (ဒံ ၇း၁၃) ကြွလာ၏ ဟုဆိုခဲ့ပါသည်။ သခင်ယေရှု သည် ကောင်းကင်သို့ကြွသွားတော်မူသောအခါ၊ "မိုးတိမ်သည် ကိုယ်တော်ကို မျက်ကွယ်အောင်ခံ ယူလေ၏" (တမန် ၁း၉)။ ကောင်းကင်တမန်များက၊ "ထိုနည်းတူ ကြွလာတော်မူမည်" ဟု ဆိုခဲ့ကြ၏။ ထို့ကြောင့်၊ ဗျာ ၁း၇ ထဲတွင်၊ "ကြည့်ရှုလော့။ မိုးတိမ်နှင့်တကွ ကြွလာတော်မူသည်" ဟု ဖော်ပြခဲ့ပါသည်။

(၄) မထင်မှတ်ဘဲ အလျင်အမြန် ကြွလာတော်မူမည်။ သခင်ယေရှုသည် ကောင်းကင်မှ ရုတ်တရက် ကြွလာတော်မူလိမ့်မည်။ "လျှပ်စစ်သည် အရှေ့မှပြက်၍ နောက်တိုင်အောင် ထွန်းလင်းသကဲ့သို့၊ လူသားသည် ကြွလာတော်မူလတံ့" (မသဲ ၂၄း၂၇)။ အလျင်အမြန် ကြွလာတော်မူမည်ဖြစ်သောကြောင့်၊ ကြိုတင် ပြင်ဆင်မထားလျှင်၊ ကြွလာသောအခါ ပြင်ဆင်ချိန် ရမည်မဟုတ်ပါ။

(၅) ဘုန်းတန်ခိုးအာနုဘော်နှင့် ကြွလာတော်မူမည်။ သိုးသငယ်ကဲ့သို့၊ အသေခံဖို့ရန် ဗက်လင်မြို့၌ မွေးဖွားလာသကဲ့သို့ မဟုတ်တော့ဘဲ၊ အနန္တတန်ခိုး ဖန်ဆင်းရှင်၊ ဘုရင်တကာတို့၏ ဘုရင်၊ အရှင်တကာတို့၏အရှင် အဖြစ် ကြွလာတော်မူမည်။ ထိုနေ့တွင်၊ ခပ်သိမ်းသော သတ္တဝါတို့သည် "ယေရှု၏နာမတော်ကို ဒူးထောက်၍၊ ယေရှု ခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့် ဝန်ခံ" (ဖိလိ ၂း၁၀-၁၁) ကြလိမ့်မည်။

**ဆင်ခြင်ရန်** - ကျွန်တော်သည် ကိုယ်တော်၏ဘုန်းတော်ကို အတူခံစားရမည်လော (သို့) ကိုယ်တော်ထံမှ ထွက်သွားမည်လော။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်ကို ခေါ်ဆောင်ဖို့ရန် သခင်ယေရှုကြွလာတော်မူမည် ဖြစ်သောကြောင့် ကျေးဇူးတင်ပါ၏။

စနေ၊ ဖေဖော်ဝါရီ (၁)
**ဗျာ ၁၉း၁၁-၁၆**
ဇာ ၁၄း၃-၄

*တောက်ပသော အထက်အိမ်တော်အတွက် ကျွန်တော်တို့ အသင့်ရှိပါပြီဟု ဆိုနိုင်ကြပါသလား*

## ဘုန်းတန်ခိုးအာနုဘော်နှင့်ကြွလာတော်မူခြင်း (၂)

(၆) မိမိ၏ကောင်းကင်တမန်အပေါင်းနှင့်တကွ ကြွလာတော်မူမည်။ ကျွန်ုပ်တို့၏သခင်သည် နှုတ်ဖြင့်ဖော်ပြ၍ မရသော ဘုန်းတန်ခိုးအာနုဘော်နှင့်တကွ ကောင်းကင်တမန်များ ခြံရံလျက် ကြွလာတော်မူမည်။ ကောင်းကင်ဗိုလ်ခြေတို့သည် စင်ကြယ်သော ပိတ်ချောဖြူကို ဝတ်ပြီး၊ မြင်းဖြူများကို စီးလျက် လိုက်ကြမည် (ဗျာ ၁၉း၁၄)။ ယေရှုက၊ မသဲ ၂၅း၃၁ ထဲတွင်၊ "လူသားသည် မိမိဘုန်းအာနုဘော်ကိုဆောင်လျက်၊ သန့်ရှင်းသော ကောင်းကင်တမန်များ အခြံအရံတို့နှင့်တကွ ကြွလာသောအခါ" ဟု မိန့်တော်မူ၏။ အလွန် ကြီးကျယ်ခမ်းနားသော ကြွလာတော်မူခြင်း ဖြစ်လိမ့်မည်။

(၇) မိမိ၏သန့်ရှင်းသူအပေါင်းနှင့်အကွ ကြွလာတော်မူမည်။ ဘုရားသခင်သည် ဤအမှုကို အစကတည်းမှ စီစဉ်တော်မူခဲ့၏။ "ငါတို့အသက်တည်းဟူသော ခရစ်တော်သည် ထင်ရှားတော်မူသောအခါ၊ ငါတို့သည်လည်း ထိုသခင်နှင့်အတူ ဘုန်းကြီး၍ ထင်ရှားကြလတံ့" (ကောလော ၃း၄)။ ဧနောက်က၊ "ထာဝရဘုရား သည် . . . အတိုင်းမသိများစွာသော မိမိသန့်ရှင်းသူတို့နှင့်တကွ ကြွလာတော်မူလိမ့်မည်" (ယုဒ ၁၄) ဟု ဆိုခဲ့၏။ ဇာခရိကလည်း၊ "ငါ၏ ဘုရားသခင် ထာဝရဘုရား၊ ကြွလာတော်မူ၍ မိမိသန့်ရှင်းသူ အပေါင်းတို့သည် ပါကြလိမ့်မည်" (ဇာ ၁၄း၅) ဟုဖော်ပြခဲ့ပါသည်။ ထမြောက်ခဲ့သော၊ ပြောင်းလဲခဲ့သော၊ သခင်ဘုရားနှင့်အတူ ရှိဖို့ရန် ချီဆောင်ခြင်း ခံခဲ့သော ယုံကြည်သူများသည် (၁ သက် ၄း၁၆-၁၇) ထိုသခင်နှင့်အတူ ဤကမ္ဘာသို့ ကြွလာကြလိမ့်မည်။ ကြီးမြတ်သော နေ့ ပေတည်း။

(၈) ယေရုရှလင်မြို့သို့ ကြွလာတော်မူမည်။ ယုဒရှင်ဘုရင်သည် မိမိ၏ မြို့တော်သို့ ကြွလာလိမ့်မည်။ ဘုရားသခင်က မိမိ၏အစီအစဉ်ကို ဇာခရိအား ဖော်ပြခဲ့၏၊ "ထိုနေ့ရက်၌ ခြေတော်သည် ယေရုရှလင်မြို့အရှေ့၊ သံလွင်တောင်ပေါ်မှာ ရပ်၍ သံလွင်တောင်သည် အရှေ့ဘက်မှ အနောက်ဘက် တိုင်အောင် အလယ်၌ ကွဲသဖြင့် . . . " (ဇာ ၁၄း၄)။ ကောင်းကင်သို့ ကြွတော်မူသောအချိန်၌လည်း ကောင်းကင်တမန်များက၊ "ထိုယေရှုသည် . . . ကြွသွားတော်မူသည်နည်းတူ တဖန်ကြွလာတော်မူလတံ့" (တမန် ၁း၁၁) ဟု ဆိုခဲ့ကြ၏။ ယေရှုသည် သံလွင်တောင်ပေါ်သို့ ကြွလာတော်မူမည်။

(၉) ဤကမ္ဘာကြီးကို အုပ်စိုးဖို့ရန် ကြွလာတော်မူမည်။ ဤအမှုသည် ခေတ်အဆက်ဆက် ဘုရားသခင်၏ သန့်ရှင်းသော ပရောဖက်များက ပရောဖက်ပြုချက်များ ပြည့်စုံခြင်းဖြစ်၍၊ ဘုရားသခင် ရွေးနှုတ်ခံလူအပေါင်းတို့၏ မျှော်လင့်ချက် လက်တွေ့ဖော်ဆောင်ခြင်းလည်း ဖြစ်ပါသည်။ ဘုရားသခင်၏ ကယ်တင်ခြင်း အစီအစဉ်သည် နောက်ဆုံးတွင် လုံးဝ စုံလင်ခြင်းရှိလိမ့်မည်။ ကားတိုင်၌ တင်သတ်ခြင်းခံရသော သိုးသငယ်သည် သေခြင်းကို အောင်နိုင်ပြီး၊ ဘုန်းအာနုဘော်နှင့် တကွ ကောင်းကင်သို့ ကြွသွားတော်မူပြီးနောက်၊ ဤကမ္ဘာကြီးသို့ မိမိ၏ ကြီးကျယ်ခမ်းနားသော နှစ် တထောင်အုပ်စိုးခြင်းတည်းဟူသော မိမိ၏နိုင်ငံတော်ကို တည်ထောင်ဖို့ရန် ကြွလာသောအခါ၊ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို စုံလင်စေတော်မူမည်။

**ဆင်ခြင်ရန်** - ကျွန်တော်တို့သည် ကိုယ်တော်နှင့်အတူ ဤကမ္ဘာ၌ နှစ်တထောင် အုပ်စိုးကြလိမ့်မည်။

**ဆုတောင်းချက်** - ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို နားလည်သဘောပေါက်ခြင်းဖြင့် ဖတ်လျက်၊ ယုံကြည် ကိုးစားခြင်းစိတ်နှလုံးဖြင့် ယုံကြည်ပါရစေသော်။





## နန်းတော်၌ ဖြစ်ပျက်သောအမှု

စပျစ်ပင်၏အကိုင်း သုံးကိုင်း၊ စားစရာ ထည့်ထားသော တောင်း သုံးလုံး။ သုံးရက်မြောက်နေ့တွင်၊ ဖာရောမင်းသည် မိမိ မွေးနေ့ကို ကျင်းပခဲ့ပါသည်။ ယောသပ် ပြောခဲ့သည့်အတိုင်း၊ ဖလားတော်ဝန်သည် မိမိရာထူး ပြန်လည် ခန့်ထားခြင်းခံရပြီး၊ စားတောဝန်မှူးကား ကွပ်မျက်ခြင်း ခံခဲ့၏။ သို့သော်လည်း၊ ဖလားတော်ဝန်သည် ယောသပ်အကြောင်းကို ဖာရောမင်းထံ ပြောပြဖို့ မေ့ခဲ့ပါသည်။ ထို့ကြောင့်၊ ယောသပ်သည် ထောင်ထဲ၌ အကျဉ်းသားများကို ကွပ်ကဲသောသူအဖြစ် နောက်နှစ်နှစ် ဆက်နေခဲ့ရပါသည်။

အလွန် စိတ်ခတ်ကျစရာကောင်းလှသော အခြေအနေ၌ ဤလူငယ်၏ အံ့ဘွယ် ရိုးသားဖြောင့်မတ်သော အကျင့်ကို ဆင်ခြင်ပါလော့။ အကူအညီလိုအပ်သောသူကို ကူညီခြင်းသည် သူ၏ဘဝရည်ရွယ်ချက် တခုပင်ဖြစ်ခဲ့ပါသည်။ မိမိကိုယ်ကျိုးကို မရှာခဲ့ပါ။ ခက်ခဲသော အိပ်မျက်ကို အနက်ဖွင့်ပေးပါလျှင် ကျွန်ုပ်ကို ဘာပြန်ပေးမည်နည်းဟု အချို့သည် ဆိုကြပါလိမ့်မည်။ ဘုရားသခင်သည် ယောသပ်အား ကြီးသောအမှုအတွက် တဖြည်းဖြည်းချင်း ပြင်ဆင်ပြုပြင်လျက်ရှိတော်မူ၏။

ထောင်ထဲ၌ ယောသပ် နှစ်နှစ် နေစဉ်နှင့် နေပြီးနောက်တွင်လည်း ဘုရားသခင်၏ ဝိညာဉ်တော်သည် အမှုပြုလျက်ရှိတော်မူ၏။ ကျွတော်တို့သည် ဖလားတော်ဝန်၏ မေ့လျော့မှုကို အပြစ်တင်ကောင်း တင်နိုင်ပါသည်။ သို့သော်လည်း၊ အဖြစ်အပျက်တိုင်းကို ဘုရားသခင်က အကောင်းဆုံး စီမံတော်မူကြောင်း သိမှတ်သောအခါ၊ ထိုဘုရားသခင်၏ ဥာဏ်တော်နှင့် စုံလင်သော စီမံခန့်ခွဲမှု၌ ကျွန်တော်တို့ စိတ်သက်သာရာရနိုင်ခဲ့ပါသည်။ လူသည် ဘုရားသခင်ကို လုံးဝ ပြိုင်၍ မရပါ။ ယောသပ်အား ချီးမြောက်တော် မမူမှီ ထိုနှစ်နှစ်သည်လည်း ဘုရားသခင်က သူ့ကို ထိုအမှုအတွက် ပြင်ဆင်သောကာလဖြစ်ခဲ့ပါသည်။ ဘုရားသခင် အကောင်းဆုံး သိတော်မူသည်ဖြစ်သောကြောင့်၊ ကျွန်တော်တို့သည် စိတ်ရှည်စွာ စောင့်ရပါမည်။

အိပ်မက်များသည် ထူးဆန်းပြီး၊ အဓိပ္ပါယ်ရှိသော အိပ်မက်များ ဖြစ်ကြပါသည်။ အိပ်မက်အချင်းချင်း သက်သေပြုခဲ့ကြ၏။ ဝသော နွားများကို ပိန်သော နွားများက စားခဲ့ကြပြီး၊ ကောင်းသော စပါး ခုနစ်နှံတို့ကို ပျက်သော စပါး ခုနစ်နှံများက စားခဲ့ကြပါသည်။ ဤအိပ်မက်နှစ်ခုသည် အဓိပ္ပါယ် တခုသာရှိသော အိပ်မက်ဖြစ်ပါသည်။ ဖာရောသည် ထိုအိပ်မက်ကြောင့် စိတ်ပူပန်ခြင်း ရှိခဲ့ပါသည်။ သူသည် အဲဂုတ္တု ဗေဒင်တတ် ပညာရှိများကို ခေါ်ခဲ့သော်လည်း၊ အကျိုး မရှိပါ။ ထိုအိပ်မက်အကြောင်းကို ဖလားတော်ဝန် ကြားသိလာခဲ့၏။ ထိုအခါ၊ ယောသပ်၏ အရင်က တောင်းဆိုမှုကို ပြန်လည် သတိရခဲ့ပါသည်။ ထိုအခါ၊ လွန်ခဲ့သော နှစ်နှစ်က မိမိ၏အဖြစ်အပျက်ကို ဖာရောထံ ပြောပြဖို့ စဉ်းစားခဲ့၏။ ထိုနန်းတောမှ အဖြစ်အပျက်က ထောင်တံခါးကို ဆွဲဖွင့်ပါလိမ့်မည်။ ဘုရားသခင်သည် မိမိအချိန်၌ အမှုပြုတော်မူ၏။

**ဆင်ခြင်ရန်** - အိပ်မက် မက်ခြင်းထက် ဘုရားသခင်၏နှုတ်ကပတ်တော် ဖတ်ခြင်းသည် သာ၍ ကောင်း၏။

**ဆုတောင်းချက်** - အို အဖဘုရား၊ ကိုယ်တော်၏ချိန်းချက်သောအချိန်သည် စုံလင်ပြည့်စုံပါ၏။ ကိုယ်တော်မပါဘဲ ကျွန်တော် အမှုမပြုဘဲ၊ သည်းခံခြင်းရှိမည်အကြောင်း မစတော်မူပါ။

**ကမ္ဘာ ၄၀း၁-၈**

ဆာလံ ၂၅း၁၂-၂၂

*ဘုရားသခင်သည်*
*အန္တတန်ခိုးရှင်ဖြစ်တော်မူ၏*

## အကျဉ်းထောင်ထဲ၌ ဘုရားသခင်၏တန်ခိုးတော်

ယောသပ်နှင့် ဖာရောမင်း၏အမတ်နှစ်ဦး တို့တွေ့ဆုံခြင်းသည် "မတော်တဆအမှု" ဟု သင် ထင်ပါသလား။ သူတို့၏အိပ်မက်ကိုလည်း မတော်တဆ မက်ကြသည်ဟု ထင်ပါသလား။ ဘုရင့် မွေးနေ့တည်းဟူသော၊ တပြည်လုံးအတွက် အလွန်ခမ်းနားသော ထိုနေ့ မတိုင်မီ သုံးရက် အလို၌ အိပ်မက် မက်ကြခြင်းကိုလည်း သင်ဘယ်လို ထင်ပါသနည်း။

ဘုရားသခင်သည် မိမိ၏အစီအစဉ်ဖြစ်သော၊ လူမျိုးတမျိုး တည်ထောင်ခြင်းအမှု၌ မိမိရွေးချယ်တော်မူသော ယောသပ်ကို အသုံးပြုခဲ့ကြောင်း သိမှတ်ကြပါစို့။ ဘုရားသခင်သည် ထောင်ထဲမှ ယောသပ်ကို နန်းတော်ထဲသို့ ချီးမြှောက်တော်မူခဲ့ပါသည်။ မိမိ၏ စီမံခန့်ခွဲတော်မူခြင်း ဉာဏ်တော်ဖြင့် ဘုရားသခင်သည် ဖာရောမင်း၏အမတ်နှစ်ဦးတို့ကို ထောင်ထဲသို့ ပို့ခဲ့ပါသည်။ ဘုရင့် မွေးနေ့ မရောက်မီ၊ သုံးရက်အလိုတွင် ဘုရားသခင်က အိပ်မက်ကိုယ်စီ မက်စေတော်မူလျက်၊ မိုးလင်းသောအခါ၊ သူတို့၏မျက်နှာသည် ဝမ်းနည်းခြင်းကြောင့် ညိုးငယ်လျက်ရှိခဲ့ကြ၏။ ထိုအမတ်နှစ်ဦးသည် စောလျင်စွာ ထောင်ထဲသို့ ရောက်လာခဲ့ပါလျှင်၊ ယောသပ်သည် သူတို့နှင့် ရင်းနှီးစွာ စကားပြောခွင့် ရခဲ့မည် မဟုတ်ပါ။ သို့သော်လည်း၊ ယခုတွင် အခြေအနေ ပြောင်းလဲခဲ့ပါပြီ။ ယောသပ်သည် သာမန် အကျဉ်းသား မဟုတ်တော့ပါ။ "ထောင်မှူးသည် ထောင်၌ချုပ်ထားသောသူအပေါင်းတို့ကို ယောသပ်လက်သို့အပ်" (ကမ္ဘာ ၃၉း၂၂) ခဲ့ပါသည်။ ထို့ကြောင့်၊ ယောသပ်၏တာဝန်သည် ထိုအကျဉ်းသား၊ ဖာရောမင်း၏နန်းတော်မှအမတ်နှစ်ဦးကိုလည်း စောင့်ရှောက်ရမည်ဖြစ်ပါသည်။

ထိုနံနက်ခင်းတွင်၊ ထိုအမတ်နှစ်ဦးတို့သည် ယောသပ်ထံသို့၊ "ငါတို့သည် အိပ်မက်ကို မြင်ရပြီ။ အနက်ကို ဘတ်နိုင်သောသူ မရှိ" (ကမ္ဘာ ၄၀း၈) ဟု ဆိုကြ၏။ အဲဂုတ္တုပြည်၏အနာဂတ္တိ ဆရာများသည် ထောင်ထဲ၌ မရှိခဲ့ကြပါ။ သို့သော်လည်း၊ အပ်မက်ကို ပေးတော်မူသောသူ၊ လူ့သမိုင်းကို အစိုးရသော ဘုရားသခင်သည် ယောသပ်နှင့်အတူ ရှိတော်မူ၏။ "သင်တို့၏အိပ်မက်များကို ကျွန်ုပ်အား ပြောပြကြပါလော့။"

ဖလားတော်ဝန်နှင့် စားတော်ဝန်တို့သည် မိမိတို့၏ထူးဆန်းသော အိပ်မက်များကို ယောသပ်အား ပြောပြခဲ့ကြ၏။ ယောသပ်ကလည်း တွန့်ဆုတ်ခြင်း မရှိဘဲ ချက်ချင်း တုန့်ပြန်ခဲ့ပါသည်။ ဘုရားသခင်ကို မသိသောသူများ၏ နည်းလမ်းတည်းဟူသော၊ ကော်လီလုံး ကြည့်ခြင်း၊ လက္ခဏာ ဖတ်ခြင်း၊ နတ်များနှင့် ဆက်သွယ်ခြင်း၊ အိပ်မွေ့ချခြင်း စသည်တို့ မရှိပါ။ ယောသပ်သည် မိမိထင်ရာ လျှောက်ပြော၍ မတော်တဆ မှန်ခဲ့သည်ဟု ဘယ်သူမှ မစွပ်စွဲနိုင်ပါ။ သူ၏အနက်ဖွင့်ချက်တို့သည် အသေးစိတ် တိကျစွာ မှန်ခဲ့ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူနှင့်အတူ ရှိတော်မူသောကြောင့် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အိပ်မက်အနက်ဖွင့်ခြင်းကို ဘုရားသခင်ပိုင်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အခြေအနေကို ကိုယ်တော်သိတော်မူ၏။ ကိုယ်တော်၏ တန်ခိုးခွန်အားကို အစဉ် ကိုးစားပါ၏။





**ဒံ ၂း၃၅-၄၄**

ဒံ ၇း၂၆-၂၇

*ငြိမ်သက်ခြင်းအရှင်သည် စစ်မှန်သော*
*ငြိမ်သက်ခြင်းနှင့်တကွ ကြွလာတော်မူမည်*

## ဤကမ္ဘာ၌ နှစ်တထောင်အုပ်စိုးခြင်း

ကြီးစွာသော အကျိုးကို ရရှိမည်အကြောင်း၊ သမ္မာကျမ်းစာ ဖော်ပြချက်ကို ကြားနာကြပါစို့။ သန့်ရှင်းသော ဝိညာဉ်တော်သည် သဘောပေါက်နားလည်မှုကို ကျွန်ုပ်တို့အား ပေးပါစေသော။ ခရစ်တော်၏ထာဝရနိုင်ငံတော်သည် ဘယ်မှာတည်မည်နည်း၊ ဤကမ္ဘာ၌လော (သို့) ကောင်းကင်၌လော။ ပရောဖက်ပြုချက်မှ ထိုအဖြေကို သိရပါသည်။

(၁) <u>ဒံယေလ</u>။ ထိုအမှုကို ဘုရားသခင်က ဒံယေလအား ရူပါရုံပေးတော်မူ၏။ ဤလောကီ လူ့နိုင်ငံအပေါင်းတို့ကို ကျောက်တုံးက ရည်ညွှန်းထားသော ဘုရားသခင်၏နိုင်ငံတော်က အကုန်အစင် ဖျက်ဆီးတော်မူလိမ့်မည် - "လက်ဖြင့် မထုအလုပ်ဘဲ အလိုလိုဖြစ်သော ကျောက်တုံးတလုံးသည် . . . တိုးပွားသဖြင့် တောင်ကြီး ဖြစ်၍၊ မြေကြီးတပြင်လုံးကို ဖုံးလွှမ်းသည်" (ဒံ ၂း၃၄-၃၅)။ ဒုတိယ ရူပါရုံတွင်လည်း ဒံယေလသည် ဤသို့ မြင်ခဲ့၏ - "ကောင်းကင် အောက်၌ နိုင်ငံနှင့်တကွ အာဏာစက် ဘုန်းတန်ခိုးရှိသမျှကို အမြင့်ဆုံးသော ဘုရား၏ သန့်ရှင်းသော အမျိုးသားတို့သည် ရကြလိမ့်မည်" (ဒံ ၇း၂၇)။ ဤ ရူပါရုံ နှစ်ခုက အကြောင်းအရာတခုကို ရည်ညွှန်းပါသည်။ ခရစ်တော်၏ နိုင်ငံတော်သည် ဤမြေကြီးပေါ်၌ ဖြစ်လိမ့်မည်။

(၂) <u>ဇာခရိ</u>။ ခရစ်တော် တဖန်ကြွလာတော်မူခြင်းအကြောင်းကို ဇာခရိက မြင်တွေ့ခဲ့ပါသည် (ဇာ ၁၄း၁)။ "ထိုနေ့ရက်၌ ခြေတော်သည် . . . သံလွင်တောင်ပေါ်မှာ ရပ်၍" (ဇာ ၁၄း၄)။ သံလွင်တောင်သည် အဘယ်မှာ ရှိသနည်း။ ဤကမ္ဘာ၌ ရှိသော၊ ဣသရေလနိုင်ငံတွင် ရှိပါသည်။

(၃) <u>ဂါဗြေလ</u>။ မာရိထံ ပြောခဲ့သော ကောင်းကင်တမန်၏စကားကို ဆင်ခြင်ပါလော့။ "သင်သည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကို ဘွားမြင်လိမ့်မည်။ ထိုသားသည် ယေရှု အမည်ဖြင့် မှည့်ရမည်။ ထိုသားသည်ကား၊ ကြီးမြတ်သောသူ ဖြစ်လိမ့်မည်။ အမြင့်ဆုံးသော ဘုရား၏ သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ ရာဇပလ္လင်ကို ထာဝရအရှင်ဘုရားသခင်သည် သူ့အား ပေးတော်မူမည်။ ထိုသူသည်လည်း ယာကုပ်အမျိုးအနွယ်ကို အစဉ်မပြတ် အုပ်စိုးလိမ့်မည်" (လု ၁း၃၁-၃၃)။ ဒါဝိဒ်၏ ပလ္လင်တော်သည် ဤကမ္ဘာ၌ ဖြစ်ပါသည်။

(၄) <u>ပေါလု</u>။ ရောမ ၈း၁၉-၂၃ ကို ပြန်ဖတ်ပါ။ ပေါလုက၊ "ဤလောက တနိုင်ငံလုံးသည်" ညည်းတွား၍၊ "သားအရာ၌ ချီးမြှောက်ခြင်းတည်းဟူသော ကိုယ်ခန္ဓာ ရွေးနှုတ်ခြင်း ချမ်းသာကို မြော်လင့်၍" နေကြောင်း၊ ထိုအခါ ဖန်ဆင်းခံအရာတို့သည် "ဖောက်ပြန်ပျက်စီးခြင်း အနှောင်အဖွဲ့မှ ကယ်လွှတ်ခြင်း ချမ်းသာကို ဝင်စားမည်" ဟု ဖော်ပြခဲ့ပါသည်။ ခရစ်တော် တဖန်ကြွလာသောအခါ၊ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သာမက၊ ဖန်ဆင်းခံဤကမ္ဘာကြီးကိုလည်း ကယ်နှုတ်ပြုပြင်တော်မူမည်။ နှစ်ပေါင်း တထောင်လုံးလုံး ဤကမ္ဘာမြေကြီးသည် ကယ်နှုတ်ခြင်း ခံရ၍၊ ငြိမ်သက်ချမ်းသာခြင်း ခံစားလိမ့်မည်။

**ဆင်ခြင်ရန်** - လူသားများနှင့်ကမ္ဘာကြီးကို ပြုပြင်ဖို့ရန် ခရစ်တော် အသေခံခဲ့၏။

**ဆုတောင်းချက်** - ဖန်ဆင်းရှင်နှင့်ကယ်တင်ရှင် အဖဘုရား၊ ကိုယ်တော်၏နာမတော် ဘုန်းကြီးပါစေသော်။

တနင်္လာ၊ ဖေဖော်ဝါရီ (၃)

**ဟေရှာ ၁၁:၆-၉**
မသဲ ၆:၉-၁၀

*ကယ်တင်ရှင် ကြွလာတော်မူမည့်အချိန်ကို မြော်လင့် စောင့်စားပါလော့*

## ဤကမ္ဘာ၌ အလိုတော်ပြည့်စုံလိမ့်မည်

သခင်ယေရှု သွန်သင်တော်မူသော ပဌနာတော်ကို သင် ဆင်ခြင်ဖူးပါသလား။ "နိုင်ငံတော် တည်ထောင် ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံ ပါစေသော" (မသဲ ၆:၁၀) ဟု ဆိုရာတွင်၊ ဘယ်အရာကို ကျွန်တော်တို့ တောင်းလျှောက် ပါသနည်း။

ဘုရားသခင်၏အလိုတော်သည် ဤကမ္ဘာမြေကြီးပေါ်၌ အပြစ်ပြုခြင်းဖြင့် လွှန်ကျူးခြင်း ခံခဲ့ရသော်လည်း၊ ထို ပဌနာတော်သည် သခင်ယေရှု ဤလောကသို့ တဖန်ကြွလာတော်မူလျက်၊ မိမိ၏ နှစ်တထောင် နိုင်ငံတော် တည်ထောင်သောအခါ ပြည့်စုံခြင်း ရှိလိမ့်မည်ဖြစ်ပါသည်။

သခင်ယေရှုသည် အာမေဂေဒုံ စစ်ပွဲ၌ အနိုင်ရပြီးနောက် (ဗျာ ၁၂၊ ဗျာ ၁၆)၊ မိမိ၏ ဗိုလ်ခြေများနှင့်တကွ ကောင်းကင်သို့ ပြန်လည်ကြွသွားတော်မူခဲ့လျှင်၊ ဤကမ္ဘာမြေကြီးတွင် လူသမိုင်း သည် ပြဿနာနှင့် အဆုံးသတ်ခဲ့လိမ့်မည်ဖြစ်၍၊ ဘုရားသခင်၏အလိုတော်သည် ကောင်းကင်၌ ပြည့်စုံသကဲ့သို့ ဤမြေကြီးပေါ်မှာ ပြည့်စုံလိမ့်မည် မဟုတ်ပါ။

ထိုသို့ဖြစ်ခဲ့ပါလျှင်၊ အသင်းတော်သည် ထို ပဌနာတော်ကို နှစ်ပေါင်း ၂၀၀၀ လုံးလုံး အချည်းနှီး မြွက်ဆိုခဲ့မည်ဖြစ်၍၊ သခင်ယေရှုသည် အချည်းနှီးသော ဆုတောင်းချက် ထားခဲ့ခြင်းသာ ဖြစ်ခဲ့လိမ့်မည်။ သို့သော်လည်း၊ ထိုသို့ လုံးဝ မဟုတ်ပါ။ သခင်ယေရှုသည် အစမှ အဆုံးတိုင်အောင် အရာခပ်သိမ်းကို သိတော်မူ၏။ လူသားနှင့် ဖန်ဆင်းသောအရာကို ရွေးနှုတ် ပြုပြင်ဖို့ရန် တဖန်ကြွလာ တော်မူလိမ့်မည်။ သို့မှသာ ဖန်ဆင်းခြင်းသည် အဓိပ္ပါယ်ရှိပါလိမ့်မည် (ဟေရှာ ၄၅:၁၈)။

မသဲ ၆:၉-၁၀ ထဲတွင်၊ "ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့ အဘ၊ ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော။ နိုင်ငံတော်တည်ထောင်ပါစေသော။ အလိုတော် သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည်စုံပါစေသော" ဟု ယေရှုက မိမိ၏အလုံးစုံ ကို သိတော်မူသော ဉာဏ်တော်အားဖြင့် မိန့်တော်မူ၏။ ထိုဆုတောင်းချက်ကို ကားတိုင်ပေါ်၌ အသေခံ ရွေးနှုတ်တော်မူခြင်းအားဖြင့်၊ ခမည်းတော်ဘုရားနှင့် ခရစ်တော်ကိုယ်တိုင်က စုံလင်စေမည် အကြောင်းသိလျက် မိန့်တော်မူခြင်းဖြစ်ပါသည်။ "ကောင်းကင်ဘုံ၌ရှင်း၊ မြေကြီးပေါ်၌ရှင်း၊ စီရင်ပိုင်သောအခွင့်တန်ခိုး ရှိသမျှတို့ကို ငါခံရပြီ" (မသဲ ၂၈:၁၈)။ ဘုရားသခင်၏နာမတော် ဘုန်းကြီး ပါစေသော။ ခရစ်တော်သည် မိမိ၏သန့်ရှင်းသူများနှင့်တကွ ဤကမ္ဘာမြေကြီး၌ အုပ်စိုးတော်မူသော အခါ၊ ဧဒင် ဥယျာဉ်မှ စ၍ ပထမဆုံးအကြိမ်အဖြစ်၊ ကောင်းကင်ဘုံ၌ အလိုတော်ပြည့်စုံ သကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံခြင်း ရှိလိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ပဌနာတော်သည် ပြည့်စုံလိမ့်မည်။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သည် မိမိ၏နှုတ်ကပတ်တရားတော်အတိုင်း ပြုတော်မူ သော ဘုရားဖြစ်တော်မူ၏။ အကျွန်ုပ်အား နှုတ်ကပတ်တရားတော်ကို ယုံကြည် ကိုးစားဖို့ရန် ယုံကြည်ခြင်း ပေးသနားတော်မူပါ။



သောကြာ၊ ဖေဖော်ဝါရီ (၂၈)

**ကမ္ဘာ ၃၉:၁၂**
သု ၁

*ငါ့သား၊ ထိုသူတို့၏လမ်းသို့ လိုက်မသွားပါနှင့်*

## သမ္မာသတိရှိလော့၊ ထွက်ပြေးလော့

(by Charles Spurgeon)

အချို့သော အပြစ်နှင့် ရင်ဆိုင်ရသောအခါ၊ တခုသော အောင်မြင်ခြင်း နည်းလမ်းမှာ တိုက်ခိုက်ခြင်းသာဖြစ်ပါသည်။ သဘာဝအကြောင်းကို လေ့လာသော ရှေးပညာရှင်များက ထူဆန်း သော နဂါးများအကြောင်းကို ရေးခဲ့ကြပါသည်။ ထိုနဂါးများသည် မိမိတို့အကြည့်အားဖြင့် သားကောင် များကို လွယ်ကူစွာ ဖမ်းစားနိုင်ခဲ့ကြ၏။ ထိုနည်းတူ၊ မကောင်းမှု ဒုစရိုက်ကို ကြည့်ခြင်းသည် အန္တရာယ် များလှပါသည်။ ထို့ကြောင့်၊ ဒုစရိုက်ကို မပြုလိုသောသူသည် အခွင့်ရှိတုန်း၌ လျင်မြန်စွာ ထွက်ပြေးဖို့ လိုပါသည်။ မကောင်းမှု သွေးဆောင်ခြင်းကို မကြည့်ဖို့ရန် ကျွန်ုပ်တို့၏ မျက်စိနှင့် ပဋိညာဉ် ပြုဖို့လိုပါ သည်။ သေးငယ်လှသော မီးကြည်တခုမှ ကြီးမားသော မီးတောက်ကို ဖြစ်စေပါသည်။ အဘယ်သူ သည် နူနာစွဲများ နေထိုင်ရာ ထောင်ထဲသို့ ဝင်လျက် မိမိကိုယ်ကို ထိုရောဂါ စွဲကပ်စေလိုမည်နည်း။ သင်္ဘောသားများသည် မုန်တိုင်းကို မည်သို့ ရှောင်ရမည်အကြောင်း သိခဲ့ပါလျှင်၊ ထိုမုန်တိုင်းထဲသို့ တိုးဝင်လိမ့်မည် မဟုတ်ပါ။ သတိရှိသော သင်္ဘောသားတို့သည် အန္တရာယ် ရှိသောနေရာနှင့် အနီးကပ် ဆုံး နေရာမှ မမောင်းနှင်လိုကြပါ (သို့) ရေ မဝင်ဘဲ ကျောက်တုံးကို ဘယ်နှစ်ခါ ကျွန်တော် ထိမနိုင် သနည်းဟု မကြိုးစားခဲ့ကြပါ။ သူတို့၏အဓိက ကြိုးစားအားထုတ်အမှုသည် လုံခြုံစိတ်ချရသော နေရာ မှ အမြဲတမ်း မောင်းနှင်ခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်သည် ကြီးမားသော အန္တရာယ်နှင့် ကြုံတွေ့နိုင်ပါသည်။ ထိုအချိန်တွင်၊ ထိုအန္တရာယ်ကို ရှောင်နိုင်ရန်၊ ထိုအန္တရာယ်မှ လွတ်မြောက်မည်အကြောင်း မြွေကဲ့သို့ လိမ္မာပါးနပ် ဖို့လိုပါသည်။ ချိုးငှက်၏အတောင်ပံသည် ခြင်္သေ့၏ အစွယ်ထက် ကျွန်ုပ်အတွက် ယနေ့ ပို အသုံးဝင် ပါလိမ့်မည်။ မကောင်းသော မိတ်ဆွေ မပေါင်းခြင်းသည် ဆုံးရှုံးမှု သဖွယ် ထင်မှတ်ခဲ့နိုင်ပါသည်။ သို့သော်လည်း၊ ကျွန်တော်သည် အကျင့်ပျက်မည့်အစား မိမိ၏ အဝတ်ကို ပိုဆုံးရှုံးလိုပါသည်။ ကျွန်တော် မဖြစ်မနေ ကြွယ်ဝချမ်းသာဖို့ မလိုပါ၊ သန့်ရှင်းသည့် အသက်တာ ပိုင်ဆိုင်ဖို့ အဓိကကျ ပါသည်။ အဘယ်မိတ်ဆွေ၊ အဘယ် လှပမှု၊ အဘယ် အရည်အချင်း၊ အဘယ် ပြက်ရယ်ပြုခြင်း ကမျှ၊ အပြစ်မှ ထွက်ပြေးမည်ဟူသော ပညာနှင့်ယှဉ်သည့် ကျွန်ုပ်၏ဆုံးဖြတ်ချက်ကို ပြောင်းလဲစေ မည် မဟုတ်ပါ။ စာတန်ကို ဆန့်ကျင်ဆီးတားခြင်းပြုလျှင်၊ သူသည် ကျွန်ုပ်ထံမှ ထွက်ပြေးပါလိမ့်မည်။ သို့သော်လည်း၊ ဇာတိတပ်မက်ခြင်းမှ ထွက် မပြေးလျှင်၊ ထိုတပ်မက်ခြင်းများက ကျွန်ုပ်ကို အောင်နိုင် လိမ့်မည်ဖြစ်ပါသည်။ အို သန့်ရှင်းခြင်း ဘုရားသခင်၊ ကိုယ်တော်၏ ယောသပ်များကို ကွယ်ကာ စောင့်ရှောက်တော်မူပါ။ သို့မှသာ၊ Madam Bubble က မိမိ၏ ဆိုးညစ်သော အကြံများဖြင့် သူတို့ကို လှည့်ဖြားနိုင်မည် မဟုတ်ပါ။ လောကီ၊ ဇာတိသဘောနှင့် စာတန် တည်းဟူသော၊ ဆိုးယုတ်သည့် ထိုသုံးပါးတို့အား ကျွန်ုပ်တို့အပေါ်၌ အောင်နိုင်ခြင်း ပေးတော်မမူပါနှင့်။

**ဆင်ခြင်ရန်** - အပြစ်မှ ထွက်ပြေးခြင်းသည် သူရဲဘောကြောင်ခြင်း မဟုတ်၊ ပညာရှိခြင်းပင် ဖြစ်ပါသည်။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်၏အားနည်းချက်ကို အစဉ် သိစေတော်မူလျက်၊ သွေးဆောင် ခြင်း၊ အပြစ်တို့နှင့် မကစားမိမည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၂၇)

**ကမ္ဘာ ၃၉း၁၁-၂၃**
ဆာလံ ၂၅း၁-၁၁

*သွေးဆောင်ခြင်းနောက်မလိုက်ပါနှင့်၊ ထိုသို့ပြုခြင်းသည် အပြစ်ဖြစ်ပါ၏*

## မတရားခံရခြင်းနှင့် အပြစ်၌ပျော်မွေ့ခြင်း

အသင် လူငယ်၊ သင်သည် ယောသပ် နေရာ၌ ရှိခဲ့လျှင် ဘာလုပ်မည်နည်း။ သင့် သခင်၏ မိန်းမ၊ သင့်အပေါ် အာဏာရှိသောသူ၊ သင် နာခံရမည့်သူ၊ သူ့မျက်နှာသာပေးခြင်း သင် ခံလိုသောသူ၊ ထိုသူသည် သင့်ကို အတူအိပ်ဖို့ အမြဲတမ်း တိုက်တွန်းခဲ့၏။ နေ့တိုင်း၊ သင့်ကို အမျိုးမျိုး သွေးဆောင်နေခဲ့၏။ ဘယ်သူမှ သိမြင်လိမ့်မည် မဟုတ်ပါ။ သင် မည်သို့ တုန့်ပြန်ပါမည်နည်း။

ယောသပ်သည် ကြီးလေးသော ထိုမိန်းမ၏ဖိအားကို ရင်ဆိုင်နေရပါသည်။ သူသည် ထွက်ပြေး၍လည်း မရ၊ အလုပ်ပြောင်းဖို့လည်း မဖြစ်နိုင်။ သူသည် ပေါတိဖာ ပိုင်သော အစေခံကျွန် ဖြစ်ပါသည်။ သူ့ သခင်ထံ တိုင်တန်လျှင်လည်း အန္တရယ်များလှ၏။ ပေါတိဖာက ယုံလိမ့်မည် မဟုတ်ပါ။ ယုံခဲ့လျှင်လည်း၊ အလွန် နေထိုင်ရ ခက်ခဲပါလိမ့်မည်။ မိမိ တာဝန် ထမ်းရွက်စဉ် အဖော် မရှိခဲ့သလော။ ရှိပါလိမ့်မည်၊ သို့သော်လည်း၊ အချိန်တိုင်း ရှိမည် မဟုတ်ပါ။

နေ့တိုင်း၊ ကာမဆက်ဆံခြင်းကို တပ်မက်သော ထိုအဲဂုတ္တု အမျိုးသမီးသည် အမျိုးမျိုးသော နည်းလမ်းဖြင့် သွေးဆောင်ခဲ့ပါသည်။ ယောသပ်သည် မိမိ၏စိတ်ကို ပိုင်းဖြတ်ခဲ့ပါသည်။ သူသည် ခဏတာ ပျော်ရွှင်မှုသာ မဟုတ်၊ တသက်လုံး ပျော်ရွှင်မှု ခံစားရခြင်းထက် ဘုရားသခင်၏ အမျက်တော်ကို ပို၍ ကြောက်ခဲ့ပါသည်။ သူ့ကို အကြံပေးသော သင်းအုပ်ဆရာ (သို့) သင်းအုပ်လူကြီး မရှိခဲ့ပါ။ အကျင့်ပိုင်းဆိုင်ရာ ပဲ့ပြင်သောသူ မရှိခဲ့ပါ။ မိမိပျော်ရွှင်မှုအတွက် အရာရာတိုင်းသည် ပြည့်စုံခြင်း ရှိပါသည်။

တနေ့တွင်၊ ပေါတိဖာ မိန်းမက အိမ်ထဲ၌ ယောသပ် တဦးတည်း ရှိသည်ကို တွေ့ခဲ့၏။ ထိုအခါ၊ အခွင့်ကောင်း ယူလျက်၊ ယောသပ်၏ အဝတ်ကို ကိုင်ဆွဲခဲ့ပါသည်။ ယောသပ်က ငြင်းပယ်ခဲ့၏။ သို့သော်လည်း၊ သူမက မလွှတ်ခဲ့ပါ။ အဝတ်ကို သူမလက်ထဲ ထားခဲ့ပြီး ထွက်ပြေးခြင်းမှ အပ၊ အခြားနည်းလမ်း မရှိတော့ပါ။ ထိုအခါ၊ သူမ၏ ဇာတိ တပ်မက်ခြင်းသည် မုန်းတီးခြင်းသို့ ပြောင်းလဲခဲ့ပြီး၊ ယောသပ်ကို ထောင်ထဲသို့ ပို့ခဲ့ပါသည်။ သူမသည် အခြား အစေခံကျွန်များနှင့် မိမိခင်ပွန်းကို ခေါ်လျက်၊ အဖြစ်မှန်ကို ပြောင်းလဲခဲ့ပြီး၊ မဟုတ်မှန်သော စကားပြောခဲ့ပါသည်။ ယောသပ်အား ထောင်ထဲသို့ ပို့ခဲ့၏။ သို့သော်လည်း၊ ဘုရားသခင်သည် ယောသပ်နှင့်အတူ ရှိတော်မူလျက်၊ ကျေးဇူးပြုတော်မူခဲ့ပြီး၊ ထောင်မှူး၏မျက်နှာသာပေးခြင်းကို ခံရခဲ့ပါသည်။ ဘုရားသခင်သည် မိမိ ရွေးကောက်တော်မူသောသူကို ကွယ်ကာစောင့်ရှောက်တော်မူ၏။ ယောသပ်သည် ဘုရားသခင်နှင့် အတူ သွားလာခဲ့ပြီး၊ အလုံးစုံ ဘုရားသခင်ထံ အပ်ထားခဲ့ပါသည်။ အခြားသောသူများ လဲကျခဲ့လျှင်လည်း၊ ယောသပ်သည် မြဲမြံစွာ ရပ်တည်ခဲ့ပါသည်။ မကြာမီ၊ ယောသပ်သည် ထောင်မှူးအရာ၌ ခန့်ထားခြင်းကို ခံခဲ့ရပါသည်။

**ဆင်ခြင်ရန်** - အကျဉ်းထောင် သံတံခါးတို့က ဘုရားသခင်ကို မဆီးတားနိုင်ပါ။

**ဆုတောင်းချက်** - အို အဖဘုရား၊ အပြစ်ပြုဖို့ရန် သွေးဆောင်ခြင်းကို ကျွန်ုပ်အပေါ်၌ ခွန်အား မရှိ ဖြစ်စေတော်မူပါ။



အင်္ဂါ၊ ဖေဖော်ဝါရီ (၄)

**ဗျာ ၂၀**
၂ တိ ၂း၁၂

*ခရစ်တော် မြင်တွေ့ရသောအခါ၊ ဘဝအခက်အခဲအပေါင်းတို့သည် ပျောက်ကွယ်ကြလိမ့်မည်*

## ကျွန်တော်တို့သည် ကိုယ်တော်နှင့်အတူ အုပ်စိုးကြလိမ့်မည်

ဘုရားသခင်ထံမှ ကျွန်တော်တို့ရရှိမည့် လက်ဆောင်၊ ကောင်းကြီးမင်္ဂလာ တခုမှာ သူနှင့် အတူ အုပ်စိုးကြလိမ့်မည်။ ထိုသို့သော ကျေးဇူးတော်၊ ဘုန်းအသရေကို ကျွန်ုပ်တို့အား ခံစားစေခြင်း သည် အလွန် ကြီးမြတ်လှသည်တကား။ ထိုသို့ အမှန် ဖြစ်လိမ့်မည်၊ ဘုရားသခင်၏နှုတ်ကပတ်တော် က ထိုသို့ မိန့်တော်မူ။ တမန်တော် ပေါလုက၊ "သည်းခံလျှင်၊ ထိုသခင်နှင့်အတူ စိုးစံလိမ့်မည်" (၂ တိ ၂း၁၂) ဟု ဆို၏။

ရွေးနုတ်ခြင်းခံရသောသူများက ကောင်းကင်၌ သီဆိုသော သီချင်းဟူမူကား၊ "ကိုယ်တော် သည် သေသတ်ခြင်းကို ခံတော်မူသောအားဖြင့်၊ အသီးအသီးဘာသာစကားကို ပြောသောလူ အမျိုး အနွယ်ခပ်သိမ်းတို့အထဲမှ အကျွနုပ်တို့ကို ယူ၍၊ အသွေးတော်နှင့် ဘုရားသခင် အဘို့ ရွေးနုတ် တော်မူ၏။ အကျွန်ုပ်တို့၏ဘုရားသခင့် ရှေ့မှာ၊ ရှင်ဘုရင် အရာ၌ရင်း၊ ယဇ်ပုရောဟိတ် အရာ၌ရင်း၊ ခန့်ထား၍ မြေကြီးပေါ်မှာ စိုးစံရသောအခွင့်ကို ပေးတော်မူ၏" (ဗျာ ၅း၉-၁၀)။ ဘယ်တော့ ပြည့်စုံ လိမ့်မည်နည်း။

အဖြေ အတွက်၊ ဗျာ ၂၀း၆ ကိုကြည့်ကြပါစို့၊ "ပဌမ ထမြောက်ခြင်းကို ဝင်စားသောသူသည် မင်္ဂလာရှိသောသူ၊ သန့်ရှင်းသောသူဖြစ်၏။ ထိုသို့သောသူသည် ဒုတိယသေခြင်း၏လက်နှင့် ကင်းလွတ်လျက်၊ ဘုရားသခင်၏ ယဇ်ပုရောဟိတ်၊ ခရစ်တော်၏ ယဇ်ပုရောဟိတ်ဖြစ်၍၊ အနှစ် တထောင် ပတ်လုံး ခရစ်တော်နှင့်အတူ စိုးစံရကြလိမ့် မည်" ဟု ဖော်ပြခဲ့ပါသည်။ ခရစ်တော်ကြွလာ တော်မူသောအခါ၊ ယုံကြည်သူအပေါင်းတို့သည် ပြောင်းလဲလျက်၊ ထမြောက်ကြလိမ့်မည် (၁ သက် ၄း၁၆-၁၇၊ ၁ ကော ၁၅း၅၁-၅၂၊ ဖိလိ ၃း၂၀-၂၁)။ ဤသည်ကား ပဌမ ထမြောက်ခြင်းဖြစ်ပါသည်။ ထိုသူတို့သည် ဤကမ္ဘာမြေကြီးတွင် နှစ်တထောင်လုံးလုံး၊ ခရစ်တော်နှင့်အတူ ခုနစ်နှစ် ဘေးဒဏ်ကြီး ကာလနှင့် အာမေဂေဒုံ စစ်ပွဲ၌ မသေခဲ့သော ယုံကြည်သူအပေါင်းကို အုပ်စိုးကြလိမ့်မည်။

နှစ်ပေါင်း ၁၀၀၀ လုံးလုံး သခင်ယေရှုနှင့်အတူ ကျွန်တော်တို့ အုပ်စိုးရလိမ့်မည်။ ထိုကမ္ဘာ မြေကြီးသည် ရွေးနုတ်ခြင်းခံရသော၊ ပြုပြင်ခြင်းခံရသော ကမ္ဘာ့ ပါရသိသုခဘုံ ဖြစ်ပါသည် (ရောမ ၈း၂၁-၂၃)။ ဘုရားသခင်၏အစေခံကျွန်ဖြစ်သော ကျွန်တော်တို့သည် မိမိတို့၏ သစ္စာရှိမှုအတိုင်း၊ မြို့ဆယ်မြို့ (သို့) မြို့ငါးမြို့ စသဖြင့် အုပ်စိုးရကြလိမ့်မည် (လု ၁၉း၁၆-၁၉)။

နှစ်တထောင် ပြည့်သောအခါ၊ သခင်ဘုရားသည် ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ဖန်ဆင်းတော်မူလိမ့်မည်။ ထိုအရပ်၌ ကျွန်တော်တို့သည် ဘုရားသခင်နှင့်အတူ ထာဝရ နေရကြလိမ့် မည် (ဗျာ ၂၁-၂၂)။

**ဆင်ခြင်ရန်** - လူဘဝသက်တမ်းဖြစ်သော နှစ်ပေါင်း ၇၀ မှ ၁၀၀ သည် ခရစ်တော်နှင့်အတူ အုပ်စိုးမည့် နှစ်တထောင်နှင့် နှိုင်းယှဉ်လျှင် ဘာမှ မဟုတ်ပါ။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏အစီအစဉ်ကို ဖွင့်ပြတော်မူသောကြောင့် ကျေးဇူးတင် ပါ၏။ ထို့ကြောင့် ငြိမ်သက်ခြင်းလည်း ရှိပါ၏။ ကိုယ်တော်၏ဘုန်းနာမတော် သည် အစဉ် ချီးမြောက်ခြင်းရှိပါစေသော်။

# ရှေ့၌ အန္တရာယ်

ယနေ့မှစ၍၊ ကျွန်တော်တို့သည် ကမ္ဘာဦးကျမ်း ၃၂ မှ ၅၀ အထိ လေ့လာကြမည်ဖြစ်ပါသည်။ ကမ္ဘာ ၃၂ သည် ယာကုပ်နှင့် သူ့မိသားစု ခါရန်မှ ပြန်လာခြင်းအမှုဖြင့် စတင်ခဲ့ပါသည်။

ထိုသို့ ယာကုပ်၏မိသားစု ခရီးရှည် သွားနေစဉ်၊ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် သူ့ကို တွေ့ဆုံခဲ့ကြပါသည်။ သူတို့ပြန်သွားကြပြီးနောက်၊ ယာကုပ်သည် အစ်ကို ဧသောကို တွေ့ဖို့ရန် သူတယောက်ဘဲ ကျန်နေခဲ့ပါသည်။ ယာကုပ်သည် ပြစ်မှားခဲ့သော မိမိအစ်ကို ကိုမည်သို့ ကြုံဆို တွေ့ဆုံလိမ့်မည်နည်း။ ယာကုပ်သည် ပါးနပ်စွာ အစီအစဉ် ဆွဲလျက်လှုပ်ရှားခဲ့ပါသည်။ သူ့ရှေ့၌ ရှေ့ပြေး တမန်များကို စေလွှတ်လျက်၊ ဧသော၏ စိတ်ကို နူးညံ့စေဖို့ရန် ကြိုးစားအားထုတ်ခဲ့ပါသည်။

ထိုတမန်များအား ချိုသာ သင့်လျော်သော စကားကိုသာ ပြောဆိုကြရန် မှာထားခဲ့ပါသည်။ ဧသောသည် "သခင်" ဖြစ်၍၊ ယာကုပ်သည် "ကျွန်" ဖြစ်ပါသည်။ ယာကုပ်သည် ယခုတွင် အတော်အတန် ကြွယ်ဝချမ်းသာသော သူဖြစ်သော်လည်း၊ ဧသောအား မိမိ၏ ရိုသေ အလေးထားမှုကို ကြားသိ စေလိုပါသည်။ ဧသောထံ ပေးပို့လိုသော သတင်းစကားမှုကား၊ "ကျွန်တော်၊ ယာကုပ်သည် ကိုယ်တော် ရှေ့၌ မျက်နှာသာပေးခြင်း ခံလိုပါသည်" ဟူ၍ဖြစ်ပါသည်။

ဧသောထံမှ တိကျသော သဘောထား မသိရဘဲ၊ ထိုတမန်များတို့သည် ပြန်လာ၍၊ "ဧသောသည် လူအယောက် ၄၀၀ နှင့်တကွ သင့်ကို တွေ့ဖို့ရန် လာနေပြီ" ဟုဆိုကြ၏။ ထိုအမှုကား ဘာဖြစ်မည်နည်း။ လက်တုန့်ပြန်ခြင်း၊ တိုက်ခိုက်မည့်အမှုအရာ ဖြစ်လိမ့်မည်။ စာရင်းဟောင်း ရှင်းတမ်း ဖြစ်ပါလိမ့်မည်။ ယာကုပ်သည် ထိုသို့ ထင်မှတ်လျက် မိမိရှေ့၌ အန္တရယ်ကြီး ရှိကြောင်း သိမြင်ခဲ့ပါသည်။ ပြန်လည် ခုခံခြင်းလျှင် မိုက်မဲရာ ကျလိမ့်မည်၊ ထွက်ပြေးဖို့ရန်လည်း မဖြစ်နိုင်။ "ထိုအခါ ယာကုပ်သည်၊ အလွန်ကြောက်၍ စိတ်ပူပန်" (ကမ္ဘာ ၃၂း၇) ခြင်းရှိခဲ့ပါသည်။

ထိုသို့သော ဒုက္ခ ကျရောက်လာနိုင်သည့် အခြေအနေတွင်၊ ယာကုပ်သည် လျင်မြန်စွာ ဆင်ခြင်စဉ်းစား တွေးတောခဲ့ပါသည်။ သူ၏လူအုပ်ကို လူစု နှစ်စု ခွဲလျက်၊ မိမိအုပ်စု စီကို တာဝန်ယူစောင့်ရှောက်ဖို့ မှာထားခဲ့ပါသည်။ ဧသောသည် တိုက်ခိုက်လာခဲ့သော်၊ ကျန်အုပ်စု တစုသည် လွတ်မြောက်ကောင်း လွတ်မြောက်နိုင်သည်ဟု ထင်မှတ်ထား၏။ ထိုအခြေအနေ၌ ဤသည်ကား ယာကုပ်စဉ်းစားခဲ့သော အသက်ရှင်နိုင်သော အခွင့်အလမ်းပင်ဖြစ်ပါသည်။ ယာကုပ်သည် ယုံကြည်ခြင်းဖြင့် မဟုတ်ဘဲ၊ ကြုံတွေ့သော အခြေအနေအရ လှုပ်ရှားခဲ့ပါသည်။

**ဆင်ခြင်ရန်** - အန္တရာယ်ကြုံတွေ့သောအခါ၊ ပတ်ဝန်းကျင်ကို ကြည့်ခြင်းထက် အထက်အရပ်ကို ကြည့်ခြင်းသည် သာ၍ ကောင်း၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏လမ်းကို ညွှန်ပြလျက်၊ ထိုလမ်းထဲသို့ ကျွန်ုပ်ကို ပို့ဆောင်တော်မူပါ။





# ယောသပ်က သက်သေပြခဲ့၏

အစ်ကိုများက မုန်းတီးသော်လည်း၊ ကယ်တင်ရှင်အဖြစ် ဘုရားသခင် ရွေးနှုတ်တော်မူသော၊ ယောသပ်သည် မိဒျန်လူများက ဖာရောဘုရင်၏ တပ်မှူးဖြစ်သော ပေါတိဖာထံ ရောင်းခြင်းခံခဲ့ရပါသည်။ ထို မိသားစု၌ ယောသပ်သည် မိမိ၏အကျင့်နှင့်စွမ်းရည် တည်းဟူသော အရည်အချင်းကို ပြသခဲ့ပါသည်။ ထို အရည်အချင်း နှစ်ခုသည် စီမံခန့်ခွဲမှု နှင့် လူတို့ကို အုပ်စိုးဖို့ရန် လိုအပ်သော အဓိကအချက်များဖြစ်ပါသည်။

အစကတည်း၌၊ ယောသပ်သည် မိမိကိုယ်ကို ဘုရားသခင်ကို ကြောက်ရွံ့သောသူဟူ၍၎င်း၊ သူမတူအောင် တတ်စွမ်းသောသူဟူ၍၎င်း၊ ထူးခြားစွာ ပြသခဲ့ပါသည်။ မိမိသည် ဘုရားသခင်ကို ယုံကြည်သောသူဖြစ်ကြောင်း ပေါတိဖာအား အသိပေးခဲ့ပါလိမ့်မည်။ "သူ့ဘက်၌ ထာဝရဘုရားသည် ရှိတော်မူ၍၊ သူပြုလေရာရာ၌ အောင်စေတော်မူကြောင်းကို သခင်လည်း သိမြင်၏" (ကမ္ဘာ ၃၉း၃)။ ထို့ကြောင့်၊ ယောသပ်အား သူ့အိမ်နှင့် ပိုင်ဆိုင်မှုအပေါင်းကို ထိန်းသိမ်းသောသူအဖြစ် ခန့်ထားခဲ့ပါသည်။ ထိုအခါ၊ "ထာဝရဘုရားသည် ယောသပ်အတွက် ထိုအဲဂုတ္တုသား၏ အိမ်ကို ကောင်းကြီးပေးတော်မူ သဖြင့်" (ကမ္ဘာ ၃၉း၅) ပို၍ ကြွယ်ဝချမ်းသာလာခဲ့ပါသည်။ ယောသပ်၏ တာဝန်များကို မဖော်ပြခဲ့သော်လည်း၊ သူသည် စီမံခန့်ခွဲမှုဆိုင်ရာ အဓိကပုဂ္ဂိုလ် ဖြစ်ပါလိမ့်မည်။ သူပြုသောအမှုတိုင်း၌ အောင်မြင်မှုရခဲ့ပါသည်။ တိုင်းတပါးအိမ်၌ အစေခံကျွန်အဖြစ် ရှိနေခြင်းကို မိမိကိုယ်ကို သက်သေပြဖို့ရန် အခွင့်ကောင်းဖြစ်သည်ဟု ယောသပ် ထင်မှတ်ခဲ့ပါသည်။ အားငယ်နေဖို့ သူ၌ အချိန် မရှိပါ။ သူသည် မိမိ၏လမ်းကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ ထားသောကြောင့်၊ ဘုရားသခင် ထားတော်မူသော အခြေအနေ၌ ရောင့်ရဲတင်းတိမ်ခြင်း ရှိခဲ့ပါသည်။ ယောသပ်သည် အဲဂုတ္တုပြည်သို့ ရောက်လာသောအချိန်၌ ၁၇ နှစ်ကျော်သာဖြစ်ပါသည်။ ထိုသို့ ၁၀ နှစ်လောက် ပေါတိဖာအိမ်၌ အမှုကို ဆောင်ရွက်လျက်၊ ကိုယ်ခန္ဓာနှင့်စိတ်ပိုင်းဆိုင်ရာတို့၌ ရင့်ကျက် ကြီးထွားမှု ရှိခဲ့ပါသည်။ အခန်းငယ် ၆ တွင်၊ ယောသပ်သည် အသွေးအဆင်းလှသောသူ၊ ယဉ်ကျေးသောသူ ဖြစ်ကြောင်း ဖော်ပြခဲ့၏။

ယောသပ်သည် အရပ်ရှည်လျက်၊ ရုပ်ချောသောသူဖြစ်ပါသည်။ ပေါတိဖာ မိန်းမသည် သူ့ကို မကြာခဏ သွေးဆောင် လေ့ရှိပါသည်။ သူမသည် ဆွဲဆောင်မှု ရှိသောသူ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့်၊ သူမသည် အစီအစဉ် ဆွဲခဲ့ပါလိမ့်မည်။ သို့သော်လည်း၊ ယောသပ်သည် အမှားအမှန်ကို ခွဲခြားတတ်သောသူဖြစ်ပါ၏။ ထိုအဖြစ်အပျက်ကို ဘုရားသခင်နှင့် သူ့သခင်ကို ဆန့်ကျင်သောအမှုဖြစ်ကြောင်း ယောသပ် သိမြင်ခဲ့၏။ သူ့သခင်၏မယားနှင့် ပြစ်မှားခြင်းသည် မိမိအပေါ် သခင်ထားခဲ့သော ယုံကြည်မှုကို သစ္စာဖေါက်ခြင်း ဖြစ်ပါလိမ့်မည်။ ယောသပ်သည် အသရေရှိသောသူဖြစ်ပါသည်။ သူသည် ဘုရားသခင်နှင့် မိမိသခင်ကို ရိုသေလေးစားမှု ရှိ၏။ ထိုအပြစ်ကို မကျူးလွန်လိုခဲ့ပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ယောသပ်ပြုသမျှသောအမှုကို အောင်မြင်စေတော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏လမ်းထဲသို့ ကျွန်ုပ်ကို ခေါ်ဆောင်တော်မူပါ။ ကိုယ်တော်၏လမ်းပြပို့ဆောင်မှု၌ ကျွန်တော် နာခံဆက်ကပ်လိုပါ၏။

အင်္ဂါ၊ ဖေဖော်ဝါရီ (၂၅)

**ကမ္ဘာ ၃၈း၁၂-၃၀**
ဆာလံ ၂၂း၁၁-၂၀

*ဘုရားသခင်၏ အံ့ဘွယ်ကျေးဇူးတော်သည်*
*ကျွန်ုပ်တို့၏အပြစ်ထက် ကြီးမြတ်တော်မူ၏*

## တာမသည် ပြည့်တန်ဆာကဲ့သို့ဟန်ဆောင်ခဲ့၏

ယုဒ၏မိန်းမသည် သေဆုံးခဲ့ပြီဖြစ်ပါသည်။ တာမက သူ့ယောက္ခမသည် သိုးမွေးရိတ်ဖို့ရန် သွားသည်ဟု သိခဲ့ပါသည်။ ထိုအချိန်အခါသည် ပျော်ရွှင် ဝမ်းမြောက်သောအခါ သာမယဖြစ်၍ ယောကျ်ားများကို လွယ်ကူစွာ သွေးဆောင်နိုင်သော အချိန်ဖြစ်ပါသည်။ တာမသည် အခွင့်ကောင်း ယူလျက်၊ ယုဒကို သွေးဆောင်ဖို့ရန် မိမိကိုယ်ကို ပြည်တန်ဆာကဲ့သို့ ရုပ်ဖျက်ပြီး လမ်းဘေး၌ စောင့်နေခဲ့ပါသည်။ ယုဒသည် သူ့ကို သာမန် ပြည်တန်ဆာ ထင်မှတ်လျက် သူမ၏ကျော့ကွင်းထဲသို့ ကျရောက်ခဲ့ပါသည်။ တာမက ယုဒ၏တံဆိပ်၊ စလွယ်နှင့် လက်စွဲတောင်ဝေးတို့ကို တောင်းခဲ့ပါသည်။ အလွန် ပါးနပ်လှသော လှုပ်ရှားမှုပင်ဖြစ်ပါသည်။ ယုဒက သူမကို မှတ်မိခဲ့ပါလျှင်၊ ထိုသို့ ပြည်တန်ဆာ အလုပ်ကို လုပ်သောကြောင့် မီးရှို့သတ်ခဲ့ပါသလိမ့်မည်။ နောက်၌ အဖိုးအခဖြစ်သော ဆိတ်သငယ်ကို ပို့သောအခါ၊ သူမကို မတွေ့ရတော့ပါ။ တာမ၏အကြံအစည် ထမြောက်ခဲ့ပါသည်။ ယုဒသည် ချည်နှောင်ခြင်း ခံခဲ့ရပါ၏။

ဇာတိပကတိ အလိုလိုက်ခြင်းနှင့် အကျင့်ပျက်ခြင်းသည် ယုဒ၏ နေထိုင်ပုံ အကျင့် ဖြစ်လာခဲ့ပါသည်။ ဓလေ့ထုံးစံအရ၊ တာမနှင့် ကျူးလွန်သော သူ့မယားပြစ်မှားခြင်းကြောင့် သေဒဏ်ပေးခံရမည် ဖြစ်ပါသည်။ သူသည် တပ်မက်ခြင်းကျော့ကွင်းထဲသို့ ကျရောက်ခဲ့၏။ တာမသည် သူ့ထံမှ အရေးကြီးသော ပေါင်ပစ္စည်းကို သိမ်းထားလျက်၊ မိဘအိမ်၌ လုံခြုံစွာ နေထိုင်လျက်ရှိပါသည်။ ထိုသို့အပေါင်ပစ္စည်းယူခြင်းက တာမ၏ အသိဉာဏ်ကို ဖော်ပြပါသည်။ ထိုအခါ၊ တာမ ကိုယ်ဝန်ဆောင်ကြောင်း ယုဒအား ကြားပြောကြသောအခါ၊ ယုဒက တွန့်ဆုတ်ခြင်းမရှိဘဲ၊ သူမကို မီးရှို့ဖို့ စီရင်ခဲ့ပါသည်။

စစ်ကြောခြင်း ခံရသောအခါ၊ တာမက ယုဒ၏ တံဆိပ်၊ စလွယ်နှင့် လက်စွဲတောင်ဝေးကို ပြသခဲ့ပါသည်။ သူမကို အပြစ်စီရင်မည်ဆိုလျှင်၊ ဤပစ္စည်း ပိုင်ရှင်သည်လည်း သူမအမှု၌ ပါဝင်သောသူ ဖြစ်သောကြောင့် သူမနှင့်အတူ အပြစ်စီရင်ခြင်း ခံရမည်ဖြစ်ပါသည်။ ငြင်း၍ မရသော သက်သေဖြစ်ပါသည်။ ထိုအခါ၊ ယုဒသည် မိမိအပြစ်တည်းဟူသော၊ တာမအား ရှေလ လက်မထပ်စေခြင်းအမှုကို ဝန်ခံခဲ့ပြီး၊ ထိုအမှုကြောင့် တာမသည် ဤအပြစ်ကို လွန်ကျူးခြင်းဖြစ်ပါသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ၊ တာမက သားနှစ်ဦး၊ ဖာရက်နှင့် ဇာရကို ဘွားမြင်ခဲ့ခြင်းပေတည်း။ ထို ဖာရက်မှ ရှင်ဘုရင် ဒါဝိဒ်နှင့် သခင် ယေရှု ခရစ်တော် ဆင်းသက် မွေးဖွားခဲ့ပါသည်။ ယုဒသည် ကြီးလေးသော အပြစ်ကို လွန်ကျူးခဲ့သော်လည်း၊ ဘုရားသခင်သည် သူ့ကို ပစ်မထားဘဲ၊ မိမိ၏ ကြီးမြတ်တော်မူသော၊ ရွေးနှုတ်ကယ်တင်ခြင်း အစီအစဉ် ပြည့်စုံစေဖို့ရန်၊ မေရှိယ မွေးဖွားလာရာ အမျိုးအဖြစ် အသုံးပြုတော်မူခဲ့ပါသည်။ ကျေးဇူးတော်နှင့် ကရုဏာတော် သက်သက်ကြောင့် ဖြစ်ပါသည်။ ဘုရားသခင်သည် မိမိနှစ်သက်တော်မူသောအမှုကို ပြုတော်မူ၏။ လူက မငြင်းပယ်နိုင်ပါ။

**ဆင်ခြင်ရန်** - သင့်အပြစ်သည် သင့်ကို ရှာဖွေဖော်ထုတ်လိမ့်မည်။
**ဆုတောင်းချက်** - (မိမိအပြစ်များကို ဝန်ခံဆုတောင်းပါလော့)။



ကြာသပတေး၊ ဖေဖော်ဝါရီ (၆)

**ကမ္ဘာ ၃၂း၁၂**
၁ တိ ၄း၆-၁၁

*ဘုရားသခင်၌ ငါတို့သည် ကိုးစားသည်နှင့်အညီ*
*ပင်ပန်းစွာ အမှုဆောင်ရွက်ကြ၏။*
*ကဲ့ရဲ့ခြင်းကိုလည်း ခံရကြ၏။*

## ငါသည် သင်၌အမှန် ကျေးဇူးပြုမည်

(by Charles Spurgeon)

ယာကုပ်သည် ယဗုတ်ချောင်း တဘက်၌ နေစဉ်၊ မိမိစစ်တပ်နှင့်တကွ ဧသော လာသော အချိန်တွင်၊ ဘုရားသခင်၏ကွယ်ကာမှုကို တောင်းလျှောက်လျက်၊ "ငါသည် သင်၌ အမှန်ကျေးဇူးပြု . . . မည်ဟု မိန့်တော်မူပြီ" ဟု ဘုရားသခင်ထံ ဆုတောင်းခဲ့ပါသည်။ ထိုဆုတောင်းချက်သည် တန်ခိုးကြီးမှုပါ၏။ ကိုယ်တော် "မိန့်တော်မူပြီ" ဟုဆိုလျက်၊ ဘုရားသခင်၏စကားကို စွဲကိုင်ခဲ့ပါသည်။ ဆုတောင်းခြင်း ယဇ်ပလ္လင်၌ ဘုရားသခင်၏ သစ္စာရှိတော်မူခြင်းကို စွဲကိုင်ခြင်းသည် အလွန် အားကြီးလှပါသည်။ "ငါသည် သင်၌ အမှန်ကျေးဇူးပြုမည်ဟု မိန့်တော်မူပြီ" ဟူသော အချက်သည် ဂတိတော်လည်းဖြစ်ပါသည်။ ဘုရားသခင် မိန့်တော်မူပြီဖြစ်၍ အမှန် မပြုဘဲ နေမည်လော။ "လူခပ်သိမ်းတို့သည် သစ္စာပျက်သော်လည်း၊ ဘုရားသခင်၏သစ္စာတော်သည် တည်စေသတည်း။" ဘုရားသခင်သည် မိမိ၏စကားတော်အတိုင်း အမှန် မပြုဘဲ နေမည်လော။ ဘုရားသခင်၏နှုတ်မှ ထွက်သော စကားတိုင်းသည် တည်လျက်၊ ပြည့်စုံခြင်း ရှိလိမ့်မည်။ ရှောလမုန်သည်လည်း ဗိမာန်တော် ဆက်ကပ်သောအချိန်၌ ထိုသို့သော အားကြီးသည့် တောင်းလျှောက်မှုကို ပြုခဲ့ပါသည်။ အဘ ဒါဝိဒ်ထံ မိန့်တော်မူခဲ့သော စကားများကို အောက်မေ့လျက်၊ ထို ဗိမာန်တော်ကို ကျေးဇူးပြုကောင်းကြီးပေး မည်အကြောင်း တောင်းခဲ့ပါသည်။ ဂတိပေးခဲ့လျှင်၊ ထိုဂတိသည် မိမိ၏ဂုဏ်သိက္ခာနှင့်ဆိုင်လျက်ရှိပါသည်၊ ပြုမည်ဟု ဂတိပေးသောအရာကို လက်တွေ့ ပြုလုပ်ခြင်း မပြုလျှင်၊ သင်၏ ဂုဏ်သိက္ခာ ကျမည်ဖြစ်ပါသည်။ ဘုရားသခင်သည် မိမိပြုမည့်အမှုကို မပြုဘဲ ဘယ်တော့မှ မနေ။ အဆုံးစွန် တန်ခိုးရှိတော်မူသော ဘုရားသခင်သည် ဘယ်တော့မှ ဂုဏ်သိက္ခာ ကျလိမ့်မည် မဟုတ်ပါ။ သူသည် မိမိ၏အချိန်၌ တိကျစွာ အမှုပြုတော်မူ၏။ နှုတ်ကပတ်တော်ကို သင်လေ့လာကြည့် ဘုရားသခင်လူတို့ ကြုံတွေ့ရသောအရာ၌ ထိုအမှု မှန်ကန်ကြောင်း သင်တွေ့ပါလိမ့်မည်။ ယောရှုနည်းတူ၊ ယုံကြည်ခြင်း အားကြီးသူတို့သည် "သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် သင်တို့အဘို့ မိန့်တော်မူသော ကောင်းကျိုး တစုံတပါးမျှ မယုတ်မလျော့၊ အကုန်အစင် ပြည့်စုံကြောင်းကို သင်တို့သည် စိတ်နှလုံးထဲမှာ သိကြ၏" ဟုဆိုနိုင်ကြ၏။ ဘုရားသခင် ဂတိထားတော်မူသောအမှု၌ "မဖြစ် ခဲ့လျှင်" ဟူသော စကားလုံး သင် အသုံးပြုဖို့ မလိုပါ၊ အမှန် ဖြစ်လာမည်ဖြစ်ပါသည်။ မပြည့်စုံစေမည်ဆိုလျှင် အစကတည်းမှ ဂတိပြုမည် မဟုတ်ပါ။ ကျွန်တော်တို့အား ခဏတာ နှိမ့်သိမ့်သောအားဖြင့် ဂတိပေးသည် မဟုတ်၊ ဂတိထားတော်မူသည်အတိုင်း ပြုမည်အကြောင်းကြောင့် မိန့်တော်မူခြင်း ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် သစ္စာရှိတော်မူ၍ မိမိစကားကို ပြည့်စုံစေတော်မူ၏။ ယုံကြည်ကိုးစားထိုက်သော ဘုရားသခင်ဖြစ်တော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်၏ မယုံကြည်ခြင်းကို ခွင့်လွှတ်တော်မူပါ။ ကိုယ်တော်သည် ဂတိသစ္စာစောင့်သောသူ ဖြစ်တော်မူကြောင်းကို အစဉ်အောက်မေ့မည် အကြောင်း မစတော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၇)

**ကမ္ဘာ ၃၂း၉-၁၂**

ဆာလံ ၉း၁၁-၂၀ *အစဉ် ဆုတောင်းပါလော့*

## ခက်ခဲသောအချိန် ယာကုပ်၏ဆုတောင်းချက်

အခက်အခဲ ကြုံတွေ့သောအချိန်၌ ယုံကြည်သူနှင့် မယုံကြည်သူ၏ ခြားနားမှုကား အဘယ်နည်း။ ဆုတောင်းရသောအခွင့် ပင်ဖြစ်ပါသည်။ ဤအမှုသည် ယုံကြည်သူနှင့် မယုံကြည်သူ၏ ခြားနားမှု ပင်ဖြစ်ပါသည်။ "ထို့ကြောင့်၊ ငါတို့သည် သနားခြင်း ကရုဏာကိုရင်း၊ တော်လျော်သော မစခြင်းကျေးဇူးတော်ကိုရင်း ခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့" (ဟေဗြဲ ၄း၁၆)။

လိုအပ်သောအချိန်၌ ကျေးဇူးပြုခြင်း ခံရပါသည်။ ယဗုတ်ချောင်းနား၌ ရှိသော ယာကုပ်သည် ထိုကျေးဇူးတော်ကို လိုအပ်လျက်ရှိပါသည်။ ထိုအချိန်၊ အကူအညီ ဘယ်မှာမှ ရှာ၍ မရသောအချိန်တွင်၊ သူသည် အထက်သို့ မျှော်ကြည့်လျက်၊ ကောင်းကင် ကျေးဇူးတော် ပလ္လင်သို့ ချဉ်းကပ်ခဲ့ပါသည်။ ယာကုပ် ဆုတောင်းချက်မှ အဓိကအချက်များကို မှတ်သားကြပါစို့ -

(၁) "*အကျွန်ုပ်အဘ အာဗြဟံ၏ဘုရားသခင် . . . အကျွန်ုပ်အဘ ဣဇာက်၏ဘုရားသခင် . . .*" (ကမ္ဘာ ၃၂း၉)။ ဘုရားသခင်သည် အာဗြဟံနှင့် ဣဇာက်တို့ထံ ရှေးဦးစွာ ဂတိပြုတော်မူသောကြောင့်၊ ထိုအချက်ကို ယာကုပ်သိမှတ်လျက်၊ သူတို့၏ ဘုရားသခင်ဟု ခေါ်ခြင်းဖြစ်ပါသည်။ နှိမ့်ချသောစိတ်ဖြင့် အကျွန်ုပ်၏ဘုရားသခင်ဟု မခေါ်ခြင်းဖြစ်ပါသည်။ မိမိကိုယ်ကို မထိုက်တန်သူဟု ထင်မှတ်ထားဟန်ရှိပါသည်။

(၂) "*ထာဝရဘုရား ကိုယ်တော်က၊ သင်၏ပြည် . . . သို့ ပြန်လော့*" (ကမ္ဘာ ၃၂း၉)။ အန္တရယ်ရှိသော ဤအိမ်အပြန်ခရီးသည် မိမိအလိုအတိုင်း မဟုတ်ဘဲ၊ ဘုရားသခင်၏စကားကို နာခံခြင်းကြောင့် ပြန်သွားခြင်း ဖြစ်ပါသည်။ ဘုရားသခင် စေခိုင်းသောအမှုဆိုလျှင်၊ အဆုံးထိ ဘုရားသခင် တာဝန် မယူဘဲ နေမည်လော။

(၃) "*ကရုဏာ သစ္စာတော် အငယ်ဆုံးကိုမျှ အကျွန်ုပ် မခံထိုက်ပါ*" (ကမ္ဘာ ၃၂း၁၀)။ သန့်ရှင်း ဖြောင့်မတ်တော်မူသော ဘုရားသခင်ရှေ့တော်၌ အဘယ်သူ ထိုက်တန်ခြင်း ရှိမည်နည်း။ ယာကုပ်သည် မိမိကိုယ်ကို ငြင်းပယ်ခြင်း တည်းဟူသော စိတ်နှိမ့်ချခြင်းသဘောကိုသာ ဘုရားသခင်ထံ ဆက်ကပ်ခဲ့ပါသည်။ ထိုအခါ၊ ဘုရားသခင်သည် များစွာ သူ့ကို ကောင်းကြီးပေးတော်မူ၏။

(၄) "*အကျွန်ုပ်ကို အစ်ကို ဧသော လက်မှ ကယ်လွှတ်တော်မူမည်အကြောင်း ဆုတောင်းပါ၏*" (ကမ္ဘာ ၃၂း၁၁)။ မိမိလူ ၄၀၀ နှင့်တကွ လာခဲ့သော ဧသော လက်ထဲမှ ထိုခရီးသွား ယာကုပ်၊ မိန်းမများနှင့် ထိုခလေးငယ်များကို အဘယ်သူ ကာကွယ်လိမ့်မည်နည်း။ ထို့ကြောင့်၊ ဘုရားသခင်ထံ ဆုတောင်းလျက် အကူအညီ တောင်းခဲ့ခြင်း ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ကယ်တင်ခြင်းသည် ထာဝရဘုရားအပိုင်ဖြစ်ပါသည်" (ယောန ၂း၉)။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော်၏လမ်းပြပို့ဆောင်မှုကို ကျွန်တော် အစဉ် တောင့်တလိုချင်မည်အကြောင်း မစတော်မူပါ။



တနင်္လာ၊ ဖေဖော်ဝါရီ (၂၄)

**ကမ္ဘာ ၃၈း၁-၁၁** *ထာဝရဘုရား၊ ကိုယ်တော်၏တရားလမ်းတို့ကို*

ဆာလံ ၂၅း၁-၁၀ *အကျွန်ုပ်အား သွန်သင်တော်မူပါ*

## စိတ်မြန်သော လူငယ်

ယုဒ အိမ်မှ ထွက်သွားချိန်၌၊ သူသည် ဆယ်ကျော်သက် နှောင်းပိုင်းဖြစ်၍၊ ဘဝအကြောင်းကို ကောင်းကောင်း သိနားမလည်သေးသောအရွယ်ဖြစ်ပါသည်။ သူသည် အဒုလံအမျိုးသား၊ ဟိရထံသို့ သွားခဲ့ပါသည်။ ထို့နောက်၊ ခါနန် အမျိုးသမီး ရှုအာကို လက်ထပ်ခဲ့ပြီး၊ သားသုံးယောက်၊ ဧရ၊ ဩနန် နှင့် ရှေလ မွေးဖွားခဲ့ပါသည်။ ဤအမှုအားလုံး၌ ယုဒသည် အဘ (သို့) ညီအစ်ကိုတို့ကို တိုင်ပင်ခဲ့ပါသလား။ မတိုင်ပင်ခဲ့ဟု ထင်ရပါသည်။ ထိုအချိန်၌ သူနှင့်ရင်းနှီးသောသူသည် ဟိရဖြစ်ပါသည်။ ယုဒသည် ငယ်ရွယ်သောအချိန်၌ လျင်မြန်စွာ လက်ထပ်ခဲ့ပါသည်။ သူ့ သားအကြီးဆုံးလည်း အရွယ်ရောက်လာသောအခါ၊ လျင်မြန်စွာ မိန်းမ ပေးစားလျက် လက်ထပ်စေခဲ့ပါသည်။ ယုဒသည် အမြဲတမ်း လျင်မြန်စွာ လှုပ်ရှားတတ်၏။

ကျမ်းစာ၌၊ "ယုဒ၏သားဦး ဧရသည် ထာဝရဘုရား ရှေ့၌ ဆိုးသောသူ ဖြစ်၍၊ သူ့ကို ထာဝရဘုရား ကွပ်မျက်တော်မူ၏" (ကမ္ဘာ ၃၈း၇) ဟုဖော်ပြခဲ့ပါသည်။ သူ၏မိုက်မဲဆိုးသွမ်းမှုကိုသည် ပဟေဠိအဖြစ်ကျန်ခဲ့ပါသည်။ ယုဒထုံးစံဟူမူကား၊ သေသောသူ၏ ညီသည် (မိန်းမ မရှိလျှင်) ထိုမုဆိုးမကို လက်ထပ်လျက် သေသောသူအတွက် မျိုးဆက် ထိန်းသိမ်းပေးရမည်ဖြစ်ပါသည်။ ထို့ကြောင့်၊ ယုဒက ဒုတိယသား၊ ဩနန်ကို မုဆိုးမ တာမအား လက်ထပ်စေခဲ့ပါသည်။ သို့သော်လည်း၊ ဩနန်သည် တာမနှင့် ကလေး မမွေးလိုသောကြောင့်၊ မိမိ၏ "မျိုးစေ့" ကို မြေပေါ်သို့ ကျစေခဲ့၏။ ထိုအမှုသည် လက်ထပ်ခြင်း၏ရည်ရွယ်ချက်၊ တာမနှင့် မိမိကိုယ်ကိုလည်း ဆန့်ကျင်ရာရောက်ပါသည်။ ထို့ကြောင့်၊ ဘုရားသခင်က သူ့ကိုလည်း ကွပ်မျက်တော်မူခဲ့ပါသည်။

သူ့သားနှစ်ယောက် သေခဲ့ကြသောကြောင့်၊ ယုဒသည် သားအငယ်ဆုံး သေမည်ကို စိုးရိမ်သောကြောင့် တာမထံ ပေးဖို့ ကြောက်ရွံ့ခဲ့ပါသည်။ ထို့ကြောင့်၊ ရှေလသည် အလွန် အသက်ငယ်သေးသည်ဟု ဆိုလျက်၊ တာမအား မိဘအိမ်သို့ ပြန်ပို့ ခဲ့ပါသည်။ ထိုအခါ၊ တာမသည် မုဆိုးမဘဝဖြင့် မိမိ၏ခင်ပွန်းဖြစ်လာမည့်သူကို အချည်းနှီးစောင့်နေခဲ့ရပါသည်။ တာမသည် နှစ်ကြိမ် မုဆိုးမဖြစ်ခဲ့ပါသည်။ သူ့ ယောကျ်ား နှစ်ဦးစလုံးကို သူတို့၏ဆိုးသွမ်းမှုကြောင့် ဘုရားသခင် ကွပ်မျက်တော်မူခဲ့၏။

ယုဒသည် မိမိ၏ တတိယသားကို တာမအား မပေးလိုခဲ့ပါ။ ကွပ်မျက် ခံရမည်ကို စိုးရိမ်ခဲ့ပါသည်။ အမှန်မှာ၊ သူ့သားနှစ်ဦးသည် တာမကြောင့် ကွပ်မျက်ခံကြသည် မဟုတ်ဘဲ၊ သူတို့၏အပြစ်ကြောင့် ကွပ်မျက်ခံခဲ့ကြခြင်းဖြစ်ပါသည်။ ယုဒသည် ဝိညာဉ်အရေး၌ ကျဆင်းလျက်ရှိသောကြောင့် ထိုအမှုကို မသိမြင်ခဲ့ပါ။ မိမိပြောသောစကား ယုဒ မစောင့်ကြောင်းကို တာမ သိမြင်သောအခါ၊ ထိုအမှုနှင့် ပတ်သက်၍ တာမသည် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - "အကြံပေးနိုင်သော ဉာဏ်မရှိလျှင် ပြည်သားတို့သည် ရှုံးတတ်၏။ အကြံပေးနိုင်သောသူအများရှိလျှင်မူကား၊ ဘေးလွတ်တတ်၏" (သု ၁၁း၁၄)။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ထံ လမ်းပြတတ်သော အကြံဉာဏ်ပေးတတ်သည့် ကိုယ်တော်၏လူထံ ကျွန်ုပ်အား ပို့ဆောင်တော်မူပါ။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၂၃)

**ကမ္ဘာ ၃၈-၃၉**

ဆာလံ ၂၁ *တရားကို ကျင့်သောသူဖြစ်ကြလော့*

## ဆန့်ကျင်ဘက် ညီအစ်ကို

ယုဒနှင့် ယောသပ်၏အကြောင်းသည် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ တဦးသည် ခါနန်ပြည်၌ လွတ်လပ်စွာ နေထိုင်သော၊ လွတ်လပ်သောသူ ဖြစ်ပါသည်။ တဦးမှာ မိသားစု၊ အိမ်နှင့် အဝေး၌ တပါးလူမျိုး သခင်၏ အမှုကို ထမ်းရွက်သော အစေခံကျွန်ဖြစ်ပါသည်။ ခြားနားသော အခြေအနေ၌ မည်သို့ အသက်ရှင် လှုပ်ရှားခဲ့ကြပါသနည်း။ လွတ်လပ်သောသူသည် ပို၍ကောင်းသောအမှုကို ပြုသင့်သည် မဟုတ်လော။

ယုဒ၏ဘဝသည် တပ်မက်စရာ ကောင်းလှပါသည်။

(၁) ဆယ်ကျော်သက် လွန်သောအခါ၊ အိမ်မှ ထွက်၍ တပါးအမျိုးသားတို့ထံ သွားလျက်၊ ခါနန် အမျိုးသမီး ရှုအာနှင့် အိမ်ထောင်ပြုခဲ့ပါသည်။

(၂) သားသုံးယောက် မွေးခဲ့ပြီး၊ နှစ်ယောက်ကို ဘုရားသခင် သတ်တော်မူခဲ့၏။

(၃) မိမိ၏ချွေးမ တာမနှင့် အိပ်ခဲ့ပါသည်။

ထိုအချက်တို့သည် ယုဒ ဘဝ၏ အနှစ်ချုပ် ဖြစ်ပါသည်။

ယောသပ်မူကား၊ အဘ၊ အစ်ကိုများနှင့် အတူ မနေရဘဲ၊ အစေခံကျွန် ဘဝဖြင့် နေထိုင်နေရသော်လည်း၊ ပြုသောအမှုတိုင်း၌ ထူးခြားမှု ရှိပါသည်။

(၁) ယောသပ်သည် မိမိသခင် ပေါတိဖာ ရှေ့၌ ကျေးဇူးပြုခြင်း ခံရ၏။ သူ ပြုသောအမှုတိုင်း၌ အောင်မြင်ခြင်းရခဲ့ပါသည်။

(၂) ယောသပ်ကြောင့်၊ ဘုရားသခင်က ထိုအဲဂုတ္တုလူ၏အိမ်တော်ကို ကောင်းကြီးပေးခဲ့၏။

(၃) ပေါတိဖာက သူ့ကို အလွန် အားကိုး စိတ်ချ ယုံကြည်ခဲ့ပါသည်။

(၄) ပေါတိဖာ မိန်းမက ယောသပ်ကို သွေးဆောင်ခဲ့ပါသည်။ ယောသပ်က ငြင်းပယ်ခဲ့၏။

(၅) နောက်ဆုံးတွင်၊ မိမိနှင့်အတူအိပ်ဖို့ရန် သူမ ကြိုးစားအားထုတ်မှု မအောင်မြင်သောအခါ၊ ယောသပ်ကို မဟုတ်မမှန် စွပ်စွဲလျက်၊ အပြစ်ပုံချခဲ့ပါသည်။

ရလဒ်၊ ယောသပ် ထောင်ချခံရ၏။

ဆန့်ကျင်ဘက် ဘဝနှစ်ခု ပါတကား။ ခြားနားချက်ကား အဘယ်နည်းဟု သင်မေးခွန်းထုတ်နိုင်ပါသည်။ ထပ်ခါထပ်ခါ တွေ့ရသော မှတ်ချက်မူကား၊ ဘုရားသခင်သည် ယောသပ်နှင့်အတူရှိတော်မူ၏ ဟူ၍ဖြစ်ပါသည်။ ထောင်ထဲ၌လည်း၊ သူနှင့်အတူ ဘုရားသခင် ရှိတော်မူ၏။ ယောသပ်၏လွတ်လပ်မှုကို လုယူနိုင်ခဲ့ကြသော်လည်း၊ သူ ခံရသော ဘုရားသခင်၏ကျေးဇူးတော်နှင့် ဉာဏ်တော်ကို ဘယ်သူမှ မလုယူနိုင်ကြပါ။ သူသည် အတင်း ကျွန်အဖြစ် ရောင်းစားခြင်းခံရ၍ အဘ၏ချစ်ခြင်းမေတ္တာနှင့် ဝေးကွာခဲ့သော်လည်း၊ ကောင်းကင်ဘုံရှိ အဘ၏ချစ်ခြင်းမေတ္တာနှင့် ဘယ်သူကမှ အဝေးကွာ စေနိုင်ခဲ့ပါ။

**ဆင်ခြင်ရန်** - ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့် အဘယ်သူ၊ အဘယ်အရာက ကျွန်တော်တို့ကို ကင်းကွာစေနိုင်မည်နည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏စကားတော် နာခံခြင်းသည် ကျွန်ုပ်အသက်တာ၏ အဓိကလက္ခဏာ ဖြစ်စေတော်မူပါ။



စနေ၊ ဖေဖော်ဝါရီ (၈)

**ကမ္ဘာ ၃၂း၁၃-၂၃**

ဆာလံ ၁၀း၁-၉ *ဉာဏ်ပညာသည် ခွန်အားထက် သာ၍ ကောင်း၏*

## တောင်းလျှောက်ခြင်းနောက်တွင် - အမှုပြုခြင်း

ဆုတောင်းခြင်းကို မဖြစ်မနေ ပြုရမည်ဆိုသော်လည်း၊ လူ့အနေဖြင့် မိမိအချိန်၌အမှုပြုခြင်းသည်လည်း မဖြစ်မနေ လိုအပ်သောအမှု ဖြစ်ပါသည်။ ယာကုပ်သည် ကြိုးစားဆုတောင်းလျက် မိမိအမှုကို ဘုရားသခင်ထံ ဆက်ကပ်ခဲ့ပါသည်။ ထိုသို့ ကြိုးစားဆင်ခြင်ပြီးမှ ကြိုးစားအမှု ပြုခဲ့၏။ ထိုသို့ ကောင်းမွန်စွာ ကြိုဆိုနှုတ်ဆက်ခြင်း အပြင်၊ ဧသော၏ မျက်နှာသာပေးခြင်းကို ခံဖို့ရန် လုပ်ရမည့်အမှု ရှိပါသေးသလား။ သင့်တော်သော လက်ဆောင်ပေးခြင်းသည် ထိရောက်မှုရှိပါလိမ့်မည်။ ထို့ကြောင့်၊ ယာကုပ်သည် ချက်ချင်း ဆုံးဖြတ်ချက် ချခဲ့ပါသည်။

"တမန်တို့လက်ဖြင့် အကျွန်ုပ်၏တိရိစ္ဆာန်ထဲမှ ၅၈၀ ကောင်ကို လက်ဆောင်အဖြစ်ပေးမည်။ ထိုတိရိစ္ဆာန်များကို အစုလိုက် အစုလိုက် အစေခံကျွန်များတာဝန်ပေးလျက် ပို့စေမည်။ ထိုအစေခံကျွန်တို့က ဧသောကို တွေ့သောအခါ ဤတိရိစ္ဆာန်တို့သည် သခင် ဧသောအတွက် ကျွန်တော် ယာကုပ်ထံမှ လက်ဆောင်ဖြစ်ပါသည်ဟု ဆိုရမည်။" ထို့ကြောင့်၊ သူသည် မိမိအစေခံကျွန်များကို ထိုသို့ အမျက်တော်ပြေစေခြင်းအမှုကို ဆောင်ရွက်ရန် စေလွှတ်ခဲ့ပါသည်။

ဤ ယာကုပ် ပြုသောအမှု၌ ဘုရားသခင်၏ဉာဏ်တော်ကို တွေ့ရပါသည်။ အချို့လူတို့သည် မိမိတို့၏ ကြွယ်ဝချမ်းသာမှုကို ဖက်တွယ်လျက်၊ ထို တိရိစ္ဆာန်များကို မပေးလိုဘဲ နေခဲ့ကြလိမ့်မည်။ ယာကုပ်မူကား ထိုသို့ မဟုတ်ပါ။ ဧသော၏လူတို့သည် သူတို့ကို ဝင်တိုက်ခဲ့ပါလျှင်၊ ထိုအရာအားလုံးနှင့်သူတို့အားလုံးပင်လျှင် သေကုန်ကြလိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့်၊ အသက်ရှင်ခွင့်ရှိလျှင်၊ မျှော်လင့်ခြင်း ရှိသေး၏။ ထိုအခြေအနေ၌ အဓိကထားရမည့်အရာဟူမူကား၊ အသက်ရှင်ရသောအခွင့် ပင်ဖြစ်ပါသည်။ လက်ဆောင်အဖြစ် ပေးသောအရာအားလုံးကို ပြန်လည် ဖြည့်ဆည်း၍ရပါသည်။

ယာကုပ် ပြုသောအမှုသည် မှန်ပါ၏။ ဘယ်လောက်ဘဲ အဖိုးအခ ပေးရပေးရ၊ သူ လိုချင်သောအရာသည် ငြိမ်ချမ်းမှုနှင့်သင့်မြတ်မှု ပင်ဖြစ်ပါသည်။ ထိုအနည်းငယ်သော တိရိစ္ဆာန်ကို နှမြောမည်ဆိုလျှင်၊ အကုန်လုံး ဆုံးရှုံးသွားနိုင်ပါသည်။

ပြဿနာ တခုပြီး တခု ကြုံတွေ့ခဲ့ပါသည်။ လူစုအပေါင်းသည် ယဗုတ်ချောင်းကို ဖြတ်ကျော်ခဲ့ကြလေ၏။ ယာကုပ်၏ ဇနီးများနှင့်သားသမီးများ ပါဝင်ခဲ့ကြပါသည်။ စီစဉ်ထားသည်အတိုင်း၊ အမျက်ပြေစေဖို့ရန် တိရိစ္ဆာန်များလည်း ပို့ခဲ့ပါသည်။ လူ့အနေဖြင့်ပြောရမည်ဆိုလျှင်၊ ယာကုပ်သည် မိမိပြုနိုင်သောအမှုကို ပြုခဲ့ပါသည်။ ထိုသို့ မိမိ၏အစီအစဉ်အတိုင်း ဆောင်ရွက်မှုအားဖြင့် ကောင်းကျိုးကို ခံစားလျက်၊ ဂတိတော်ပြည်သို့ ဝင်ရောက်ရမည်ဟု ထင်မှတ်ခဲ့ပါသည်။ ဤ အမှုသည် လူ့အနေဖြင့် အခြေအနေ စဉ်းစားဆင်ခြင်လျက် ပြုသင့်သောအမှု ပြုခြင်းပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - မိမိအသက်ကို ကယ်ဆယ်လိုသောသူသည် အသက်ရှုံးလိမ့်မည်။

**ဆုတောင်းချက်** - အို အဖဘုရား၊ ကိုယ်တော်၏စကားတော်အတိုင်း ဆုတောင်းလျက် အမှုပြုမည့် အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၉)

**ကမ္ဘာ ၃၂း၂၄-၃၂၊ ၃၃း၁-၃**

ဆာလံ ၁၀း၁၀-၁၈

*ကိုယ်တော်နှင့်အတူ သင်သွားလာနေပါသလား*

## ကောင်းကင်တမန်နှင့် နပန်းလုံးခြင်း

ဂတိတော်ပြည်ကို မပိုင်မီ၊ ယာကုပ်သည် ယုံကြည်ခြင်း သင်ခန်းစာ သင်ယူဖို့ ရှိသေး၏။ မိမိ အစွမ်းကို အားကိုးခြင်းတည်းဟူသော မိမိ၏အရင် နည်းလမ်းသည် အလုပ်ဖြစ်မည် မဟုတ်ပါ။ ဘုရားသခင်သည် သူ့အသက်တာကို အုပ်စိုးဖို့ လိုအပ်ပါသည်။ ထိုည၊ ဧသော ရောက်လာမည့်အချိန်ကို ကြောက်စိတ်နှင့် စောင့်နေသော ညတွင်၊ ယာကုပ်သည် တဦးတည်း ဘုရားသခင်၏ကောင်းကင်တမန်နှင့် ဆုံးတွေ့ခဲ့ပါသည်။ တညလုံး နပန်းလုံးခဲ့ကြပါသည်။ အာရုဏ်ဦးအထိ၊ ယာကုပ်သည် ကောင်းကင်တမန်ကို နပန်းလုံး နိုင်စွမ်းရှိခဲ့ပါသည်။ သူသည် အလွန်အားကြီး၏။ ထိုအခါ၊ ကောင်းကင်တမန်သည် ယာကုပ်၏ ပေါင်ကို ထိုး၍ ပေါင်ဆစ် ပြုတ်လေ၏။ ချက်ချင်းပင်၊ သူ၏ ခွန်အားသည် ယုတ်လျော့ခဲ့ပါသည်။

"ဤအမှုသည် ဗိုလ်ခြေ အားဖြင့် မဟုတ်၊ အာဏာတန်ခိုး အားဖြင့် မဟုတ်၊ ငါ့ဝိညာဉ် အားဖြင့် ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏" (ဇာ ၄း၆)။ ယာကုပ်သည် မိမိသင်ယူရမည့် သင်ခန်းစာကို သင်ယူခဲ့ပါသည်။ ကောင်းကင်တမန်က ယာကုပ်အား နာမည်သစ် ပေးခဲ့၏၊ ယာကုပ် "လှည့်ဖြားသောသူ" မဟုတ်တော့ဘဲ၊ ဣသရေလ "ဘုရားသခင်၏ အိမ်ရှေ့မင်းသား" ဟူ၍ဖြစ်ပါသည်။ ထို့နောက် ကောင်းကင်တမန်သည် ယာကုပ်ကို ကောင်းကြီးပေးတော်မူ၏။ ခွန်အားတန်ခိုးနှင့်ကောင်းကြီးမင်္ဂလာသည် ဘုရားသခင်ထံမှ လာ၏။ မိမိ ခွန်အား၊ ဇာတိ အင်အားဖြင့် ကြိုးစားအားထုတ်ခြင်းသည် နောက်ဆုံးတွင် ကျဆုံးခြင်းသာဖြစ်၏။ ယာကုပ်က ဘုရားသခင်၏ကောင်းကင်တမန်နှင့် နပန်းလုံးခြင်းဖြင့် ဤသင်ခန်းစာကို သင်ယူခဲ့ပါသည်။ ယုံကြည်ခြင်း သင်ခန်းစာ ပေတည်း။

ယာကုပ်သည် အဆိုးဆုံးကို မျှော်လင့်ခဲ့ပါသည်။ သူ့စိတ်ထဲ၌ အတွေးမျိုးစုံ၊ မကောင်းသော အတွေးများလည်း ဝင်ရောက်ခဲ့ပါလိမ့်မည်။ ဧသောနှင့် သူ့လူ ၄၀၀ လက်မှ မည်သို့ လွတ်မြောက်လိမ့်မည်နည်း။ အမှန်မှာ၊ အစောပိုင်း၌ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် သူ့ကို အံ့သြဘွယ် စောင့်ကြိုခဲ့ကြသည်ကို နားလည် သဘောပေါက်ခဲ့သင့်ပါသည် (ကမ္ဘာ ၃၂း၁)။ ရှင်ဘုရင် ဒါဝိဒ်က ဆာလံ ၃၄း၇ ထဲတွင်၊ "ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့ ပတ်လည်၌ ကောင်းကင်တမန်တော်တို့သည် တပ်ချ၍ ကယ်လွှတ်တတ်ကြ၏" ဟုဆိုခဲ့ပါသည်။

ကြောက်စိတ်ကြောင့်၊ အိပ်ရေးပျက်သောညများစွာ ရှိခဲ့သော်လည်း၊ ဧသောနှင့်တွေ့ဆုံခြင်းသည် ယာကုပ်အတွက် စိတ်လှုပ်ရှားစရာကောင်းသော ပြန်လည်ဆုံတွေ့ခြင်း ဖြစ်ခဲ့ပါသည်။ ဦးညွှတ်ခြင်း၊ ဖက်ခြင်း၊ နမ်းရှုတ်ခြင်း၊ ငိုကြွေးခြင်းတို့ကြောင့် မုန်းတီးခြင်းနှင့်လက်တုန့်ပြန်ခြင်းတို့သည် ဧသော စိတ်ထဲမှ ပျောက်ကွယ် အရည်ပျော်သွားခဲ့ပါသည်။ အချိန်ကြာမြင့်စွာ ပျောက်ကွယ်ခဲ့သော၊ သူ့ညီ ယာကုပ်သည် ကြွယ်ဝချမ်းသာစွာ၊ မိသားစုနှင့်တကွ ပြန်လာလျက်၊ မိမိ သခင် ဧသော ရှေ့၌ စိတ်နှိမ့်ချလျက် နေခဲ့၏။ တကြိမ်တည်း မဟုတ်၊ အကြိမ် ခုနစ် ကြိမ် ဦးညွှတ်ခြင်းဖြင့် ယာကုပ်သည် ဧသောကို အရိုအသေပေးသောကြောင့်၊ သူတို့သည် ပြန်လည်သင့်မြတ်ခဲ့ကြ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ခွန်အားသည် အကြီးမြတ်ဆုံးဖြစ်ပါသည်။

**ဆုတောင်းချက်** - ဘုရားသခင်၏ခွန်အားကို ကျွန်တော် အစဉ် ကိုးစားလိုပါ၏။



စနေ၊ ဖေဖော်ဝါရီ (၂၂)

**ကမ္ဘာ ၃၇**

ဆာလံ ၂၀

*ဘုရားသခင်နှင့်အတူ နေ့စဉ် သွားလာပါလော့*

## အပြစ်ပြုသော သားများ

ယာကုပ်၏သားများ (ပဋိညာဉ် ဂတိတော်၏သားများ၊ ယုဒလူမျိုး၏ဖခင်ကြီးများ) သည် မကောင်းသောအကျင့်၊ တပ်မက်ခြင်း၊ အဓမ္မ ဒုစရိုက်အမှု ပြုခဲ့ကြ၏။ သူတို့သည် ရှေခင်မြို့သူသားများကို သတ်ဖြတ်ခဲ့ပါသည်။ မိမိတို့၏ညီအရင်းကို သတ်ဖို့ကြိုးစားခဲ့ကြပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည် သူတို့အားဖြင့် လူမျိုးကြီးပေါ် ထွန်းစေလျက်၊ မိမိ၏ ပဋိညာဉ် ဂတိတော်ကို ပြည့်စုံစေတော်မူ၏။ သင်တို့အားဖြင့်လည်း "လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်" (ကမ္ဘာ ၁၂း၃)။

မည်သို့ဖြစ်နိုင်ပါသနည်း။ ထိုသို့သော လူဆိုးများတို့သည် ဤလောကသားတို့အတွက် ကောင်းကြီးမင်္ဂလာ အရင်းအမြစ် မည်သို့ဖြစ် လာနိုင်မည်နည်း။ သေချာသည်မှာ၊ ထိုသို့ ဘုရားသခင်၏အသုံးတော်ခံများဖြစ်မည်အကြောင်း ထိုသူတို့သည် ပြောင်းလဲမှု ရှိကြဖို့လိုပါသည်။ ထို့ကြောင့်၊ ဘုရားသခင်၏ ဂတိတော်အမွေကို ခံရသောသူ၊ ဣသရေလအမျိုး၏ ဖခင်ကြီးများဖြစ်ဖို့ရန် မိသားစု၌ ဖြစ်ပျက်သောအမှု အမျိုးမျိုးအားဖြင့် သူတို့ သင်ခန်းစာယူကြပြီး၊ ပြုပြင်ပြောင်းလဲ ခဲ့ကြရပါသည်။

ဖြစ်ပျက်သောအမှုများကို ပြန်လည် ဖော်ပြကြပါစို့။ ယာကုပ်၏ မျက်နှာသာပေးခြင်း၊ အစ်ကိုများ၏ မုန်းတီးမှု၊ ယောသပ်၏အိပ်မက်က ထိုအမုန်းတရားကို ပို၍ဆိုးရွားစေခြင်း၊ ဒေါသန်သို့ သွားရောက်ခြင်း၊ သတ်ဖို့ရန် ကြံစည်ခြင်း၊ သေအောင် အစာငတ် ပစ်ထားခြင်း၊ ကျွန်အဖြစ် ရောင်းစားခြင်း စသည်တို့ဖြစ်ပါသည်။ နောက်ဆုံးတွင်၊ ယောသပ်သည် အဲဂုတ္တုပြည်၌ ကျွန်ဖြစ်ခဲ့ပြီး၊ အဘသည် ခါနန်ပြည် မိမိအိမ်၌ သူ့ကြောင့် ဝမ်းနည်းကြေကွဲလျက် ရှိခဲ့ပါသည်။ နောက် အခန်းကြီးများတွင်၊ ဘုရားသခင်၏ ကယ်တင်ရှင် ဖြစ်သော၊ သူတို့၏ညီအားဖြင့်၊ အစ်ကိုတို့သည် အမှန် နောင်တရလျက်၊ ပြန်လည် သင့်မြတ်ခဲ့ကြခြင်းအကြောင်းကို စိတ်ဝင်စားစရာ တွေ့ရပါလိမ့်မည်။ အပြစ်ပြုသော သားများကို မိမိ၏ဘုန်းအသေရေတော် ထင်ရှားစေဖို့ရန် အသုံးပြုတော်မူနိုင်သော နည်းလမ်း ဘုရားသခင်၌ ရှိတော်မူ၏။

ချစ်သော စာဖတ်သူ၊ ဘုရားသခင် ဘယ်မှာ ရှိပါသနည်းဟု မေးခွန်းထုတ်ရလောက်အောင်၊ မတရားသော အခက်အခဲ၊ ညှင်းဆဲနှိပ်စက်ခြင်းများကို သင် ကြုံတွေ့ဖူးပါသလား။ မစိုးရိမ်နှင့်၊ ဘုရားသခင်သည် အုပ်စိုးတော်မူလျက်၊ မိမိလူတို့ကို စောင့်ရှောက်တော်မူ၏။ ယေရှု၌ ယုံကြည်ခြင်းရှိပြီး၊ နာခံလျက် ဝမ်းမြောက်ခြင်း ရှိလော့။ ဘုရားသခင်၏နှုတ်ကပတ်တော်က၊ "ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့ သိကြ၏" (ရောမ ၈း၂၈) ဟု ဆိုထားပါသည်။ ဘုရားသခင်၏စကားကို ယုံကြည်ပါလော့။ အလုံးစုံကို သိတော်မူလျက်၊ အလုံးစုံကို တတ်နိုင်တော်မူသော ဘုရားသခင်ကို ချီးမွမ်းပါလော့။

**ဆင်ခြင်ရန်** - (သု ၁၄း၃၄ ကို ဖတ်ပါ)။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ဘက်၌ ကျွန်တော်ရှိသောကြောင့် ကျေးဇူးတင်ပါ၏။ ကိုယ်တော်နှင့်အတူ နေ့စဉ် နီးကပ်စွာ သွားလာမည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၂၁)

**ကမ္ဘာ ၃၇း၂၉-၃၆** *အို အကျွန်ုပ်၏ထာဝရဘုရား၊ ကိုယ်တော်သည်*
ဆာလံ ၁၉ *ကြီးမြတ်တော်မူသော ဘုရားဖြစ်တော်မူ၏*

## ပြစ်မှုနှစ်ထပ်ဆင့်

ဘုရားသခင်၏ ပညာနှင့် ဉာဏ်တော်သည် အလွန် ကျယ်ဝန်း နက်နဲစွတကား။ စီရင်တော်မူချက်တို့ကို အဘယ်သူမျှ စစ်၍ မကုန်နိုင်။ ကြွလာတော်မူရာ လမ်းတို့ကို လိုက်၍ ရှာသော်လည်း မတွေ့မမှီနိုင်။ လူသည် ကြံစည်သော်လည်း၊ ဘုရားသခင် ပယ်ဖျက်တော်မူ၏။ အစ်ကိုတို့က ယောသပ် ကျဆုံးလေပြီဟု ထင်မှတ် ခဲ့ကြ၏။ သို့သော်လည်း၊ ယောသပ်သည် စတင်ပေါ် ထွန်းစပြုသည်သာ ဖြစ်ပါသည်။ ဆိုးညစ်သော အစ်ကို ဆယ်ဦးတို့သည် သူတို့ညီလေး အပေါ် ထားရှိသော မနာလို မုန်းတီးစိတ်များကို အဓမ္မအမှုပြုခြင်းဖြင့် စိတ်အေးလက်အေး ကျေကျေနပ်နပ် ပြည့်စုံစေခဲ့ကြပါသည်။ သူတို့သည် အလွန်ပါးနပ်လျက် အောင်မြင်ခဲ့ကြပြီးဟု ထင်မှတ်ခဲ့ကြသော်လည်း၊ အမှန်မှာ သူတို့သည် သေဆုံးခြင်းလမ်းပေါ်၌ ပြေးနေကြခြင်းသာ ဖြစ်ပါသည်။ အကြောင်း မရှိဘဲ၊ လက်တုန့်ပြန်မှုပြုလိုသော လူ၏ တပ်မက်သောစိတ်သည် အလွန် ကြောက်စရာကောင်းလှပါသည်တကား။ ထို့ကြောင့်၊ တမန်တော် ယာကုပ်က၊ "မိမိတပ်မက်သောစိတ် ဆွဲငင်ဖြားယောင်းခြင်းကို ခံသောသူမည်သည်ကား၊ အပြစ်သွေး ဆောင်ခြင်းသို့ ရောက်တတ်၏။ တပ်မက်သော စိတ်သည် ပဋိသန္ဓေယူ၍ ဒုစရိုက်ကို ဘွားတတ်၏။ ဒုစရိုက်သည်လည်း ပြည့်စုံလျှင် သေခြင်းကို ဘွားတတ်၏" (ယာကုပ် ၁း၁၄-၁၅) ဟု ဆိုခဲ့ပါသည်။

ယောသပ်သည် ပြောဆိုရသော အခွင့် ရခဲ့လျှင်၊ "ငါချစ်သော ညီအစ်ကိုတို့၊ အလွဲ မယူကြနှင့်" (ယာကုပ် ၁း၁၆) ဟု ဆိုခဲ့ပါလိမ့်မည်။ သူတို့သည် မိမိတပ်မက်သောစိတ်၏ ဆွဲဆောင်မှုကို ခံရသောကြောင့်၊ လှည့်ဖြားခြင်းကို ခံခဲ့ပါသည်။ ထို့နောက်၊ သူတို့၏ တပ်မက်သောစိတ်သည် မကောင်းမှုကို ကြံစည်လျက်၊ မိမိတို့ ညီလေး၏အသက်ကို ရက်စက်စွာ သတ်လိုခြင်း အဓမ္မအမှုကို မွေးဖွားလာခဲ့ပါသည်။ အိမ်ရောက်သောအခါ၊ သူတို့ပြုသည့် ဒုစရိုက်အမှုကို မုသာဖြင့် ဖုံးကွယ်ခဲ့ကြပြီး၊ ထပ်ဆင့် အပြစ် လွန်ကျူးခဲ့ကြပါသည်။ ဤလူ ဆယ်ယောက်တို့သည် သေခြင်းသို့ ဦးတည်လျက်ရှိကြပါသည်။ သူတို့ပြုသော ဒုစရိုက်အပြစ်အားဖြင့် သူတို့ညီလေးကို ဆုံးရှုံးခဲ့ကြပြီ။ ယခု သူတို့၏ မုသာစကားဖြင့် အဖေအိုကြီးကို ဝမ်းနည်း ကြေကွဲစေခဲ့ကြပါသည်။ ဟန်ဆောင် နှိမ့်သိမ့်ခဲ့ကြသော်လည်း၊ အကျိုး မရှိပါ။ ယာကုပ်သည် ယောသပ်ကြောင့် ရက်ပေါင်းများစွာ ဝမ်းနည်း ကြေကွဲလျက် နေခဲ့ပါသည်။ ထိုအချိန်တွင်၊ မိဒျန် ကုန်သည်တို့သည် ယောသပ်အား ဖာရောဘုရင်၏ အမတ်ဖြစ်သော ကိုယ်ရံတော်မှူး ပေါတိဖာထံ ရောင်းခဲ့ကြပါသည်။ အစ်ကိုတို့၏ မနာလိုခြင်းဖြင့် ပြုခဲ့သော ဒုစရိုက်မှုသည် ယောသပ်အတွက် ဖာရောဘုရင်၏နန်းတော်ထဲသို့ ဝင်ရောက်ရသော တံခါးပေါက် ဖြစ်ခဲ့ပါသည်။ အံ့သြစရာကောင်းလှစွာ၊ ဘုရားသခင်၏ အစီအစဉ် ပြည့်စုံလျက် ရှိသည်ကို ကျွန်ုပ်တို့ မြင်တွေ့ခဲ့ရပါသည်။

**ဆင်ခြင်ရန်** - "စီရင်တော်မူချက်တို့ကို အဘယ်သူမျှ စစ်၍ မကုန်နိုင်။ ကြွလာတော်မူရာ လမ်းတို့ကို လိုက်၍ ရှာသော်လည်း မတွေ့မမှီနိုင်" (ရောမ ၁၁း၃၃)။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကိုသာ ကြောက်ရွံ့ရိုသေမည်အကြောင်း မစတော်မူပါ။



တနင်္လာ၊ ဖေဖော်ဝါရီ (၁၀)

**ကမ္ဘာ ၃၃း၄-၂၀** *ဒုစရိုက်အပြစ်များ*
ဆာလံ ၁၂ *ခွင့်လွှတ်ခြင်းခံရသောသူသည် မင်္ဂလာရှိ၏*

## ညီအစ်ကိုချစ်ခြင်းမေတ္တာ ကြီးထွားပါစေသော

ကောင်းကြီးမင်္ဂလာနှင့် သားဦးအရာ လုယူခြင်းအကြောင်း၌ ငြင်းခုံခြင်း မရှိတော့ပါ။ ယခုတွင်၊ ညီအစ်ကို ပျော်ရွှင်ခြင်း ပြန်လည်တွေ့ရပြီး၊ ပါဒနာရံအရပ်မှ ပြန်လာသော ထိုမိသားစုကြီးကို မြင်ရသော ပျော်ရွှင်ခြင်းကို တွေ့ရပါသည်။ ပြန်လည် ပေါင်းစည်းမှု နေ့ရက် ပေတည်း။ အရင်ညဉ့်၌ တောင်းခဲ့သော ယာကုပ်၏ဆုတောင်းခြင်းသည် အဖြေပေးခြင်း ခံခဲ့ရပါသည်။ ကောင်းကင်တမန် ပေးတော်မူသော ကောင်းကြီးမင်္ဂလာသည်လည်း အမှန် ဖြစ်လာခဲ့ပါသည်။ ဘုရားသခင်၏အိမ်ရှေ့မင်းသားတည်းဟူသော၊ ဣသရေလသည် နိုင်လေပြီ။

အရင်က သံသယတို့သည် ရှင်းလင်းခြင်းရှိလျက်၊ ညီအစ်ကိုနှစ်ဦးသည် သင့်မြတ်ခြင်းရှိ၍ သူတို့ဆက်ဆံရေးသည် ပုံမှန်ပြန်ဖြစ်ခဲ့လေပြီ။ အချင်းချင်း တဦးအပေါ် တဦး ကောင်းမြတ်ခြင်းရှိခဲ့ကြ၏။ အရင်က ရန်ငြိုးများ ပယ်လွှင့်လျက်၊ ခွင့်လွှတ်ခြင်း လွှမ်းခြုံခဲ့ပါသည်။ ညီအစ်ကိုများနှင့် ဆွေမျိုးများအတွက် သင်ခန်းစာ ပင်ဖြစ်ပါသည်။ ဖြေရှင်း ပြေလည်၍ မရနိုင်သော အမုန်း ရန်ငြိုးဟူ၍ မရှိပါ။ အချင်းချင်း ချစ်ခြင်းမေတ္တာ ထားဖို့ရန် အခွင့်ရှိသောအချိန်၌ ထိုသို့ ပြုကြပါစို့။ ခရစ်တော်သည် ကျွန်ုပ်တို့ကို ချစ်သည်နည်းတူ၊ ကျွန်တော်တို့သည်လည်း အချင်းချင်း ချစ်ကြပါစို့။ ချစ်ခြင်းမေတ္တာဆိုသည်မှာ နှုတ်အားဖြင့်သာ မဟုတ်၊ ကောင်းမြတ်ခြင်းအားဖြင့် သက်သေပြကြရပါမည်။ "စောစော သွားလည် ခဲ့သင့်ဒါနော်၊ ယခု သူသွားနှင့်ခဲ့ပြီ" ဟူသော စကားကို ကျွန်တော်တို့ မကြာ ခဏ ကြားခဲ့ရပါသည်။ ထို့ကြောင့်၊ အခွင့်ကောင်းကို မလွှန် စေပါနှင့်။

ကွဲဇက် မိသားစုကို ကြည့်ခြင်းဖြင့်၊ ဤသို့သော မေးခွန်း မေးချင်စရာကောင်းလှပါသည်၊ မိဘတို့သည် ခွဲခြားမှုမရှိဘဲ၊ အမွှာနှစ်ဦးကို တန်းတူ ဆက်ဆံခဲ့ပါလျှင်၊ ပြဿနာများ မပေါ် ပေါက်ဘဲ နေခဲ့ပါလိမ့်မည်။ ကျွန်တော်တို့သည် ကောင်းကျိုး မရှိဘဲ၊ မိမိအတွေးကိုသာ ဦးစားပေးတတ်ကြ၏။ အမှန်မှာ၊ ဘုရားသခင်သည် မစုံလင်သော၊ နာမခံသော ယောကျ်ား မိန်းမတို့ကို ပင် အသုံးပြုလျက်၊ မိမိ၏ ထာဝရ ရည်ရွယ်ချက် အစီအစဉ်ကို စုံလင်စေတော်မူတတ်၏။

ထို့အမှုကို ဤသို့တွေ့ရပါသည် - ဧသော၏ ခြိမ်းချောက်မှုကြောင့် ယာကုပ်သည် ပါဒနာရံအရပ်သို့ ထွက်ပြေးရ၏၊ လာဗန်၏လှည့်ဖြားမှုကြောင့် ယာကုပ်သည် ညီအစ်မနှစ်ယောက်ကို လက်ထပ်ခဲ့၏၊ သူတို့နှစ်ဦး တိုက်ခိုက်မှုကြောင့် သူတို့၏ကျွန်မများ ပါဝင်လာ၍ များပြားသော မိသားစု ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့်၊ ယာကုပ်၌ သား ဆယ်နှစ်ယောက် ထွန်းကားခဲ့ပါသည်။

**ဆင်ခြင်ရန်** - အချိန်ကိုက် ပြောသော စကားတခွန်းသည် အချိန်အခါ မဟုတ် ပြောသော စကားလုံး တထောင်ထက် သာ၍ကောင်း၏။

**ဆုတောင်းချက်** - အဖဘုရား၊ ညီအစ်ကိုအား မိမိကိုယ်ကို ချစ်သကဲ့သို့ ချစ်မည်အကြောင်း သွန်သင် တော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၁၁)

**ကမ္ဘာ ၃၄း၃၅**

ဆာလံ ၁၃

*အဖဘုရား၊ ကျွန်ုပ်ကို ကယ်တင်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏*

## ဇာတိပကတိ ပြုသောအမှုများ

ကမ္ဘာဦးကျမ်း ၃၄ နှင့် ၃၅ တွင်၊ ဂတိတော်ပြည် ပြန်လည်ရောက်ရှိပြီး နောက်ပိုင်း ယာကုပ်၏ သားသမီးများအကြောင်းကို အဓိကဖော်ပြခဲ့ပါသည်။ သူတို့သည် သူတပါးပြည်၊ တပါးလူများ အလယ်၌ သူစိမ်းကဲ့သို့ နေထိုင်ခဲ့ကြကြောင်း မမေ့ပါနှင့်။ ကျမ်းစာ မရှိ၊ အသင်းတော် မရှိ၊ ယုံကြည်ခြင်းတရား သွန်သင်ပေးမည့် သင်းအုပ်ဆရာနှင့် Sunday School ဆရာ ဆရာမများ မရှိခဲ့ပါ။ သူတို့သိ သမျှသော ဘုရားသခင်အကြောင်းသည် သူတို့၏ဖခင် ယာကုပ်ထံမှ သိရခြင်း ဖြစ်ပါလိမ့်မည်။ ယာကုပ်က သူတို့အား ဝတ်ပြုကိုးကွယ်ခြင်း၊ ဘုရားသခင် ကြောက်ရွံ့ခြင်း သွန်သင်ခဲ့သည် ဟူသော သက်သေ မရှိပါ။ ယာကုပ်၏ အနေအထိုင်၊ မိန်းမလေးဦးအပေါ် သူ၏အပြောအဆို အမူအကျင့် စသည်တို့သည် သားသမီးများအတွက် စံနူန်းကောင်း ဖြစ်ခဲ့လိမ့်မည် မဟုတ်ပါ။

ထို့ကြောင့်၊ သူတို့၏ နေထိုင်ပုံ အကျင့်ကြောင့် ကျွန်တော်တို့သည် အံ့သြခြင်း မရှိသင့်ပါ။ ထိုမှုများကား၊ ဒိနအား တပါးမင်းသား၏ သွေးဆောင်ခံရခြင်း၊ သူ့အဘ၏ မယားငယ်နှင့် ရုဗင် အိပ်ခြင်း၊ နောက်ပိုင်း၌ ယုဒသည် မိမိ၏ချွေးမနှင့် အိပ်ခဲ့၏။ အဆိုးဆုံးအမှုမှာ၊ ဒိန အစ်ကိုများဖြစ်သော ရှိမောင်နှင့် လေဝိတို့က ရှေခေမိအဆွေအမျိုးများအား လှည့်ဖြားလျက် သွေးအေးအေး သတ်ဖြတ်ခြင်း ပင်ဖြစ်ပါသည်။ ဤ ငါးယောက်တို့သည် တမိခင်တည်း၊ လေအာ၏ သားသမီးများ ဖြစ်ကြသည်မှာ မတော်တဆ ဖြစ်ပျက်သောမှုဟု ယူဆ၍ မရနိုင်ပါ။

သူတို့ လွန်ကျူးသော အပြစ်များပြားလှသော်လည်း၊ ဘုရားသခင်သည် စွန့်ပစ်တော် မမူဘဲ၊ ယာကုပ်ထံ ပြုခဲ့သော မိမိ၏ပဋိညာဉ် ဂတိတော်ကို ကျေးဇူးတော်အားခြင့် ဆက်လက် အလေးထားလျက် အမှုပြုတော်မူ၏။ ထိုသို့ ပဋိညာဉ်နှင့် ဆိုင်သော ကောင်းကြီးမင်္ဂလာများ ခံထိုက်သောသူ ဖြစ်မည်အကြောင်း၊ ဘုရားသခင်သည် ယာကုပ်နှင့် သူ့သားများကို များစွာ သင်ခန်းစာပေးတော်မူခဲ့ပါသည်။ သူတို့ပြုသော ဇာတိပကတိအမှုများကို ဝိညာဉ်အသီးများဖြင့် အစားထိုးရပါမည်။ ထိုသို့သော ပြုပြင်ပြောင်းလဲမှုကြီး ဖြစ်ပွားဖို့ရန်၊ ယာကုပ်သည် ဘုရားသခင်ထံ၊ ဘုရားသခင် အိမ်တော်သို့ ပြန်သွားလျက်၊ မိမိသားများနှင့်တကွ မိမိသာစု ယဇ်ပလ္လင် တည်ဖို့လိုပါသည်။

"ကယ်တင်ခြင်းသည် ထာဝရဘုရား အပိုင် ဖြစ်တော်မူ၏" (ယောန ၂း၉)။

**ဆင်ခြင်ရန်** - ငါတို့ ပြစ်မှားခြင်းနှင့်အလျောက် ငါတို့၌ ပြုတော်မမူတတ်။ ငါတို့၌ ဒုစရိုက်ရှိသည်အတိုင်း အပြစ်ကို ပေးတော်မမူတတ်။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်ကို သည်းခံတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။



ကြာသပတေး၊ ဖေဖော်ဝါရီ (၂၀)

**ကမ္ဘာ ၃၇း၁၇-၂၈**

ဆာလံ ၁၈း၄၁-၅၀

*ထာဝရဘုရား၊ အကျွန်ုပ်ကို တရားတော်လမ်းထဲသို့ ပို့ဆောင်တော်မူပါ*

## ငွေမက်၍ ရောင်းခဲ့ကြ၏

ယောသပ်သည် အစ်ကိုတို့ကိုရှာရင်း ရှေခင်ကို ကျော်လွန်လျက်၊ နောက်ထပ် ကီလိုမီတာ ၃၀ လောက်ဝေးသော ဒေါသန်မြို့တိုင်အောင် ရောက်ခဲ့ပါသည်။ ရှေခင်မြို့၌ အစ်ကိုတို့ကို မတွေ့သောအခါ၊ သူသည် ညီညူးခြင်း မရှိဘဲ ဆက်လက်၌ မိမိတာဝန်ကို ဆောင်ရွက်ခဲ့ပါသည်။ အဘသည် သတင်းကို စောင့်လျက် နေခဲ့၏။

ဒေါသန်မြို့တွင်၊ တဦးတည်း သူတို့ထံ လာနေသော ညီလေးကို အစ်ကိုတို့က လှမ်းမြင်ခဲ့ကြ၏။ ချက်ချင်း သူတို့သည် သူ့အိပ်မက် အကောင်အထည် မဖော်နိုင်ဖို့ သတ်ရန် ကြံစည်ခဲ့ကြပါသည်။ ထိုသို့ သတ်ခြင်းဖြင့် သူတို့ မမြင်တွေ့လိုသော အဘ၏မျက်နှာသာပေး ဆက်ဆံခြင်းကို မြင်ကြရတော့မည် မဟုတ်ပါ။ သို့သော်လည်း၊ အသိစိတ်ရှိသော ရုဗင်က မသတ်ဖို့ရန် အခြား အကြံအစည် ကြံခဲ့ပါသည်။ "သွေးထွက်သံယို မဖြစ်စေဘဲ၊ တော၌ ရှိသော တွင်းနက်ထဲသို့ ပစ်ထားကြပါစို့" ဟု အကြံပေးခဲ့၏။ သူ စဉ်းစားထားသည်မှာ ပြန်သွားလျက် သူ့ကို ကယ်နှုတ်မည် ဟူ၍ဖြစ်ပါသည်။

ထိုမျှလောက် ဝေးလှသော ခရီးကို မောပန်းစွာ နှင်လျက် မိမိအစ်ကိုတို့ကို သွားကြည့်ခဲ့သော ယောသပ် ခံရသည့် ထိုကြိုဆိုမှုကို ဆင်ခြင်ကြည့်ပါလော့။ ထိုလူဆယ်ယောက်တို့သည် သူ့ကို ဖမ်းချုပ်ထားပြီး၊ ထိုထူးခြားသော သူ့အင်္ကျီကို ဆုတ်ဖြဲလျက် တွင်းနက်ထဲသို့ ပစ်ချခဲ့ကြ၏။ မျက်ရည်ကျလျက် တောင်းပန်ခဲ့သော စကားကို သူတို့သည် မမြင် မကြား ယောင်ဆောင်လျက်၊ ထိုတွင်းနက်ထဲ၌ အစာ ရေစာ ငတ်လျက်၊ အအေးဒဏ်ခံလျက်၊ သေစေဖို့ရန် ပစ်ထားခဲ့ကြပါသည်။ မိမိတို့၏ မကျေနပ်ချက်၊ မုန်းတီးခြင်းကို စိတ်ကြိုက် ပြည့်စုံစေဖို့ရန် ပြုသောထိုအမှုသည် အလွန်ပင် ရက်စက် ကြမ်းကြုတ် လှပါသည်။ သူတို့၏ညီ ဆာလောင်နေစဉ် သူတို့သည် ထိုင်လျက် သောက်စားကြ၏။

ထိုအချိန်၌၊ ယောသပ်ကို မင်းအရာ၌ ခန့်ဖို့ရန် ခေါ်ဆောင်သွားမည့် ဘုရားသခင်၏ တမန်များသည် အဝေး၌ ပေါ်လာခဲ့ကြပါသည်။ ဂိလဒ်ပြည်မှ အဲဂုတ္တုပြည်သို့ ကုလားအုတ်များဖြင့် ကုန်စည်ပို့သော မိဒျန် ကုန်သည်များကို သူတို့မြင်ခဲ့ပါသည်။ ထိုအခါ၊ ယုဒ၌ အကြံတခု ပေါ်လာခဲ့၏။ သူတို့ ညီလေးကို မသတ်ဘဲ ရောင်းစားလို့ရကြောင်း တွေးမိခဲ့ပါသည်။ ယောသပ်ကို အသေပစ်ထားလျှင် အဘယ်အကျိုးရှိသနည်း။ ယုဒ၏ အကြံအစည်ကို သဘောတူခဲ့ကြ၏။ မိဒျန်ကုန်သည်တို့သည် ယောသပ်ကို ရကြပြီး၊ သူ့အစ်ကိုတို့သည် ငွေအသပြာ ၂၀ ရခဲ့ကြပါသည်။ သူသည် ကျွန်ုပ်တို့အပေါ် ဘယ်လိုမှ အစိုးရသောမင်း မဖြစ်နိုင်တော့ပါ ဟု ထင်မှတ်ခဲ့ကြ၏။ လူတို့၏ မိုက်မဲသော အကြံအစည်က ဘုရားသခင် ဘိသိက်ပေးတော်မူသောသူကို ဘယ်လိုမှ မဖျက်ဆီးနိုင်ပါ။ ဘုရားသခင်၏ အကြံအစည်တော်သည် တည်လိမ့်မည်ဖြစ်၏။ လူ့အကြံအစည်သည် ဖျက်ဆီးခြင်း ခံရမည်ဖြစ်ပါသည်။ ဘုရားသခင်သည် လူတို့၏ ကောက်ကျစ်သော အကြံအစည်များကို မိမိ၏ ထာဝရ အစီအစဉ် ပြည့်စုံစေဖို့ရန် အသုံးပြုတော်မူ၏။ နာမတော် သာ၍ ဘုန်းကြီးပါစေသော။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အကြံစည်တော်သည် တည်မြဲခြင်းရှိ၏။

**ဆုတောင်းချက်** - အဖဘုရား၊ အခက်အခဲ ရင်ဆိုင်နေသောအချိန်၌ပင် ကိုယ်တော်ကို ယုံကြည်ကိုးစားခြင်း ရှိမည်အကြောင်း မစတော်မူပါ။

## ယောသပ်၏အိပ်မက်၊ အစ်ကိုတို့၏အကြံအစည်

တရုတ် စကားပုံတွင်၊ နေ့ အတွေးများကို ည၌ အိပ်မက် မက်၏ ဟူ၍ရှိပါသည်။ စိတ်ကူး အတွေးသည် အိပ်မက်၏အခြေအမြစ် ဖြစ်ပါသည်။ စိတ်ပညာရှင်များ၏လေ့လာသုံးသပ်ချက်တွင် အိပ်မက်သည် မသိစိတ်၏ဆန္ဒ (သို့) ကြောက်ရွံ့မှု ဖော်ပြချက်ဖြစ်သည်ဟု ဆိုကြ၏။ များသောအား ဖြင့် ကျွန်ုပ်တို့၏ အိပ်မျက်အများစုသည် အဓိပ္ပါယ် မရှိပါ။ အချို့အိပ်မက်သည် အစာမကြေခြင်း၏ ရလဒ်များပင်ဖြစ်ပါသည်။

သို့သော်လည်း၊ သမ္မာကျမ်းစာ၌ တွေ့ရသော အိပ်မက်များသည် လူတို့ထံ ဘုရားသခင် ဖော်ပြလိုအသောအရာကို ဖော်ပြခြင်းဖြစ်ပါသည်။ ယောသပ်နှင့် ဒံယေလတို့သည်လည်း ထိုသို့သော အိပ်မက်ကို မက်ခဲ့ကြ၏။ ယောသပ်၏အိပ်မက်သည် ဘုရားသခင် ဖော်ပြချက်ဖြစ်၍ ပရောဖက်ပြု ချက်လည်းဖြစ်ကြောင်း ထင်ရှားလှပါသည်။ သူသည် သူတပါးပြည်၌ အထူး တာဝန် ထမ်းဆောင် ဖို့ရန် ဘုရားသခင် ရွေးနှုတ်ထားသော တန်ဆာဖြစ်ပါသည်။ ဘုရားသခင်သည် ယောသပ်အား အဲဂုတ္တုပြည်ကို အစိုးရဖို့ရန် ထူးခြားသောအမှုအမျိုးမျိုးကို ကျော်ဖြတ်စေလျက် ပြင်ဆင်တော်မူခဲ့၏။

သူ၏အိပ်မက် နှစ်ခုတို့သည် အလွန် ရှင်းလင်း ထင်ရှားလှပါသည်။ အနက်ဖွင့်ချက် မလိုအပ်ခဲ့ပါ။ ယောသပ်သည် ပွင့်လင်းစွာ ထိုအိပ်မက်များကို သူ့အစ်ကိုတို့အား ပြောပြခဲ့ပါသည်။ ဆိုလိုရင်း အဓိပ္ပါယ် သိသာထင်ရှားလှ၏။ ယောသပ်သည် မိမိကိုယ်ကို သူ့အစ်ကိုများ၊ မိဘများ အပေါ် အစိုးရသောသူ အဖြစ် သိမြင်ခဲ့ပါသည်။ မနာလိုခြင်းကြောင့်သာ၊ သူတို့က အဓိပ္ပါယ် မရှိသော အိပ်မက်ဟု ဆိုခဲ့ကြ၏။ အငယ်ဆုံးသောသူသည် သူ့ထက် အသက်ကြီးသောသူများအပေါ် မည်သို့ အုပ်စိုးခြင်း ရှိနိုင်မည်နည်း။ အဘ ယာကုပ်ရေလသည် စိတ်ရှုပ်ထွေးလျက်၊ ယောသပ်ကို ညင်သာစွာ ဆုံးမခဲ့ပါသည်။ သူက မေးခွန်းအမှန်ကို မေးခဲ့ပြီး၊ နှုတ်ဆိတ်လျက် ထိုအမှုကို စိတ်ထဲ၌ မှတ်သားခဲ့ပါသည်။ သူ့အစ်ကိုတို့သည် ထိုသို့ မဟုတ်ကြပါ။ သူတို့အဘ၏ မျက်နှာသာပေးခြင်း ခံရသောသူဖြစ်သောကြောင့် သူ့ကို မကျေမနပ် ဖြစ်ကြသည်သာမက၊ ယခုတွင် မုန်းတီးခြင်းရှိလျက် ယောသပ်ကို သတ်ဖို့ရန် ကြံစည်ခဲ့ကြ၏။

ထိုအချိန်၌၊ ဣသရေလ၏ များပြားလှသော သိုးဆိတ်များအတွက် ပုံမှန် စားကျက်မြေ လိုအပ်ခဲ့ပါသည်။ ထို့ကြောင့်၊ အသက်ကြီးပြီဖြစ်သော အဘသည် ဟေဗြုန်မြို့ မိမိအိမ်၌ နေပြီး၊ သားများတို့သည် စားကျက်မြေကို ရှာလျက် ကီလိုမီတာ ၇၀ လောက် ဝေးသော ရှေခင်မြို့သို့ သိုးဆိတ်များကို ကျောင်းခဲ့ကြပါသည်။ ထို့မျှလောက်ဝေးသောအရပ်၌ သိုးကျောင်းသောသူတို့သည် ရက်ပေါင်းများစွာ အိမ်မပြန်ဘဲ နေခဲ့ကြပါလိမ့်မည်။ တနေ့တွင်၊ ဣသရေလသည် သားများ အကြောင်း၌ စိုးရိမ်မှု ရှိသဖြင့်၊ ယောသပ်အား သူတို့ကို သွားကြည့်ဖို့ရန် စေလွှတ်ခဲ့ပါသည်။ အဘ စကားကို နာခံလျက်၊ ယောသပ်သည် တဦးတည်း ထွက်သွားခဲ့ပါသည်။ ဤအဖြစ်အပျက်များ၌ ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက် အစီအစဉ်ကို မိမိအချိန်၌ ပြည့်စုံစေလျက်ရှိပါသည်။

**ဆင်ခြင်ရန်** - ယနေ့ခေတ်တွင်၊ ဘုရားသခင်သည် နှုတ်ကပတ်တရားတော်အားဖြင့် စကား ပြောတော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော် ဖတ်ရှုခြင်းကို နှစ်သက်မည် အကြောင်း မစတော်မူပါ။





## မိန်းခလေးအား ညစ်ညူးစေခြင်း

ဒိနသည် ယာကုပ်၏ တဦးတည်းသော သမီးဖြစ်၍၊ မိသားစုအားလုံး၏ အချစ်ကို ခံရသော သူဖြစ်ပါသည်။ သူသည် အသက် ၁၅ သို့ ၁၆ လောက်ရှိသည်ဖြစ်၍ မိန်းခလေးတို့၏ ထုံးစံအတိုင်း၊ ရင်ခုန် စူးစမ်းလိုစိတ် ရှိခဲ့ပါသည်။ သူ့ မောင်များတို့သည် သိုးများကျောင်းလျက် တောသို့ သွားသော အခါ၊ အိမ်သည် သူမအတွက် ပျင်းရိဘွယ် ကောင်းလှပါလိမ့်မည်။ ရွယ်တူ မိန်းခလေးများနှင့် ပေါင်းဖော်လျက် အတူတူ စကားပြော ဆော့ကစား လိုခဲ့ပါလိမ့်မည်။ ထိုမိန်းခလေးတို့သည် မည်သို့ ဝတ်စား ဆင်ယင် နေထိုင်ကြောင်းကို သိမြင်လိုခဲ့ပါသည်။ ထိုအခါ၊ ထိုအခွင့်အရေးကို သူရခဲ့ပါသည်။ ထိုပြည်၏မင်းသားနှင့် ဆုံတွေ့လျက်၊ ထိုမင်းသား၏ စိတ်ဝင်စားမှုကို ခံရသောအခါ၊ သူမသည် လျင်မြန်စွာ ကျဆုံးခဲ့ပါသည်။ ရှေခင်က သူမကို အဓမ္မပြုကျင့်ခဲ့ပါသည်။ သူသည် လာ၍ သူမကို မြင်ပြီး၊ သိမ်းပိုက်ခဲ့ပါသည်။ သူသည် ထိုအမျိုးသမီးကို "ယူသွား၍ အိပ်ဘော်ပြုလျက်၊ သူ့အသရေကို ရှုတ်ချလေ၏" (ကမ္ဘာ ၃၄း၂)။ ဤသေးငယ်သော အမှားတခုက ဝမ်းနည်းစရာမှုကို ဆက်လက် ဖြစ်ပွားစေခဲ့ပြီး၊ ထိုအမှုက ဣသရေလ၏ နာမည်ကို ထာဝရ ပျက်စေခဲ့ပါသည်။

ယာကုပ်နှင့် ဟာမော်တို့၏ ပြဿနာ ဖြေရှင်းခြင်းအမှု၌၊ ဟာမော်သည် မိမိ၏သား ကိုယ်စား ပြုသင့်သောမှုကို စိတ်ထား ကောင်းမွန်စွာ ပြုခဲ့သော်လည်း၊ ယာကုပ်မူကား ထိုအမှုကို မိမိ၏ သား များ လက်ထဲသို့ အပ်ခဲ့၏။ ဤအမှု၌ ယာကုပ်၏ အားနည်းချက်ကို တွေ့ရပါသည်။ ယာကုပ်၏ လုပ်ပိုင်ခွင့် ယုတ်လျော့လာသည်နှင့်အမျှ သားများက လက်တုန့်ပြန်ဖို့ရန် ကြံစည် တွေးတောခဲ့၏။ ထိုသို့ ပြုခြင်းသည် ခါနန်လူများ၏ အခွင့်အရေးပေးမှုဖြစ်သော၊ သူတို့ပြည်၌ အချင်းချင်း ထိမ်းမြား ခြင်း၊ လွတ်လပ်စွာ သွားလာ ရောင်းဝယ် ဖောက်ကားခြင်း တို့နှင့် နှိုင်းယှဉ်သောအခါ အလွန် မတရားရာရောက်ပါသည်။ ထိုအခွင့်များကို ရဖို့ရန်၊ ဣသရေလထံ ဟာမော် တောင်းသော အရာမှာ၊ "ထိမ်းမြားပေးစား ကြပါလော့" (ကမ္ဘာ ၃၄း၈) ဟူ၍ ဖြစ်ပါသည်။

ယာကုပ်နှင့် သူ့သားများထံ ရှေခင် တောင်းလျှောက်မှုသည် တရားမျှတမှုရှိ၍ လေးစား ထိုက်သော တောင်းဆိုမှုဖြစ်ပါသည်။ "သင်တို့စိတ်နှင့် တွေ့ကြပါစေ။ တောင်းသမျှကို ပေးပါမည်" (ကမ္ဘာ ၃၄း၁၁)။ ဒိနကို အလွန် ချစ်သောကြောင့် အဘယ်မျှလောက် များပြားသော တင်တောင်းခ ဖြစ်ပါစေ ပေးလိုခဲ့ပါသည်။

ထိုသို့ အချင်းချင်း သင့်မြတ် ပြေလည်ဖို့ရန် ဆွေးနွေးခဲ့ကြသော်လည်း၊ ဒိန၏ မောင်များ စိတ်ထဲ၌ အမှန် ရှိသောအရာမူကား၊ "ကျွန်ုပ်တို့၏ ညီမလေးကို ညစ်ညူးစေခဲ့ပြီ၊ ကျွန်ုပ်တို့၏ မာနကို ထိခိုက်ခဲ့ပြီ" ဟူ၍ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယောက်ျားတိုင်း မိမိ၏မိသားစု၌ တရားစိုးမိုးစေလျက်၊ သားသမီးတို့အား နာခံခြင်း ရှိဖို့ရန် သွန်သင်ပါစေ။

**ဆုတောင်းချက်** - ယောက်ျားတိုင်း ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသောဖခင် ဖြစ်မည်အကြောင်း ဘုရားသခင် မစတော်မူပါစေ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၁၇)

**ကမ္ဘာ ၃၄း၁၃-၃၁**

ဆာလံ ၁၆

*ဓားကိုင်စွဲသောသူသည် ဓားဖြင့် အသက်ဆုံးရှုံးလိမ့်မည်*

## လက်ဗနွန်နှင့်ဘေရုတ်၏ သာဓကဆိုး

ယာကုပ်၏သားတို့သည် လူသတ်ဖို့ရန် စိတ်ဆုံးဖြတ်ခဲ့ကြသော်လည်း၊ ဤသို့ လှည့်စားခဲ့ကြပါသည် -

(၁) ကျွန်ုပ်တို့၏ ညီမလေးကို အရေဖျားလှီးခြင်း မခံသောသူထံ မပေးနိုင်။ ကျွန်ုပ်တို့မိသားစုသည် အရေဖျားလှီးခြင်းကို ပြုကြ၏။ သင်တို့သည် အရေဖျားလှီးခြင်း မခံလျှင်၊ ဘာမှဆက်လက် ဆွေးနွေး စရာ မရှိ။

(၂) သင်တို့ ယောကျ်ားအားလုံး အရေဖျားလှီးခြင်း မခံလျှင်၊ သင်တို့နှင့် ကျွန်တော်တို့အကြား၌ အချင်းချင်း ထိမ်းမြားခြင်း မရှိနိုင်။ ထိုအရေဖျားလှီးခြင်းကို သင်တို့ ခံလျှင်၊ သင်တို့တောင်းလျှောက် သည်အတိုင်း၊ သင်တို့နှင့် ကျွန်တော်တို့ ပေါင်းစည်းခြင်း ရှိနိုင်မည်ဖြစ်ပါသည်။

ရှေခင်နှင့် သူ့အဘ ဟာမော်တို့သည် ထိုအဆိုပြုချက်ကို ဝမ်းမြောက်စွာ လက်ခံလျက်၊ သူတို့၏လူ ယောကျ်ားအားလုံးကိုလည်း သဘောတူရန် တိုက်တွန်းခဲ့ပြီး၊ အရေဖျားလှီးခြင်း ခံခဲ့ကြ၏။ ထိုသို့ ကြီးပွား ကြွယ်ဝချမ်းသာသော မိသားစုနှင့် ပေါင်းစည်းခြင်းသည် ရှေမေမိ အဆွေအမျိုးအတွက် နိုင်ငံရေး၊ လူမှုရေး နှင့် စီးပွားရေးအမှု၌ အင်အား တိုးတတ် ကြီးထွားခြင်း ဖြစ်ပါသည်။ ဤအမှုက၊ ယနေ့ ခေတ်သစ် စီးပွားရေး လုပ်ငန်းများ ပေါင်းစပ်ခြင်းကို သတိရစေပါသည်။

ယာကုပ်၏သားတို့သည် သူတို့၏ ဟန်ဆောင် လှည့်ဖြားမှုအားဖြင့်၊ သူတို့အဘ၏ မျက်နှာကို ပျက်စေလျက်၊ ဘုရားသခင်၏နာမတော်ကို အရှက်ရစေခဲ့ပါသည်။ သူတို့၏ မိုက်မဲလှသောအကြံအစည်ကို အကောင်အထည် ဖော်ဖို့ရန် ပဋိညာဉ် လက္ခဏာဖြစ်သော အရေဖျားလှီးခြင်းအသုံးချခြင်းသည် အလွန် ဆိုးရွားလှပါသည်။

၁၉၈၂ ခုနှစ်၊ လက်ဗနွန်နှင့် ဘေရုတ်အား ဣသရေလ ဝင်ရောက် တိုင်ခိုက်ခြင်းသည် ရှေခေမိ အဆွေအမျိုးများ သတ်ဖြတ်ခံရခြင်းနှင့် ထူးဆန်းစွာ တူညီမှု ရှိပါသည်။ "ကျွန်ုပ်တို့၏ ညီမလေး ညစ်ညူးစေခဲ့ကြပြီ။" များစွာသော လူကို သတ်ဖြတ်ဖို့ရန် ထိုဆင်ခြေသည် လုံလောက်ခဲ့ပါ၏။ ယာကုပ်၏သားများ (ရှိမောင်နှင့် လေဝိ) သည် ထိုမြို့သို့ ဝင်လျက်၊ ယောကျ်ားအပေါင်းကို သတ်ခဲ့ကြပါသည်။

ဤသို့သော ခုခံခြင်း မပြုနိုင်သောသူများကို အသိစိတ်လွတ်၊ မညှာမတာ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခြင်းကို လက်ဗနွန်အား ဣသရေလ ဝင်ရောက်တိုက်ခိုက်ခြင်း၌ ပြန်လည်မြင်တွေ့ရခဲ့ပါသည်။ "ကျွန်ုပ်တို့၏ မြောက်ပိုင်းနယ်မြေကို ဝင်ရောက် တိုက်ခိုက်ခဲ့ကြပြီ။ မိမိကိုယ်ကိုကာကွယ်ခြင်းအနေဖြင့် ကျွန်တော်တို့ ပြန်လည် တိုက်ခိုက်မည်။" ထိုအခါ၊ ချက်ချင်း လျှပ်စီးလက်သကဲ့သို့၊ ဣသရေလလူ တစ်သိန်းသည် ဘေရုတ်မြို့ကို ဝင်စီးလျက်၊ စိတ်ကြိုက် သတ်ဖြတ်ခဲ့ပြီး၊ မြို့ကို ဖျက်ဆီးခဲ့ကြပါသည်။ တရားမျှတမှု ဟူသော နာမည်ကို တပ်လျက် ထိုသို့ ပြုခဲ့ကြ၏။

**ဆင်ခြင်ရန်** - အချို့သော ဗတ္တိဇံခံယူခြင်းသည် မထိုက်တန်သော ခံယူခြင်းဖြစ်ကြပါသည်။

**ဆုတောင်းချက်** - ကျွန်ုပ်ဘဝအသက်တာ၌ ဟန်ဆောင်မှုနှင့်မုသား ကင်းစင်ပါစေသော်။





**ကမ္ဘာ ၃၇း၁-၄**

ဆာလံ ၁၈း၁၁-၂၀

*ဘုရားသခင်၌ တည်ကြည်မြဲမြံစွာနေပါလော့*

## အဘအချစ်တော် ယောသပ်

ကမ္ဘာဦးကျမ်း နောက်ဆုံး အခန်းကြီး ၁၄ ခန်းတွင်၊ ယာကုပ်သားများအကြား၌ တွေ့ရသောချစ်ခြင်း၊ မုန်းခြင်း၊ မနာလိုခြင်း၊ သစ္စာရှိခြင်း၊ သစ္စာဖေါက်ခြင်း၊ တိုက်ခိုက်ခြင်းနှင့်သတ်ဖြတ်ခြင်းများအလယ်၌ ဣသရေလအမျိုးကို ကွယ်ကာ ပေါ်ပေါက်စေတော်မူသော ဘုရားသခင် ပြုတော်မူသည့်အံ့ဘွယ်အမှုကို ဖော်ပြထားပါသည်။ ထိုအမှု၌ အဓိကဇာတ်ဆောင်သည် ဘုရားသခင် စေလွှတ်တော်မူသော၊ ကယ်တင်ရှင် ယောသပ် ပင်ဖြစ်ပါသည်။

ယာကုပ်၏ ချစ်လှစွာအသော ဇနီး ရာခေလမှ မွေးသော သား၊ ယောသပ်သည် ဖခင်၏ချစ်ခြင်းမေတ္တာကို အထူးရရှိခဲ့ပါသည်။ ကျမ်းစာက၊ "ဣသရေလသည် အသက်ကြီးစဉ်အခါ သားယောသပ်ကို ရသောကြောင့်၊ အခြားသော သား အပေါင်းတို့ကို ချစ်သည်ထက် ယောသပ်ကို သာ၍ချစ်၏" (ကမ္ဘာ ၃၇း၃) ဟု ဖော်ပြခဲ့ပါသည်။ ထိုချစ်ခြင်းမေတ္တာသည် သားမွေးရင်း ရာခေလကွယ်လွန် ပြီးနောက်တွင် ဆက်လက် ကြီးထွားခဲ့ပါသည်။ နောက်ပိုင်းအသက်တာ၌ တွေ့ရသောသူမတူသော ဉာဏ်ပညာပိုင်ဆိုင်ခြင်း၊ ပြင်းထန်သော သွေးဆောင်မှု အကြား၌ ဖြောင့်မတ်သောအကျင့်ပိုင်ဆိုင်ခြင်း စသည်တို့ကြောင့်၊ ယောသပ်သည် ငယ်ရွယ်စဉ်ကတည်းမှ ထိုဘုရားသခင်ကြောက်ရွံ့ခြင်း အကျင့်များ ပိုင်ဆိုင်ခဲ့သည်ဟု သိမှတ်ရပါသည်။ ထို့ကြောင့် အဘသည် ထိုသူငယ်ကို ပိုချစ်၍ယုံကြည်အားကိုးခြင်း ဖြစ်ပါလိမ့်မည်။

မိမိ၏ချစ်စိတ်ကို မထိန်းနိုင်ဘဲ၊ ဣသရေလသည် ယာသပ်အတွက် အဆင်းအရောင်ထူးခြားသော အင်္ကျီကို ချုပ်ပေးခဲ့ပါသည်။ ဤသို့သော မျက်နှာသာပေးခြင်းက အစ်ကိုများ၏ မနာလိုမုန်းတီးမှုကို နိုးဆော်လျက်၊ မကျေမနပ် ဖြစ်ခဲ့ကြပါသည်။ ထိုပြင် ပြသနာ ပိုကြီးစေသောအမှုမှာ၊ လူငယ် ယောသပ်သည် အပြစ်ကင်းလျက်၊ အဘအပေါ် သစ္စာစောင့်သိခြင်းရှိသောကြောင့်၊ အစ်ကိုတို့ကို စောင့်ကြည့်ပြီး အဘထံ သတင်းပေးတတ်ခြင်း ပေတည်း။

ထို့ကြောင့်၊ ယောသပ်ကို အဘ ချစ်သလောက် သူ့အစ်ကိုများက မုန်းတီးခဲ့ကြ၏။ သို့သော်လည်း၊ ထိုအမှုအပေါင်း၏ နောက်ကွယ်တွင်၊ ထိုမိသားစုကို ကယ်တင်လျက် လူမျိုးကြီးအဖြစ်ပျိုးထောင်ဖို့ရန် အဖြစ်အပျက်များကို ပြင်ဆင်တော်မူသော မမြင်ရသည့် ဘုရားသခင်၏လက်တော်တည်လျက် ရှိပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဉာဏ်တော်သည် အလွန်ကျယ်ပြန့်လှသည်ဖြစ်၍ ဘယ်သူမှနားမလည်နိုင်ပါ။

**ဆုတောင်းချက်** - ဝိညာဉ်အရာများကို သိမြင်မည်အကြောင်း အကျွန်ုပ်မျက်စိကို ဖွင့်ပေးတော်မူပါ။

**ကမ္ဘာ ၃၆း၃၇**
ဆာလံ ၁၈း၆-၁၀

*ကိုယ်တော်ကို ယုံကြည်ကိုးစားသောသူသည်*
*မင်္ဂလာရှိသောသူဖြစ်၏*

## ဧသောနှင့် ဧဒုံလူများ

ကမ္ဘာဦးကျမ်း ၃၆ သည် ဧသောနှင့် သူ့မိသားစု အကြောင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ မိမိ၏ သားဦးအရာကို အလေးမထားသောကြောင့်၊ ပဋိညာဉ် ကောင်းကြီးမင်္ဂလာကို သူ စွန့်လွှတ်ခဲ့ရ၏။ သူသည် ရာထူးနှင့်ပြည်တော်အမွေ ဆက်ခံခွင့်ကို ဆုံးရှုံးခဲ့ပြီး၊ သူ့ညီ ယာကုပ်က ရရှိခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည် အာဗြဟံထံ ပြုခဲ့သော ဂတိတော်ကို စောင့်လျက် လူမျိုးကြီးဖြစ်စေ၍၊ ရေဗက္ကထံ "သင်၏ ဝမ်းတွင်း၌ လူမျိုးနှစ်မျိုးရှိ၏" (ကမ္ဘာ ၂၅း၂၃) ဟူသော ကြိုတင်ဟောပြောချက်ကို ပြည့်စုံစေတော်မူ၏။ ဧသောသည် အဘ ဣဇာက်ထံမှ ပိုနည်းသော ကောင်းကြီးမင်္ဂလာကို ခံရ ခဲ့၏ - "သင်၏နေရာသည် မြေကြီး၏ဆီဥနှင့်ဝေး၊ အထက်မိုးကောင်းကင်၏နှင်းနှင့်ဝေး ပြည့်စုံလိမ့်မည်။ ဒါးဖြင့် အသက်ကို မွေးရလိမ့်မည်။ ညီ၌ ကျွန်ခံရလိမ့်မည်" (ကမ္ဘာ ၂၇း၃၉-၄၀)။

ဧသောကို ဧဒုံဟုလည်း ခေါ်ကြ၏ - ဆိုလိုသည်မှာ "အဆင်းနီသော" ဟူ၍ဖြစ်ပါသည်။ "အဦးဘွားသော သားသည်၊ အမွေးပါသော အဝတ်ကဲ့သို့ဖြစ်၍ တကိုယ်လုံး အဆင်းနီ၏။ သူ့ကို ဧသော ဟူသောအမည်ဖြင့် မှည့်ကြ၏" (ကမ္ဘာ ၂၅း၂၅)။ ဧဒုံကိုလည်း မိမိ၏သားဦးအရာ ရောင်းခြင်းအမှုဖြင့် သိမှတ်ကြပါသည်။ ဧသောသည် ယာကုပ်၏ ထိုနီသော အစားအစာကို တပ်မက်ခဲ့၏။ "ထိုကြောင့် သူ၏နာမည်ကို ဧဒုံဟုတွင်သတည်း" (ကမ္ဘာ ၂၅း၃၀)။ ဇနီး သုံးယောက် အားဖြင့် ဧသော၌ သား ငါးယောက် ရှိခဲ့ပါသည်။ ထိုသားများမှ ဧဒုံအမျိုး ဟူသော လူမျိုး ပေါ်ပေါက်လာခဲ့၏။

ခါနန်ပြည်သည် ယာကုပ် ခံရမည့်အမွေဖြစ်သောကြောင့်၊ ဘုရားသခင်က ဧသောအား ပိုင်ယသော အမွေဖြစ်သည့် စိရတောင် ဝန်းကျင်ကို ပေးတော်မူ၏ (တရား ၂း၅၊ ယောရှု ၂၄း၄)။ ထိုတောင်သည် ဧဒုံအမျိုး ခံရသော အမွေဖြစ်ပါသည်။ ကမ္ဘာဦးကျမ်း ၃၃ တွင်၊ ယာကုပ်နှင့် ပြန်လည် ဆုံတွေ့ခဲ့ပြီးနောက်၊ ဧသောသည် ပင်လယ်သေ၏ အရှေ့တောင်အရပ်၌ရှိသော စိရတောင်သို့ ပြန်သွားခဲ့ကြောင်း တွေ့ရပါသည် (ကမ္ဘာ ၃၃း၁၆)။ ဧသောသည် ခါနန်ပြည်ကို အရင်က တိုက်ယူလိုခဲ့သော်လည်း၊ ယခုတွင် သူသည် စိရတောင်၌ ငြိမ်သက်စွာ နေထိုင်ခဲ့၏။ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် တန်ခိုးရှိ၍ အားကြီးတော်မူ၏။ သူ၏အစီအစဉ်သည် တည်လိမ့်မည်။ ဘုရားသခင်၏ အကြံစည်တော်သည် ဖြစ်သမျှသောအမှုကို စီမံလျက်၊ လူတို့၏နယ်နိမိတ်ကို ကန့်သတ်တော်မူ၏။

အာဗြဟံကြောင့်၊ ဧသောသည်လည်း ကောင်းကြီးခံစားရပါသည်။ သို့သော်လည်း၊ ထိုကောင်းကြီးသည်၊ " . . . မြေကြီး၏ဆီဥ . . . " (ကမ္ဘာ ၂၇း၂၈) တည်းဟူသော၊ လောကနှင့်ဆိုင်သောအရာ ဖြစ်ပါသည်။ ဧသောမှ ရှင်ဘုရင် မင်းများ ပေါ်ထွက်လာခဲ့ပြီး၊ သူတို့သည် ဒါးအားဖြင့် အသက်မွေးလျက်၊ ဣသရေလ၏ရန်သူဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - ရှင်ဘုရင်နှင့်အုပ်စိုးခြင်းအာဏာတို့သည် ပေါ်လာ၍ ပြန်လည်ပျောက်ကွယ်ခဲ့ကြ၏။ ဘုရင်တကာတို့၏ဘုရင်သာလျှင် ထာဝရတည်တော်မူ၏။

**ဆုတောင်းချက်** - ဘုရှင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်၏နာမတော်သည် ထာဝရ ဘုန်းထင်ရှားပါစေသော်။





**ကမ္ဘာ ၃၅း၁-၉**
ဆာလံ ၁၇း၁-၇

*ဘုရားသခင်ကို ကြောက်ရွံ့လျက်*
*ဒုစရိုက်အပြစ်ကို ရှောင်ရှားလော့*

## ဗေသလသို့ ပြန်လာခဲ့၏

လွန်ခဲ့သော နှစ်ပေါင်း ၃၅၀၀ လောက်၌ ယာကုပ်၏သားများက သာဓက ထားခဲ့ပါသည်။ ယောက်ျားအပေါင်း သေခဲ့ကြ၏။ ထိုသို့ သတ်ဖြတ်ပြီးနောက် ပစ္စည်းဥစ္စာလုယူခြင်း ပြုခဲ့ကြ၏။ ကမ္ဘာ ၃၄း၂၈-၂၉ ကိုဖတ်ပါ။ ပရောဖက်ပြု သကဲ့သို့၊ ယာကုပ်သည် သူ့သားများအား၊ "သင်တို့သည် ငါ့ကို ညှဉ်းဆဲကြပြီတကား။ . . . ဤပြည်သားတို့သည် ငါ့ကို ရွံ့ရှာအောင် ပြုကြပြီတကား။ . . . သူတို့သည် စုဝေး၍ ငါ့ကို တိုက်သတ်သဖြင့် ငါနှင့် ငါ့အိမ်သူအိမ်သားတို့ကို ဖျက်ဆီးကြလိမ့်မည်" (ကမ္ဘာ ၃၄း၃၀) ဟု ဆိုခဲ့ပါသည်။

ရှေခင်မြို့၌ ဖြစ်ပွားသော သတ်ဖြတ်ခြင်းအမှု၌၊ ယာကုပ်သည် သူ့သားများ၏ရက်စက်ကြမ်းကြုတ်ခြင်းကြောင့် အံ့ဩခဲ့ပါလိမ့်မည်။ ဆက်လက် အသက်ရှင်နေထိုင်ဖို့ရန် ထိုသို့သော အမှုကို မပြုဘဲ နေဖို့လိုပါသည်။ ဘုရားသခင်သည် ယာကုပ်ထံ ပေါ်လာလျက်၊ ကောင်းကြီး ခံစားရာနေရာ ဗေသလသို့ သွားဖို့ရန် မိန့်တော်မူ၏။ ရှေခင်မြို့၏ ဆွဲဆောင်မှုသည် ကျော့ကွင်းသဖွယ်ဖြစ်ခဲ့ပါသည်။ လူမျိုး မှန်ကန်စွာ ဆက်လက်ရပ်တည်နိုင်ဖို့ရန် သီးခြား နေထိုင်ဖို့ လိုအပ်ခဲ့ပါသည်။

ယာကုပ်၏သားတို့သည် ကောင်းကြီးမင်္ဂလာ မခံစားရလျှင် မည်သို့ လူမျိုးတမျိုးအဖြစ် ရပ်တည်နိုင်ကြမည်နည်း။ ဘုရားသခင်၏အိမ်တော်တည်းဟူသော၊ ဗေသလသည် သူတို့အဘ ပဋိညာဉ် ကောင်းကြီးမင်္ဂလာ ခံရရာနေရာဖြစ်ပါသည်။ ထိုအရပ်၌ ယာကုပ်သည် ကျောက်တိုင်ကို စိုက်ထူလျက်၊ ဘုရားသခင်ထံ ဂတိသစ္စာပြုခဲ့ပါသည်။ သို့သော်လည်း၊ ထိုအမှု မတိုင်မီ၊ အပြစ်ဖယ်ရှားခြင်း လိုအပ်ပါသည်။ ယာကုပ်နှင့် သူ့သားတို့သည် ဘုရားသခင်နှင့် သင့်မြတ်ဖို့ လိုပါသည်။ မိသားစုတိုင်းသည် အခြားသော ဘုရားများ၊ ရုပ်တုများ၊ တပါးအမျိုးသားများ ကိုးကွယ်သောအရာများ စသည်တို့ကို ယာကုပ်ထံ အပ်လျက်၊ ရှေခင်မြို့၌ မြှုပ်နှံခဲ့ကြ၏။ ထိုအခါ၊ ဘုရားသခင်သည် သွားရသောအခွင့်ကို ပေးတော်မူ၏။

ဗေသလ၌ ယာကုပ်သည် ယဇ်ပလ္လင်ကို တည်လျက်၊ ဘုရားသခင်ကို ဝတ်ပြု၍ စုဝေးခဲ့ကြ၏။ ထိုနေရာကို ဘုရားသခင်၏ဗေသလဟု သမုတ်ပြန်၏။ ဘုရားသခင်သည် ယာကုပ်အား များစွာ ကောင်းကြီးပေးလျက်၊ စောင့်ရှောက်ပြုစု ကျွေးမွေးတော်မူပြီး အဝတ်အစားလည်း ပေးတော်မူ၏ (ကမ္ဘာ ၂၈း၂၀)။ ဘုရားသခင် ခေါ်တော်မူလျှင်၊ လုံးဝ သံသယ မဝင်သင့်ပါ။ ယာကုပ် စိတ်ထဲမှ မသေချာ မရေရာမှုသည် ဗေသလ၌ ဘုရားသခင်နှင့် တွေ့ဆုံသောအခါ ပျောက်ကွယ်ခဲ့ပါသည်။ ထိုအရပ်၌ ဘုရားသခင်သည် ယာကုပ်ထံ မိမိအရင်ပြုတော်မူခဲ့သော ဂတိတော်ကို ပြန်လည် အတည်ပြုလျက်၊ ထိုပဋိညာဉ်တော်ကို မိမိကိုယ်တိုင် ပြည့်စုံစေတော်မူမည်ဟု မိန့်တော်မူ၏။ ဗေသလသို့ ယာကုပ် ပြန်မလာ မချင်း ထိုအမှုသည် ပြည့်စုံလိမ့်မည် မဟုတ်ပါ။ ထိုအရပ်၌ ယာကုပ်သည် မိမိ၏သားများနှင့်တကွ ဂတိသစ္စာပြုခဲ့သည်အတိုင်း ဝတ်ပြုခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ဘယ်တော့မှ မမှန်သောစကား မိန့်တော်မမူ။

**ဆုတောင်းချက်** - သွားလေရာရာအရပ်၌ မိမိတို့၏ဗေသလကို တည်ကြပါစို့။

## ဘဝအသက်တာ အပြောင်းအလဲ ဇာတ်ခုံ

ဗေသလ၌ ဘုရားသခင်သည် ယာကုပ်အား မင်းနှင့်ဆိုင်သော နာမည် တည်းဟူသော ဣသရေလ ဟုပြောင်းပေးခဲ့ပါသည်။ ဘုရားသခင်သည် အာဗြဟံထံ ပြုခဲ့သော ဂတိတော်ကို တဖန် ပြုခဲ့ပါသည် (ကမ္ဘာ ၁၇း၅-၈)၊ "လူတမျိုးမက၊ အမျိုးမျိုးတို့သည် သင်၌ ဖြစ်ကြလိမ့်မည် . . . အာဗြဟံနှင့် ဣဇာက်အား ငါပေးသောမြေကို သင်နှင့်သင်၏အမျိုးအနွယ်အား ငါပေးမည်ဟု မိန့်တော်မူ၏" (ကမ္ဘာ ၃၅း၁၁)။

ထို့နောက် များမကြာမီ၊ ဗေသလမှ ဧဖရတ်မြို့သို့ ခရီးသွားစဉ် ရာခေလသည် သားဘွားခြင်း ဝေဒနာကို ခံစားခဲ့ပြီး၊ သေအံ့ဆဲဆဲ ဖြစ်ခဲ့ပါသည်။ ထို့နောက် မွေးလာသော သားကို ဗေနောနိ (ကျွန်မ၏ ဝမ်းနည်းခြင်း သား) ဟု ရာခေလက မသေမီ အမည်ပေးခဲ့၏။ ဤသားမွေးခြင်းဖြင့် ရာခေလ၏ အရင်မျှော်လင့်ချက် ပြည့်စုံခဲ့ပါသည် (ကမ္ဘာ ၃၀း၂၄)။ သူ၏သေဆုံးခြင်းက လာဗန်၏ ရုပ်တု ခိုးယူသောသူသည် သေခြင်းကြုံရမည်ဟု ယာကုပ် ပြောသောစကားကို အမှတ်ရစေပါသည်။ မိမိချစ်သောသူ သေဆုံးခြင်းသည် ယာကုပ်အတွက် အလွန် ဝမ်းနည်းစရာကောင်းလှပါသည်။ ဝမ်းနည်းစွာဖြင့်၊ ထိုသားကို ဗင်္ယာမိန် (ငါ့ လက်ျာလက် သား) ဟု ယာကုပ်က နာမည်ပေးခဲ့ပါသည်။ „အသက်ကြီးမှရသောသားဖြစ်၍ အလွန်ချစ်၏။

ယာကုပ်၏အကြောင်းကို တွေးရင်း၊ Shakespeare ၏ "As You Like It" ထဲမှ "ကမ္ဘာကြီးသည် ဇာတ်ခုံဖြစ်ပါသည်။ ယောကျ်ားအပေါင်းနှင့် မိန်းမအပေါင်းတို့သည် ဇာတ်လိုက်များ ဖြစ်ကြပါသည်။ မိမိတို့ အချိန်၌ ဝင်က ကြပြီး၊ ပြန်ထွက် တတ်ကြ၏" ဟူသော ရင်းနှီးလှသည့် စာကြောင်းများကို သတိရခဲ့ပါသည်။ ထိုနည်းတူ၊ ဘဝဇာတ်ခုံပေါ်တွင် လူတို့သည် လှုပ်ရှားနေကြရ၏။ ယနေ့ အကြောင်းအရာတွင်၊ ယုံကြည်ခြင်း အိမ်သားများထဲမှ သုံးယောက်၊ ဘုရားသခင် ခေါ်ခဲ့သော၊ ချစ်တော်မူသောသူ သေဆုံးခြင်းကို တွေ့ရပါသည်။ သူတို့သည် ယခုတွင်၊ ဘုန်းတော်ဝင်စားခဲ့ရပြီး၊ ရှင်ပြန်ထမြောက်ခြင်းကို စောင့်လျက်ရှိကြပါသည်။

ဝမ်းနည်းစရာကောင်းစွာ၊ "ဣဇာက် အသက်သည် အနှစ်တရာရှစ်ဆယ်နှင့် ပြည့်စုံသည်ရှိသော်၊ . . . အသက်ချုပ် ၍ အနိစ္စဖြစ်သဖြင့်" (ကမ္ဘာ ၃၅း၂၈-၂၉) ဟူ၍ ဖတ်ရပါသည်။ ယာကုပ် ထွက်သွားသောအချိန်၌ ဣဇာက်သည် ဗေရရှေဘ အရပ်၌ နေခဲ့၏။ ပြန်လာသောအခါ၊ ဟေဗြုန်မြို့၌ သူ့ကို တွေ့ခဲ့ပါသည်။ ရေဗက္ကသည် သေဆုံးခဲ့ပြီဖြစ်၍ မပွေလ မြေတွင်း၌ သင်္ဂြိုလ်ခဲ့ကြပါသည်။ မိမိ၏နောက်ဆုံးကာလ ၁၀ နှစ်လောက် ယာကုပ် မိမိအနား၌ ရှိခြင်းသည် ဣဇာက် အတွက် အလွန် စိတ်ချမ်းသာစရာ ဖြစ်ခဲ့ပါလိမ့်မည်။ (ဗေသလ၌) ယာကုပ် ပြုခဲ့သော၊ "ငါသည် တဖန် အဘ၏အိမ်သို့ ငြိမ်ဝပ်စွာပြန်ရောက်၍" (ကမ္ဘာ ၂၈း၂၁) ဟူသော သူ၏ဆန္ဒကို ပြည့်စုံစေခြင်းအမှု၌ ဘုရားသခင်၏ သစ္စာရှိတော်မူခြင်းကို ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါသည်။

**ဆင်ခြင်ရန်** - အရာခပ်သိမ်း ပြောင်းလဲကြသော်လည်း၊ ယေရှုသည် ဘယ်တော့မှ ပြောင်းလဲခြင်းရှိတော် မမူ။ ကိုယ်တော်၏နာမတော် ကြီးမြတ်ဘုန်းကြီးပါစေသော်။

**ဆုတောင်းချက်** - အို အဖဘုရား၊ အချိန်တိုင်း ကျွန်ုပ်နှင့်အတူ ရှိတော်မူပါ။





## ဗေနောနိ မဟုတ်၊ ဗင်္ယာမိန် ဖြစ်ပါသည်

(by Charles Spurgeon)

အမှုတိုင်း၌ အလင်းဘက်ခြမ်းရှိသကဲ့သို့ အမှောင်ဘက်ခြမ်းလည်းရှိပါသည်။ ရာခေလသည် မိမိ၏ သားဘွားခြင်း ဝေဒနာကြောင့် ဝမ်းနည်းခြင်းနှင့်ပြည့်လျက် ကွယ်လွန်ခဲ့ပါသည်။ ယာကုပ်မှုကား ဝမ်းနည်းမှု ကြုံတွေ့ရသော်လည်း သားဘွားခြင်း ကျေးဇူးတော်ကို သိမြင် ခဲ့ပါသည်။ ဇာတိသည် အခက်အခဲကြောင့် ဝမ်းနည်းပူဆွေးရသော်လည်း၊ ဘုရားသခင်၏ သစ္စာတော်ကြောင့် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် အောင်နိုင်ခြင်းရှိပါသည်။ ရှံဆုန်၏ခြင်္သေ့က ပျားရည်ကို ထုတ်ပေးသကဲ့သို့၊ ကျွန်ုပ်တို့ ကြုံတွေ့ရသော အခက်အခဲကလည်း သေချာ ဆင်ခြင်လျှင် ထိုသို့သော ကောင်းသော အရာကို ထုတ်ပေးတတ်ပါသည်။ လှိုင်းလုံးများသည် ငါးများကို လူများတို့အား ထုတ်ပေးပါသည်။ တောရိုင်း ပန်းပွင့်များသည်လည်း အလွန်လှပလျက်ရှိကြပါသည်။ မုန်တိုင်းသည် အနာရောဂါကို ဖယ်ရှားပေးတတ်၏။ အေးစက်သော နှင်းပွင့်များက မြေကြီးကို ပျော့ပျောင်းစေပါသည်။ မှောင်မဲသော မိုးတိမ်တို့သည် မိုးရေစက်ကို ထုတ်ပေးပါသည်။ မဲနက်သော မြေကြီးသည် လှပသော ပန်းများကို ပွင့်စေပါသည်။ ရွှေကြောကို ခက်ခဲသော ရွှေတွင်း၌ တွေ့ရတတ်ပါသည်။ ဝမ်းနည်းသော စိတ်နှလုံးသည် အခက်အခဲဒုက္ခ၏ အကျိုးမဲ့မှုကို ရှာဖွယ်တတ်၍၊ ဤလောက၌ ရွံ့နွံအိုင် တအိုင်သာ ရှိခဲ့လျှင်၊ သူတို့သည် လည်ပင်းထိတိုင်အောင် နစ်ပါလိမ့်မည်၊ တောထဲ၌ ခြင်္သေ့ တကောင်သာ ရှိလျှင် ထိုခြင်္သေ့ ဟောက်ဟောင်သံကို ကြားခဲ့ကြပါလိမ့်မည်။ ကျွန်တော်တို့အားလုံး၌ ထိုမိုက်မဲမှု အမည်းစက် တစက်ရှိခဲ့ကြပြီး၊ တခါတရံ ယာကုပ်ကဲ့သို့၊ "ဤအရာအားလုံးသည် ကျွန်ုပ်ကို ဆန့်ကျင်လျက်ဖြစ်ကြသည်" ဟု အော်ဟစ်တတ်ပါသည်။ ယုံကြည်ခြင်း လမ်း၌ လျှောက်သွားခြင်းသည် စိုးရိမ်မှုအပေါင်းကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံလျက်၊ အဆိုးဆုံးသောအရာမှ အကောင်းဆုံးကို မျှော်လင့်ခြင်းပင်ဖြစ်ပါသည်။ ဂိဒေါင်၏လူများကဲ့သို့၊ သူသည် ကွဲသော အိုးအပေါ် စိတ် မသာညီးထွားခြင်း မပြုဘဲ၊ မီးခွက် ပိုတောက်လောင်ခြင်း၌ ဝမ်းမြောက်ခြင်း ရှိပါသည်။ သူသည် အခက်အခဲ ဟူသော ကြမ်းတမ်းသည့် ကမာကောင် အခွံမှ ဘုန်းအသရေတည်း ဟူသော ရှားပါးသည့် ပုလဲလုံးများကို ထုတ်ယူလျက်၊ စိတ်ပျက်ခြင်းတည်း ဟူသော နက်သောပင်လယ် ဂူထဲမှ အတွေ့အကြုံတည်း ဟူသော တန်ဖိုးဖြတ်၍ မရသည့် လှပသော ကျောက်ပန်းများကို ထုတ်ယူရရှိပါသည်။ အောင်မြင်ခြင်းတည်း ဟူသော ဒီရေလှိုင်းလုံးများ ကျသောအခါ၊ သဲများထဲ၌ သိုထားသော ရတနာများကို တွေ့မြင်ရပါသည်။ ပျော်ရွှင်မှု နေ့အလင်းရောင် ဝင်သွားသောအခါ၊ မိမိ၏ မျှော်လင့်ခြင်း အဝေး ကြည့်မှန်ပြောင်းဖြင့် မိုးကောင်းကင်ရှိ ဂတိတော် ကြယ်လေးများကို ကြည့်တတ်၏။ သေခြင်း ကြုံတွေ့ရသောအခါ၊ ယုံကြည်ခြင်းသည် ထိုသင်္ချိုင်း အလွန် ရှင်ပြန်ထမြောက်ခြင်း အလင်းရောင်ကို ညွှန်ပြလျက်ရှိပါသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏ သေအံ့ဆဲဆဲ ဗေနောနိကို အသက်ရှင်သော ဗင်္ယာမိန် ဖြစ်စေပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လက်တော်သည် ကောင်းသောသူအပေါ်၌ရင်း၊ ဆိုးသောသူအပေါ်၌ရင်း တည်တော်မူ၏။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကို အစဉ်ကိုးစားလျက်၊ ဖြစ်ပျက်သမျှသောအရာမှ ကောင်းကျိုးဖြစ်ပေါ်လာမည်ကို စောင့်ကြည့်သိမြင်လိုပါ၏။